
www.burmeseclassic.com

house




BURMESE CLASSIC

ရဲမြင့်သိန်း၊


# တစ်ခါတုန်းက ကေဂျီဘီနှင့် သတင်းစစ်ဆင်ရေး

www.burmeseclassic.com

www.burmeseclassic.com

စီမံခန့်ခွဲမှု
မိုးမေ
စီစဉ်တည်းဖြတ်သူများ
Club 18
မျက်နှာဖုံးဒီဇိုင်း
Club 18
အတွင်းစာမျက်နှာဖွဲ့မှုဒီဇိုင်း
Club 18

စာမူခွင့်ပြုအမှတ်
၃၁၀ ဝ၅၆၀ ၅၁၁
မျက်နှာဖုံးခွင့်ပြုချက်
၃၁၀ ၁၀၃၀ ၇၁၁
ထုတ်ဝေသူ
ဒေါ်စင်မာချို
ပန်းဝေဝေစာပေ
အမှတ် ၃၆၀
ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးတင့်ဇော်
ပင်မြင့်မာလာပုံနှိပ်တိုက်
အမှတ် ၂၄၊ တာဝတိံသာလမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၁၊ စက်တင်ဘာလ၊ ပထမအကြိမ်။
အုပ်ရေ - ၁၁၀၀
တန်ဖိုး - ၂၅၀၀ ကျပ်
ဖြန့်ချိရေး
the bookhouse
ဝ၉ ၅၀၀ ၈၇၂၇
ဝ၉ ၅၀၁ ဝ၈၅၁




ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

၈၉၅.၈၃

ရဲမြင့်သိန်း
တစ်ခါတုန်းကဓကောဂျီဘီနှင့်သတင်းစစ်ဆင်ရေး / ရဲမြင့်သိန်း ၊ ရန်ကုန်။
ပန်းဝေဝေစာပေ၊ ၂၀၁၁
၁၂၃စာ၊ ၁၇.၇၈ စင်တီ × ၁၇.၇၈ စင်တီ
(၁) တစ်ခါတုန်းကဓကောဂျီဘီနှင့်သတင်းစစ်ဆင်ရေး

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


စာရေးသူ၏အမှာ ၁

**အခန်း ၁**
အတိတ်ကိုစိတ်စေရာဝယ် ၃

**အခန်း ၂**
ရွာမအဆောက်တော်ကွန်ရက်ကြီး ၂၄

**အခန်း ၃**
သတင်းစစ်ဆင်ရေး ၅၁

**အခန်း ၄**
စီအိုင်အေ၊ ကေဂျီဘီနှင့်မီဒီယာ ၇၉

**အခန်း ၅**
ပထ္ဆလက်ငြိမ်းချမ်းရေး ၉၃


the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ အမှာ

တစ်ချိန်တစ်ခါတုန်းက ကေဂျီဘီ ခေါ် ဆိုဗီယက်ခေတ် ထောက်လှမ်းရေးအဖွဲ့ကြီး၏ စိတ်ဓာတ်စစ်ဆင်ရေးဌာန လှုပ်ရှားမှုများကို တင်ပြထားခြင်း ဖြစ်ပါသည်။ စစ်အေးကာလ ဆိုဗီယက်ခေတ် ကေဂျီဘီအဖွဲ့ကြီး၏ စိတ်ဓာတ်စစ်ဆင်ရေး လုပ်ငန်းဌာနကြီးကို Active Measure Department ဟု တရားဝင် အမည်ပေးထားသည်။ အများက Department A ဟု ခေါ်ကြသည်။

ထိုအဖွဲ့ကြီးက အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများအပေါ် သီးခြား စိတ်ဓာတ်စစ်ဆင်ရေးများ ဆင်နွှဲခဲ့ပြီး နိုင်ငံရေးအကျပ်အတည်း ပေါ်အောင် ဆောင်ရွက်ခဲ့ပုံများမှာ ပီရိသေသပ်လွန်းသဖြင့် အံ့သြဖွယ်ရာ ကောင်းလှပါသည်။ ကမ္ဘာနှင့်အဝန်း လူထုကြီး၏ အထင်ကြီးမှု၊ လိုက်ပါ ဆောင်ရွက်ခဲ့မှုများကိုလည်း အရယူနိုင်ခဲ့သည်။

အနောက်အုပ်စုနိုင်ငံများ၌ ပြည်သူ့သိန်းနှင့်ချီသော အုပ်စုကြီးများသည် ကေဂျီဘီ စိတ်ဓာတ်စစ်ဆင်ရေး တီးလုံးတီးကွက်များ အတိုင်း လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြသည်။ အနောက်နိုင်ငံများ၏ လူထု လူတန်းစားအသီးသီး ပေါ်ထွက်လာကြသည်။ ဘာသာရေး ခေါင်းဆောင်များ၊ လွှတ်တော်အမတ်များ၊ ဆရာဝန်များ ပါဝင်သော အဖွဲ့အစည်းများနှင့် နိုင်ငံရေးသမားများပါ ကေဂျီဘီ၏ လမ်းညွှန်ပေးမှုကို အသိမဲ့လိုက်ပါ ဆန္ဒပြခဲ့ကြသဖြင့် အမေရိကန်အစိုးရကိုယ်တိုင် တုန်လှုပ်ချောက်ချားခဲ့ရသည်။ နိုင်ငံရေး အကျပ်ဆိုက်ခဲ့ရသည်။ ဆိုဗီယက်အစိုးရ၏ အကျပ်ကိုင် တောင်းဆိုမှုများကို နေရာတကာတွင် လိုက်ပါခေါင်းညိတ်ခဲ့ရသည်။

ဆိုဗီယက်ပြည်ထောင်စုခေတ်က ကေဂျီဘီအဖွဲ့ကြီးသည် ဝါဒဖြန့်ချိရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးပညာရပ်ကို စနစ်တကျ ဖွဲ့စည်းထားသော ထောက်လှမ်းရေးအဖွဲ့အစည်းတွင် တပ်ဆင်အသုံးပြု

www.burmeseclassic.com

www.burmeseclassic.com



သွားခြင်း ဖြစ်သည်။ ဤစာအုပ်ပါ ဖြစ်ရပ်တို့သည် ၁၉၇၀ ပြည့်လွန်ကာလက ဖြစ်ရပ်များဖြစ်ပြီး အမှန်တကယ် ဖြစ်ပေါ်ခဲ့သော သမိုင်းဝင်ဖြစ်ရပ်များလည်း ဖြစ်သည်။ တကယ့်ဖြစ်ရပ်များဟု ဆိုသော်လည်း ကမ္ဘာ့လူများစု လူထုကြီးက ဖြစ်ရပ်တို့၏ အကြောင်းရင်းကို သိရှိနားလည်ရလောက်အောင် သတင်းအလုံအလောက် မရရှိခဲ့ကြပါ။ မသိရှိနိုင်ခဲ့ကြပါ။

၁၉၉၀ ပြည့်ဝန်းကျင်ကာလ အကြိုနှစ်များ ရောက်သောအခါ စီအိုင်အေနှင့် အလားတူအဖွဲ့အစည်းများသည် ကမ္ဘာတစ်ဝှက်လည်း ဆိုရှယ်လစ်အစိုးရများနှင့် အရှေ့အုပ်စုယိမ်းသော အစိုးရများကို တစ်ခါတုန်းက ကေဂျီဘီ၏ သတင်းစစ်ဆင်ရေးပုံစံအတိုင်း စစ်ဆင်ရေးကြီးတစ်ခု ဆောင်ရွက်ခဲ့ပြန်သည်။ ဆိုရှယ်လစ်နိုင်ငံများပြိုလဲပြီး 'ဒီမိုကရေစီနှင့် လူ့အခွင့်အရေး' ဟူသော အများကြိုက် ဆိုင်းဘုတ်အောက်သို့ ကမ္ဘာ့လူထုကြီးကို သွတ်သွင်းနိုင်ခဲ့ကြပြန်သည်။ တစ်ခါတုန်းက ကေဂျီဘီ၏ 'ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေး' ဆိုင်းဘုတ်အောက်သို့ လူများစု ခိုဝင်ခဲ့ကြဖူးသကဲ့သို့ ဖြစ်သည်။

စိတ်ဓာတ်စစ်ဆင်ရေးကို ဆောင်ရွက်ရာ၌ ပညာရပ်အားဖြင့် ဝါဒဖြန့်ချိရေးပညာကို အသုံးပြုကြပြီး လက်နက်အားဖြင့် မီဒီယာလက်နက်ကို အသုံးပြု၍ လူအုပ်စုကို 'အမှန်တရား' ဟူသော ခေါင်းစဉ်အောက်သို့ အရောက်ပို့ပေးလေ့ရှိကြောင်း တွေ့ရသည်။ လိုရင်းမှာ ထိန်းကျောင်းပေးသည့် လမ်းအတိုင်း မသိနားမလည်သော လူများက လျှောက်လှမ်းလာစေရေးပင် ဖြစ်သည်။

မည်သည့် အဖွဲ့အစည်းဟူသော ပုဂ္ဂလပညတ်ကို မယူဘဲ ဓမ္မပညတ်ဖြစ်သော ပညာရပ်၏ သဘောကိုသာ ယူစေလိုပါသည်။

မည်သို့ဆိုစေ ဤစာအုပ်ပါ အကြောင်းအရာများသည် အမှန်တကယ် ပေါ်ပေါက်ခဲ့သော အကြောင်းအရာများသာ ဖြစ်၍ သမိုင်းတင်ထိုက်သော ဖြစ်ရပ်တစ်ခုအဖြစ်သာ မှတ်တမ်းတင်လိုခြင်း ဖြစ်ပါသည်။ သမိုင်းကပေးသော သင်ခန်းစာတို့သည် အများပြည်သူအတွက် တန်ဖိုးမဖြတ်နိုင်သော အရာများသာဖြစ်သည်ဟု ခံယူရင်း ဤစာအုပ်ကို ရေးသားလိုက်ပါသည်။

ရဲမြင့်သိန်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၁
## အတိတ်ကို စိတ်စေရာဝယ်

### ကြီးသုံးကြီးနှင့် ဝါဒဖြန့်ယန္တရား

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားချိန်တွင် အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သုံးနိုင်ငံသည် နိုင်ငံတကာ မျက်နှာစာတွင် စနစ်တကျဖွဲ့စည်းထားသော ဝါဒဖြန့်ချိရေး ယန္တရားကြီးများနှင့်အတူ ပေါ်ထွန်းလာခဲ့လေသည်။ နာခံသူ လူဦးရေ သန်းပေါင်းထောင်ချီသော ကမ္ဘာ့ပြည်သူများကို သိမ်းသွင်းထားနိုင်သည့် ဝါဒဖြန့်ချိရေး ယန္တရားကြီးများနှင့်အတူ မိမိတို့နိုင်ငံအား အထင်ကြီး လေးစားလာစေရေးနှင့် ရန်သူ့စိတ်ဓာတ် ကျဆင်းရေး၊ ရန်သူ စွမ်းအားဟူသမျှကို ဖျက်ဆီးရေးတို့အတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ကမ္ဘာ့လူထု၏ အတွေးအမြင်တို့သည် ကြီးသုံးကြီးတို့၏ ဝါဒဖြန့်ချိရေး ကွန်ရက်အတွင်း၌ မျောပါနေကြသည်ကို မြင်နေရလေသည်။

၁၉၅၉ ခုနှစ်နှင့် ၁၉၆၀ပြည့်နှစ် ကုန်ဆုံးခါနီး ကာလများတွင် ဖွံ့ဖြိုးဆဲ နိုင်ငံများအကြား၌လည်းကောင်း၊ စက်မှုနိုင်ငံကြီးများ၏ လက်ဝဲအစွန်းရောက် ဝါဒများအကြား၌လည်းကောင်း တရုတ်တို့၏ ဝါဒဖြန့်ချိရေးလုပ်ငန်း အကြီးအကျယ် အောင်မြင်ခဲ့သည်ကို တွေ့နေရ၏။ သို့သော် နောက်ပိုင်း၌ ယဉ်ကျေးမှုတော်လှန်ရေး၏ အကျိုးဆက်များကြောင့် လည်းကောင်း၊ သည့်နောက်ပိုင်း တရုတ်ကွန်မြူနစ်ပါတီတွင်း အာဏာလုပွဲများကြောင့် လည်းကောင်း၊ ဆိုဗီယက်ပြည်ထောင်စုနှင့် နက်ရှိုင်းသော သဘောထားကွဲပြားမှုများ ပေါ်လာ၍ လည်းကောင်း တရုတ်တို့အနေဖြင့် သူတို့၏ ဦးစားပေး အစီအစဉ်များကို ပြန်လည် သုံးသပ်ပြုပြင်ခဲ့ကြရသည်။ သည့်နောက်တွင် မော်စီတုန်းအတွေးအခေါ်များကိုလည်း ယခင်ကလို ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိ

www.burmeseclassic.com



တော့သည့်အပြင် ပါတီတွင်းသဘောတရားရေး အက်ကွဲလာမှုများ၊ နိုင်ငံရေးတင်းမာမှုများ တစ်စတစ်စ ကြီးထွားလာသော စီးပွားရေးပြဿနာများကိုပါ ရင်ဆိုင်ခဲ့ရလေသည်။ ပို၍ အကျပ်အတည်းဖြစ်ခဲ့ရသည်မှာ ဆိုဗီယက်ပြည်ထောင်စုနှင့် သဘောထား သိသိသာသာ ကွဲပြားခဲ့ပြီးနောက် ဆိုဗီယက်တို့၏ စစ်ရေးခြိမ်းခြောက်မှုကိုပါ မလွှဲမရှောင်သာ ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုတွင်လည်း ဗြောင်တစ်မျိုး၊ လျှို့ဝှက်၍တစ်ဖုံ ဝါဒဖြန့်ချိရေးယန္တရားကြီးကို ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ အကူအညီဖြင့် မောင်းနှင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကမ္ဘာ့လူထုအား မမှန်သတင်းဖြန့်ချိခြင်းနှင့် ဖြားယောင်းသွေးဆောင်ခြင်း လုပ်ငန်းတို့တွင် ထင်သလောက် မအောင်မြင်ခဲ့ပေ။ အဓိက အကြောင်းအရာမှာ အမေရိကန်လူ့နေမှုဓလေ့နှင့် ယဉ်ကျေးမှုဆိုင်ရာ အခြေခံပုံစံများကြောင့် အမေရိကန် *ဝါဒဖြန့်ချိရေး* လုပ်ငန်းကို အဟန့်အတားဖြစ်စေခဲ့ခြင်းပင် ဖြစ်သည်။ နောက်တစ်ချက်မှာ ဩဇာခံ အနောက်တိုင်းလူထုအနေဖြင့် သိပ္ပံနှင့် နည်းပညာရပ်အပေါ် လွန်ကဲစွာ အလေးထားမှုကြောင့်လည်း ဝိဇ္ဇာပညာရပ်တစ်ခုဖြစ်သည့် ဝါဒဖြန့်ချိရေးပညာရပ်အပေါ် စိတ်ခံစားအလေးထားမှု ပေါ့လျော့ပြီး အမေရိကန်ဝါဒဖြန့်ချိမှုစစ်ဆင်ရေး မအောင်မမြင်ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ အရေးအကြီးဆုံးအချက်မှာ ၁၉၇၀ပြည့်နှစ်များ အလယ်ခန့်က စီအိုင်အေလုပ်ရပ်အပေါ် ကွန်ဂရက်လွှတ်တော်က စစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် လည်းကောင်း၊ စာနယ်ဇင်းများ၏ အလွန်အကျွံ အာရုံစူးစိုက်မှု ခံခဲ့ရရာမှ အမေရိကန်အစိုးရ၏ ဝါဒဖြန့်စစ်ဆင်ရေး ရည်မှန်းချက်နှင့် မဟာဗျူဟာ လုပ်နည်းလုပ်ဟန်များကို လူသိရှင်ကြား ဖော်ထုတ်ခံရခြင်းကြောင့် လည်းကောင်း အောင်မြင်မှု ထင်သလောက် မရရှိခဲ့ပေ။

ကြီးသုံးကြီးတို့၏ ဝါဒဖြန့် ယန္တရားထဲတွင် ဆိုဗီယက်ဝါဒဖြန့်ချိရေးဖွဲ့စည်းမှုနှင့် သတင်းစစ်ဆင်ရေး လုပ်ငန်းသည်ကား ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အထိရောက်ဆုံးဟု ဆိုရပါမည်။ ၁၉၅၀ ပြည့်နှစ် နှောင်းပိုင်းကာလများအထိ ဆိုဗီယက်တို့သည် သူတို့၏ အဓိကပြိုင်ဘက်ဖြစ်သူ အမေရိကန်နိုင်ငံအား ပစ်မှတ်ထား၍ နိုင်ငံတော်ပိုင်း၊ ပါတီပိုင်းမှတစ်ဆင့် အကြီးအကျယ်ဝါဒဖြန့် စစ်ဆင်ရေးဆင်နွှဲခဲ့သည်။ သို့သော် ကျွမ်းကျင်စွာ ပုံဖော်နိုင်မှုမရှိခြင်းနှင့် ဦးတည်ချက်ချမှတ်ရာတွင် မှန်ကန်မှုမရှိခြင်းတို့ကြောင့် အောင်မြင်မှုအတိုင်းအတာ လျော့နည်းခဲ့သည်။

၁၉၅၉ခုနှစ်တွင် ရုရှားထောက်လှမ်းရေး ကေဂျီဘီအဖွဲ့အတွင်း၌ လျှို့ဝှက်ဝါဒဖြန့် လှုံ့ဆော်ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဌာနဖြစ်သော Active Measure ဟူသည့် အထူးလုပ်ငန်းဌာနတစ်ခုကို ဖွဲ့စည်းခဲ့သည်။ ထိုဌာနသည် အနက်ရောင်ဝါဒဖြန့်ချိရေးနှင့် သတင်းစစ်ဆင်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ခဲ့သည့်ဌာနပင် ဖြစ်သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၆၄ ခုနှစ်အတွင်း၌ အရှေ့အုပ်စုဝင် ဆိုဗီယက်ကြယ်ရံ နိုင်ငံတိုင်းလိုလိုတွင် အလားတူအဖွဲ့များ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေး ကြွေးကြော်သံဖြင့် သတင်းစစ်ဆင်ရေးကို ကမ္ဘာအနှံ့ ကျယ်ကျယ်ပြန့်ပြန့်၊ ပြင်းပြင်းထန်ထန် ဆောင်ရွက်ခဲ့သည်။

## ရှေ့တန်းရောက်လာသော အမှောင့်လုပ်ငန်း

၁၉၆၀ ပြည့်နှစ် နှောင်းပိုင်းကာလများတွင် ဆိုဗီယက်ဝါဒဖြန့်ချိရေး စစ်ဆင်မှုလုပ်ငန်းသည် ဗိုလ်ချုပ်ကြီး အဂါယန့်လက်ထက်၌ ပိုမို၍ ရှေ့တန်းသို့ ရောက်လာခဲ့သည်။ နောက်ပိုင်းတွင် ' လုပ်ငန်းအေ ' Servive-A ဟူ၍ လူသိများခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင်မူ အဆိုပါ သတင်းစစ်ဆင်ရေးလုပ်ငန်းကို ဘက်စုံအရည်အသွေး တိုးမြှင့်ပေးပြီး ဦးစားပေးလုပ်ငန်းကြီး တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုကာလလောက်က အမေရိကန်နိုင်ငံတွင်းသို့ စေလွှတ်ခဲ့သော ကေဂျီဘီအရေအတွက်မှာ အထားများပြားခြင်းကြောင့် အမေရိကန် ပြည်တွင်းထောက်လှမ်းရေး အက်ဖ်ဘီအိုင်အဖွဲ့ကြီးမှ ဝါရင့်ပုဂ္ဂိုလ်များကိုယ်တိုင် တအံ့တသြ ဖြစ်ခဲ့ကြရသည်။ ထိုအချိန်က ကေဂျီဘီနှင့် အရှေ့ဥရောပစုနိုင်ငံများ၏ ထောက်လှမ်းရေး အဖွဲ့အစည်းများသည် အမေရိကန်အစိုးရဝန်ထမ်းများ၊ သိပ္ပံပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအတွင်း၌ သာမကဘဲ စီအိုင်အေထောက်လှမ်းရေး အဖွဲ့အစည်းအတွင်းသို့ပါ ထိုးဖောက် စည်းရုံးထားနိုင်ခဲ့ကြသည်။

အမေရိကန်လူထုအတွင်း ကြည့်လိုက်သောအခါ ထိုအချိန်က လူမှုအဖွဲ့အစည်းအသီးသီးတွင် ပြဿနာမျိုးစုံ ကြုံကြိုက်နေချိန်ဖြစ်၍ လူအများစုမှာ စိတ်ပူပန်ကြောင့်ကြ တွေဝေနေကြသည်ကို တွေ့ရသည်။ အမေရိကန်ပြည်ထောင်စုက ဗီယက်နမ်တွင် ဝင်ရောက်စွက်ဖက်မှုနှင့်ပတ်သက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံတကာ၏ ဖိအားပေးခြင်းခံရကာ အစိုးရ အဖွဲ့နှင့် လူထုအတွင်း၌ အပြစ်ရှိသည့် စိတ်ခံစားချက်များ ခံစားနေရချိန်လည်း ဖြစ်သည်။ မည်သည့်နိုင်ငံတကာ ပြဿနာတွင်မျှ လူသားများ အသက်ဆုံးရှုံးခံရန်ကိုလည်းကောင်း၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက်ရန်ကိုလည်းကောင်း မဖြစ်စေသင့်ဟူသော ခံယူချက်က အမေရိကန်တစ်နိုင်ငံလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ခံခဲ့ရသော အချိန်ဖြစ်၏။ အထူးသဖြင့် ဤကိစ္စသည် ထိုကာလ လူငယ်မျိုးဆက်အပေါ် များစွာ ဩဇာသက်ရောက်ခဲ့ကြောင်း တွေ့ရသည်။

ထို့ပြင် ဝါးတားဂိတ်အရေးအခင်း ဖော်ထုတ်ခံရပြီး အစိုးရအပေါ် အယုံအကြည်ကင်းမဲ့ခံရမှုများနှင့် စီအိုင်အေရော၊ အက်ဖ်ဘီအိုင်ထောက်လှမ်းရေးအဖွဲ့ပါ သူတို့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ စစ်ဆေးခံနေရမှုများကြောင့် အမေရိကန်အစိုးရနှင့် ပြည်သူအကြား သဘောထားကွဲလွဲမှုများ အကြီးအကျယ် ပေါ်ပေါက်နေခဲ့ပြန်သည်။ အချိန်ကိုက် ဆိုသလိုပင် ဆိုဗီယက်ဝါဒဖြန့်ချိရေးနှင့် သတင်းစစ်ဆင်ရေး လုပ်ငန်းများသည် အမေရိကန်ပြည်ထောင်စုအပေါ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နယ်ပယ်အသစ်များ ဖွင့်လှစ်စိုးမိုးနိုင်ခဲ့လေတော့သည်။ အရှေ့အုပ်စု ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ အကူအညီဖြင့်လည်း ကေဂျီဘီသည် မြောက်မြားလှစွာသော ဝါဒဖြန့်စစ်ဆင်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်နိုင်ခဲ့သည်။

**အနောက်အုပ်စု၏ နေတိုးစစ်စာချုပ်အဖွဲ့ကြီး၏ စာရွက်စာတမ်းများအပေါ် တန်ပြန်သတင်းစစ်ဆင်ရေးကို အမေရိကန်သူလျှိုများက** အမေရိကန်နှင့်အနောက်နိုင်ငံများရှိ လူထုအား သတင်းထုတ်ပြန်မှုများကို ထိန်းချုပ်ခြင်းဖြင့်လည်းကောင်း အနောက်အုပ်စု ပြည်တွင်းနိုင်ငံရေး ရှုပ်ထွေးမှုများနှင့် ကမ္ဘာ့အလယ်တွင် အမေရိကန်တို့ နိုင်ငံရေး သိက္ခာကျဆင်းစေမှုများ ပေါ်ပေါက်ခဲ့ရသည်။ ကေဂျီဘီသည် အဆိုပါ သတင်းစစ်ဆင်ရေးလုပ်ငန်းဖြင့် တစ်ဖက်တွင် ပစ်မှတ်နိုင်ငံများ၏ ပုံရိပ်ကို မြှင့်တင်နိုင်ခဲ့ပြီး တခြားတစ်ဖက်တွင် ပစ်မှတ်နိုင်ငံများအတွင်း စိတ်ဓာတ်ကျဆင်းစေခြင်းနှင့် အာဏာထက်မြက်မှု လျော့ပါးပျက်သုဉ်းစေရေးကို ဆောင်ရွက်နိုင်ခဲ့လေသည်။

သို့သော် သတင်းစစ်ဆင်ရေး လုပ်ငန်းတစ်ခုတည်းဖြင့် မည်သို့ပင် ထိရောက်စွာ လုပ်ကိုင်နိုင်သည်ဖြစ်စေကာမူ အနောက်အုပ်စုနှင့် အရှေ့အုပ်စုတို့၏ အာဏာချိန်ခွင်လျှာ တည်တံ့နေမှုကို ချက်ချင်းတိမ်းစောင်းသွားအောင်တော့ မပြုနိုင်သည်ကို နှစ်ဖက်စလုံးက သဘောပေါက်ထားပုံရပေသည်။ သို့သော် ယင်းလုပ်ငန်းကို နှစ်ပေါင်းများစွာ အပြင်းအထန် လုပ်ကိုင်နိုင်ပါက ထိရောက်သော အကျိုးသက်ရောက်မှုရှိလိမ့်မည်ကိုကား နှစ်ဖက်စလုံးက အခိုင်အမာ ယုံကြည်ထားကြပုံ ရှိလေသည်။ အမှန်တကယ်လည်း ထိုကြိုးပမ်းမှုသည် ကမ္ဘာ့နိုင်ငံရေးတွင် အထိုက်အလျောက် အကျိုးသက်ရောက်သည်ကို တွေ့ခဲ့ကြရသည်။

## ကျွန်တော်နှင့် သတင်းစစ်ဆင်ရေးတာဝန်

ဆိုဗီယက် ထောက်လှမ်းရေးအဖွဲ့အစည်း၏ လက်အောက်ခံဖြစ်သော ချက်ကိုဆလိုဗက်ထောက်လှမ်းရေးအဖွဲ့တွင် အရာရှိအဖြစ် ကျွန်တော် ၁၄ နှစ်မျှ အမှုထမ်းခဲ့ရသည်။ ထိုကာလအတွင်း လျှို့ဝှက်ဝါဒဖြန့်လှုံ့ဆော်ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဌာနတွင် ဒုတိယအကြီးအကဲအဖြစ် နှစ်နှစ်ခန့် တာဝန်ယူခဲ့သည်။ ချက်ကိုဆလိုဗက်ကွန်မြူနစ်ပါတီအတွင်းရေးမှူးအဖွဲ့က ကျွန်တော် နိုင်ငံတကာ ဆက်ဆံရေးကျောင်းမှ ဘွဲ့ရပြီးချိန်တွင် ပါတီဌာနချုပ်သို့ လာရောက်ရန် ဆင့်ခေါ်ခဲ့သည့်အချိန်မှစ၍ ထိုလုပ်ငန်းကို ကျွန်တော် စတင်ခဲ့ခြင်း ဖြစ်သည်။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌ ထောက်လှမ်းရေးနည်းပညာများကို ခြောက်လခန့် သင်တန်းတက်ရောက်ခဲ့ပြီးနောက် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၏ သုတေသနဌာန၊ ဂျာမန်ဌာနစိတ်တွင် စိစစ်ရေးမှူးဖြစ်လာခဲ့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စီစစ်ရေး လုပ်ငန်းအပြင် အမေရိကန်ဆန့်ကျင်ရေးနှင့် အနောက်ဂျာမနီဆန့်ကျင်ရေး လှုပ်ရှားမှုများ ဖြစ်ပေါ်စေမည့် သတင်းစစ်ဆင်ရေးလုပ်ငန်းကိုလည်း စီမံခြင်းနှင့် ရေးသားခြင်းလုပ်ငန်းများပါ ဆောင်ရွက်ခဲ့ရသည်။ ဤကာလသည် ချက်ကိုဆလိုဗက် ထောက်လှမ်းရေးအဖွဲ့ဝင်များ၏ လျှို့ဝှက်လုပ်ငန်းများကို စမ်းသပ်နေသော ကာလလည်း ဖြစ်ပါသည်။ ချက် ထောက်လှမ်းရေး တာဝန်ခံများအနေဖြင့် လျှို့ဝှက်သတင်းစစ်ဆင်ရေး လုပ်ငန်းပိုင်းတွင် အတွေ့အကြုံနည်းပါးခဲ့ကြသည့်အလျောက် ကျွန်တော်တို့၏ ကြိုးပမ်းမှုများမှာလည်း အောင်မြင်မှု နည်းပါးခဲ့သည်။

၁၉၅၅ ခုနှစ်နောက်ပိုင်းတွင် အနောက်ဂျာမနီ၌ ရေးရိုးဝါဒီများ (ကွန်မြူနစ်ဆန့်ကျင်ရေးသမားများ) ဦးဆောင်၍ လူထုဆန္ဒပြမှုတစ်ခု ပြုလုပ်ခဲ့သည်။ ထိုလူထုဆန္ဒပြမှုမတိုင်မီ တစ်ရက်အလိုတွင် ဆန္ဒပြအဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာ လော့မန်းဗွန် အဗွန်ထံသို့ အမေရိကန်နိုင်ငံ ကက်သလစ်ဘာသာဝင်များ၏ ဂုဏ်သရေရှိခေါင်းဆောင်တစ်ဦးဖြစ်သူ ဘုန်းတော်ကြီး ဖရန့်စစ် ကာဒီနယ်စပဲမင်းက ပေးပို့သည့်ပုံစံဖြင့် စာအတုတစ်စောင်ကို ကျွန်တော်ရေးသားခဲ့ပါသည်။

ထိုစာတွင် ကွန်မြူနစ်ဆန့်ကျင်ရေးဝါဒ၊ ကွန်မြူနစ်ဆန့်ကျင်ရေး ရပ်တည်မှုကို ချီးကျူးဖော်ပြထားရင်း အတိုက်အခံများဖြစ်ကြသော ဆိုရှယ်ဒီမိုကရက်များကို ကွန်မြူနစ်များ၏ မဟာမိတ်ဖြစ်နိုင်သော အလားအလာရှိသူများအဖြစ် ထိုစာတွင် ထိုးနှက်တိုက်ခိုက် ရေးသားထားသည်။ သို့သော် ကျွန်တော်တို့ မျှော်လင့်ထားသည့်အတိုင်းပင် ဒေါက်တာလော့မန်းက ထိုစာအတုကို အယုံအကြည်မရှိသဖြင့် သတင်းစာတိုက်သို့ ပို့လိုက်လေတော့သည်။

ထိုကိစ္စသည် သတင်းစာခေါင်းကြီးပိုင်းများတွင် ဆက်တိုက်ဖော်ပြခံခဲ့ရပြီး အဖွဲ့ခေါင်းဆောင်ဒေါက်တာလော့မန်းသည်လည်း တရားခံဖြစ်သွားသည်။ သူနှင့်သူ၏ ကွန်မြူနစ်ဆန့်ကျင်ရေးအဖွဲ့ကြီးတို့၏ ပုံရိပ်များနှင့် ဩဇာအာဏာများမှာ ကျဆင်းသွားလေတော့သည်။ ထပ်မံ၍ ထိုကိစ္စထက် ပိုမိုခက်ခဲရှုပ်ထွေးသော လုပ်ငန်းများ လုပ်ဆောင်ခဲ့သော်လည်း အောင်မြင်မှု အနည်းငယ်သာ ရရှိခဲ့ပါသည်။

၁၉၅၀ပြည့်နှစ်များအတွင်းက အရှေ့ဥရောပစုဝင်နိုင်ငံများ၏ ထောက်လှမ်းရေး အဖွဲ့အစည်းများအတွင်း၌ ဖွဲ့စည်းတည်ဆောက်ပုံကို အကြီးအကျယ် ပြောင်းလဲပြင်ဆင်ခဲ့သည်။ အရွယ်အစားနှင့် ဖွဲ့စည်းတည်ဆောက်မှု ပုံစံအမျိုးစလုံးကို အကြီးအကျယ်ပြောင်းလဲခဲ့ခြင်း ဖြစ်ပါသည်။ အသစ်ဖွဲ့စည်းတည်ဆောက်ရာတွင် တာဝန်ပေးအပ်ခံရသူများ၏ အရည်အချင်းကိုလည်း တိုးမြှင့်ခဲ့သည်။ တက္ကသိုလ်များမှ ဘွဲ့ရပြီးသူများဖြစ်ပြီး ကမ္ဘာ့သမိုင်း၊ နိုင်ငံရေးသိပ္ပံ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များ သင်ကြားတတ်မြောက်ခဲ့သူများကို ဦးစားပေးခန့်အပ်ခဲ့သည်။ သို့ဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၏ အရည်အသွေးနှင့် အဆင့်အတန်းများတွင်လည်း ပြောင်းလဲတိုးတက်မှုများ ရရှိခဲ့သည်။

လူဟောင်းများကမူ ပညာတတ်လူသစ်များကို ရှုပ်ထွေးပြီး စွန့်စားရသော သတင်းစစ်ဆင်ရေးလုပ်ငန်းခွင်တွင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တာဝန်မပေးလိုကြပေ။ သို့ရာတွင် စီမံခန့်ခွဲသူများက မျိုးဆက်သစ်များ၏ ပညာပိုင်းဆိုင်ရာ ထူးချွန်မှုများကြောင့် လုပ်ငန်းနှင့် ပတ်သက်၍ သမားရိုးကျဆန်သော ရိုးစင်းသည့် လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲပစ်နိုင်ခဲ့သည်။ ပညာရှင်မဟုတ်သော သာမန် ထောက်လှမ်းရေး အဖွဲ့ဝင်များကိုတော့ သတင်းစုဆောင်းရေးနှင့် ဩဇာလွှမ်းမိုးရေး (နိုင်ငံရေးပြိုင်ဘက်များအပေါ်) လုပ်ငန်းများတွင် ပိုမိုနေရာချထားပေးခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ကျွန်တော်သည် ဂျာမန်ဌာနသို့ ရောက်ရှိလာပြီး အနောက်ဂျာမနီနိုင်ငံရှိ ချက်ကိုဆလိုဗက်မှ ဝင်ရောက်လာသည့် ပြည်ပြေးတစ်ဦးဖြစ်သူ အဲလ်ဖရက်ဖရန်ဇယ် အပါအဝင် သူလျှိုများ၏ တာဝန်ခံအရာရှိအဖြစ် ထမ်းဆောင်ခဲ့သည်။ အဲဖရက်ဖရန်ဇယ်သည် သူ ဖမ်းဆီးခံရသည့် အချိန်အထိ အနောက်ဂျာမနီတွင် ပါလီမန် လွှတ်တော်အမတ်တစ်ဦးဖြစ်ပြီး ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများ အပါအဝင် ပါလီမန်အတွင်းရှိ လုပ်ငန်းရေးရာ ကော်မတီ အမြောက်အမြားတွင်လည်း အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နိုင်ခဲ့သူ ဖြစ်သည်။ သူသည် ၁၉၈၃ခုနှစ်တွင် ချက်ကိုဆလိုဗက်နိုင်ငံမှ ထွက်ခွာခဲ့ပြီး ဘာဗေးရီးယားတွင် အခြေစိုက်နေထိုင်ခဲ့သူ ဖြစ်သည်။ ဆိုရှယ်ဒီမိုကရက်တစ်ပါတီသို့ ဝင်ရောက်ခဲ့ပြီးနောက် ၁၉၅၀ပြည့်နှစ်တွင် ဘာဗေးရီးယား၌ အမတ်တစ်ဦး ဖြစ်လာသည်။ နောက် သုံးနှစ်အကြာတွင် သူသည် ဘွန်းမြို့တွင် ပါလီမန်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

နှစ်ပေါင်းများစွာ လုံခြုံရေးနှင့်ပတ်သက်သည့် မော်ကွန်းအထောက်အထားများကို သူ သိရှိကျွမ်းဝင်ပြီးလောက်ချိန်တွင် ချက်ကိုဆလိုဗက် ထောက်လှမ်းရေးအဖွဲ့မှ တာဝန်ခံတစ်ဦးအား သူ့ထံစေလွှတ်ပြီး တွေ့ဆုံအကဲခတ်စေခဲ့သည်။ နောက်ထပ်ကာလ အနည်းငယ်အကြာတွင် ဖရန်ဇယ်အား သူသည် ငြိမ်းချမ်းရေးနှင့် ဆိုရှယ်လစ်ဝါဒအတွက် လုပ်ကိုင်နေသော သူလျှိုတစ်ဦးဖြစ်ကြောင်း အတင်းအကျပ် လက်မှတ်ရေးထိုးစေနိုင်ခဲ့သည်။ သူ့အား သိမ်းသွင်းစုဆောင်းခဲ့ရသော အလုပ်မှာ အခက်အခဲ သိပ်မရှိလှပါ။ အဓိကအချက်မှာ သူ၏သမီးဖြစ်သူ လာဆာသည် ချက်နိုင်ငံ၊ ပရာဟာမြို့တွင် နေထိုင်ခြင်းကြောင့်၊ သူ၏သမီးအား ထိခိုက်နစ်နာစေမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ တခြားသော အရေးပါသည့် အကြောင်းတစ်ချက်မှာ ချက်ကိုဆလိုဗက်ကီးယား၌ နေထိုင်ခဲ့စဉ်က ရှုပ်ယှက်ခဲ့သော သူ၏ နောက်ကြောင်းဖြစ်ရပ်များသည် လက်ရှိ သူ၏ နိုင်ငံရေးအရှိန်အဝါနှင့် ဩဇာကို အဆုံးသတ်သွားစေနိုင်သောကြောင့် ဖြစ်သည်။

ဖရန်ဇယ်သည် ၁၉၃၃ခုနှစ်အထိ ချက်ကိုဆလိုဗက် ကွန်မြူနစ်ပါတီဝင်တစ်ဦးဖြစ်ခဲ့သူ ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက သူသည် ချက်ကိုဆလိုဗက် တပ်မတော်စစ်ထောက်လှမ်းရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ သူ့အား စတင် သိမ်းသွင်းစုဆောင်းသည့် အချိန်မှစ၍ အနောက်ဂျာမနီတွင် အဖမ်းခံရချိန်အထိ ဖရန်ဇယ်သည် ချက်ကိုဆလိုဗက် ထောက်လှမ်းရေးအဖွဲ့ကြီးထံသို့ အနောက်အုပ်စု၏ အရေးကြီးသော စစ်ဘက်ဆိုင်ရာ စာရွက်စာတမ်း၊

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သတင်းအချက်အလက်များစွာကို ပေးပို့နိုင်ခဲ့သည်။ သူ အဖမ်းမခံရမီ အတောအတွင်း ဖရန့်ဇယ်၏ အကူအညီဖြင့် ချက်ထောက်လှမ်းရေးအဖွဲ့သည် ဂျာမနီနိုင်ငံအတွင်း၌ ထင်ရှားကျော်ကြားသော နိုင်ငံရေးသမားများ၊ လူထုခေါင်းဆောင်များကို သူလျှိုအဖြစ် ထပ်မံ သိမ်းသွင်းစုဆောင်းနိုင်ခဲ့သည်။ အနောက်ဂျာမနီတွင် ပေါ်ပေါက်ခဲ့သည့် တချို့သော နိုင်ငံရေးပြဿနာများနှင့် ပတ်သက်၍ လူထုအတွင်း၌ လည်းကောင်း၊ လွှတ်တော်အတွင်း၌လည်းကောင်း မည်သို့သော် အခြေခံအချက်များဖြင့် ဆွေးနွေးရမည်ကိုလည်း သူ့အား မော်စကိုမှ လမ်းညွှန်မှုပြုခဲ့သည်။

အနောက်ဂျာမနီတွင် သာမန်အားဖြင့် ကွန်မြူနစ်သူလျှိုများအပေါ် ပြစ်ဒဏ်ချမှတ်မှုမှာ သိပ်မကြီးလေးခဲ့သော်လည်း ဖရန့်ဇယ်မှာမူ အပြစ်ဒဏ်ကြီးလေးခဲ့သည်။ သူ့အား ၁၉၆၁ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် အနောက်ဂျာမနီတရားရုံးမှ ပြင်းထန်သော ပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့သည်။ သို့သော် အကျဉ်းထောင်တွင်း၌ ခုနစ်နှစ်ကျခံပြီးသောအခါ ပြန်လည် လွှတ်မြောက်ခဲ့သည်။ သည့်နောက် သူသည် ချက်ကိုဆလိုဗက်သို့ ပြန်လည် အခြေချနေထိုင်ခဲ့သည်။ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လတွင် ဆိုဗီယက်တပ်များ ချက်နိုင်ငံအတွင်း စီးနင်းဝင်ရောက်ခြင်းမပြုမီ ရက်အနည်းငယ်အလို၌ သူ ကွယ်လွန်ခဲ့သည်။

အဲလ်ဖရက်ဖရန့်ဇယ်၏ သစ္စာဖောက်မှုကြောင့် စစ်ရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် မည်သို့သော် ရှုပ်ထွေးမှုများ ပေါ်ပေါက်နစ်နာခဲ့ရသည်ကို အနောက်ဂျာမနီသတင်းစာများနှင့် လုံခြုံရေးအဖွဲ့အစည်းများက ဝေဖန်ဆွေးနွေး သုံးသပ်နေချိန်တွင်ပင် ချက်ကိုဆလိုဗက် ထောက်လှမ်းရေးအဖွဲ့သည် ဖရန့်ဇယ်၏နေရာ၌ အစားထိုးနိုင်ရန် ထပ်မံ၍ အပြင်းအထန်ကြိုးပမ်းနေခဲ့လေသည်။ အသစ်စုဆောင်းရရှိသော လျှို့ဝှက်သူလျှိုတစ်ဦး၏ အမည်မှာ ဒေါက်တာကားလ်ဝစ်တစ် ဖြစ်ပြီး လျှို့ဝှက်အမည်မှာ ' ဗွီတစ် ' ဟု တွင်သည်။

## ခေါင်းတုံးပေါ် ထိပ်ကွက်သူ

သူလျှိုလူသစ်တစ်ယောက်ဖြစ်သော ဒေါက်တာကားလ်ဝစ်တစ်သည် နိုင်ငံတကာ အရှုပ်တော်ပုံများနှင့် ပတ်သက်၍မူ လူသစ်တစ်ယောက် မဟုတ်တော့ပါ။ သူသည် အနည်းဆုံး ထောက်လှမ်းရေးအဖွဲ့အစည်း ငါး ခုခန့်တွင် ထုပ်ကိုင်ခဲ့ဖူးသူ တစ်ယောက်ဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက် အရေးပါသည့် နိုင်ငံတကာအရှုပ်တော်ပုံ အမြောက်အမြားတွင်လည်း ပါဝင်ပတ်သက်ခဲ့ဖူးသူ ဖြစ်သည်။

၁၉၆၁ ခုနှစ် နွေဦးပေါက်ရာသီတွင် ကျွန်တော့်အား ဒေါက်တာဝစ်တစ် အပါအဝင် သူလျှိုများကို ထိန်းချုပ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားရန် သံတမန်တစ်ဦးအနေဖြင့် ဘာလင်သို့ စေလွှတ်ခြင်းခံရသည်။ ဂျာမနီတွင်ရှိသော အခြားသူလျှိုများကဲ့သို့ပင် ဒေါက်တာဝစ်တစ်သည်လည်း သတင်းစာသမားတစ်ဦးအသွင် ယူထားသူ ဖြစ်သည်။ သူ၏အရေးအသားကို စိတ်ဝင်စားသောသူများထံသို့ အပတ်စဉ်စာစောင်များ ထုတ်ဝေဖြန့်ချိနေသူလည်း ဖြစ်၏။ ထိုစဉ်က သူ့အသက်မှာ ၆၀ ခန့်ရှိနေပြီ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက တရားဥပဒေနှင့်ပတ်သက်၍ ငြိစွန်းမှုများ ဖြစ်ခဲ့ဖူးသည်မှာ သူ့အတွက်တော့ အားနည်းချက်များ ဖြစ်ခဲ့သည်။ ထိုဥပဒေနှင့် ငြိစွန်းမှုများသည် နိုင်ငံရေးအရလား၊ ရာဇဝတ်ကြောင်းအရလား ဆိုသည်ကိုတော့ ကျွန်တော်တို့ ရေရေရာရာ မသိခဲ့ပါ။ ဒေါက်တာဝစ်တစ်ကမူ သူသည် ဥရောပတွင် နာဇီတို့၏ မတရားညှဉ်းပန်းနှိပ်စက်ခြင်းခံရသော သားကောင်တစ်ဦးဖြစ်ခဲ့သည်ဟု သတင်းလွှင့်ထားသည်။

ဒေါက်တာဝစ်တစ်သည် နာဇီထောင်များ၊ အကျဉ်းစခန်းများတွင် ထောင်ကျခဲ့ဖူးသူဖြစ်ကြောင်းတော့ ကျွန်တော်သိခဲ့ပါသည်။ သူ့အား ထိုစဉ်က ရာဇဝတ်မှုကျူးလွန်သူဟု သတ်မှတ်ခြင်းခံခဲ့ရသည်။ ထိုစဉ်က ရာဇဝတ်မှုကျူးလွန်သူအဖြစ် သတ်မှတ်ခံရခြင်းမှာလည်း သူ၏ရင်းနှီးသော တရားသူကြီးတစ်ဦးက သူ့အပေါ် ညှာတာထောက်ထားမှုကြောင့် ဖြစ်သည်ဟု ယူဆရပါသည်။ ၁၉၃၉ ခုနှစ်ခန့်ကာလက နိုင်ငံရေးအကျဉ်းသမားအဖြစ် သတ်မှတ်ခြင်းထက် ရာဇဝတ်အကျဉ်းသမားအဖြစ် သတ်မှတ်ခံရခြင်းက ပိုပြီး သက်သာသောကြောင့် ဖြစ်ပါသည်။

ထောက်လှမ်းရေးအဖွဲ့အစည်းများတွင် စည်းကမ်းတစ်ရပ်အနေဖြင့် တစ်စုံတစ်ယောက်က သူလျှိုလုပ်ချင်ပါသည်ဟု လိုလိုလားလား ကမ်းလှမ်းလာခဲ့ပါက လက်ခံရန် ငြင်းပယ်လေ့ရှိပါသည်။ ထိုသူမျိုးသည် ထောက်လှမ်းရေးအဖွဲ့အစည်းများအတွင်း ဟန်ဆောင်ဝင်ရောက်၍ ဒုက္ခပေးလာနိုင်သောကြောင့် ဖြစ်ပါသည်။ ထိုစည်းကမ်းကို ချိုးဖောက်ပြီး ဒေါက်တာဝစ်တစ်၏ ကမ်းလှမ်းမှုကိုမူ ကျွန်တော်တို့ လက်ခံခဲ့၏။ သူသည် ဒုတိယကမ္ဘာစစ်အတွင်းက ချက်ကိုဆလိုဗက် ထောက်လှမ်းရေးသူလျှိုတစ်ဦးအဖြစ် စာရင်းပေါက်သူ ဖြစ်ခဲ့သောကြောင့်ပင်။ ထို့ပြင် အနောက်အုပ်စု ထောက်လှမ်းရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ဖူးကြောင်း အထောက်အထား မရှိခဲ့သောကြောင့်လည်း ဖြစ်သည်။

သို့ဖြင့် ၁၉၆၀ ပြည့်နှစ်တွင် သူသည် ချက်ကိုဆလိုဗက်ထောက်လှမ်းရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦး ဖြစ်လာလေတော့သည်။ ထို့နောက် သူသည် ၁၉၆၁ခုနှစ်တွင် အရှေ့ဂျာမနီထောက်လှမ်းရေးအဖွဲ့အစည်းကိုလည်း တာဝန်ခံလုပ်ကိုင်နေသူတစ်ဦး ဖြစ်နေသည်ကို တွေ့လာရပြန်သည်။ ထပ်မံ၍ စုံစမ်းရရှိချက်များအရ ဒေါက်တာဝစ်တစ်သည် စီအိုင်အေနှင့် အနောက်ဂျာမနီ တန်ပြန် ထောက်လှမ်းရေးအဖွဲ့အစည်းများအတွက်လည်း တာဝန်ခံ လုပ်ကိုင်နေသူဖြစ်ကြောင်းများကို အံ့သြဖွယ် တွေ့ရှိခဲ့ရပြန်သည်။

the bookhouse
we ... your future
www.burmeseclassic.com

www.burmeseclassic.com



ယင်းကိစ္စနှင့်ပတ်သက်၍ မော်စကိုနှင့် ချက်ကိုဆလိုဗက်နိုင်ငံတို့ ညှိနှိုင်းတိုင်ပင်ပြီးနောက် အရှေ့ဂျာမနီက သူ့အား မကြာမီ ဖမ်းဆီးလိုက်တော့သည်။ သူသည် ၁၉၅၆ ခုနှစ်အတွင်းက အနောက်ဂျာမနီ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့၏ ပထမညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာအော်တိုဂျွန်၏အမှုတွင် ဩဇာလွှမ်းမိုးနိုင်သော အရေးကြီးသက်သေတစ်ဦးလည်း ဖြစ်ခဲ့သည်။ ဒေါက်တာဂျွန် တစ်ဖက်နိုင်ငံသို့ ခိုလှုံမှု၊ သစ္စာဖောက်မှုကိစ္စနှင့်ပတ်သက်၍ သက်သေအထောက်အထား များကို အရှေ့ဂျာမနီတွင် လုပ်ကြံဖန်တီးယူပေးခဲ့သည်။ ထို့နောက် တရားခွင်တွင် ထိုစဉ်က အရှေ့ဂျာမနီလျှို့ဝှက် သူလျှိုတစ်ဦး ဒေါက်တာဝစ်တစ်က ထူးချွန်ပြောင်မြောက်စွာ သက်သေထွက်ဆိုနိုင်ခဲ့သည်။ ဒေါက်တာဝစ်တစ်၏ ဘဝသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပတွင် စည်းလုံးညီညွတ်မှု ပြိုကွဲခြင်းနှင့် ယင်း၏ အကျိုးဆက်ဖြစ်သော နိုင်ငံရေး ပြဿနာများ ပေါ်ပေါက်ခဲ့မှုတွင် ပါဝင်ပတ်သက်ခဲ့သူ ဖြစ်နေပေသည်။

နာဇီဆန့်ကျင်သူတစ်ဦး ဖြစ်သည့်အလျောက် ဒေါက်တာဂျွန်သည် ၁၉၄၄ ခုနှစ်၊ ဇူလိုင်လအတွင်းက ဟစ်တလာအား လုပ်ကြံမှုတွင် ပါဝင်ခဲ့သည်။ မအောင်မြင်သည့်အခါ စပိန်သို့ထွက်ပြေးပြီးနောက် ထိုမှတစ်ဆင့် ဗြိတိန်သို့ သွားရောက်ကာ ဗြိတိသျှ ဝါဒဖြန့်ချိရေးလုပ်ငန်းတွင် ပါဝင်လုပ်ရှားခဲ့သည်။ စစ်ပြီးဆုံးသောအခါ ဒေါက်တာဂျွန်သည် ဗြိတိန်နိုင်ငံတွင်နေထိုင်ပြီး ဗြိတိသျှစစ်ရုံးကြီးတွင် ဆက်လက် အမှုထမ်းဆောင်သည်။ ထိုစဉ်က ဖမ်းဆီးရမိသော နာဇီဗိုလ်ချုပ်ကြီးများအား စစ်ကြောမေးမြန်းသည့် လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

သူသည် နုရင်ဘတ် စစ်တရားရုံးအတွက်လည်း အနောက်နိုင်ငံများဘက်မှ ရပ်တည်၍ သက်သေအထောက် အထားများ စုဆောင်းပေးခဲ့သည်။ ဤသို့ဖြင့် ဒေါက်တာဂျွန်သည် အနောက်ဂျာမနီသို့ ပြန်ရောက်သည့်အခါ မိတ်ဆွေ တင်းမဲ့နေသည်ကို တွေ့ရတော့သည်။ သူ၏ အဓိကရန်သူမှာ ထိုစဉ်က အနောက်ဂျာမနီ ထောက်လှမ်းရေးအဖွဲ့တွင် အထူးဩဇာအာဏာရှိသော ခေါင်းဆောင်ဖြစ်သူ ရိန်းဟတ်ဂေလန်ဖြစ်သည်။ ဂေလန်ကဦးဆောင်၍ ဒေါက်တာဂျွန်အား နိုင်ငံရေးအရ ဩဇာအာဏာရှိသော ရာထူးတာဝန်များ မပေးအပ်ရန် အပြင်းအထန် ကြိုးပမ်းခဲ့သည်။

သို့ရာတွင် မဟာမိတ်တို့သည် နှစ်ခြမ်းကွဲနေသော ဂျာမန်တို့အပေါ် ကြိုးကိုင်ခြယ်လှယ်နိုင်သူများ ဖြစ်ကြသော ကြောင့်လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ ဂျွန်အား ထောက်ခံသူများ၏ ဩဇာလွှမ်းမိုးမှုဖြင့်လည်းကောင်း ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အဓိပတိ အာဒင်နော်ဝါက ထိုစဉ်က အသက် ၄၁ နှစ်သာရှိသေးသူ ဒေါက်တာဂျွန်အား နိုင်ငံလှုပ်ရှားမှု ဆန့်ပြန်ထောက်လှမ်းရေးအဖွဲ့တွင် အကြီးအကဲအဖြစ် ခန့်အပ်ခဲ့သည်။ ထိုရာထူးမှာ အနောက်ဂျာမနီတွင် နိုင်ငံရေးအရ အလွန်အရေးပါသော ရာထူးဖြစ်နေပေသည်။ ဒေါက်တာဂျွန်သည် ထိုရာထူးတွင် သုံးနှစ်ခန့် ကြာမြင့်ခဲ့သည်။

၁၉၅၄ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ ဟစ်တလာဆန့်ကျင်ရေး ၁၀ နှစ်မြောက်နေ့တွင် ဖက်ဆစ်ဆန့်ကျင်ရေး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့များက ဘာလင်၌ အောက်မေ့ဖွယ် အခမ်းအနားတစ်ခု ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ ဒေါက်တာဂျွန်လည်း တက်ရောက်ခဲ့သည်။ သို့ရာတွင် ထိုစဉ်က ဒေါက်တာဂျွန်၏ အမူအရာများ ပျက်နေပြီး ပင်ပန်းနွမ်းနယ်နေသည့်ပုံလည်း ပေါက်ခဲ့သည်ဟု ဆိုကြသည်။ အောက်မေ့ဖွယ်အခမ်းအနား ပြီးဆုံးသောအခါ သူသည် မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါက်တာဗိုဂေမွတ်နှင့် စကားစမြည်ပြောနေကြောင်း၊ သည့်နောက် ဒေါက်တာမွတ်၏ကားဖြင့်ပင် ထွက်ခွာသွားကြကြောင်း တွေ့လိုက်ကြရသည်။ ဒေါက်တာဗိုဂေမွတ်သည် အရှေ့ဂျာမနီရဲတပ်ဖွဲ့က သက်ာမကင်းဖြစ်နေသူလည်း ဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ သတိပေးချက်များရှိနေစေကာမူ ဒေါက်တာဂျွန်က ခိုင်လုံမှုမရှိဟု သဘောထားခဲ့သည်။ အကြောင်းမှာ ၁၉၄၁ ခုနှစ်က ခွဲစိတ်ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာဗိုဂေမွတ်သည် ဒေါက်တာဂျွန်၏ ညီတစ်ဦးဖြစ်သူကို အသက်ကယ်ပေးခဲ့ဖူးသောကြောင့် ဖြစ်သည်။ ဒေါက်တာဗိုဂေမွတ်နှင့် ဒေါက်တာဂျွန်တို့စီးလာသော ကားကလေးသည် အရှေ့ဂျာမနီနယ်စပ် ရောက်လာသောအခါ အရှေ့ဂျာမနီနိုင်ငံတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။ ဒေါက်တာဂျွန်ပျောက်ကွယ်သွားမှုနှင့် ပတ်သက်၍ နောက်ပိုင်းတွင် အမျိုးမျိုးဝေဖန်ပြောဆိုခဲ့ကြသည်။ လေးရက်ခန့်ကြာသောအခါ ဒေါက်တာဂျွန်က အရှေ့ဂျာမနီအသံလွှင့်ဌာနမှတစ်ဆင့် ဝါဒဖြန့် ဟောပြောချက်များကို သူကိုယ်တိုင် ပြောကြားထုတ်လွှင့်လိုက်သောကြောင့် အနောက်ဂျာမနီတွင် ဝေဖန်ပြောကြားနေသည့် ထိုမသက်ာမှုသည် ခိုင်လုံသွားလေတော့သည်။

ဒေါက်တာဂျွန်က အနောက်ဂျာမနီတွင် အဓိပတိဖြစ်သူ အာဒင်နော်ဝါ၏ အမေရိကန်လိုလားမှုကိုလည်းကောင်း၊ အနောက်ဂျာမနီ၏ လက်နက် ပြန်လည်တပ်ဆင်ရေးမူဝါဒကို လည်းကောင်း၊ နာဇီဝါဒ ပြန်လည် ခေါင်းထောင်လာနေမှုကို လည်းကောင်း ရှုတ်ချပြောကြားခဲ့သည်။ သို့ဖြင့် ဒေါက်တာဂျွန်အား အရှေ့ဂျာမနီတွင် နိုင်ငံရေး ခိုလှုံခွင့်ပြုလိုက်လေတော့သည်။ တခြားထင်ရှားသော နိုင်ငံရေးခိုလှုံခွင့် ရရှိခဲ့သူများနည်းသူ ဒေါက်တာဂျွန်သည်လည်း သူ၏ ဘဝမှတ်တမ်းများ ရေးသားခဲ့ပြီးနောက် အနောက်နိုင်ငံများကို ဆန့်ကျင်သည့် ဝါဒဖြန့်အသံလွှင့်မှုများ ပြုလုပ်ခဲ့၏။ သို့ဖြင့် ဒေါက်တာဂျွန်၏ အမှုကိစ္စမှာလည်း ပြီးပြတ်သွားပြီဟု ဝေဖန်သူများက ယူဆနေကြသည်။ အမှန်စင်စစ် ၁၇ လမျှသာ ငြိမ်သက်နေခဲ့ခြင်း ဖြစ်ပေသည်။

၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် သူသည် အရှေ့ဘာလင်ရှိ ဟားဗွတ်တက္ကသိုလ်ကို အလည်သွားရောက်ခဲ့ပြီးနောက် သူ၏အစောင့်များကို ရှောင်တိမ်းကာ အဆောက်အအုံတစ်ခုအတွင်းသို့ ဝင်ရောက်သွားခဲ့လေသည်။ ထို့နောက် သူသည် ဒိန်းမတ်လူမျိုး သတင်းစာဆရာ ဟင်းဒရစ် ဘော်ဒီဟန်ဒရီကင်၏ မော်တော်ကားဖြင့် လိုက်ပါ ပျောက်ကွယ်သွားလေသည်။ မိနစ်ပိုင်းအတွင်းမှာပင် သူသည် ဘရန်ဒဘတ်ဂိတ်ဝကို ဖြတ်ကျော်ပြီးနောက် အနောက်ဂျာမနီ ထဲသို့ ပြန်လည် ရောက်ရှိလေတော့၏။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အနောက်ဂျာမနီက သူ့အား ချက်ချင်းဖမ်းဆီးပြီးနောက် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ရှစ်လခန့် စစ်ဆေးမေးမြန်းခံရပြီးနောက် ဒေါက်တာဂျွန်က သူ့အား ပြန်ပေးဆွဲသွားခြင်းသာ ဖြစ်ကြောင်း၊ မှိန်းဆေးများ ထိုးပေးသည်ကို ခံခဲ့ရကြောင်း၊ ထိုမှတစ်ဆင့် ကွန်မြူနစ်နယ်မြေထဲသို့ ခေါ်ဆောင်သွားခံရကြောင်း ထွက်ဆိုခဲ့သည်။ သို့ရာတွင် စစ်ဆေးမေးမြန်းသူများက မသက်သာသောကြောင့် သူ့အား တရားရုံးတွင် ရင်ဆိုင်စေခဲ့သည်။ ဒေါက်တာဂျွန်အား ဆန့်ကျင်သော အထူးသက်သေမှာ အရှေ့ဂျာမနီ၏ သူလျှိုတစ်ဦးဖြစ်သူ ဒေါက်တာကားလ်ဝစ်တစ်ဖြစ်သည်။ ဒေါက်တာဝစ်တစ်က သူသည် အရှေ့ဂျာမနီ၌ ဒေါက်တာဂျွန်နှင့် လျှို့ဝှက်တွေ့ဆုံခဲ့ကြောင်းဖြင့် သက်သေထွက်ဆိုခဲ့သည်။

ဒေါက်တာဝစ်တစ်၏ ကျမ်းကျိန် ထွက်ဆိုချက်များကြောင့် မတတ်သာတော့သည့်အဆုံး ဒေါက်တာဂျွန်က သူသည် ပြန်ပေးဆွဲခံခြင်း မဟုတ်ကြောင်း၊ သူကိုယ်တိုင် ခိုလှုံခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဝန်ခံပြောဆိုခဲ့ရသည်။ သူ၏ တရားခံဘက် ရှေ့နေများကလည်း အစိုးရသက်သေ ဒေါက်တာဝစ်တစ်သည် ထောက်လှမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ အတတ်ပြောင်းများသူ တစ်ဦးဖြစ်ကြောင်း ခုခံထွက်ဆိုခဲ့ကြသေးသည်။ တရားရုံးက လက်မခံဘဲ ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဒေါက်တာဂျွန်အား လေးနှစ် ထောင်ဒဏ် ချမှတ်လိုက်သည်။

၁၉၅၇ ခုနှစ် သူ၏ ဘဝမှတ်တမ်းစာအုပ်တွင် ဒေါက်တာဂျွန်က ဒေါက်တာဝစ်တစ်သည် ကွန်မြူနစ်သူလျှို အဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သူဖြစ်ကြောင်း၊ မိမိ၏ မှုခင်းကိစ္စတွင်လည်း ဒေါက်တာဝစ်တစ်သည် တရားခွင်တွင် မှားယွင်းကောက်ထွက်ဆိုမှုများ ပြုလုပ်ခဲ့သူဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အဆိုပါကိစ္စများကြောင့် အာဏာပိုင်တို့က ဒေါက်တာဝစ်တစ်အား အမှုဖွင့်၍ တရားစွဲဆိုရန် စီစဉ်သည့်အခါ ဒေါက်တာဝစ်တစ်တစ်ယောက် အရှေ့ဂျာမနီသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့တော့သည်။

ဒေါက်တာဂျွန်၏ ဘဝမှတ်တမ်းတွင် ဖော်ပြချက်များသည် တစ်စိတ်တစ်ပိုင်းသာ မှန်ခဲ့သည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ဝစ်တစ်သည် ကွန်မြူနစ်သူလျှိုအဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သူမှန်သော်လည်း အရှေ့ဂျာမနီသို့ ပြန်ရောက်သည့်အခါ ဝစ်တစ်အား အရှေ့ဂျာမနီ၏သူလျှိုတစ်ယောက်အနေဖြင့် ကြိုဆိုခြင်းမပြုဘဲ အနောက်နိုင်ငံများဘက်မှ ထက်ချွန်သူလျှိုလုပ်နေသူ အဖြစ်လည်းကောင်း၊ လိမ်လည်လှည့်ဖြားနေသူ တစ်ဦးအဖြစ်လည်းကောင်း ဖမ်းဆီးအရေးယူခဲ့သောကြောင့် ဖြစ်သည်။

နှစ်ပေါင်းများစွာတိုင်အောင် ဒေါက်တာကားလ်ဝစ်တစ်သည် နာဇီဂျာမနီနိုင်ငံ၏သူလျှို၊ စစ်ကာလမတိုင်မီ ကာလက ချက်ကိုဆလိုဗက်ကီးယားနိုင်ငံ၏ သူလျှို၊ အမေရိကန်နိုင်ငံသူလျှို၊ အနောက်ဂျာမနီနိုင်ငံ၏သူလျှို၊ စစ်ပြီးခေတ် ကာလအတွင်း ချက်ကိုဆလိုဗက်ကီးယားနိုင်ငံ၏ ဒုတိယမ္ပိသူလျှို၊ အရှေ့ဂျာမနီသူလျှို စသည်ဖြင့် ကူးပြောင်းလုပ်ရှားခဲ့

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



သည်။ အရှေ့နှင့်အနောက် ဆန့်ကျင်ဘက်နေရာများတွင် သူသည် အဖျက်ပိုးမွှားသဖွယ် ဟိုဘက်သည်ဘက်ပြောင်းကာ လှုပ်ရှားနေခဲ့ပြီး ငွေကြေးအမြတ်အစွန်းများစွာ ရယူခဲ့သည်။

၁၉၆၂ ခုနှစ်တွင် အရှေ့ဂျာမနီ၌ သူ့အား ထောင်ဒဏ်၁၅နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ အနောက်ဂျာမနီက အရှေ့ဂျာမနီထံမှ ဂျာမန်သုံးဒ်ိုက်ရှေး မက်ငွေ ၈၀၀၀၀ ဖြင့် ၁၉၆၀ပြည့်နှစ်က တောင်းခံသောအခါ သူ့အား ထောင်မှ လွှတ်၍ အနောက်ဂျာမနီသို့ ပြန်လည်ပေးပို့ခဲ့သည်။

## အနောက်ဂျာမနီမှ နက်ပ်ကျွန်းစစ်ဆင်ရေး

၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျွန်တော့်အား ချက်ကိုဆလိုဗက်ကီးယား ထောက်လှမ်းရေးဌာန အသစ်တစ်ခုတွင် ဒုတိယအကြီးအကဲအဖြစ် ခန့်အပ်လိုက်ပါသည်။ အမေရိကန်နှင့် မဟာမိတ်အနောက်အုပ်စုကို ဆန့်ကျင်သည့် သတင်းစစ်ဆင်ရေးများနှင့် အနက်ရောင်ဝါဒဖြန့်ချိရေး လုပ်ငန်းများလုပ်ကိုင်ရန် ဆိုဗီယက်၏ပုံစံကိုယူပြီး ချက်နိုင်ငံ၌ ဌာနတစ်ခု ထပ်မံဖွင့်လှစ်လိုက်ခြင်း ဖြစ်ပါသည်။ ထိုဌာနသစ်အပေါ် ဆိုဗီယက်အကြံပေးအရာရှိများကလည်း အကြိုက်တွေ့ခဲ့ကြသည်။ ဤချက်ဌာနသစ်မှ အမှောင့်လုပ်ငန်းကျွမ်းကျင်သူများသည် အနောက်ဂျာမနီမှ နိုင်ငံရေးသမားများကိုလည်းကောင်း၊ အမေရိကန် ကွန်ဂရက်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အတွေ့အကြုံမရှိသော ခေါင်းဆောင်အတော်များများကိုလည်းကောင်း အောင်မြင်စွာ လှည့်ဖြားနိုင်ခဲ့ကြသည်။ ဤဌာနသစ်၏ ဖွဲ့စည်းဆောင်ရွက်မှုများသည် တစ်စထက်တစ်စ ပိုမိုစနစ်တကျ ပီပြင်လာပြီး အချိတ်အဆက်မိမိဖြင့် နည်းလမ်းပေါင်းစုံကျင့်သုံးပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ချက်ထောက်လှမ်းရေးအဖွဲ့နှင့် ကေဂျီဘီတို့ပူးပေါင်းပြီး အနောက်ဂျာမနီနိုင်ငံ၌ 'နက်ပ်ကျွန်း' စစ်ဆင်ရေးကို အကောင်အထည်ဖော်ခဲ့သည်။ ဤစစ်ဆင်ရေးမှာ ချက်ထောက်လှမ်းရေး ဌာနအသစ်၏ စိတ်ကူးစိတ်သန်း အစီအစဉ်များနှင့် ထောက်လှမ်းရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုတို့အပေါ် စမ်းသပ်လိုက်သော စစ်ဆင်ရေးလည်း ဖြစ်နေသည်။

၁၉၆၄ ခုနှစ်၊ မေလ ညတစ်ညတွင် ကျွန်တော်တို့သည် ဘိုဟီးမီးယား ရေကန်အတွင်း ရေအောက်သို့ သေတ္တာလေးလုံးကို ချပေးခဲ့သည်။ ရက်သတ္တပတ်ပေါင်းများစွာ ကြာလာသောအခါ ချက်ကိုဆလိုဗက် ရုပ်မြင်သံကြား အဖွဲ့က မော်ကွန်းတင် ရုပ်ရှင်ရိုက်ကူးနေကြစဉ်အတွင်း အဆိုပါ သေတ္တာလေးလုံးကို ထုတ်ဖော်ရရှိခဲ့သည်။ ထိုတွေ့ရှိသော

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို နာဇီတို့၏ မော်ကွန်းဝင်မှတ်တမ်းပစ္စည်းများအဖြစ် လူထုအားပြသခဲ့သည်။ ဤသို့ဖြင့် အနောက်ဂျာမနီအပေါ် အမှောင့်သတင်းလွှင့်မှု ကဏ္ဍသစ်တစ်ခုကို ကျွန်တော်တို့ စတင်နိုင်ခဲ့ပါတော့သည်။ လုပ်ငန်းတစ်ခုလုံးကို ခြုံငုံကြည့်ရှုပြီး အောင်မြင်သော လုပ်ရပ်တစ်ခုအဖြစ် ကေဂျီဘီက သုံးသပ်ခဲ့သည်။

ဆိုဗီယက်နှင့် ချက်ကိုဆလိုဗက် မော်ကွန်းတိုက်များ၌ ထိုရေကန်ကြီးမှရရှိသော စာရွက်စာတမ်းများကို နာဇီခေတ်နှင့်ပတ်သက်သည့် မူရင်း စာရွက်စာတမ်းများအဖြစ် အသိအမှတ်ပြု၍ မှတ်တမ်းတင်လိုက်သည်ကိုလည်း တွေ့ရပါသည်။ ထိုစာရွက်စာတမ်းများကို အသုံးပြု၍ပင် အီတလီ၊ ဩစတြီးယား၊ ဂျာမနီနိုင်ငံများရှိ ပုဂ္ဂိုလ်တချို့ကို ဖူးပေါင်းသက်သေပြုကာ အနောက်ဂျာမနီနိုင်ငံ၏ ပုံရိပ်ကို ထိုးနှက်တိုက်ခိုက်ရာတွင် အောင်မြင်ခဲ့ပါတော့သည်။ ဤစစ်ဆင်ရေးသည် အနောက်ဂျာမနီနိုင်ငံအား နာဇီဂျာမနီနိုင်ငံမှ ပေါက်ဖွားလာသော နိုင်ငံတစ်ခုအဖြစ် နောက်ဥရောပမှ ပြည်သူများကို ယုံကြည်အောင် ပီပြင်စွာ မဆောင်ရွက်နိုင်ခဲ့သည်မှာတော့ မှန်ပါသည်။ သို့သော် အနောက်ဂျာမနီနိုင်ငံအနေဖြင့် နာဇီစစ်ရာဇဝတ်များကို စစ်ဆေးစီရင်ခြင်းနှင့် ပတ်သက်၍မူ ဥပဒေအသစ်များ ပြင်ဆင် သတ်မှတ်ပေးရသည်အထိကား အကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။

ကေဂျီဘီတို့၏ ကြီးကြပ်မှုဖြင့်ပင် ချက်ကိုဆလိုဗက်အမှောင့်သတင်း ဖန်တီးထုတ်လွှင့်ရာဌာနသည် လှည့်ဖြားရေးနည်းစနစ်ဟောင်းများကို မွမ်းမံနိုင်ခဲ့သည့်အပြင် နည်းစနစ်အသစ်များကိုလည်း တီထွင်ဖန်တီးနိုင်ခဲ့ပါသည်။ ကေဂျီဘီ အမှောင့်သတင်းလွှင့်မှုဆိုင်ရာ ဌာနအကြီးအကဲဖြစ်သူ အဂါယန့်ကလည်း ၁၉၅၆ ခုနှစ်အတွင်း ချက်ကိုဆလိုဗက်ကီးယားနိုင်ငံသို့ အလည်အပတ်ရောက်လာစဉ်က ကျွန်တော်တို့၏ အောင်မြင်မှုနှင့် ပတ်သက်၍ ချီးကျူးပြောဆိုခဲ့ဖူးသည်။ များသောအားဖြင့် ဤကဲ့သို့သော အလားတူ စစ်ဆင်ရေးများသည် အလုပ်လက်မဲ့ပြဿနာများ ထူပြောနေသော နိုင်ငံများ၊ လူမှုရေး၊ စီးပွားရေးနှင့် လူမျိုးရေးဆိုင်ရာ ပြဿနာများဖြင့် ရှုပ်ထွေးနေသော နိုင်ငံများအပေါ်တွင် ပိုမိုအောင်မြင်မှုရှိကြောင်း တွေ့ရပါသည်။ အမေရိကန်ဆန့်ကျင်ရေး စိတ်ဓာတ်ပြင်းထန်သော တစ်ယူသန် နိုင်ငံရေးစိတ်ရှိသည့် လက်တင်အမေရိက နိုင်ငံများ၌လည်း ထူးခြားစွာ အောင်မြင်မှုရရှိခဲ့ဖူးသည်။

ချက်ထောက်လှမ်းရေးအဖွဲ့သည် မက္ကဆီကိုနှင့် ဥရုဂွေးနိုင်ငံများကို စစ်ဆင်ရေးလုပ်ရန် အခြေစိုက်နေရာများအဖြစ် သတ်မှတ်ပြီးနောက် ဘရာဇီး၊ အာဂျင်တီးနား၊ ချီလီတို့တွင် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခဲ့ကြသည်။ ၁၉၆၅ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဆိုပါ လုပ်ငန်းများကို လေ့လာအကဲခတ်နိုင်ရန် ကျွန်တော့်အား စေလွှတ်ခဲ့သည်။ ထိုစဉ်က ချက်ကိုဆလိုဗက် ထောက်လှမ်းရေးအဖွဲ့သည် လက်တင်အမေရိကနိုင်ငံများတွင် သတင်းစာသမား အမြောက်အမြားကို အသင်းသွင်း အသုံးပြုနိုင်နေပြီ ဖြစ်သည်။ လက်တင်အမေရိက သတင်းစာအများအပြားကို သဘောတရားရေးအရ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ငွေရေးကြေးရေးအရလည်းကောင်း လွှမ်းမိုးထားနိုင်ခဲ့ပြီးလည်း ဖြစ်ပါသည်။ အထူးသဖြင့် မက္ကဆီကိုနှင့် ဥရုဂွေးတို့တွင် အအောင်မြင်ဆုံးဖြစ်သည်။ ဘရာဇီးနိုင်ငံတွင်မူ နိုင်ငံရေးသတင်းစာတစ်စောင်ကိုပင် ၁၉၆၄ ခုနှစ်က ကျွန်တော်တို့ လျှို့ဝှက်ပိုင်ဆိုင်ထားခဲ့ကြပြီး ဖြစ်သည်။

အမှောင့်လုပ်ငန်းသတင်းဖြန့်ချိမှုမှာ အစဉ်အလာအားဖြင့် လှည့်ဖြားမှုဆိုင်ရာ နည်းလမ်းများနှင့် ပတ်သက်နေပါသည်။ ကျွန်တော် ဘရာဇီးသို့ရောက်သည့်အချိန်တွင် ကျွန်တော်တို့၏ 'သောမတ်မန်း' စစ်ဆင်ရေးကို အဆုံးသတ်နေသည့် အချိန်ဖြစ်သည်။ ထိုစစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ လက်တင်အမေရိကတိုက်နှင့် ပတ်သက်၍ အမေရိကန်ဝါဒသည် အကြီးအကျယ်ပြောင်းလဲနေပြီ ဆိုသည့်အချက်ကို ပေါ်လွင်စေအောင် မီးမောင်းထိုးပြရန်ဖြစ်သည်။ အမေရိကန်တို့၏ စီးပွားရေး ခေါင်းပုံဖြတ်မှုလမ်းစဉ်သည် လက်တင်အမေရိကဒေသနိုင်ငံများအပေါ် ပြည်တွင်းရေးကို ကြိုးကိုင်ခြယ်လှယ်ရန် ဖြစ်ကြောင်းကို ကျွန်တော်တို့အနေဖြင့် မီးမောင်းထိုးပြပေးရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ ဖန်တီးထားသော ဖြစ်စဉ်အရ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန်ဖြစ်သူ သောမတ်မန်းသည် အဆိုပါ အမေရိကန် အနိုင်ကျင့်ဝါဒအသစ်ကို တာဝန်ခံဆောင်ရွက်သူဖြစ်ကြောင်း ပေါ်လွင်စေရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။ အမေရိကန် နိုင်ငံသည် တောင်အမေရိက နိုင်ငံများအပေါ်တွင် မျှတမှုမရှိသော စီးပွားရေး အကျပ်ကိုင်မှုများ ပြုလုပ်နေသည်ဟူသော အချက်ကို ပေါ်လွင်စေရန် ဖြစ်ပါသည်။

တခြားသောရည်ရွယ်ချက်မှာ အမေရိကန်နိုင်ငံသည် အိုအေအက်စ်ခေါ် 'အမေရိကတိုက်နိုင်ငံများအသင်း' Organizaton of America States ၏ အဖွဲ့ဝင်နိုင်ငံများကို ကွန်မြူနစ်ဆန့်ကျင့်ရေး အနေအထားရောက်အောင် တွန်းပို့နေသည်ဟူသော ရည်ရွယ်ချက်ပင် ဖြစ်သည်။ တစ်ချိန်တည်း၌ စီအိုင်အေသည် ချီလီ၊ ဥရုဂွေး၊ ဘရာဇီး၊ မက္ကဆီကိုနှင့် ကျူးဘားနိုင်ငံများတွင် အာဏာသိမ်းရန် ကြိုးပမ်းနေသောအချက်ကို ပေါ်လွင်ထင်ရှားစေရန် ဖြစ်သည်။

စစ်ဆင်ရေး၏ အဓိကရည်ရွယ်ချက်မှာ လက်တင်အမေရိကဒေသနေ ပြည်သူများအား အမေရိကန်၏ တင်းမာသောမူဝါဒအသစ်နှင့် ပတ်သက်၍ ပြင်းထန်သော အမေရိကန်ဆန့်ကျင်ပေါက်ကွဲမှုများ ဖြစ်ပေါ်လာစေရန်နှင့် စီအိုင်အေအဖွဲ့ကြီးအားလည်း ထိုဒေသနိုင်ငံများ၏ ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံရေး လောကတွင် ဒီမိုကရေစီဆန့်ကျင်သော လုပ်ရပ်များ ဖန်တီးလုပ်ကိုင်နေသည့် အဖွဲ့ကြီးဖြစ်ကြောင်း ပေါ်လွင်သွားစေရန် ဖြစ်သည်။ အဆိုပါ စစ်ဆင်ရေးသည် အမည်မဖော်လိုသော လမ်းကြောင်းများမှတစ်ဆင့် စာရွက်စာတမ်းများ ဖန်တီးဖြန့်ချိသည့် လုပ်ငန်းအပေါ်တွင် အခြေစိုက်ထားခြင်း ဖြစ်၏။

ပထမဆုံးဆောင်ရွက်ချက်မှာ အမေရိကန်ပြန်ကြားရေးအေဂျင်စီမှ ထုတ်ပြန်သည့် ပုံစံအသွင်ကိုယူ၍ ရိုင်နိုဒီဂျူနီးရိုး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မြို့၌ သတင်းတစ်ခု ဖန်တီးထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ထုတ်ပြန်ချက်စာတမ်းတွင် အမေရိကန်တို့၏ နိုင်ငံရေးဝါဒအသစ်နှင့် ပတ်သက်ပြီး အခြေခံမှုများကို ထည့်သွင်းဖော်ပြထားသည်။ တစ်ဖန် တစ်ဖက်မှလည်း ' ယန်းကီးနယ်ချဲ့မှုဆန့်ကျင်ရေး ကော်မတီ ' အမည်ခံ၍ ဆန့်ကျင်တုံ့ပြန်ချက်များ ထုတ်ပြန်သည့် ပုံစံဖြစ်သည်။ ကျွန်တော်တို့အနေဖြင့် အဆိုပါ အမည်ခံအဖွဲ့အစည်းများကို အသုံးပြုပြီး စာရွက်စာတမ်းဖြန့်ချိရသည့် ရည်ရွယ်ချက်မှာ တောင်အမေရိကဒေသနိုင်ငံများရှိ ပြည်သူများအား စီအိုင်အေ၊ အမေရိကန်ကာကွယ်ရေးဌာနနှင့် အက်ဖ်ဘီအိုင် ထောက်လှမ်းရေးတာဝန်ရှိ ပုဂ္ဂိုလ်များသည် သံတမန်များအသွင်ဆောင်၍ လှုပ်ရှားနေသည့်သဘောကို သိမြင်လာပြီး အထိတ်တလန့် ဖြစ်စေရန်ဖြစ်ပါသည်။

ထိုသို့ အဆင့်နှစ်ဆင့် ဆောင်ရွက်ပြီးနောက် တတိယအဆင့်အနေဖြင့် စာတစ်စောင်ရေးသားပို့ခဲ့ပြန်သည်။ ထိုစဉ်က အက်ဖ်ဘီအိုင်အကြီးအကဲ အက်ဂါဟူးဗားကိုယ်တိုင် ရေးသည့် စာတစ်စောင်ပုံစံဖြင့် သူ၏ အက်ဖ်ဘီအိုင် လက်အောက်ခံအရာထမ်း သောမတ်ဘရက်ဒလီထံသို့ ချီးကျူးစာတစ်စောင်အတု ရေးသားပေးပို့လိုက်ပါသည်။ ထိုစာတွင် ၁၉၆၄ ခုနှစ်၊ ဧပြီလအတွင်းက ဘရာဇီးနိုင်ငံ၌ အာဏာသိမ်းမှုတစ်ခု ဖြစ်ပွားရာတွင် အောင်မြင်မှုအပေါ် အက်ဖ်ဘီအိုင်နှင့် စီအိုင်အေအဖွဲ့ဝင်များအား ချီးကျူးရေးသားထားသည့် အကြောင်းအရာများ ပါဝင်ပါသည်။

**သောမတ်မန်းစီမံကိန်း**

ကျွန်တော်တို့ အတုပြုလုပ်ရေးသားထားသော ရိုင်အိုဒီဂျနီးရိုးမြို့ရှိ အမေရိကန်ပြန်ကြားရေးအေဂျင်စီမှ သတင်းထုတ်ပြန်ချက် အတုစာတမ်းကို ထပ်ဆင့်ကူးယူဖော်ပြပြီး ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက အမေရိကန် ပြန်ကြားရေး အေဂျင်စီတံဆိပ်ပါ စာအိတ်ဖြင့် ဘရာဇီးသတင်းစာတိုက်များနှင့် သီးခြားရွေးချယ်ထားသော ဘရာဇီးနိုင်ငံရေးသမားများ ထံသို့ ပေးပို့ဖြန့်ဝေခဲ့သည်။ ထိုသို့ ပေးပို့ရာတွင် အမေရိကန်ပြန်ကြားရေးအေဂျင်စီမှ ဌာနေအလုပ်သမားတစ်ဦးက ရေးသားထားသည့်အသွင်ဖြင့် စာတစ်စောင်ကိုပါ ထည့်သွင်းပေးပို့လိုက်၏။ ထိုစာတွင်ပင် အမေရိကန်မစ်ရှင်အကြီးအကဲက မူးတွဲပါ အမေရိကန်ပြန်ကြားရေးမှ သတင်းထုတ်ပြန်ချက်ကို ဖြန့်ဝေခြင်းမပြုရန် ချုပ်ချယ်တားမြစ်ထားကြောင်း၊ အဘယ်ကြောင့်ဆိုသော ထိုထုတ်ပြန်ချက်မှာ ပွင့်လင်းလွန်းသောကြောင့် လျှို့ဝှက်ထားသမျှပေါ်မည်ကို စိုးရိမ်၍ဖြစ်ကြောင်း ဖော်ပြထားသည်။ စာရေးသားပေးပို့သူ ဌာနေအလုပ်သမားက ထိုစာတွင် သူ့အနေဖြင့် မိတ္တူများကို သိမ်းဆည်းထားပြီး ပြည်သူများ သိသင့်သိထိုက်သည်ဟု ယူဆ၍သာ ဘရာဇီးသတင်းစာတိုက်များသို့ ယခုကဲ့သို့ ပေးပို့ရခြင်းဖြစ်ကြောင်း၊ နှိပ်ကွပ်ချုပ်ချယ်မှု သူ့အနေဖြင့် အလုပ်ပြုတ်မည်ကို စိုးရိမ်သောကြောင့် သူ့အမည်ကို ဖော်ပြမထားခြင်း ဖြစ်ပါကြောင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရေးသားထားသည်။ ထိုစာအတုကို ၁၉၆၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်နေ့ထုတ် ဘရာဇီး သတင်းစာတစ်စောင်တွင် ဖော်ပြခြင်းခံရပါသည်။ ထိုသတင်းထုတ်ပြန်ချက်နှင့်အတူ အမေရိကန်ဆန့်ကျင်ရေး လှုံ့ဆော်သည့် အကြောင်းအရာများကိုပါ အဆိုပါသတင်းစာက ရေးသားဖော်ပြထားသည်။

ရက်အတန်ကြာပြီးနောက် ၁၉၆၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ဘရာဇီးနိုင်ငံ လေဘာပါတီမှ အဖွဲ့ဝင်တစ်ဦး ဖြစ်သူ ရာမို့စ်က မိန့်ခွန်းမြွက်ကြားရာ၌ အမေရိကန်နိုင်ငံသည် ကနေဒီ လုပ်ကြံခံရပြီးနောက်ပိုင်း ဂျွန်ဖော်စတာဒါးလက်စ် ကျင့်သုံးခဲ့သည့် တင်းမာသော လမ်းကြောင်းနောက်သို့ ပြန်လည်လိုက်ပါနေပြန်သည်ဟု စွပ်စွဲပြောဆိုခဲ့လေသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ရိုင်အိုဒီဂျနီးရိုးရှိ အမေရိကန်သံအမတ်ကြီးက သောမတ်မန်းသည် ယခုကဲ့သို့သော မူဝါဒမျိုးကို မည်သည့်အခါကမျှ အဆိုပြုခဲ့ဖူးခြင်းမရှိကြောင်း၊ သံရုံးအနေဖြင့်လည်း ယင်းအကြောင်းအရာပါကိစ္စမျိုး ထုတ်ပြန်ခဲ့ခြင်းမရှိဖူးကြောင်း ငြင်းဆိုခဲ့ပြန်သည်။ လအတန်ကြာသောအခါ လက်တင်အမေရိကဒေသရှိ လက်ဝဲသတင်းစာများက အမေရိကန်နယ်ချဲ့ဝါဒ၏ ရှင်သန်နေသော အမှတ်အသားပြယုဂ်တစ်ခုအဖြစ် သောမတ်မန်း၏အမည်ကိုသုံးစွဲ၍ ဝေဖန်တိုက်ခိုက်မှုများ အဆက်မပြတ် ပြုလုပ်ခဲ့ပြန်လေသည်။

၁၉၆၄ခုနှစ်၊ ဧပြီ၂၉ရက်နေ့တွင် ကွန်မြူနစ်ပါတီကို လိုလားသော သတင်းစာတစ်စောင်က သောမတ်မန်း၏ စီမံကိန်းသည် လက်တင်အမေရိကဒေသ၏ လွတ်လပ်မှုကို ဆန့်ကျင်လျက်ရှိပုံကို ဝေဖန်ရေးသားခဲ့ရာတွင် ထိုစီမံကိန်း၌ ချီလီ၊ ဘရာဇီး၊ ဥရုဂွေး၊ ကျူးဘားနိုင်ငံတို့၌ အာဏာသိမ်းရန် ကြံစည်မှုများလည်း ပါဝင်ကြောင်း ဖော်ထုတ်လိုက်ပြန်သည်။ ရက်သတ္တပတ်နှစ်ပတ်ခန့်ကြာသောအခါ ဥရုဂွေးကွန်မြူနစ်ပါတီ၏ ပထမအတွင်းရေးမှူးဖြစ်သူကလည်း သောမတ်မန်းသည် အာဏာသိမ်းမှုများကို လိုလားသူတစ်ဦးဖြစ်ကြောင်း စွပ်စွဲပြန်လေသည်။

မွန်တီဗီဒီးမြို့ရှိ အမေရိကန်သံရုံးက အဆိုပါ သောမတ်မန်း၏ စီမံကိန်းဆိုသည်မှာ အမှန်တကယ်မရှိဘဲ လုပ်ကြံမှုသာဖြစ်ကြောင်း ထုတ်ပြန်ဖြေရှင်းခဲ့သော်လည်း ကွန်မြူနစ်ပါတီ၏ အာဘော်သတင်းစာတစ်စောင်က သောမတ်မန်းသည် လက်တင်အမေရိကနိုင်ငံ အားလုံးကို ပြောက်ကျားစီမံကိန်းလုပ်ကိုင်ရန် ကြံစည်နေကြောင်း အခိုင်အမာစွပ်စွဲ ရေးသားပြန်၏။ အလားတူ အမှောင့်သတင်းထုတ်ပြန်မှုနှင့် ဆင်တူသည့် ဒုတိယနည်းလမ်းတစ်ခုကိုလည်း ကျွန်တော်တို့ အသုံးပြုခဲ့ပါသေးသည်။

ဒုတိယနည်းလမ်းမှာ အမှန်တကယ်မရှိသော အဖွဲ့အစည်းတစ်ခုကို အမည်တပ်၍ သတင်းလွှာများဖြန့်ဝေခြင်း ဖြစ်သည်။ ထိုသတင်းလွှာအားလုံးလိုလိုတွင် လက်တင်အမေရိကရှိ အမေရိကန်သံရုံးများမှ သံတမန်များ၊ လုပ်ငန်းရှင်များ၊ စာနယ်ဇင်းသမားများအား သူလျှိုများအဖြစ် ဖော်ပြထားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဦးတည်ပစ်မှတ်ထားသည့် ပုဂ္ဂိုလ်များကို စွပ်စွဲချက်များ ခိုင်လုံစေရန်အတွက် အမေရိကန်နိုင်ငံက တရားဝင်ထုတ်ပြန်ထားသော သတင်းတွင်ပါဝင်သည့် အမေရိကန် သံရုံးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့်ပတ်သက်သည့် ကိုယ်ရေးရာဇဝင် ဖော်ပြချက်များကို အခြေခံ၍ အလွယ်တကူ တုပရေးသားနိုင်ခဲ့ပါသည်။

ကျွန်တော်တို့၏ စွပ်စွဲဖော်ပြချက်များကို လူထုကလည်း အများအားဖြင့် စိတ်ဝင်စားဖွယ်ရာကောင်းသော သတင်းများအဖြစ် လက်ခံယုံကြည်ကြကြောင်း တွေ့ရသည်။

၁၉၆၄ ခုနှစ်၊ ဇူလိုင်လတွင် လက်တင်အမေရိကန်ပြန်သူများသည် အမေရိကန်ဆန့်ကျင်ရေး အမှောင့်လုပ်ငန်းများနှင့်ပတ်သက်၍ အက်ဖ်ဘီအိုင်အကြီးအကဲဖြစ်သူ ဟူးဗားလက်မှတ် ရေးထိုးထားသည့် စာနှစ်စောင်ပုံစံဖြင့် သတင်းဇာတ်လမ်းများ ကြားသိကြရပြန်သည်။

စာနှစ်စောင်စလုံးသည် ဟူးဗားထံမှ အက်ဖ်ဘီအိုင်ဝန်ထမ်းဖြစ်သူ သောမတ်ဘရက်ဒလီထံလိပ်မူပြီး ရေးသားထားသည်ဟု ဖော်ပြထားသည်။

ပထမစာမှာ ၁၉၆၁ခုနှစ်၊ ဇန်နဝါရီလရက်စွဲနှင့်ဖြစ်ပြီး အက်ဖ်ဘီအိုင်တွင် အမှုထမ်းလုပ်သက် နှစ် ၂၀ ပြည့်မြောက်ခြင်းကြောင့် ဂုဏ်ပြုချီးမွမ်းရေးထားသော စာဖြစ်သည်။ ဤစာ၏ ရည်ရွယ်ချက်မှာ ၁၉၆၀ပြည့်နှစ်၊ ဧပြီလ ၁၅ ရက်စွဲဖြင့် ဟူးဗားကိုယ်တိုင် ရေးဖွဲ့ဖူးသောစာကို ယခုတစ်ကြိမ်တုပပြီး တရားဝင်အောင်ထပ်မံ၍ ဇာတ်လမ်းတစ်ခုဖန်တီးလိုက်ခြင်း ဖြစ်သည်။

ယခုတုပလိုက်သော စာ၏ရည်ရွယ်ချက်မှာ ဘရားဇီးအစိုးရကို ပြုတ်ကျအောင်လုပ်ရပ်တွင် အမေရိကန်ထောက်လှမ်းရေးက တိုက်ရိုက်ပါဝင်နေကြောင်း ထင်မြင်ယူဆလာအောင် တစ်ဖက်လှည့်ဖြင့် သက်သေပြလိုသည့် ရည်ရွယ်ချက်ပင် ဖြစ်သည်။ ကျွန်တော်တို့ ချက်ထောက်လှမ်းရေးအဖွဲ့က သူတစ်ပါးနိုင်ငံရေးကိစ္စများတွင် အမေရိကန် ပြည်ပထောက်လှမ်းရေး စီအိုင်အေအပေါ် အပြစ်ပုံချသည့် သဘောဖြစ်အောင် ကြံဆောင်ခြင်းလည်း ဖြစ်သည်။ အမေရိကန် ပြည်တွင်းထောက်လှမ်းရေး အက်ဖ်ဘီအိုင်ကိုမူ မရေမရာသာ ဝေ့လည်ကြောင်ပတ် ထည့်သွင်းရေးသားထားသည်။

အဆိုပါ သတင်းစစ်ဆင်ရေးပြုလုပ်ထားသော စာများကို အာဂျင်တီးနားဂျာနယ်တစ်စောင်တွင် ဇူလိုင်လ ၂၃ ရက်စွဲဖြင့် ဖော်ပြလာကြောင်း တွေ့ရပြန်သည်။ ထို့နောက် တခြားသော လက်တင်အမေရိကနိုင်ငံများမှ သတင်းစာများနှင့် ဂျာနယ်များက အမေရိကန်တို့၏ အဖျက်လုပ်ငန်းကဏ္ဍသစ်နှင့် ပတ်သက်သည့် သတင်းများကို လက်ဆင့်ကမ်း ထပ်မံဖော်ပြကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သူလျှိုတို့အား စောင့်ကြည့်ခြင်း

၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျွန်တော်သည် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့သို့ ချက်သံရုံး ပြန်ကြားရေး တာဝန်ခံအဖြစ် သွားရောက်အမှုထမ်းရသည်။ ထိုအချိန်မှစပြီး ကျွန်တော်လည်း အမှောင့်လုပ်ငန်း သတင်းဖြန့်ချိမှုနှင့် အနက်ရောင်ဝါဒ ဖြန့်ချိရေးကိစ္စတို့နှင့် အလှမ်းကွာသွားခဲ့တော့သည်။ ဩစတြီးယားသို့ ရောက်ရှိစဉ် ကျွန်တော်၏ တာဝန်မှာ ထင်ရှားသော ချက်သူလျှိုများကို စောင့်ကြည့်ရန် ဖြစ်သည်။ တခြား အရေးကြီးသော တာဝန်တစ်ရပ်မှာ ဩစတြီးယားလူမျိုး နိုင်ငံရေးသမားများ၊ သတင်းစာသမားများနှင့် နိုင်ငံခြားသတင်းထောက်များထဲမှ သူလျှိုအဖြစ်စေခိုင်းရန် အလားအလာရှိသူများကို ရှာဖွေသတ်မှတ်ရန် ဖြစ်၏။

တစ်နှစ်ခန့်ကြာသောအခါ ချက်ကိုဆလိုဗက်ကွန်မြူနစ်ပါတီသည် အလက်ဇန္ဒားဒူးချက်ဗ်၏ ဦးဆောင်မှုဖြင့် လူသားဆန်သော ဆိုရှယ်လစ်စနစ်ဆီသို့ဟူ၍ ကြွေးကြော်ကာ ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ရန် ကြိုးပမ်းခဲ့သည်။ ချက်ကိုဆလိုဗက်နိုင်ငံတွင် ဆိုရှယ်လစ်စနစ်ကို ပိုမိုရှင်သန်လာစေရန်လည်းကောင်း၊ ဆိုရှယ်လစ်ဒီမိုကရေစီနှင့် ညီညွတ်သော ပုံရိပ်တစ်ခု ပေါ်လွင်လာစေအောင်လည်းကောင်း ပြုပြင်ပြောင်းလဲမှုများလုပ်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယခု နိုင်ငံရေးလှုပ်ရှားမှုသည် ဆိုရှယ်လစ်ဆန့်ကျင်လှုပ်ရှားမှု မဟုတ်သလို၊ ကွန်မြူနစ်ဆန့်ကျင်လှုပ်ရှားမှုလည်း မဟုတ်ချေ။ ထိုလှုပ်ရှားမှုတွင်ပါဝင်သော ပါတီဝင်အားလုံးသည် ချက်ကွန်မြူနစ်ဝါဒကို စင်ကြယ်အောင် ကြိုးပမ်းခဲ့သူများသာ ဖြစ်သည်။ အဓိကအားဖြင့် ကွန်မြူနစ်ဝါဒကို ရိုးအီနေသော ပုံတူကူးချခြင်းအနေအထားမှ ရေမြေနှင့်အပ်စပ်သော၊ လူထုယုံကြည်ကိုးစားမှု ပိုမိုရရှိနိုင်သော အနေအထားရောက်အောင် ဆောင်ရွက်လိုခြင်း ဖြစ်သည်။

သူတို့က ကွန်မြူနစ်ပါတီအနေဖြင့် မိမိ၏အမှားများကို ပွင့်လင်းစွာဝန်ခံပြီး ယခင်ခေတ်က ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ထိုက်တန်သော ပြစ်ဒဏ်ပေးမှသာလျှင် ကွန်မြူနစ်ဝါဒ ပြန်လည်ရှင်သန် လာနိုင်လိမ့်မည်ဟု ဆိုသည်။ ထို့ပြင် ဆိုရှယ်လစ်ဒီမိုကရေစီကို အခြေခံသော နိုင်ငံရေးနှင့်ဝါဒရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို ပီပီပြင်ပြင် ပြန်လည် တည်ဆောက်နိုင်လိမ့်မည်ဟူ၍လည်း ယုံကြည်နေကြသည်။

၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလကုန်၌ ကျွန်တော်သည် ဌာနချုပ်သို့ စာတမ်းတစ်စောင် တင်ပြခဲ့သည်။ ထိုစာတမ်း၌ ချက်ကိုဆလိုဗက်ထောက်လှမ်းရေးသည် ချက်ပါလီမန်နှင့် အစိုးရအဖွဲ့တို့၏ တင်းကျပ်သောထိန်းချုပ်မှုဖြင့် မည်သို့သော ရည်မှန်းချက်များ၊ မည်သို့သော လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်သင့်သည်များကို အကြမ်းဖျင်း တင်ပြထား ပါသည်။ သို့သော် ကျွန်တော်၏ စိတ်ကူးယဉ်လုပ်ငန်းကို လက်တွေ့တွင် အတော်များများက မကျေမနပ်ဖြစ်ခဲ့ကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ချက်ကိုဆလိုဗက်ကီးယားနိုင်ငံတွင် လုံခြုံရေးအရာရှိ အတော်များများက ဒီမိုကရေစီလှုပ်ရှားမှုသည် ဆိုးရွားသော အန္တရာယ်ကြီးတစ်ခုဟု ရှုမြင်လေ့ရှိကြသည်။

ထိုစဉ်အတွင်း ဒုတိယကာကွယ်ရေးဝန်ကြီးသည် မတ်လ ၁၄ ရက်နေ့တွင် မိမိကိုယ်ကိုမိမိ သတ်သေခဲ့သည်။ သို့ဖြစ်၍ ထောက်လှမ်းရေးအဖွဲ့အစည်းများ အတွင်း၌ပင် အကြောက်တရား လွှမ်းခံနေရသည်။ သူတို့သည် အလုပ်ကို အာရုံမစိုက်နိုင်ကြတော့ဘဲ အပြောဖြင့်သာ အချိန်ကုန်နေခဲ့ကြရသည်။ ထောက်လှမ်းရေးအဖွဲ့ဝင် အတော်များများသည် အတိတ်က ပြည်တွင်း၌ အစိုးရဆန့်ကျင်သူများကို နှိမ်နင်းသုတ်သင်ခဲ့ဖူးသူများဖြစ်၍ ကြောက်မက်ဖွယ်ရာကောင်းသော ခြိမ်းခြောက်မှု အရိပ်ကြီးသဖွယ်လည်း ဖြစ်လာနေသည်။ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ပိုမိုပွင့်လင်းသော ပုံစံသည် သူတို့အတွက် အန္တရာယ်ဟု ထင်မှတ်နေဟန်ရှိသည်။ သူတို့သည် အလုပ်ရာထူး ဆုံးရှုံးမှု၊ လစာ ဆုံးရှုံးမှု၊ လူနေမှု အဆင့်အတန်း ဆုံးရှုံးမှုများကို ရင်ဆိုင်ကြရတော့မည်ဟု ယူဆနေကြသည်။ ကျွန်တော်လည်း အခြေအနေအရပ်ရပ်ကို ပြန်လည်စဉ်းစား သုံးသပ်မိလာရတော့သည်။

၁၉၅၀ ပြည့်နှစ်များသည် ကျွန်တော့်အတွက်တော့ ကံကောင်းသည်ဟု ယူဆရပါမည်။ ထိုကာလများသည် စော်ပြီးစ ချက်နိုင်ငံတွင် အဆိုးရွားဆုံးနှစ်များ ဖြစ်ခဲ့ကြသည်။ ထိုစဉ်က ကျွန်တော်သည် အများသူငါကဲ့သို့ နိုင်ငံတော်တွင် ဆော်လှန်နေသောသူများကို သုတ်သင်ရမည့်အစား တက္ကသိုလ်ခန်းမများအတွင်း၌ စာသင်နေရသောကြောင့် ဖြစ်သည်။ အကယ်၍သာ ကျွန်တော်သည်လည်း လုပ်ဖော်ကိုင်ဖက်များကဲ့သို့ ယခုထက် အသက်ပိုကြီးခဲ့ပါက ကျွန်တော်သည်လည်း ပါတီအတွက် သုတ်သင်ရှင်းလင်းရေးသမား တစ်ယောက် ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။

သို့ရာတွင် ချက်နိုင်ငံ ပြုပြင်ပြောင်းလဲရေးသမားတို့၏ ဆိုရှယ်လစ်ပုံစံအသစ်သည် အရွယ်မရောက်မီတွင် နိုင်းချုပ်သွားရလေတော့သည်။ လုပ်ဖော်ကိုင်ဖက်တို့၏ စိုးရိမ်စိတ်များလည်း ပျောက်ကွယ်သွားလေတော့သည်။

## စောင့်ကြည့်ခဲ့ရသည့် ဆရာ့ခြေလှမ်း

ကျွန်တော်၏ ချက်ထောက်လှမ်းရေးသမားဘဝတွင် ရယ်စရာကောင်းသော လုပ်ရပ်တစ်ခုကို တာဝန်အရ လုပ်ကိုင်ခဲ့ရဖူးသည်။ ချက်မြို့တော်၊ ပရာဟာတွင် မမှန်သတင်းဖြန့်ချိမည့် လုပ်ငန်းများ၊ အနက်ရောင်ဝါဒဖြန့်ချိသော လုပ်ငန်းများနှင့် နိုင်ငံရေးခြိမ်းခြောက်မှု ပြုလုပ်နိုင်သော အလားအလာရှိသည့် ရုရှားကေကျီဘီထောက်လှမ်းရေးသမားများကို ပြန်လည်စောင့်ကြည့်ရသော အလုပ်ဖြစ်ပါသည်။ အမှန်တကယ်တွင် ချက်နိုင်ငံသည် ဆိုဗီယက်နိုင်ငံ၏ သစ္စာရှိခဲ့သော

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်အဖြစ် ထိုစဉ်က နှစ်ပေါင်း၂၀ကျော် ရပ်တည်လာခဲ့ပြီးသော နိုင်ငံတစ်နိုင်ငံဖြစ်နေပေပြီ။ သို့သော် ၁၉၆၈ ခုနှစ်၊ မေလနှင့်ဇွန်လများတွင် နေအိမ်တံခါးဝများ၊ တယ်လီဖုန်းဆိုင်များနှင့် တယ်လီဖုန်းရုံးများတွင် ကာယကံရှင်အမည် မသိသော ခြိမ်းခြောက်စာများ တွေ့ရှိခဲ့ရသည်။ ထိုစာများတွင် ပါတီတွင်း ဆန့်ကျင်လှုပ်ရှားမှုမျိုး မပြုလုပ်ရန် ခြိမ်းခြောက်သောအရေးအသားများ တွေ့ရသည်။ ဆိုရှယ်လစ်စနစ်သစ် ပုံစံလှုပ်ရှားမှုတွင် ဥဏ်ကြီးရှင်ဟု ယူဆခြင်းခံရသော လစ်ဘရယ်ဝါဒီ စာနယ်ဇင်းသမားများနှင့် စာရေးဆရာများသည်လည်း ယင်းကဲ့သို့ ခြိမ်းခြောက်သူအမည် မပါသော ခြိမ်းခြောက်စာများကို လက်ခံရရှိခဲ့ကြသည်။

ယခင် ဆိုဗီယက်ကေဂျီဘီအဖွဲ့နှင့် ချက်ပြည်ထဲရေးဌာနရှိ သူတို့၏ အပေါင်းပါများသည် ယခုကဲ့သို့ လစ်ဘရယ်ဝါဒီ ပြုပြင်ပြောင်းလဲလိုသူများကို ခြိမ်းခြောက်ရန် အလွန် စိတ်အားထက်သန်နေခဲ့ကြသည်။ ယခုလည်း တက်ကြွသော ပါတီကေဒါဟောင်းများက ပြုပြင်ပြောင်းလဲလိုသူ လစ်ဘရယ်တို့၏ လှုပ်ရှားမှုများကို ဆန့်ကျင်လျက်ရှိသည်ဟု ထင်မြင်လာစေရန် ခြိမ်းခြောက်စာများဖြင့် လုပ်ကြံဖန်တီးခြင်းသာ ဖြစ်သည်။ ချက်ကိုဆလိုဗက်နိုင်ငံအတွင်း၌ တန်ပြန်တော်လှန်ရေး လှုပ်ရှားမှုတစ်ခုခု မသင်္ကာဖွယ်ရာတွေ့ရပါက နယ်ချဲ့အနောက်အုပ်စု ပါဝင်နေသည်ဟု သက်သေများ ဖန်တီးပြသရန် လိုအပ်သောအခါ ထိုစဉ်ကရှိနေသော ကေဂျီဘီတို့ကိုယ်တိုင် ဖန်တီးလုပ်ကြံပေးလေ့ ရှိကြသည်ဟု ကျွန်တော်တို့ ယုံကြည်ထားသည်။

၁၉၆၀ပြည့်နှစ်၊ ဇူလိုင်လ ၁၂ရက်နေ့ ဝါဆောစာချုပ်များ အစည်းအဝေးမတိုင်မီ နှစ်ရက်အလိုတွင် တံတား တစ်ခုအောက်၌ လက်နက်များ ဝှက်ထားကြောင်း၊ ချက်ကိုဆလိုဗက် ဒေသန္တရလုံခြုံရေးအဖွဲ့သို့ အမည်မသိသူတစ်ဦးက သတင်းပေးပို့ခဲ့သည်။ လုံခြုံရေးအဖွဲ့ဝင်များ သွားရောက်ရှာဖွေသောအခါ ထိုနေရာ၌ စက်သေနတ်အလက် ၂၀၊ ကျည်ကပ် ၃၅ ခု၊ စက်သေနတ် ကျည်ဆန်ငါးတောင့်၊ ပစ္စတိုအလက်၃၀တို့ တွေ့ခဲ့ရသည်ဟု ဆိုပါသည်။ လက်နက်များကို ကျောပိုးအိတ် ငါးအိတ်နှင့် ထည့်သွင်းထားပြီး အင်္ဂလိပ်ဘာသာ အရေးအသားများဖြင့် ရေးသားထားကာ ထုတ်လုပ်သော ခုနှစ်ကို ၁၉၆၈ ခုနှစ်ဟု ဖော်ပြထားသည်။ ဤကိစ္စတွင် ရုရှားကေဂျီဘီတို့အနေဖြင့် အနောက်နိုင်ငံများမှ သဘောဖြင့် တင်ပို့သည့်ပုံစံမျိုး အများက အထင်ရောက်စေရန် ဖန်တီးခဲ့ကြသည်ဟု ချက်ထောက်လှမ်းရေးအဖွဲ့က ယုံကြည် နေခဲ့ကြသည်။

ချက်ကိုဆလိုဗက်ကီးယားနိုင်ငံထဲရှိ ကွန်မြူနစ်ဆန့်ကျင်ရေးအင်အားစုများသည် တန်ပြန်တော်လှန်ရေးဆင်နွှဲရန် ဆောင်ရွက်နေကြကြောင်း ဘူလ်ဂေးရီးယားသတင်းစာများမှ တစ်ဆင့်လည်း ဖော်ပြခဲ့ဖူးသည်။ ချက်ကိုဆလိုဗက်ကီးယား နိုင်ငံအတွင်း၌ ဝှက်ထားသော လက်နက်များကို တွေ့ရှိနေရကြောင်းနှင့် ကမ္ဘာလှည့်ခရီးသည် အမြောက်အမြားလည်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ချက်နိုင်ငံတွင်း၌ ရောက်ရှိနေကြောင်း၊ ထိုသို့ဖြစ်နေသည့်ပုံစံမှာ နာဇီများ ချက်ကိုဆလိုဗက်နိုင်ငံကို ဝင်ရောက်ကျူးကျော်ခြင်းမပြုမီ ဖြူးနစ်စာချုပ်ချုပ်ဆိုခါနီး ကာလပုံစံနှင့်တူနေကြောင်း စသည်ဖြင့် ထိုသတင်းများတွင် ဖော်ပြထားပါသည်။

ဘူလ်ဂေးရီးယား ကွန်မြူနစ်သတင်းစာက အဆိုပါကိစ္စနှင့်ပတ်သက်၍ ချက်ကိုဆလိုဗက်အစိုးရနှင့် ပါတီမှ တာဝန်ရှိပုဂ္ဂိုလ်များသည် သဘောထားမမှန်ကန်သူများအပေါ် ထိထိရောက်ရောက် အရေးမယူနိုင်ခြင်းအပေါ်တွင်လည်း ဝေဖန်တိုက်ခိုက်ရေးသားခဲ့သည်။ ၁၉၆၈ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်လည်း ချက်ကိုဆလိုဗက် ကွန်မြူနစ်ပါတီသတင်းစာ၌ လစ်ဘာရယ်ဝါဒီ ပြည်ထဲရေးဝန်ကြီး၏ ထုတ်ဖော် ဝေဖန်ပြောကြားချက်များကို ထည့်သွင်းဖော်ပြခဲ့ပြန်သည်။ ဝန်ကြီးက အဆိုပါလက်နက်ပုန်းများကို တွေ့ရှိခဲ့သည်မှာတော့ မှန်ကန်ကြောင်း၊ သို့သော် အဆိုပါ လက်နက်ပုန်းများ ကိစ္စမှာ အမှန်စင်စစ် ချက်ကိုဆလိုဗက်ကီးယားနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ ယုန်ထင်ကြောင်ထင်ဖြစ်စေသော လုပ်ကြံမှုသာဖြစ်ကြောင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ အမေရိကန်နယ်ချဲ့၊ အနောက်ဂျာမနီစစ်ဝါဒီများကိုသာမက ချက်နိုင်ငံရှိ ဂျူးလူမျိုးများကိုလည်း ဆွဲထည့်၍ စွပ်စွဲတိုက်ခိုက်မှုများ ရှိလာပြန်သည်။

ချက်ကိုဆလိုဗက် ဂျူးများနှင့် ပြည်ပရှိ ဆိုရှယ်လစ်ဆန့်ကျင်ရေးအင်အားစုတို့ အဆက်အသွယ်များရှိကြောင်း အများက ယုံကြည်လာစေရန် ဖန်တီးထားသည့်စာများသည် မည်သည့်နေရာမှ လာမှန်းမသိရဘဲ ပျံ့နှံ့နေခဲ့သည်။ ဗီယင်နာမြို့ရှိ ဂျူးများ၏ မော်ကွန်းဌာနအကြီးအကဲဖြစ်သူ ဝိုက်စန်သဲ၏အမည်ဖြင့် စာအတုတစ်စောင်လည်း ထွက်လာခဲ့သည်။ ဝိုက်စန်သဲကလည်း အဆိုပါစာတွင်ပါရှိသော စာခေါင်းစီးကို သူ့အနေဖြင့် အသုံးမပြုခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်၍ သူရေးသောစာ မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။

သူတစ်ပါးအပေါ် အမှောင့်လုပ်ငန်း လုပ်ကိုင်နေခဲ့သူ ကျွန်တော်က ကျွန်တော်တို့အပေါ် ပြန်လည်၍ အမှောင့်လုပ်ငန်း လုပ်ကိုင်နေသူများကို စောင့်ကြည့်နေရသည့် သဘော ဖြစ်နေပါသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၂
## ရောမအထောက်တော်ကွန်ရက်ကြီး

ကျွန်တော်သည် ချက်ကိုဆလိုဗက် ထောက်လှမ်းရေးအဖွဲ့တွင် ၁၄ နှစ်မျှ တာဝန် ထမ်းဆောင်ခဲ့စဉ်အတွင်း ကေဂျီဘီ ထောက်လှမ်းရေးအဖွဲ့ဝင် အမြောက်အမြားနှင့် ထိတွေ့ဆက်ဆံခဲ့ရဖူးသည်။ တကယ်တော့ သူတို့ အားလုံးသည်လည်း တခြားလူသားများနည်းတူ အားသာချက်၊ အားနည်းချက်များ ရှိကြသူချည်းဖြစ်ပါသည်။ ထိုအထဲမှ တချို့ကတော့ နိုင်ငံရေးတစ်ယူသန်သူများ ဖြစ်ကြပြီး အရာရာတွင် ရုရှားနိုင်ငံလုပ် ပစ္စည်း၊ ရုရှားနိုင်ငံက လုပ်သမျှကိုသာ အကောင်းဆုံးဟု ထင်မြင်သူများ ဖြစ်ကြပါသည်။

ထောက်လှမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍လည်း တချို့သည် စမ်းတဝါးဝါးသာ နားလည်လုပ်ကိုင်နိုင်သူများဖြစ်ပြီး သူတို့၏ အားနည်းချက်ကို ရာထူးအဆင့်အတန်းရအောင် နေရာယူထားကာ ထိုရာထူးဖြင့် ဖုံးကွယ်ဟန်ဆောင်နေသူများ ဖြစ်ကြသည်။ သူတို့နှင့် မတူသော တခြားလူတချို့မှာ အမှန်တကယ် ထောက်လှမ်းရေးလုပ်ငန်းကို ကျွမ်းကျင်သူများဖြစ်ကြောင်း တွေ့ရသည်။ ထိုသူများသည် စွန့်စားရသောလုပ်ငန်း၏ သဘောသဘာဝကို နှစ်သက်သူများဖြစ်သလို၊ လစာနှင့်အခွင့်အရေးများကြောင့် လုပ်ကိုင်နေသူများ ဖြစ်ကြသည်။ ထိုသူမျိုးသည် အထက်လူကြီးများကိုလည်းကောင်း၊ အစိုးရ အကြီးအကဲများကိုလည်းကောင်း အလေးအနက်ထားလေ့ မရှိကြပေ။

ဒုတိယကမ္ဘာစစ် ပြီးဆုံးခါစ အချိန်များက ဆိုဗီယက် ထောက်လှမ်းရေး အဖွဲ့ဝင်များအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကြသူများသည် များသောအားဖြင့် တစ်ယူသန်သူ ဖြစ်ကြသည်ကို တွေ့ရသည်။ တခြားနိုင်ငံ၊ တခြားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့များကို နားမလည်နိုင်ကြပေ။ သို့သော် သည့်နောက်ပိုင်း ကေဂျီဘီ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်သစ်များမှာမူ အရည်အသွေး ပိုမို တောက်ပြောင်သူများ ဖြစ်ကြသည်။ စွမ်းရည် ထက်မြက်သူများဖြစ်ပြီး နိုင်ငံခြားဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုနားလည်သူများ ဖြစ်ကြသည်။ အထူးသဖြင့် ၁၉၅၀ပြည့်ကျော် နှောင်းပိုင်း ကာလများတွင် ဝင်ရောက် လာကြသူများ ဖြစ်သည်။ သစ္စာရှိမှု၊ ရုပ်ရည်သန့်ပြန့်မှု၊ နိုင်ငံတကာရေးရာ ပိုမို နှံ့စပ်ကျွမ်းကျင်မှုတို့ကို ဦးစားပေး ရွေးချယ်ထားခြင်းဖြစ်ပြီး ဆိုဗီယက်တက္ကသိုလ်နှင့် နည်းပညာသိပ္ပံကျောင်းများမှ ဘွဲ့ရသူများလည်း ဖြစ်ကြသည်။ အထူးသဖြင့် နာမည်ကြီး မော်စကို နိုင်ငံတကာလေ့လာရေး ပညာတက္ကသိုလ်မှ ဘွဲ့ရသူများ ဖြစ်ကြသည်။

သူတို့သည် ဆိုဗီယက်နိုင်ငံရေး သဘောတရားများသာမက ကမ္ဘာ့သမိုင်းနှင့် နိုင်ငံတကာစာပေ၊ ယဉ်ကျေးမှု၊ နိုင်ငံခြားဘာသာစကားများ၊ သံတမန်ကျင့်ထုံးများကိုပါ ကျွမ်းကျင်စွာ လေ့လာ ဆည်းပူးခဲ့သူများလည်း ဖြစ်သည်။ ကေဂျီဘီအဖွဲ့အစည်းများအတွင်း ဝင်ရောက်ခဲ့ပြီးနောက် သူတို့သည် ထောက်လှမ်းရေးပညာအခြေခံများ စတင်သင်ကြားခဲ့ရသည်။ ဆိုဗီယက်ပြည်ထောင်စု၏ နိုင်ငံခြားရေးမူဝါဒများကိုလည်း စနစ်တကျ လေ့လာသင်ကြားရသည်။ သင်တန်းပြီးဆုံးသောအခါ နိုင်ငံရပ်ခြားတိုင်းပြည်များသို့ စေလွှတ်ပြီး တာဝန်ပေးအပ်လေတော့သည်။

သူတို့သည် တခြားနိုင်ငံများရှိ ဆိုဗီယက်သံရုံးများတွင် တာဝန်ထမ်းဆောင်သောအခါ ကေဂျီဘီနှင့် အဆက်အသွယ် မရှိလေဟန် ပုံစံဖမ်း နေထိုင်လေ့ရှိကြသော်လည်း သွက်လက်စွာနှင့်ရဲဝံ့စွာ တာဝန်ထမ်းဆောင်လေ့ရှိကြသည့်အတွက် ပုံစံမှာထူးခြားနေလေ့ ရှိသည်။ လေးလံထိုင်းမှိုင်းသော ပုံစံများမှာ များသောအားဖြင့် ကေဂျီဘီအဖွဲ့ဝင်များ ပျောက်ကြပေ။ ကေဂျီဘီအဖွဲ့ဝင် သံအရာရှိများသည် များသောအားဖြင့် ပိုမိုသပ်ရပ်စွာ ဝတ်စားဆင်ယင်လေ့ရှိပြီး ညှို့ဝတ်မှုငှာသူများလည်းဖြစ်ကြောင်း တွေ့ရသည်။ နိုင်ငံတကာရေးရာများနှင့် ပတ်သက်၍ လည်းကောင်း၊ ဆိုဗီယက်နိုင်ငံရေးပြဿနာများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးရာတွင် ပိုမိုရဲဝံ့ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးရဲသူများ ဖြစ်ကြသည်။

## ကေဂျီဘီမျိုးဆက်သစ်

ကျွန်တော်သိသော အလက်ဇန္ဒားဗိုကိုမိုလော့ဗ်သည် ထိုကဲ့သို့ မျိုးဆက်သစ်မှ မွေးထုတ်ပေးလိုက်သူ တစ်ဦး ဖြစ်သည်။ ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလအတွင်း အရှေ့ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးဌာနက စီစဉ်ပေးသော အမဲလိုက် ခရီးစဉ်တစ်ခုအတွင်း၌ သူနှင့်ကျွန်တော် ဆုံတွေ့ခဲ့ရသည်။ ချက်ထောက်လှမ်းရေးဌာနချုပ်မှ ကျွန်တော့်အား ပြန်လည်ခေါ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်သောအခါ နှစ်နှစ်မျှသာ သက်တမ်းရှိသေးသော ကျွန်တော်တို့၏ရင်းနှီးမှုမှာ ပြတ်တောက်သွားရသည်။ သူသည် သာမန်ရုရှားတစ်ယောက်၏ ပုံပန်းသဏ္ဌာန်နှင့်မတူဘဲ သေးသေးသွယ်သွယ် ဖြစ်သည်။ ဘာလင်မြို့ရှိ ဆိုဗီယက်သံရုံးမှ ပြန်ကြားရေးတာဝန်ခံတစ်ဦးဖြစ်ပြီး ဌာနေဂျာမန်စကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်သူဖြစ်ကာ ဌာနေဂျာမန်တစ်ဦးကဲ့သို့ ပြုမူလှုပ်ရှားသွားလာနိုင်သူလည်း ဖြစ်သည်။ ရုရှားတစ်ဦး၏ လေသံမျိုးမပါဘဲ ဂျာမန်လေသံစစ်စစ်ဖြင့် ပြောနိုင်သူဖြစ်သည်။

အလက်ဇန္ဒားဖ်၏ ဖခင်သည် ဒုတိယကမ္ဘာစစ်မတိုင်မီက ဂျာမနီတွင် ဆိုဗီယက်သံတမန်တစ်ဦး ဖြစ်သော်လည်း အလက်ဇန္ဒားကို ရုရှားစာသင်ကျောင်းသို့ မပို့ဘဲ ဂျာမန်စာသင်ကျောင်းသို့ပို့၍ ပညာသင်စေခဲ့သည်။ ဤသည်မှာ ဆိုဗီယက် သံတမန်အရာရှိများ ခံယူကျင့်သုံးလေ့ရှိသည့် နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ အခြေခံစည်းမျဉ်းကို ဖောက်ဖျက်ရာရောက်နေသည့် အတွက် ၁၉၃၀ ပြည့်နှစ်တွင် သူ၏ဖခင် ဖမ်းဆီး ထိန်းသိမ်းခံရသည်။ သူသည် နိုင်ငံတကာဆက်ဆံရေးနှင့် မျက်မှောက် နိုင်ငံတကာရေးရာများတွင် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားသူ တစ်ဦးလည်းဖြစ်၍ တခြားလုပ်ဖော်ကိုင်ဖက်များထက် ပိုမို၍ နိုင်ငံရေးခံယူချက် ပြတ်သားသူ၊ လက်တွေ့ဘဝနှင့် နီးစပ်သူဖြစ်သည်။ သို့ရာတွင် ဂျာမန်လူမျိုးများအပေါ် ထားရှိသော သူ၏ စိတ်နေစိတ်ထားမှာမူ သူ၏ လုပ်ဖော်ကိုင်ဖက်များနှင့် တစ်သဘောတည်းသာ ဖြစ်လေသည်။ ဒုတိယကမ္ဘာစစ် အတွင်းက ရုရှားတပ်နီတော်တွင် တာဝန်ထမ်းဆောင်စဉ် ဝမ်းဗိုက်၌ဒဏ်ရာရခဲ့ပြီး ဂျာမန်များကို မုန်းတီးသူတစ်ဦး ဖြစ်လေသည်။

ကျွန်တော်တို့နှစ်ဦးသည် အလုပ်အားလပ်ရက်များနှင့် ညနေပိုင်း အလုပ်အားချိန်များတွင် တေးဂီတ နားထောင်ခြင်း၊ နိုင်ငံရေးကိစ္စများ ဆွေးနွေးခြင်း၊ ရေငုပ်ခြင်း၊ ငါးမျှားခြင်းဖြင့် အချိန်ဖြုန်းလေ့ ရှိကြသည်။ သို့ရာတွင် နှစ်ဦးစလုံးသည် မိမိတို့၏ သူလျှိုလုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးမှုမရှိကြခြင်းမှာ အတူတူပင်ဖြစ်သည်။ ထိုကိစ္စမှာ ထောက်လှမ်းရေးဆိုင်ရာ လုံခြုံမှုကို ချိုးဖောက်ရာကျကြောင်း နှစ်ဦးစလုံးက သဘောပေါက်နေ၍ ဖြစ်သည်။ သို့ဖြင့် နှစ်ဦးစလုံး တက်ရောက်ခွင့်ရသည့် သံတမန်ဆိုင်ရာ အစည်းအဝေးများနှင့် ဧည့်ခံပွဲများတွင် သူ၏ လုပ်ပုံကိုင်ပုံကို ပိုမိုအကဲခတ်ခွင့် ရရှိခဲ့သည်။

သူသည် နှစ်လိုဖွယ်ရာ စကားပြောကောင်းသူဖြစ်ပြီး အနောက်နိုင်ငံများရှိ နိုင်ငံရေးသမားများ၊ သတင်းစာဆရာများ၊ အနုပညာရှင်များနှင့် အလွယ်တကူ ရောနှောဆက်ဆံနိုင်စွမ်းရှိသူ ဖြစ်သည်။ သူ၏ သွက်လက်သော လုပ်ကိုင်ပြောဆိုပုံနှင့် ပြတ်သားသောဆုံးဖြတ်ချက်များကို ကြည့်ခြင်းအားဖြင့် စွမ်းရည်ထက်မြက်သူ တစ်ဦးဖြစ်ကြောင်း သတ်မှတ်နိုင်ပါသည်။

၁၉၆၀ ပြည့်နှစ်ကျော် နှစ်များရောက်သောအခါ အလက်ဇန္ဒားဗိုကိုမိုလော့ဗ်ကဲ့သို့သော ကေဂျီဘီမျိုးဆက်သစ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



များကို ဆိုဗီယက်သံရုံးများတွင် ပေါပေါများများ တွေ့လာရလေသည်။ ထိုအချိန်က အမေရိကန်သူလျှိုအရာရှိများနှင့် နိုင်းယှဉ်ပါက ဆိုဗီယက်မှ ကေဂျီဘီအရာရှိများသည် ယဉ်ကျေးမှုဆိုင်ရာနှင့် သူတို့ ရောက်ရှိနေသည့်နိုင်ငံမှ ဓလေ့ထုံးတမ်းများအား နားလည်ကျွမ်းကျင်မှုတို့တွင် ပိုမိုစွမ်းရည်ရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ ဌာနေပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆက်ဆံရာတွင်လည်း ဒေသန္တရဗဟုသုတနှင့် ဘာသာစကားကျွမ်းကျင်မှုတွင် အမေရိကန်သူလျှိုများထက် ပိုမို၍ထူးချွန်စွာ သာလွန်သူများ ဖြစ်ကြသည်။

၁၉၇၈ ခုနှစ်၊ မေလအတွင်းက ဆန်ဖရန်စစ္စကို သတင်းစာတစ်စောင်တွင် ဆန်ဖရန်စစ္စကိုဒေသတွင်း၌ ဆိုဗီယက်တို့က သူလျှိုလုပ်ပြီး ထောက်လှမ်းခဲ့ပုံများကို ရေးသားဖော်ပြခဲ့သည်။ ဆိုဗီယက်သံရုံးတွင် သံဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများသည် သူလျှိုများဖြစ်ကြောင်း၊ သူတို့သည် ငယ်ရွယ်သူများဖြစ်ပြီး ဆွဲဆောင်နိုင်စွမ်းရှိသူများလည်းဖြစ်ကြောင်း၊ သူတို့ကို စနစ်တကျလေ့ကျင့်ပေးထားပြီး အမေရိကန်သုံးအင်္ဂလိပ်စကားဖြင့် ဟာသများကိုပင် သွက်လက်စွာ ပြောဆိုနိုင်စွမ်းရှိသူများဖြစ်ကြောင်း၊ ဆိုဗီယက်နိုင်ငံအကြောင်း ပြောဆိုရာတွင် တခြားသံဝန်ထမ်းများထက် ပိုမိုပြောရဲဆိုရဲရှိသူများဖြစ်ကြောင်း၊ ခင်မင်ဖော်ရွေတတ်သည့် အသွင်သဏ္ဌာန်ရှိပြီး ဆိုဗီယက်ဝန်ထမ်း ၄၂ဦး ရှိသည့်အနက် အနည်းဆုံး ၁၄ဦးမှာ ကေဂျီဘီများဖြစ်ကြောင်းကို အက်ဖ်ဘီအိုင် အမေရိကန် ပြည်တွင်းထောက်လှမ်းရေးအဖွဲ့ကြီးက အသိအမှတ်ပြုထားပြီးဖြစ်ကြောင်းစသည်ဖြင့် ရေးသားဖော်ပြခဲ့သည်။ ဆိုဗီယက်သူလျှိုများထဲတွင် ဒုတိယကောင်စစ်ဝန် ဘလက်ဒီမီယာ အလက်ဇန္ဒားရော့ဗ်တို့လည်း ပါဝင်ကြောင်း ရေးသားခဲ့သည်။

ဒီမာထရီယာကူဒင်ဆိုသူသည် ၁၉၇၅ ခုနှစ်၊ မတ်လမှ ၁၉၈၁ခုနှစ်၊ ဇန်နဝါရီလအထိ ဝါရှင်တန်မြို့တွင် ကေဂျီဘီတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ သူသည်လည်း ဆိုဗီယက်သူလျှို မျိုးဆက်သစ်များထဲတွင် ခံပြုရလောက်သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ကုလသမဂ္ဂတွင်လည်း ကေဂျီဘီအကြီးအကဲအဖြစ် ခြောက်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၍ အမေရိကန်နိုင်ငံတွင်း၌ စုစုပေါင်း ၁၂ နှစ်ခန့် နေထိုင်လှုပ်ရှားခဲ့သူဖြစ်ပြီး အမေရိကန်အကြောင်း နှံ့စပ်ကျွမ်းကျင်သူတစ်ဦးဟု ဆိုရပါမည်။ အသက်၅၈ နှစ်ရှိပြီဖြစ်သော စစ်ဘက်ရာထူးအားဖြင့်လည်း ဗိုလ်ချုပ်အဆင့်ရှိသူ ယာကူဒင်သည် စီးပွားရေးသိပ္ပံဘွဲ့ရထားသူ ဖြစ်သည်။ အင်္ဂလိပ်စကားကို ရေလည်စွာပြောဆိုနိုင်ပြီး မဟာဗျူဟာကျွမ်းကျင်နှံ့စပ်သူတစ်ဦး ဖြစ်သည်။ အမေရိကန်သံတမန်များကမူ သူသည် နိုင်ငံရေးအယူအဆ ပျော့ပျောင်းသူတစ်ဦးဖြစ်ပြီး လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို စိတ်ဝင်စားမှုရှိသူအဖြစ် သုံးသပ်ခဲ့ကြသည်။ မည်သို့ဆိုစေ၊ သူ့လိုလူစားမျိုးကို ကေဂျီဘီက အသုံးပြုထားခြင်းသည် သာမန်ဟုတွက်ဆ၍မရဘဲ ထောက်လှမ်းရေးနည်းဗျူဟာ ပရိယာယ်အရဖြစ်သည်ဟုသာ ဆိုရပါမည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## ကေဂျီဘီနှင့်ဂျီအာယူ

ကေဂျီဘီဟူသောအမည်မှာ ၁၉၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့က ဆိုဗီယက်ယူနီယံ ပြည်သူ့နိုင်ငံရေးမှူးများကောင်စီ၏အမိန့်ဖြင့် ဖွဲ့စည်းခဲ့သော ဆိုဗီယက်ထောက်လှမ်းရေးအဖွဲ့ကြီး၏ နောက်ဆုံးအမည်ဖြစ်သည်။ ကေဂျီဘီ၏ အဓိပ္ပာယ်မှာ ' နိုင်ငံတော်လုံခြုံရေးကော်မတီ 'ဟု အဓိပ္ပာယ်ရသည်။ မူလက 'ချက်ကာ'ဟူသော အမည်ဖြင့် ဆိုဗီယက်ဆန့်ကျင်ရေးဟူသမျှကို စုံစမ်းထောက်လှမ်းရသော တာဝန်ယူခဲ့သည်။ ချက်ကာအဖွဲ့ကြီး၏ ပထမဆုံး အကြီးအကဲမှာ ဖီလစ်ဇာဇင်းစကီး ဖြစ်သည်။ နှစ်ပေါင်းများစွာ ကာလအတွင်း ချက်ကာဟူသောအမည်မှသည် ဂျီပီယူ၊ အိုဂျီပီယူ၊ အင်န်ကေဗီဒီ၊ အင်န်ကေဂျီဘီနှင့် အမ်ဂျီဘီတို့မှတစ်ဆင့် ကေဂျီဘီဟူသောအမည်သို့ အဆင့်ဆင့် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

ရုံးလုပ်ငန်းသဘောအရ ကေဂျီဘီသည် ဝန်ကြီးအဖွဲ့လက်အောက်တွင် ရှိသော်လည်း ကွန်မြူနစ်ပါတီအကြီးအကဲများ၏ တိုက်ရိုက်ကြီးကြပ်မှုခံယူရသော အရေးပါသည့် အဖွဲ့ကြီးဖြစ်သည်။ ကေဂျီဘီသည် ထောက်လှမ်းရေး၊ တန်ပြန်ထောက်လှမ်းရေးနှင့် ပြည်တွင်းလုံခြုံရေးလုပ်ငန်းများကို လုပ်ကိုင်ပြီး လက်အောက်ခံ လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်းထားသည်။ စစ်တပ်၊ ရဲအဖွဲ့နှင့် နယ်ဘက် အစိုးရဌာနအဖွဲ့များ အားလုံးတွင် ကေဂျီဘီအဖွဲ့ဝင်များ မြှုပ်နှံထားသည်ဟု ဆိုသည်။ အလွန်ကျယ်ပြန့်သော အဖွဲ့အစည်းကြီးဖြစ်ပြီး အင်အားငါးသိန်းခန့်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းတို့အထဲမှ ကိုးသောင်းခန့်မှာ ထောက်လှမ်းရေးနှင့် တန်ပြန်ထောက်လှမ်းရေးလုပ်ငန်းကို တိုက်ရိုက်ပါဝင်ဆောင်ရွက်လျက် ရှိသည်။ အကျဉ်းထောင်များနှင့် အလုပ်ကြမ်းစခန်းများကို အုပ်ချုပ်ရသူများလည်း ရှိသည်။ နိုင်ငံတော်အစိုးရအဖွဲ့အကြီးအကဲများကို လုံခြုံရေးလုပ်ပေးရသည့်အဖွဲ့လည်း ရှိသည်။ ကျွန်တော်သိသမျှ ၁၉၉၇ခုနှစ်အတွင်းက ကေဂျီဘီအဖွဲ့၏ အသုံးစရိတ်မှာ ဒေါ်လာ၁၀ဘီလျံ ရှိသော်လည်း အမေရိကန် ထောက်လှမ်းရေးအဖွဲ့များအတွက် အသုံးစရိတ်မှာ ဒေါ်လာခုနစ် ဘီလျံခန့်သာ ဖြစ်ပါသည်။

အမေရိကန်တို့က ထောက်လှမ်းရေး အဖွဲ့အစည်းများအား စုစည်းမထားဘဲ သီးခြားအဖွဲ့များခွဲ၍ ဖွဲ့စည်း တာဝန်ပေးထားသော်လည်း ဆိုဗီယက်ပြည်ထောင်စုတွင် ထောက်လှမ်းရေးလုပ်ငန်းအားလုံးကို စုစည်းပြီး ကေဂျီဘီအဖွဲ့တစ်ခုတည်းသာ ဖွဲ့စည်းထားသည်။ ညွှန်ကြားရေးမှူးရုံးများ ခွဲခြား၍ လုပ်ငန်းများကို ကြီးကြပ်သည်။ ပထမအဓိက ညွှန်ကြားရေးမှူးရုံးတွင် အရာထမ်းပေါင်း ၂၀၀၀၀ ခန့်ရှိပြီး နိုင်ငံခြားထောက်လှမ်းရေးနှင့် သူလျှိုလုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်သည်။ အလွန် ကြီးမားကျယ်ပြန့်သည့် အဖွဲ့အစည်းကြီးဖြစ်သော်လည်း ကျစ်လျစ်စွာ ဖွဲ့စည်းပြီး အရည်အချင်းပြည့်ဝစွာ သင်ကြားပေးထားခြင်းကြောင့် စွမ်းရည်ပြည့်ဝသော အဖွဲ့ကြီးဟု နာမည်ရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စစ်ဘက်ဆိုင်ရာ သတင်းများကို ဂျီအာယူခေါ် စစ်ဘက်ထောက်လှမ်းရေးအဖွဲ့ကြီးက တာဝန်ယူလုပ်ကိုင်ရပြီး ကာကွယ်ရေးဝန်ကြီးဌာန၏ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည်။ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များမှ အရာရှိများကိုသာ ခန့်အပ်တာဝန်ပေးထား၏။ စောစောပိုင်းကာလများက ကေဂျီဘီနှင့် သီးခြားကင်းလွတ်စွာ တာဝန်ပေးထားသော်လည်း နောက်ပိုင်းတွင် ကေဂျီဘီမှပုဂ္ဂိုလ်များသည် ဂျီအာယူတွင်လည်း ဝင်ရောက်ကွပ်ကဲလာသည်ကို တွေ့ရသည်။ ကမ္ဘာကျော် သူလျှိုများဖြစ်သော ဖူးချ်၊ ပွန်တီကော်ဗိုနှင့် ရီဆင်ဘတ်တို့သည် ဂျီအာယူစစ်ထောက်လှမ်းရေး၏ သူလျှိုများဖြစ်သည်။

## ကေဂျီဘီအထောက်တော်များ

ထောက်လှမ်းရေးအဖွဲ့အစည်းကြီးတစ်ခုကို မည်မျှကြီးမားအောင် ဖွဲ့စည်းထားသည်ဖြစ်စေ၊ သတင်းရရှိရန်မှာ ဌာနေအထောက်တော်များ အပေါ်တွင်သာ မှီခိုနေရပါသည်။ ဆိုဗီယက်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး၊ အထိရောက်ဆုံး ထောက်လှမ်းရေးစနစ်ကြီးကို ထူထောင်ဖွဲ့စည်းထားသည်ဟု နာမည်ရပြီး ဆိုဗီယက်အထောက်တော်များကို ကမ္ဘာအနှံ့ နိုင်ငံများတွင်ချထားသည်ဟု ဆိုပါသည်။ ၁၉၈၀ ပြည့်ကျော်နှစ်များတွင် အမေရိကန်၊ ဥရောပနှင့်ဂျပန်တို့တွင်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ တွေ့ရှိနိုင်သည်ဟု သိရသည်။

ထောက်လှမ်းရေးသမိုင်းတွင် နာမည်ကြီးများဖြစ်သော ဂိုင်းဘားဂျက်၊ မက္ကလင်း၊ ဖီလ်ဘီ၊ ဘလန့်တို့၏ အမှုများက ဖော်ပြနေသည်မှာ ထောက်လှမ်းရေးလုပ်ငန်း သက်တမ်း အလွန်ရင့်ကျက်နေပြီဖြစ်သော ဗြိတိန်နိုင်ငံတွင်းသို့ ကေဂျီဘီက မည်မျှ စိမ့်ဝင်ထားသည်ဆိုသည်ကို ဖော်ပြနေသည့် အောင်မြင်မှု သာဓကများပင် ဖြစ်ပေသည်။ ဒေါ်နယ်မက္ကလင်းနှင့် ဂိုင်းဘားဂျက်တို့သည် ဗြိတိန်နိုင်ငံ၏ နိုင်ငံခြားရေး ဌာနဝန်ထမ်းများဖြစ်ကြပြီး ထင်ရှားသော ကေဂျီဘီလက်သပ်မွေး အထောက်တော်များ ဖြစ်ကြသည်။ ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့က သူတို့အား ရှာဖွေလျက်ရှိကြောင်း သိရှိရသည့်အခါ ၁၉၅၁ခုနှစ်တွင် မော်စကိုသို့ ထွက်ပြေးခဲ့ကြသည်။ မက္ကလင်းနှင့်ဘားဂျက်တို့အား ကြိုတင်သတိပေးခဲ့သူမှာ ကင်မ်ဖီလ်ဘီ ဖြစ်သည်။

ဖီလ်ဘီသည် ဗြိတိသျှ အမ်အိုင်-၆ ထောက်လှမ်းရေးအဖွဲ့မှ အရာရှိတစ်ဦးဖြစ်၍ ကေဂျီဘီ၏ အောင်မြင်မှုကို ခန့်မှန်းနိုင်ပါသည်။ ဗြိတိသျှထောက်လှမ်းရေးမှ ရိပ်မိသိရှိသွားသောအခါ အရှေ့အလယ်ပိုင်းဒေသ၌ ဗြိတိသျှသတင်းထောက်အဖြစ် ပြောင်းရွှေ့ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် မော်စကိုသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ နောက်တစ်ဦးဖြစ်သူ ဆာအန်တိုနီဘလန့်ကို ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဗြိတိသျှတို့က ဖော်ထုတ်ခဲ့ပြန်သည်။ သူသည် ဗြိတိန်ဘုရင်မကြီး၏

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းလွှာတွင် များစွာ လေးစားခြင်းခံရသူတစ်ဦး ဖြစ်သည်။ ဒုတိယကမ္ဘာစစ် မတိုင်မီကတည်းက ကေဂျီဘီ အထောက်တော်တစ်ဦးဖြစ်နေခဲ့ပြီး ၁၉၄၀ မှ ၁၉၄၅ ခုနှစ်အတွင်း ထောက်လှမ်းရေးသတင်းများကို ရုရှားတို့ထံ မှန်မှန်ပေးပို့နိုင်ခဲ့သူ ဖြစ်သည်။ ထိုစဉ်က သူသည် ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်နေသည်မှာ ထူးခြားလှသည်။

အမေရိကန်နိုင်ငံတွင် နျူကလီးယားစွမ်းအင် ထုတ်လုပ်သည့် စက်ရုံတည်ဆောက်မှုနှင့် နျူကလီးယားဗုံး ထုတ်လုပ်ရာတွင် ပါဝင်လုပ်ကိုင်ခဲ့သူ အီတလီ နျူကလီးယားသိပ္ပံပညာရှင် ဘရူနိုပွန်တီကော်ဗိုသည်လည်း ၁၉၅၀ပြည့်နှစ်၊ စက်တင်ဘာလအတွင်းက တခြား မဟာမိတ်နိုင်ငံများမှ သိပ္ပံပညာရှင်များနှင့်အတူ အရှေ့ဥရောပတွင် ပျောက်ကွယ်သွားခဲ့သည်။ ရုရှားတို့အား ကူညီခဲ့သော တခြား နျူကလီးယား အထောက်တော်တစ်ဦးမှာ ဗြိတိသျှ နျူကလီးယားသိပ္ပံပညာရှင် ကလောဖူးချ်ဖြစ်သည်။ ၁၉၅၉ခုနှစ်တွင်ဖမ်းမိပြီး ထောင်ဒဏ် ၁၄ နှစ် ကျခံခဲ့ရသည်။ နောက်ပိုင်းတွင် ထောင်မှလွတ်လာပြီး ဖူးချ်သည် အရှေ့ဂျာမနီတွင် နျူကလီးယားသုတေသနဌာန၏ ညွှန်ကြားရေးမှူး ဖြစ်လာခဲ့သည်။

ဟိန်းဇ်ဖဲလ်ဆိုသူမှာလည်း အနောက်ဂျာမနီနိုင်ငံ၏ ဗဟိုထောက်လှမ်းရေးအဖွဲ့တွင် အချက်အချာနေရာကိုင်ထားသော အကြီးအကဲတစ်ဦးဖြစ်သည်။ သူသည်လည်း ၁၀ နှစ်တိုင်တိုင် အရေးကြီးသော စာရွက်စာတမ်းများကို ရိုက်ကူးထားသည့် မိုက်ခရိုဖလင်များ ရုရှားတို့ထံ ပေးပို့နိုင်ခဲ့သည်။ ထိုစာရွက်စာတမ်းများထဲတွင် အရှေ့အုပ်စုရှိ အနောက်ဂျာမနီသူလျှိုများ၏အမည်များ၊ လုပ်ငန်းလမ်းကြောင်းများ၊ အနောက်ဂျာမနီအတွင်းရှိ ကွန်မြူနစ်အထောက်တော်များကို ဂျာမန်တို့ သိရှိအစီရင်ခံနေပုံ ပြန်တမ်းများ ပါဝင်သည်။ သူ၏ လုပ်ရပ်ကြောင့် အနောက်ဂျာမနီရှိ ထောက်လှမ်းရေးလုပ်ငန်းများ လုံးဝနီးပါး ပျက်စီးလုဖြစ်ခဲ့ရသည်။ ၁၉၆၀ပြည့်နှစ်တွင် ဖဲလ်အားဖမ်းဆီးပြီး ထောင်ဒဏ် ၁၄ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဒတ်ချ်လူမျိုး ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျော့ချ်ဘလိတ်သည်လည်း ၁၉၅၂ ခုနှစ်တွင် ကေဂျီဘီ၏ အထောက်တော်အဖြစ် သိမ်းသွင်းခြင်းခံခဲ့ရသည်။ ၁၉၆၁ခုနှစ်တွင် သူ့အား ဖမ်းဆီးစစ်ဆေးသောအခါ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့၏ ထိပ်တန်းလျှို့ဝှက် စာရွက်စာတမ်း အမြောက်အမြားကို ကေဂျီဘီထံ ပေးပို့ခဲ့ပြီးဖြစ်နေသည်။ သူသည် အကျဉ်းထောင်အတွင်း၌ လအနည်းငယ်သာ နေခဲ့ရပြီး ကေဂျီဘီနှင့် သူ၏ ထောင်ကျဖက်တစ်ဦးတို့၏ အကူအညီဖြင့် အရှေ့ဥရောပသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ဆွီဒင်နိုင်ငံတွင်လည်း ကေဂျီဘီ အထောက်တော်မွေးမြူနိုင်ခဲ့မှုကို တွေ့ရသည်။ ၁၉၆၂ ခုနှစ်တွင် ဆွီဒင်လေတပ်မတော်မှ ဗိုလ်မှူးကြီး စတက်အဲရစ် ဇက်နစ်စတန်သည် ဆွီဒင်ကာကွယ်ရေးစနစ်နှင့် ပတ်သက်၍ လျှို့ဝှက်ချက်များကို ဆိုဗီယက်တို့ထံ ပေးပို့ခဲ့သည်။ သူသည် ဝါရှင်တန်၌ စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် နောက်ဆုံးပေါ် အမေရိကန် လက်နက်များနှင့် ပတ်သက်၍ အချက်အလက်များကို ကေဂျီဘီထံ ပေးပို့နိုင်ခဲ့သည်။ ဆွီဒင်နိုင်ငံထောက်လှမ်းရေးက

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



သူ့အား တရားစွဲထောင်ချခဲ့သည်။ ဟာမန်လွတ်ဆိုသူ ကေဂျီဘီအထောက်တော်တစ်ဦးမှာလည်း အနောက်ဂျာမနီရေတပ်မှ ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်သည်။ နေတိုးစစ်ဌာနချုပ်တွင်လည်း ထောက်ပံ့ရေးဆိုင်ရာ ဒုတိယအကြီးအကဲတစ်ဦး ဖြစ်သည်။ ၁၉၆၈ခုနှစ်တွင် ဆိုဗီယက် အထောက်တော်တစ်ဦးဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားများ ရရှိချိန်တွင် သူ့ကိုယ်သူ သတ်သေသွားသည်။

အလားတူပင် ကေဂျီဘီ အရာရှိတစ်ဦးဖြစ်သူ အိုဘက်ရာလင်သည် အနောက်နိုင်ငံများတွင် ခိုလှုံသွားသည်။ သူသည် လန်ဒန်၌ ကုန်သွယ်ရေးအရာရှိတစ်ဦးအဖြစ် အသွင်ယူ၍ တာဝန်ထမ်းဆောင်နေသော ကေဂျီဘီအရာရှိဖြစ်သည်။ ခိုလှုံပြီးနောက်ပိုင်း သူ၏ဖော်ထုတ်ချက်ကြောင့် ဗြိတိသျှအစိုးရသည် ဆိုဗီယက်သံတမန် အမည်ခံနေသူများ၊ ကုန်သွယ်ရေးဆိုင်ရာ ဆိုဗီယက်ကိုယ်စားလှယ်များ၊ တခြားပုဂ္ဂိုလ်များအပါအဝင် စုစုပေါင်း ၁၀၅ ဦးကို ၁၉၇၁ ခုနှစ်၌ နှင်ထုတ်ခဲ့သည်။

အီဂျစ်သမ္မတနတ်ဆာ၏ ယုံကြည်စိတ်ချရသော ထောက်လှမ်းရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဆာမီရှာရက်ဖ်ကိုလည်း ဆိုဗီယက်နှင့်အီဂျစ်တို့ နှစ်နိုင်ငံဆက်ဆံရေး အထူးကောင်းမွန်နေချိန်တွင် ကေဂျီဘီအထောက်တော်အဖြစ် သိမ်းသွင်းနိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ် သမ္မတဆာဒတ်လက်ထက်တွင် သူ့အား ဖမ်းဆီးမိခဲ့သည်။ အထောက်တော်ရှာရက်ဖ်မှတစ်ဆင့် ကေဂျီဘီသည် အရေးပါသော အီဂျစ်အစိုးရသတင်းများ ရယူနိုင်ခဲ့ကာ အီဂျစ်အစိုးရ၏ ဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာ မူဝါဒချမှတ်မှုများကို လိုသလို ထိန်းချုပ်နိုင်ခဲ့သည်။ အီဂျစ်အား ဆိုဗီယက် ဩဇာလွှမ်းမိုးမှုအပြည့် ရယူနိုင်ခဲ့သည်။

၁၉၇၇ ခုနှစ်၊ ဇွန်လတွင် ထောင်ဒဏ် ၁၈နှစ်ချခံခဲ့ရသော ဗိုလ်ချုပ် ဂျင်းလူးဝစ္စဂျင်မေယာသည်လည်း ဆွစ်ဇာလန်နိုင်ငံ မြို့ပြကာကွယ်ရေးတပ်ဖွဲ့၏ အငြိမ်းစားအရာရှိကြီးတစ်ဦး ဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ၏ ၆၀၀၀၀၀ ကျော်ရှိသော ပြည်သူ့စစ်ဆိုင်ရာသတင်းများကို ကေဂျီဘီထံ လက်ထောက်ချခဲ့သည်။ သူသည် စိတ်ဓာတ်တက်ကြွသူ ကွန်မြူနစ် ဆန့်ကျင်ရေးသမားတစ်ဦး ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဆိုဗီယက်စစ်သံမှူးက ရင်းနှီးစွာပေါင်းသင်း၍ စည်းရုံးနိုင်ခဲ့သဖြင့် ကေဂျီဘီအထောက်တော်အဖြစ် ၁၃ နှစ်တိုင်တိုင် ဆောင်ရွက်ပေးခဲ့သည်။

စတင်းနစ်လက်စ်အေလေ့ဗ်ချင်ကို ဆိုသူသည်လည်း ဂျပန်နိုင်ငံ၌ သတင်းစာဆရာအဖြစ်ဖြင့် အချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ခဲ့သော ကေဂျီဘီတစ်ဦး ဖြစ်သည်။ သူသည်လည်း ၁၉၇၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ခိုဝင်ခဲ့သည်။ နောက်ပိုင်းတွင် သူ၏ ဖော်ထုတ်ချက်အရ နာမည်ကြီး ဂျပန်နိုင်ငံရေးသမား အမြောက်အမြားမှာ သူ၏ သတင်းပေးများဖြစ်နေကြောင်း ထုတ်ဖော်ခဲ့သည်။ လေ့ဗ်ချင်ကိုက ဂျပန်နိုင်ငံသည် သူလျှိုတို့အတွက် အကောင်းဆုံးနေရာ ဖြစ်သည်ဟု အသိအမှတ်ပြု ပြောကြားခဲ့သည်။ အသက် ၅၉ နှစ်အရွယ်ရှိပြီး ဂျပန်ထောက်လှမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ဗိုလ်ချုပ်ကြီး ယူကီရှီဆာမီယန်နာကာနှင့် အပေါင်းပါနှစ်ဦးတို့ကိုလည်း ဆိုဗီယက်သူလျှိုများအဖြစ် ဂျပန်အာဏာပိုင်တို့က ဖမ်းဆီးခဲ့သည်။

၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလတွင် တောင်အာဖရိကရေတပ်မှ တပ်မှူးတစ်ဦးဖြစ်သူ ဒီတ်တာပလစ်ကားဟက်ကို ဖမ်းဆီးခဲ့ပြီး သူ၏ဇနီး ဆွစ်ဇာလန်နိုင်ငံသူကိုလည်း ဖမ်းဆီးခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း ဆိုဗီယက်တို့ထံ တောင်အာဖရိကစစ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ပေးပို့ခဲ့မှုဖြင့် ဖမ်းဆီးခြင်းဖြစ်သည်။ သူ၏ဇနီးအား ဖမ်းဆီးခြင်းမှာ လက်နှိပ်စက်ရိုက်ပေးခြင်း၊ သတင်းများ ဆက်သွယ်ပေးပို့ခြင်းတို့ကြောင့် ဖြစ်သည်။ ကားဟက်ကို တစ်သက်တစ်ကျွန်း ထောင်ဒဏ်ချမှတ်ပြီး သူ၏ဇနီးအား ၁၀ နှစ် ထောင်ဒဏ်ချမှတ်ခဲ့သည်။

စစ်အေးကာလ တစ်လျှောက်လုံးတွင် ဆိုဗီယက်အုပ်စုဝင်နိုင်ငံများ၏ အထောက်တော်အများအပြားသည် ကမ္ဘာ့နေရာအနှံ့ နိုင်ငံအများအပြားတွင် အဆုံးအဖြတ်ပေးနိုင်သော ရာထူးများ၌ နေရာယူထားသူများ ဖြစ်နေကြသည်။ ကေဂျီဘီ လက်ချက်နှင့် ကင်းလွတ်သော နိုင်ငံဟူသည် မရှိဟုပင် ဆိုကြသည်။ နိုင်ငံရေးတွင် ဆိုဗီယက်အပေါ် အမြဲသတိရှိနေပြီး တန်ပြန်ထောက်လှမ်းရေး လုပ်ငန်းရပ်ဆိုင်ရာ နည်းပညာပိုင်းတွင် သာလွန်မှုရှိပါသည်ဆိုသော အမေရိကန်ပြည်ထောင်စု ပင်လျှင် ကေဂျီဘီတို့၏လက်တွင်းမှ မလွတ်ကင်းနိုင်ပါပေ။

## အဓိကပစ်မှတ် အမေရိကန်

စစ်အေးကာလတစ်လျှောက်လုံး ဆိုဗီယက်ထောက်လှမ်းရေးအဖွဲ့၏ အဓိကပစ်မှတ်မှာ အမေရိကန်ပြည်ထောင်စု ဖြစ်သည်။ အမှန်အားဖြင့် ဒုတိယကမ္ဘာစစ်ကာလ နာဇီတို့အား အတူလက်တွဲ တိုက်နေစဉ်ကပင် ပစ်မှတ်ထားခဲ့ခြင်း ဖြစ်သည်။

ကနဦးကာလများက ကေဂျီဘီအဖွဲ့သည် အထောက်တော်များအဖြစ် အနောက်နိုင်ငံများရှိ ကွန်မြူနစ်ပါတီဝင်များ၊ ကွန်မြူနစ်လိုလားသူများအပေါ် သတင်းရရှိရေး မှီခိုခဲ့ရသည်။ သို့သော် နောက်ပိုင်းကာလ ဆယ်စုနှစ်အတော်များများတွင် လည်းကောင်း၊ အကျပ်ကိုင်ခြင်းခံရသူ ဌာနဆိုင်ရာတာဝန်ခံများထံမှ လည်းကောင်း ရရှိသည်ဟု သိရသည်။

၁၉၂၀ ပြည့်နှစ် စောစောပိုင်းကာလများက ဆိုဗီယက်ထောက်လှမ်းရေးတာဝန်ခံများ အမေရိကန်ပြည်ထောင်စုသို့ စိမ့်ဝင်လာချိန်တွင် အမေရိကန် ကွန်မြူနစ်ပါတီဝင်များထဲ၌ ပညာတတ်ဦးရေမှာ နည်းပါးလှသေးသည်။ များသောအားဖြင့် ထိုကွန်မြူနစ်ပါတီဝင်များသည် တခြားနိုင်ငံများမှ ပြောင်းရွှေ့ နေထိုင်လာသူများဖြစ်ပြီး အရေးပါသော လျှို့ဝှက်သတင်းများ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နှင့် နီးစပ်သောသူများလည်း မဟုတ်ပေ။

သို့ရာတွင် ၁၉၃၄ခုနှစ်၌ အမေရိကန်ပြည်ထောင်စုက ဆိုဗီယက်ပြည်ထောင်စုအား တရားဝင် အသိအမှတ်ပြုလိုက်သောအခါတွင်ကား ကေဂျီဘီအတွက် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာတော့သည်။ တရားဝင် သံတမန်များကို အကာအကွယ်ပြု၍ ကေဂျီဘီအဖွဲ့ဝင်များသည် ထောက်လှမ်းရေးလမ်းကြောင်းများ ဖောက်နိုင်စွမ်းရှိလာခဲ့သည်။

အနောက်ဥရောပဒေသတွင် နာဇီဝါဒအန္တရာယ်နှင့် ဖက်ဆစ်ဝါဒအန္တရာယ် ပေါ်ထွန်းလာခဲ့မှုများသည် ဆိုဗီယက်ထောက်လှမ်းရေး အဖွဲ့ကြီးအတွက် အထောက်တော်တော်များရရှိရေး အခွင့်အလမ်းကြီးတစ်ခုဟု ဆိုရပါမည်။ ဥပမာအားဖြင့် ဗြိတိသျှနိုင်ငံသား ကင်မ်ဖီလ်ဘီက သူ ဆိုဗီယက်သူလျှို ဖြစ်လာမှုကိစ္စနှင့် ပတ်သက်၍ ဝန်ခံပြောကြားခဲ့စဉ်က စစ်ပြီးခေတ် ဥရောပနိုင်ငံများတွင် အလုပ်လက်မဲ့ ထူပြောမှု၊ ဆင်းရဲသားများ ဖိနှိပ်ခံရမှုများကြောင့် ဆောက်တည်ရာမရဖြစ်နေချိန်တွင် သူသည် ကွန်မြူနစ်ဝါဒကို အထင်ကြီးမိရာက ဆိုဗီယက်သူလျှို ဖြစ်လာခဲ့သည်ဟု ဆိုပါသည်။

အမှန်အားဖြင့် ဖီလ်ဘီသည် ၁၉၃၄ ခုနှစ်ကတည်းက ကေဂျီဘီ အထောက်တော်ဖြစ်နေခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင်မှ ဗြိတိသျှ ထောက်လှမ်းရေးတပ်ဖွဲ့ဝင် ဖြစ်လာခဲ့သည်ဟု ဆိုသည်။ ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့အစည်း၏ ဆိုဗီယက်ရေးရာဌာန အကြီးအကဲရာထူးကိုပင် ရယူနိုင်ခဲ့သည်။

ထိုအချိန်က ဆိုဗီယက်တို့၏ နာဇီဝါဒနှင့် ဖက်ဆစ်ဝါဒဆန့်ကျင်ရေး သဘောထားများကြောင့် အမေရိကန်ပြည်ထောင်စုတွင်လည်း လူထုထောက်ခံမှု အများအပြားရရှိခဲ့သည်။ မိုက်ကယ်ဝှစ်တနီ စထရိတ်ဆိုသူ အမေရိကန်ကျောင်းသားတစ်ဦးသည်လည်း ကင်းဘရစ်ချ်တက္ကသိုလ်တွင် ၁၉၃၀ ပြည့်နှစ်က ကွန်မြူနစ်ဝါဒ သက်ဝင်ယုံကြည်မှုဖြင့် ကေဂျီဘီအထောက်တော် ဖြစ်ခဲ့ဖူးသည်။

၁၉၆၃ခုနှစ်တွင် သူ၏ အထောက်တော်ဘဝကို အက်ဖ်ဘီအိုင်ထောက်လှမ်းရေးအဖွဲ့သို့ ဝန်ခံပြောကြားခဲ့သည်။ သူလျှိုကိစ္စနှင့်ပတ်သက်၍ သူ၏ပြောပြချက်အရ ဗြိတိသျှအထက်လွှတ်တော်နှင့် အောက်လွှတ်တော်မှ ကွန်မြူနစ်ပါတီဝင်ဖြစ်နေသူ အမတ်ပေါင်း ၁၀ ဦး၏ အမည်ကို ထုတ်ဖော်နိုင်ကြောင်းပင် သိရပါသည်။

ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်ပြည်ထောင်စု အစိုးရဌာနအသီးသီးတွင် အလယ်အလတ်တန်းအဆင့် အရာရှိများနှင့် ဝန်ထမ်းအများအပြားတို့သည် ဆိုဗီယက်လိုလားသူများ ဖြစ်ခဲ့ကြသည်။ ထိုသူတို့အနက် အမေရိကန်လယ်ယာစိုက်ပျိုးရေးဌာနမှ နသန်ဝပ်၊ နိုင်ငံခြားရေးဌာနမှ အယ်ဂါဟစ် (မူလက တရားရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။) နှင့် ဘဏ္ဍာရေးဌာနမှ ဗစ်တာပါလိုတို့သည် ဆိုဗီယက်အထောက်တော်များ ဖြစ်ခဲ့ကြသည်။ အယ်ဂါဟစ်သည် နိုင်ငံခြားရေး ဌာနတွင် ထိပ်ပိုင်းရာထူးသို့ပင် ရောက်ရှိခဲ့သည်။ ယင်းအဖြစ်အပျက်များကို ကြည့်ပါက ကေဂျီဘီသည်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် ကွန်မြူနစ်ပါတီအား သူတို့၏ သူလျှိုလူသစ်စုဆောင်းရာ အခြေခံနေရာအဖြစ် အသုံးပြုခဲ့ကြောင်း ထင်ရှားသည်။ အမေရိကန်နိုင်ငံခြားရေးဌာနမှ ကွန်မြူနစ်ဝါဒလိုလားသူ ကေဂျီဘီသူလျှိုတစ်ဦးမှာ နိုဝယ်ဖီးလ်ဆိုသူ ဖြစ်သည်။ ဖီးလ်သည် သူ့အား စီအိုင်အေသူလျှိုအဖြစ် မသင်္ကာမှုဖြင့် ဟန်ဂေရီအကျဉ်းထောင်ထဲတွင် နှစ်ပေါင်းများစွာနေခဲ့ရပြီး ၁၉၅၆ ခုနှစ် ဟန်ဂေရီတော်လှန်ရေး ပေါ်ပေါက်သောအခါတွင်မှ လွတ်မြောက်ခဲ့၏။ ၁၉၆၀ပြည့်နှစ် ရောက်သောအခါ ဟန်ဂေရီ ထောက်လှမ်းရေးအဖွဲ့၌ သူသည် ဘာသာပြန်သူအဖြစ်လည်းကောင်း၊ အမေရိကန်ဆန့်ကျင်ရေး စာရွက်စာတမ်းများဖြင့် သတင်းစစ်ဆင်ရေး ပြုလုပ်ရာဌာန၌ အယ်ဒီတာအဖြစ်လည်းကောင်း ထမ်းဆောင်နေပြီ ဖြစ်သည်။

၁၉၅၁ ခုနှစ်တွင် ထောင်ဒဏ် အပြစ်ပေးခံခဲ့ရပြီးနောက် နှစ်နှစ်အကြာတွင် မော်စကိုသို့ အဏုမြူသတင်းများ ခိုးပေးမှုကြောင့် ကွပ်မျက်ခံခဲ့ရသူ ဂျူးလီးယက်နှင့် အီသယ်ရိုဆင်ဘတ်တို့သည်လည်း နာမည်ကျော် ဆိုဗီယက်အထောက်တော်များ ဖြစ်ကြသည်။ သူတို့သည် ယုံကြည်ချက်ပြင်းထန်သော ကွန်မြူနစ်ပါတီဝင်များ ဖြစ်ခဲ့ကြပြီး သူလျှိုလုပ်ငန်း အတွက် အခကြေးငွေမယူဘဲ အပျော်တမ်း လုပ်ကိုင်ပေးခဲ့သူများ ဖြစ်ကြသည်။

တခြားသော ကွန်မြူနစ်ပါတီဝင် ကေဂျီဘီထောက်လှမ်းရေး အဖွဲ့တစ်ဖွဲ့မှာ ဂျက်ဆိုဘယ်လ်အုပ်စု ဖြစ်သည်။ ထရော့စကီးကို လိုလားသူ ဆိုဘယ်လ်အား ၁၉၃၁ ခုနှစ်တွင် ကေဂျီဘီက သူလျှိုအဖြစ်သိမ်းသွင်းကာ ထရော့စကီး၏ အတွင်းစည်းသို့ ထိုးဖောက်ဝင်ရောက်စေခဲ့သည်။ ထရော့စကီးက သံသယဝင်လာသောအခါ ဆိုဘယ်လ်သည် အမေရိကန် ပြည်ထောင်စုသို့ ထွက်ခွာလာပြီး ၁၉၄၁ ခုနှစ်တွင် သူလျှိုအဖွဲ့တစ်ဖွဲ့ကို ထူထောင်ခဲ့သည်။

သူ့အား ကေဂျီဘီက အမေရိကန်ပြည်ထောင်စု၏ လျှို့ဝှက်စာရွက်စာတမ်းများ ခိုးယူရန်နှင့် ဇီယွန်ဝါဒီများ၊ ထရော့စကီးဝါဒီများအကြား ထိုးဖောက်ဝင်ရောက်ရန် တာဝန်ပေးခဲ့သည်။ နောက်ပိုင်းတွင် အဖမ်းခံရပြီး ထောင်ဒဏ် ခုနစ်နှစ်ချမှတ်ခံရသည်။

သူ၏ညီ ရောဘတ်ဆိုဘယ်လ်သည်လည်း ၁၉၆၁ခုနှစ်တွင် ပြစ်ဒဏ်ချမှတ်ခံရပြန်သည်။ တခြား ဆိုဘယ်လ်အုပ်စု ဝင် သူလျှိုများကို ကေဂျီဘီက ကြိုတင်အသိပေးပြီး ဥရောပသို့ ထွက်ပြေးနိုင်ရန် စီစဉ်ပေးခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ထင်ရှားသော ကေဂျီဘီအထောက်တော်များ အဖမ်းခံရပြီးနောက် ကေဂျီဘီသည် အမေရိကန် ကွန်မြူနစ်ပါတီတွင်း၌ အထောက်တော်များ စုဆောင်းခြင်းလုပ်ငန်းမှာ အန္တရာယ်ကြီးကြောင်း သိရှိနားလည်လာကြသည်။ အမေရိကန်အက်ဖ်ဘီအိုင် ထောက်လှမ်းရေးအဖွဲ့က အမေရိကန် ကွန်မြူနစ်ပါတီအတွင်းသို့ စိမ့်ဝင်ကာ သတင်းပေးများ မွေး၍ ကေဂျီဘီ အထောက်တော်များကို ဖော်ထုတ်နိုင်ခဲ့သောကြောင့် ဖြစ်သည်။

၁၉၅၂ခုနှစ် နောက်ပိုင်းတွင် ကေဂျီဘီဌာနချုပ်က သူတို့၏ ထောက်လှမ်းရေးအဖွဲ့အစည်းများအား

the bookhouse we keep your future
www.burmeseclassic.com

ဌာနေကွန်မြူနစ်ပါတီဝင်များကို ထူးခြားသော အခြေအနေမျိုးမှတစ်ပါး မည်သည့်နည်းနှင့်မျှ ဆက်သွယ်အသုံးမပြုရန် ညွှန်ကြားခဲ့သည်။ ထိုညွှန်ကြားချက်ကြောင့်ပင် ကေဂျီဘီသည် နောင်အခါ သတင်းကို အခကြေးငွေပေး၍ ဝယ်ယူခြင်း၊ တခြား အကျပ်ကိုင်သည့်နည်းကို အသုံးပြု၍ သတင်းရယူခြင်း နည်းလမ်းသစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။

မကြာမီပင် အမေရိကန်တို့၏ လုံခြုံရေးတင်းကျပ်နေသော အတားအဆီးများကြားမှပင် ထိပ်တန်းလျှို့ဝှက် အဆင့်များထားရှိရာ အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီမှ အရာရှိအများအပြားကိုရအောင် ကေဂျီဘီက စုဆောင်းနိုင်ခဲ့သည်။ ဆိုဗီယက်တို့၏ အရေးပါသော အောင်မြင်မှုတစ်ရပ် ဖြစ်ခဲ့သည်။

ထိုသူတို့အထဲတွင် ဘာနွန်အက်ဖ်မစ်ချဲလ်နှင့် ဝီလျံအိပ်ချ်မာတင်တို့လည်း အပါအဝင်ဖြစ်ခဲ့သည်။ မစ်ချဲလ်နှင့် မာတင်တို့နှစ်ဦးသည် ၁၉၆၀ ပြည့်နှစ်က မော်စကိုသို့ ထွက်ပြေးလွတ်မြောက်သွားပြီး ၁၉၆၃ခုနှစ်ရောက်သောအခါ စစ်တာနောရစ်ဟမ်မယ်လ်တန်နှင့် ပူးပေါင်းခဲ့ကြသည်။

သူတို့သုံးဦးသည် ကေဂျီဘီအား အမေရိကန်နိုင်ငံ၏ အီလက်ထရွန်နစ် ထောက်လှမ်းရေးဆိုင်ရာ လျှို့ဝှက်ချက်များ၊ စက်မှုလုပ်ငန်း စွမ်းဆောင်ရည်များ၊ ဆိုဗီယက်နိုင်ငံအပေါ် ထောက်လှမ်းနေသည့် အထူးလျှို့ဝှက် လုပ်ငန်းတည်နေရာများကို သတင်းပေးပို့ခဲ့သည်။

အမေရိကန်ကြည်းတပ်မှ အရာခံဗိုလ်တစ်ဦးဖြစ်သူ ဂျိုးဇက်ဂျော့ချ်ဟဲစ်သည် ၁၉၆၃ ခုနှစ်တွင် ပါရီဆက်သွယ်ရေး စခန်း၌ တာဝန်ခံအဖြစ် ထမ်းဆောင်နေစဉ် ကေဂျီဘီ၏ သိမ်းသွင်းမှု ခံခဲ့ရသည်။ ထိပ်တန်းဝှက်စာစက်ဖြစ်သော 'ကေအယ်လ် ၇ ' ဝှက်စာစက်နှင့် ပတ်သက်သည့် စက်ပစ္စည်း အချက်အလက်များကို ကေဂျီဘီအား ပေးအပ်ခဲ့သည်။ အထောက်တော်အဖြစ် သူသည် ၁၇ နှစ်ကြာအောင် လုပ်ကိုင်ခဲ့ပြီး အမေရိကန်လုံခြုံရေးစနစ်ကို ကြီးမားစွာ အန္တရာယ်ပေးခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဟဲစ်အား တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဗီယက်နမ်စစ်ပွဲကိစ္စသည် အမေရိကန်တက္ကသိုလ်များ၊ ကွန်ဂရက်လွှတ်တော်ရုံးများ၊ အက်ဖ်ဘီအိုင်နှင့်စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့များအတွင်းသို့ နက်ရှိုင်းစွာ ဂယက်ရိုက်ခဲ့၏။ ထို့ပြင် ဝါးတားဂိတ်အရှုပ်တော်ပုံကိစ္စ၊ အမေရိကန် ထောက်လှမ်းရေးအဖွဲ့ဝင်များ အာဏာကျော်လွန်သုံးစွဲမှုဖြင့် စစ်ဆေးခြင်းကိစ္စတို့သည် ဝါရှင်တန်ရှိ အစိုးရအမှုထမ်းများ အကြား၌ စိတ်ဓာတ်ကျဆင်းမှုများ၊ သွေးကွဲမှုများ ဖြစ်စေခဲ့သည်။

ဤတွင် ကေဂျီဘီက ထိုအကြောင်းများအတိုင်း စိမ့်ဝင်ထိုးဖောက်မှုများ ပြုလုပ်ခဲ့လေတော့သည်။ ၁၉၇၅ ခုနှစ်တွင် အမေရိကန်ကွန် ဂရက်လွှတ်တော်အတွင်းမှ သတင်းများရယူရန် ကေဂျီဘီတို့ ကြိုးပမ်းခဲ့ကြသော်လည်း သူတို့သည် လွှတ်တော်အမတ်များကိုကား များစွာအားထားခြင်း မပြုကြကြောင်း တွေ့ရသည်။

www.burmeseclassic.com
www.burmeseclassic.com
the bookhouse

www.burmeseclassic.com



## ကွန်ဂရက်အတွင်း စိမ့်ဝင်ခြင်း

ထောက်လှမ်းရေး လုပ်ငန်းသဘောအရ ကွန်ဂရက်လွှတ်တော်အမတ်များကို ချဉ်းကပ်ရခြင်းထက် လွှတ်တော်ဝန်ထမ်းများကို ချဉ်းကပ်သိမ်းသွင်းရခြင်းက ပိုလွယ်သောကြောင့် ဖြစ်သည်။ ရုံးဝန်ထမ်းများသည် အမတ်များနည်းတူပင် သိသင့်သိထိုက်သည့် အကြောင်းအရာများကို ကျွမ်းကျင်နှံ့စပ်စွာ သိရှိသူများဖြစ်၍ သူတို့ချင်း သတင်းတန်ဖိုးအရ အတူတူပင်ဖြစ်သည်။ ထို့အတူ အရေးကြီးသော ဆီးနိတ် နိုင်ငံတကာဆက်ဆံရေး ကော်မတီသည်လည်း စီအိုင်အေအဖွဲ့မှ သမ္မတထံ နေ့စဉ်တင်ပြသော နေ့စဉ်ထောက်လှမ်းရေး အစီရင်ခံစာများ၊ ရုံးတွင်းစာမိတ္တူများကို ရရှိနိုင်သော နေရာတစ်နေရာ ဖြစ်သည်။ သို့ဖြစ်၍ အမေရိကန်တို့၏ နိုင်ငံရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ရယူစုဆောင်းနိုင်သော်လည်း ကေဂျီဘီသည် နိုင်ငံရေးသတင်းကို ဦးစားပေးစုဆောင်းခြင်း မရှိပေ။ စစ်ဘက်ဆိုင်ရာ သတင်းများနှင့် သိပ္ပံနည်းပညာဘက်ဆိုင်ရာ သတင်းများကိုသာ အဓိကထား စုဆောင်းကြသည်။

သို့ဖြစ်၍ ကေဂျီဘီတာဝန်ခံတို့သည် သုတေသနနှင့် စမ်းသပ်မှုကုန်ကျစရိတ် ကျခံရန်မရှိသော သိပ္ပံပညာသတင်း အချက်အလက်များကို ခူးပြီးခပ်ပြီးသား အသင့် ရရှိနိုင်ခဲ့ကြသည်။ ထိုကဲ့သို့ ထောက်လှမ်းရေးသတင်းအဖြစ် လျှို့ဝှက်ရယူနိုင်ခြင်း မရှိပါက ဆိုဗီယက်အစိုးရအနေဖြင့် ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျခံပြီး သုတေသနဌာနများ တည်ဆောက်ရပေလိမ့် မည်။ သိပ္ပံပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကို ဆိုဗီယက်ပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကျောင်းသားများက ကေဂျီဘီ၏ အကူအညီဖြင့် စုဆောင်းရရှိခဲ့ကြသည်။ ထိုသတင်းများကို လက်ခံရယူသူများသည် သိပ္ပံပညာရပ်ပိုင်းတွင် အထူး ကျွမ်းကျင်သူများလည်း ဖြစ်ကြသည်။

၁၉၇၉ ခုနှစ်တွင် ကေဂျီဘီသည် အမေရိကန်နိုင်ငံရှိ ကာကွယ်ရေးနှင့်အာကာသရေးရာ သိပ္ပံပညာသုတေသန ကုမ္ပဏီကြီးထဲသို့ အောင်မြင်စွာ ထိုးဖောက်နိုင်ခဲ့လေသည်။ ထိုအဖွဲ့အစည်းသည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ အထွေထွေကန်ထရိုက်တာလည်း ဖြစ်သည်။ ဤနည်းဖြင့် ကေဂျီဘီသည် အမေရိကန်တို့၏ ဆက်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ချက်အများအပြားကို ရရှိခဲ့သည်။ ဤကိစ္စတွင် ပါဝင်ပတ်သက်ခဲ့သူ ခရစ္စတိုဖာဂျွန်ဘွိုက်သည် အဆိုပါကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးဖြစ်ပြီး သူ၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ အင်ဒရူးဒေါ်လာကန်လီသည်လည်း ကေဂျီဘီအထောက်တော်ကို သတင်းအချက်အလက်များ ရောင်းစားမှုဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရသည်။ နောက်ထပ် တစ်နှစ်ခန့်ကြာသောအခါ သူလျှို တစ်ဦး ထံမှတစ်ဆင့် ကေဂျီဘီသည် အမေရိကန်ကြိုပ်တုထောက်လှမ်းရေးနှင့် ပတ်သက်သည့် လက်စွဲစာအုပ်ကို ရရှိခဲ့ပြန်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့သော နှစ်ဆယ်ရာစုကာလအတွင်း အမေရိကန်နှင့်ဆိုဗီယက် ထောက်လှမ်းရေး နယ်ပယ်အတွင်း၌ အီလက်ထရွန်နစ်ပစ္စည်းနှင့် သတင်းများ ထောက်လှမ်းရေးသည် သတင်းထောက်လှမ်းမှုလုပ်ငန်းတွင် အရေးကြီးသော လုပ်ငန်းသစ်တစ်ခု ဖြစ်လာခဲ့သည်။ အမေရိကန်နိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် မော်စကိုမြို့ပေါ်တွင် ဂြိုဟ်တုများထားရှိပြီး သတင်းထောက်လှမ်းမှု ပြုလုပ်ခဲ့သည်။ ဆိုဗီယက်သူလျှိုတို့ကလည်း သူတို့၏ မော်တော်ကားများတွင် တပ်ဆင်ထားသော ရေဒီယို တယ်လီဖုန်းများမှတစ်ဆင့် အမေရိကန်နည်းပညာရပ်များကို အသုံးပြုကာ ဝါရှင်တန်မြို့နှင့် နယူးယောက်မြို့များတွင် အလားတူ ထောက်လှမ်းရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။

အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီမှ တာဝန်ရှိသူများအနေဖြင့် ၁၉၇၄ခုနှစ်တွင်မှ အမေရိကန်နိုင်ငံအတွင်း၌ အစိုးရအရာရှိအချင်းချင်း၊ စစ်ဘက်အကြီးအကဲများအချင်းချင်း၊ နိုင်ငံသားအချင်းချင်း ဆက်သွယ်ပြောဆိုမှုများကို ရုရှားတို့က ကြားဖြတ်နားထောင်ပြီး အသံထောက်လှမ်းမှု ပြုလုပ်နေကြောင်း သတိပြုမိလာကြသည်။ ထိုကိစ္စများကို စိစစ်တွေ့ရှိပြီး နောက်ပိုင်း ၁၉၇၆ ခုနှစ်၊ နိုင်ဝင်ဘာလတွင် သမ္မတကာတာ၏ အတည်ပြုချက်ဖြင့် အစိုးရကိစ္စပိုင်းဆိုင်ရာ တယ်လီဖုန်း စကားပြောခြင်းများကို မြေအောက်လိုင်းကြိုးများမှ တစ်ဆင့်သာ အသုံးပြုရန် စီမံခဲ့သည်။ ဆိုဗီယက်တို့၏ ဆန်ဖရန်စစ္စကိုမြို့ ကောင်စစ်ဝန်ရုံးမှ မိုက်ခရိုဝေ့ဖ်အသုံးပြုပုံများကို အက်ဖ်ဘီအိုင် ကျွမ်းကျင်သူများကလည်း တွေ့ရှိခဲ့ကြသည်။

ထို မိုက်ခရိုဝေ့ဖ်ကောင်းကင်တိုင်များကို အသုံးပြု၍ ကေဂျီဘီသူလျှိုတို့သည် နိုင်ငံတကာရေနံကုမ္ပဏီကြီးများ၊ သိပ္ပံပညာရပ်ဆိုင်ရာ အစည်းအဝေးကြီးများ၊ ကွန်ပျူတာနှင့် စက်မှုလက်မှုလုပ်ငန်းများကို ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြသည်။ ဆန်ဖရန်စစ္စကိုရှိ ဆိုဗီယက်ကောင်စစ်ဝန်ရုံးပေါ်တွင် တပ်ဆင်ထားသော ကောင်းကင်ကြိုးများမှတစ်ဆင့် မိုင်တစ်ရာခန့်အကွာအဝေးရှိ မိုက်ခရိုဝေ့ဖ်ထုတ်လွှင့်မှုများကို ဖမ်းယူနားဆင်နိုင်စွမ်း ရှိသည်ဟုလည်း ဆိုပါသည်။ အက်ဖ်ဘီအိုင် အကြီးအကဲတစ်ဦးဖြစ်သူ ဟူးဗား၏အဆိုအရ ဆိုဗီယက်တို့အား အမေရိကန်ပြည်ထောင်စုအတွင်း၌ အရေအတွက်များပြားစွာ လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ပြုခဲ့သဖြင့် သူတို့သည် ထောက်လှမ်းရေး သတင်းအမြောက်အမြားကို စုဆောင်းနိုင်ခဲ့ရုံသာမက အမေရိကန်နိုင်ငံသားတစ်ဦးချင်း၏ လွတ်လပ်မှုကိုပါ ဆန့်ကျင်နှောင့်ယှက်နိုင်စွမ်း ရှိခဲ့ကြသည်ဟု ဆိုပါသည်။

၁၉၇၇ခုနှစ်အတွင်း အက်ဖ်ဘီအိုင်အကြီးအကဲက ဆိုဗီယက်အုပ်စုနိုင်ငံများသည် သံတမန်ကိစ္စများ၌ လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ၌ လည်းကောင်း၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စများ၌ လည်းကောင်း မကြာခင်နှစ်များ အတွင်းက အကြီးအကျယ် တိုးချဲ့ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ လွန်ခဲ့သော လေးနှစ်အတွင်းက အမေရိကန်နိုင်ငံသို့ ဝင်ရောက်လာသော အရှေ့အုပ်စုဝင်နိုင်ငံများ၏ အစိုးရဌာနအသီးသီးမှ ကိုယ်စားလှယ်အရေအတွက်မှာ ၅၀ ရာခိုင်နှုန်းခန့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တိုးတက်များပြားလာကြောင်း၊ ထိုနိုင်ငံများသည် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အပြန်အလှန်လဲလှယ်မှု အစီအစဉ်အရ လာရောက်လည်ပတ်မှုများကို အကြောင်းပြု၍ ဝင်လာခဲ့ကြခြင်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ တရားဝင်များပြားလာမှုသည် ဆိုဗီယက် ထောက်လှမ်းရေးလုပ်ငန်းကို ကြီးမားစွာ အထောက်အကူပြုခဲ့ကြောင်းဖြင့် ထုတ်ဖော်ပြောကြားလိုက်သည်။

## တရားဝင်အကာအကွယ်

ဆိုဗီယက်ပြည်ထောင်စုသည် သံတမန်များ၊ ကုန်သွယ်ရေးတာဝန်ခံများ၊ ကိုယ်စားလှယ်များ၊ ကျောင်းသားများ၊ သိပ္ပံပညာရှင်များ၊ သတင်းထောက်များနှင့် ဒုက္ခသည်များဟန်ဆောင်၍ သူလျှိုအမြောက်အမြားကို အမေရိကန်နိုင်ငံသို့ စေလွှတ်လျက်ရှိကြောင်းဖြင့် ၁၉၈၀ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း၌ အမေရိကန်ပြည်ထောင်စုရှေ့နေချုပ် ဝီလျံစမစ်ကလည်း ထုတ်ဖော်ပြောကြားခဲ့ပြန်သည်။ အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး ဝီလျံဝက်ဘ်စတားကလည်း နိုင်ငံခြား ထောက်လှမ်းရေး အဖွဲ့အစည်းများသည် သူတို့၏ လေ့ကျင့်ရည်ဝနေသော သူလျှိုများကို သံတမန်အကာအကွယ်ယူ၍ ကျယ်ကျယ်ပြန့်ပြန့် အရေအတွက် တိုးမြှင့်တာဝန်ပေးခဲ့သည်ဟု ၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလတွင် ပြောကြားခဲ့ပြန်သည်။ ထိုအချိန်မတိုင်မီ ယခင် နှစ်ပေါင်းများစွာက အက်ဖ်ဘီအိုင်အဖွဲ့သည် နိုင်ငံခြားသူလျှိုများကို တစ်ဦးချင်း စိစစ်ကြည့်နိုင်ခဲ့သော်လည်း ၁၉၈၀ပြည့်နှစ်ကျော် နှစ်ဦးပိုင်း ကာလများမှစ၍ ဆိုဗီယက်အုပ်စု၏ ထောက်လှမ်းရေးအဖွဲ့ဝင် အရေအတွက် အဆမတန်များပြားလာခြင်းကြောင့် တစ်ဦးချင်း နောက်ယောင်ခံစိစစ်မှု မပြုလုပ်နိုင်တော့ပေ။ တခြား အနောက်အုပ်စုဝင် နိုင်ငံများတွင်လည်း အလားတူအဖြစ်မျိုး ကြုံတွေ့ကြရသည်။

ပြင်သစ်နိုင်ငံတွင်လည်း ဆိုဗီယက်ထောက်လှမ်းရေးလုပ်ငန်းများ အကြီးအကျယ် တိုးချဲ့လုပ်ကိုင်လာမှုကြောင့် အစိုးရအဖွဲ့ စိတ်အနှောင့်အယှက် ကြုံခဲ့ရသည်။ ပြင်သစ်နိုင်ငံသည် ၁၉၈၃ခုနှစ်၊ဧပြီလ စောစောပိုင်းအချိန်ခန့်က ကေဂျီဘီတာဝန်ခံများဖြစ်သော သံတမန်များ၊ သတင်းစာဆရာများ၊ ကုန်သွယ်ရေးကိုယ်စားလှယ်များအဖြစ် အကာအကွယ်ယူထားသူများ စုစုပေါင်း ၄၇ ဦးကို နိုင်ငံမှ နှင်ထုတ်ပစ်ခဲ့သည်။ ထိုအချိန်အထိ ပြင်သစ်နိုင်ငံအတွင်းသို့ ၁၀ နှစ်အတွင်း ကေဂျီဘီသူလျှိုအဖွဲ့ဝင်ဦးရေ မူလ ၂၀၀ ခန့်မှ ၇၀၀ ခန့်အထိ ရုတ်ခြည်း တိုးမြှင့်နေရာယူလာခဲ့သည်။ ပြင်သစ်တို့က ရုရှားသူလျှိုများသည် စစ်ဘက်၊ နယ်ဘက်နှင့် သက်ဆိုင်သော စက်မှုသိပ္ပံပညာဆိုင်ရာ အချက်အလက်များရရှိရေးကို စနစ်တကျ ထောက်လှမ်းနေကြသည်ဟု စွပ်စွဲခဲ့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လက်ရှိအနေအထားအတိုင်းဆိုလျှင် ရုရှားထောက်လှမ်းရေးအဖွဲ့များ၏ အနောက်အုပ်စုနိုင်ငံများအတွင်း စွမ်းဆောင်ရည်သည် အမေရိကန်ပြည်ထောင်စုနှင့် ယင်း၏ အနောက်အုပ်စု မဟာမိတ်များက ဆိုဗီယက်ပြည်ထောင်စုအတွင်း၌ ဝင်ရောက်လုပ်ကိုင်နေမှုများထက် များစွာသာလွန်နေပြီ ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်အတွင်းက အမေရိကန်ရှိ ဆိုဗီယက်နှင့် အရှေ့အုပ်စု မဟာမိတ်နိုင်ငံများ၏ သံတမန်များ၊ ကုန်သွယ်ရေးကိုယ်စားလှယ်များနှင့် သတင်းစာဆရာ အရေအတွက်သည် ၁၀၀၀ ခန့်သာ ရှိသော်လည်း ၁၉၇၅ ခုနှစ်၌ ၁၇၀၀ ခန့်နှင့် ၁၉၇၉ ခုနှစ်အတွင်း၌ ၁၉၀၀ အထိ တိုးပွားလာခဲ့သည်။ ယင်းတို့အနက် ၅၀၀ ခန့်မှာ ထောက်လှမ်းရေးတာဝန်ခံ အရာရှိများ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် အရှေ့အုပ်စု၏ နံပါတ်တစ် ပစ်မှတ်နိုင်ငံဖြစ်ခြင်းကြောင့် အမေရိကန်နိုင်ငံသို့ ဝင်ရောက်လာသော တရားဝင်ကိုယ်စားလှယ်များနှင့် ထောက်လှမ်းရေးသူလျှို အချိုးအစားမှာ ၅၀ ရာခိုင်နှုန်းခန့် ရှိနေသည်။ ထောက်လှမ်းရာတွင်လည်း ဆိုဗီယက်ထောက်လှမ်းရေး အဖွဲ့အစည်းများသည် အမေရိကန်ပြည်ထောင်စုအတွင်း၌သာ အခြေစိုက်ထားသည် မဟုတ်ဘဲ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံများသို့လည်း ပြောင်းရွှေ့ အခြေစိုက်ကြသည်။ ဤပုံစံဖြင့် ဝင်ရောက်မှုများသည် ကေဂျီဘီလုပ်ငန်းကြီး၏ တစ်စိတ်တစ်ပိုင်းမျှသာ ရှိသေးသည်။

ဆိုဗီယက်အုပ်စုဝင် နိုင်ငံများမှ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာသူ များပြားလွန်းသဖြင့် မည်သူမျှ မစစ်ဆေးနိုင်ကြောင်းဖြင့်လည်း အက်ဖ်ဘီအိုင်အရာရှိများက ဝန်ခံကြသည်။ ၁၉၇၈ ခုနှစ်အတွင်းက အမေရိကန်သို့ ရုရှားသိပ္ပံပညာရှင်များနှင့် တခြားပုဂ္ဂိုလ် ၃၀၀၀ လာရောက်လည်ပတ်ခဲ့ရာ ယင်းတို့အနက် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းခန့်မှာ ထောက်လှမ်းရေးတာဝန်ဖြင့် လာရောက်ခဲ့သူများ ဖြစ်သည်။ အထူးသဖြင့် ပြည်ပနိုင်ငံများရှိ ဆိုဗီယက် ' တပ်စ် 'သတင်းဌာန ရုံးခွဲများသည် ကေဂျီဘီတာဝန်ခံအရာရှိများကို အကာအကွယ်ပေးထားရာ နေရာများသာ ဖြစ်သည်။ ၁၉၈၀ပြည့်နှစ်၊ ဧပြီလက ဗြိတိန်နိုင်ငံသို့ခိုလှုံလာသော တပ်စ်သတင်းထောက်လည်း ဖြစ်၊ ကေဂျီဘီတစ်ဦးလည်းဖြစ်သူ အီလီယာဒဇက်ဗီလော့က နိုင်ငံရပ်ခြားရှိ ဆိုဗီယက် သတင်းထောက်အားလုံးလိုလိုပင် ကေဂျီဘီများ ဖြစ်ကြသည်ဟု ထုတ်ဖော်ဝန်ခံခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများသည် ဆိုဗီယက်တို့၏ စိတ်ကြိုက်အကာအကွယ်ယူနိုင်သော အဖွဲ့အစည်းများလည်း ဖြစ်ကြသည်။ ၁၉၇၈ ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ခိုလှုံခဲ့သော ကမ္ဘာ့ကုလသမဂ္ဂတွင် ရုရှားသံတမန်တစ်ဦးအသွင် ယူထားသူ အကာဒီချင်ကို၏အဆိုအရ ကမ္ဘာ့ကုလသမဂ္ဂရှိ ဆိုဗီယက်ကိုယ်စားလှယ်အဖွဲ့ဝင်များအနက် ထက်ဝက်မှာ သူလျှိုများဖြစ်သည်ဟု ဆိုပါသည်။ အနောက်ဥရောပ ထောက်လှမ်းရေးကျွမ်းကျင်သူများ၏ အကဲခတ်ချက်အရလည်း ဥရောပတွင်ရှိသော ကုလသမဂ္ဂရုံး ဆိုဗီယက်ကိုယ်စားလှယ်များတွင် အရေအတွက် ၁၃၀ ခန့်မှာ ကေဂျီဘီအဖွဲ့ဝင်များ ဖြစ်ကြသည်ဟု ဆိုသည်။ ဂျနီဗာရှိ ဥရောပဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂရုံးခွဲ၏

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အထူးအရေးပါသော ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သူ ဂယ်လီနီထရွော့စကီးသည်လည်း ကေဂျီဘီအရာရှိတစ်ဦး ဖြစ်သည်ဟု စီအိုင်အေက ဆိုသည်။ သူသည် ထိုရာထူးနေရာတွင် ရှိခြင်းအားဖြင့် ကျန်ကေဂျီဘီ ထောက်လှမ်းရေးအဖွဲ့ဝင်များအား ကမ္ဘာ့ကုလသမဂ္ဂဝန်ထမ်းများ၏ ကိုယ်ရေးရာဇဝင်စာတွဲများကို အနီးကပ်လေ့လာခွင့် ရရှိစေနိုင်သည်။

အမှန်အားဖြင့် မည်သည့် ထောက်လှမ်းရေးအဖွဲ့အစည်းမဆို သက်ဆိုင်ရာ နိုင်ငံရေးစနစ်၏ လွှမ်းမိုးခြင်းကို ခံရစမြဲ ဖြစ်ပါသည်။ အရှေ့အုပ်စုနိုင်ငံ အများအပြားတွင် ထောက်လှမ်းရေးအဖွဲ့အစည်းများသည် အကာအကွယ်အဖြစ် ပါတီနှင့်အစိုးရအတွင်းရှိ ရှေးရိုးစဉ်လာ စွဲကိုင်သော ပုဂ္ဂိုလ်များနှင့် သဘောတရားအရ တစ်ထပ်တည်းဖြစ်အောင် နေကြသည်။ သို့ရာတွင် အနောက်နိုင်ငံများနှင့် ဆက်ဆံကြသည့်အခါတွင်မူ ကေဂျီဘီအရာရှိများသည် အများအားဖြင့် အရပ်သား သံအရာရှိဝန်ထမ်းများထက် ပိုမိုပွင့်လင်းသော အယူအဆ၊ အပြောအဆိုများကို ဆင်းရဲစွာပြသလေ့ရှိသည်။ သို့ရာတွင် ထိုကဲ့သို့ ပြောဆိုသမျှမှာလည်း နည်းပရိယာယ်တစ်ရပ်သဖွယ်သာ ဖြစ်ပါသည်။

မိမိပစ်မှတ်အဖြစ် ရည်ရွယ်သော ပုဂ္ဂိုလ်၏ ယုံကြည်မှုကိုရရှိရန် လုပ်ဆောင်ခြင်းသာဖြစ်ပြီး နိုင်ငံတော်နှင့် ပါတီအပေါ် သွေဖည်သောအယူအဆကို ထုတ်ဖော်ပြောဆိုခြင်းမျိုးဟု ယူဆ၍တော့ မရနိုင်ပေ။ ဤသို့ ပြောခွင့်ရှိခြင်းမှာလည်း ကေဂျီဘီအရာရှိ အတော်များများသည် လုပ်ငန်းအရ ကျွမ်းကျင်စိတ်ချရသူများ ဖြစ်သည်ဟု အထက်ဌာနက ယုံကြည်သောကြောင့် ဖြစ်နိုင်ပါသည်။

စီအိုင်အေ ကျွမ်းကျင်သူအရာရှိတစ်ဦး၏ အဆိုအရ လက်ရှိကေဂျီဘီ အဖွဲ့ဝင်သစ်များနှင့် ယခင်လက်ဟောင်း ကေဂျီဘီအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးများသည် ယခုလူငယ်ပိုင်း မျိုးဆက်သစ်များနှင့်မတူဘဲ ယုံကြည်ချက်၊ ခံယူချက်ကို အခြေခံ၍ လုပ်ကိုင်ကြသူများ ဖြစ်ကြောင်း၊ လူသစ်များသည် အာဏာနှင့် ငွေနောက်လိုက်နေသူများဖြစ်ကြောင်း သုံးသပ်ထားသည်။ လက်ဟောင်းကေဂျီဘီအဖွဲ့ဝင်များ အပေါ်တွင်မူ သူတို့၏အလုပ်ကို လူသားတစ်ရပ်လုံးအား အကျိုးပြုသောအလုပ်ဟု ယူဆကြောင်း သုံးသပ်ပြောကြားခဲ့သည်။

ကေဂျီဘီအရာရှိများသည် မာ့က်စ်လီနင်ဝါဒထက် ရုရှားအမျိုးသားရေးဝါဒကို ပိုမိုတွယ်တာကြသူများ ဖြစ်သည်ဟုလည်း ယူဆခံရသည်။ ရုရှားနိုင်ငံအား တိုးတက်စေလိုမှုအတွက် အမျိုးသားရေး စိတ်ဓာတ်ထက်သန်မှုသည် သူတို့၏ အခြေခံစိတ်နေစိတ်ထား ဖြစ်သည်။ သူတို့သည် ရုရှားနိုင်ငံ၏ အာဏာစက်ချဲ့ထွင်လိုသော နိုင်ငံခြားရေးမူဝါဒနှင့်လည်း တစ်သားတည်း ရှိနေကြသူများဟု ယုံကြည်ကြသည်။ ဆိုဗီယက်ပြည်ထောင်စုတွင် စစ်ဘက်ဆိုင်ရာ အဆင့်အတန်းတစ်ခုခု ရရှိပြီး နိုင်ငံခြားငွေသုံးစွဲနိုင်မှု၊ အသက်ငယ်ရွယ်စဉ် အငြိမ်းစားယူနိုင်မှုတို့သည် တခြားဌာနများထက် ပို၍ရှားရှားပါးပါး ခံစားနိုင်သော ကေဂျီဘီတို့၏ အထူးအခွင့်အရေးများ ဖြစ်ပေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## သူလျှိုလောကမှ အစ်ကိုကြီး

တီအိုဖီလိုအက်ကော့စတာသည် ဝါရှင်တန်မြို့တော်၏ အထက်တန်းလွှာတွင် လူသိများသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး အထက်တန်းလွှာညှေ့ခံပွဲများတွင် သူမပါလျှင် မပြီးချေ။ သူသည် ထောက်လှမ်းရေး အရာရှိတစ်ဦးဖြစ်ပြီး အမေရိကန်ပြည်ထောင်စုရှိ ကျူးဘားသံရုံးတွင် သံတမန်အသွင်ဆောင်၍ အမှုထမ်းနေသူ ဖြစ်သည်။ ၁၉၇၇ခုနှစ် မတိုင်မီက သူသည် ကုလသမဂ္ဂ၏ ကျူးဘားကိုယ်စားလှယ်အဖွဲ့၌ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ အမှန်မှာ ၁၉၇၀ပြည့်နှစ် အမေရိကန်နိုင်ငံကို စတင်ရောက်ရှိစဉ်ကပင် အက်ကော့စတာသည် နိုင်ငံရေးသမားများ၊ လုပ်ငန်းရှင်များ၊ အသိပညာရှင်များ၊ သတင်းစာဆရာများနှင့် ကောင်းစွာမိတ်ဖွဲ့ထားသူ ဖြစ်၏။ ထို မိတ်ဖွဲ့ခံရသူ အများစုအနေဖြင့် အက်ကော့စတာ၏ ထောက်လှမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာမျှ မသင်္ကာ မဖြစ်ခဲ့ကြပေ။

အမျိုးသားရေဒီယိုလုပ်ငန်းအဖွဲ့ အကြီးအကဲ ပရင့်မန်ကီးဝိတ်ဆိုသူ ပြောကြားရာ၌ အက်ကော့စတာ၏ တာဝန်မှာ ကျူးဘားနိုင်ငံအတွက် မိတ်ဆွေသစ်များ ဖွဲ့ရန်ဖြစ်ပါက သူ၏အောင်မြင်မှုသည် ပြောစရာမရှိအောင် ကျွမ်းကျင်သည်ပေကို ဆိုရပါမည်ဟု အကဲဖြတ်ပြောကြားသည်။ မည်သည့်သံအရာရှိမဆို သူ၏ နိုင်ငံတော်အတွက် မြင့်မားသော နိုင်ငံချစ်စိတ်ရှိကြသည်ချည်း ဖြစ်ပါသည်။ နှစ်လိုဖွယ်ကောင်းလှသော ကျူးဘားလူမျိုး အက်ကော့စတာကလည်း သူ့ကိုယ်သူ ကျူးဘား လူမျိုးတစ်ဦး၊ ကွန်မြူနစ်တစ်ဦး၊ လူသားတစ်ဦးအဖြစ် ရိုးသားစွာ ခံယူထားသူဟု ဆိုသည်။

အမှန်အားဖြင့် ဆိုဗီယက်မိတ်ဖက် အရှေ့ဥရောပနိုင်ငံများမှ ထောက်လှမ်းရေးတာဝန်ခံများသည် လုပ်ဖော်ကိုင်ဖက် ရုရှားအရာရှိများထက်ပို၍ ဝါရှင်တန်တွင် သတင်းရရှိရန် အခွင့်အလမ်း ပို၍ ရရှိနိုင်ပါသည်။ ကွန်ဂရက်လွှတ်တော် ရုံးဝန်ထမ်းများသည် ဆိုဗီယက်သံရုံးမှပုဂ္ဂိုလ်များနှင့် နေ့လယ်စာစားခြင်း မပြုလိုက်ကြသော်လည်း ဟန်ဂေရီ၊ သို့မဟုတ် ပိုလန်သံတမန်များနှင့်မူ ပိုမို၍ ပွင့်ပွင့်လင်းလင်း စကားစမြည် ပြောဆိုဆက်ဆံတတ်ကြပါသည်။

အမေရိကန်ပြည်ထောင်စုရှိ လက်ဝဲဝါဒီများပင်လျှင် မာ့က်စ်လီနင်ဝါဒသည် အလွန်ငြီးငွေ့ဖွယ်ရာကောင်းသော အယူအဆအဖြစ် သဘောထားကြပြီး ဆိုဗီယက်နိုင်ငံထက် ကျူးဘားနိုင်ငံကို ပိုမို စိတ်ဝင်စားကြသည်။ တချို့သော အမေရိကန်လက်ဝဲဝါဒီများသည် ' ဗင်ဆာမော့စ် တပ်မဟာ ' ဟုခေါ်သော အဖွဲ့အစည်းဝင်များအဖြစ် ကျူးဘားသို့ သွားရောက်လည်ပတ်လေ့ ရှိကြသည်။ ကြံခင်းခုတ်သူများကို ဝိုင်းဝန်းကူညီ လုပ်အားပေးကြသည်။ ထိုသို့ လုပ်အားပေးသာသူများကိုလည်း ကျူးဘားထောက်လှမ်းရေးက စနစ်တကျ အကဲခတ်စိစစ်လေ့ ရှိသည်။ တစ်နေ့တွင် အမေရိကန်အစိုးရအဖွဲ့အတွင်း အရေးပါသောနေရာတွင် အမှုထမ်းဆောင်နိုင်သော အရည်အချင်းရှိသူများကို လည်းကောင်း

www.burmeseclassic.com



ထောက်လှမ်းရေးလုပ်ငန်းများတွင် ထမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များကိုလည်းကောင်း စည်းရုံးသိမ်းသွင်းရန် ကြိုးပမ်းလေ့ရှိသည်။

အနောက်ဥရောပနိုင်ငံများ၊ ကနေဒါနှင့် အမေရိကန်နိုင်ငံတို့တွင် ဝင်ရောက်နေထိုင်ကြသော အရှေ့ဥရောပသားများ ကျူးဘားမျိုးနွယ်များသည် သူတို့၏ မိရိုးဖလာ အယူဝါဒများအပေါ်တွင် အစွဲအလမ်း ကြီးမားသူများလည်း ဖြစ်ကြသည်။ အရှေ့ဂျာမနီမှ ထောက်လှမ်းရေးအဖွဲ့ဝင်များကလည်း အနောက်ဂျာမန်နိုင်ငံသားများကို အထောက်တော်အဖြစ် မွေးမြူသိမ်းသွင်းသည့်အခါ သူတို့သည် အမျိုးမတူသူ ရုရှားတို့အတွက် ဆောင်ရွက်နေခြင်း မဟုတ်ဘဲ ဂျာမနီနိုင်ငံအတွက်ဟူသော ခံယူချက်ဖြင့်သာ ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားလေ့ရှိသည်။ ဂျာမန်နိုင်ငံသားချင်းဟူသော အခြေခံ မျိုးနွယ်ခံစားချက်ကို လှုံ့ဆော်မွေးမြူခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အမေရိကန်ပြည်ထောင်စုအတွင်းရှိ ပိုလန်၊ ဆလိုဗက်နှင့် ဟန်ဂေရီသူလျှိုများသည်လည်း ကွန်ဂရက်လွှတ်တော်အတွင်းသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အက်ဖ်ဘီအိုင်နှင့် စီအိုင်အေထောက်လှမ်းရေးအဖွဲ့များအတွင်းသို့ လည်းကောင်း ထိရောက်စွာ ထိုးဖောက်နိုင်ခဲ့ကြသည်ကိုလည်း တွေ့ရသည်။ အနောက်နိုင်ငံများတွင် ဝင်ရောက်နေထိုင်သော ဧည့်နိုင်ငံသားအများစုအနေဖြင့် အနောက်နိုင်ငံများအတွင်း အထောက်တော်လုပ်ပေးရခြင်းမှာ အများအားဖြင့် သူတို့၏ မိခင်နိုင်ငံများထဲ၌ ဆွေမျိုးများအား အကျပ်ကိုင်ခံရခြင်းကြောင့်ဟု ဆိုပါသည်။ ဤနည်းအားဖြင့် ဖွံ့ဖြိုးပြီး အနောက်ဘက်နိုင်ငံများအတွင်း၌ ဆိုဗီယက်ထောက်လှမ်းရေး လုပ်ငန်းများအပေါ် အရှေ့ဥရောပနှင့် ကျူးဘားနိုင်ငံတို့မှ သူလျှိုများအား ထိရောက်စွာ အကူအညီပေးနိုင်ခဲ့ကြသည်။

တတိယကမ္ဘာမှ နိုင်ငံများကလည်း အရှေ့ဂျာမနီ၊ ချက်ကိုဆလိုဗက်စသောနိုင်ငံများမှ သံတမန်များ စက်မှုပညာရှင်များ၊ အကြံပေးအရာရှိများအား နိုင်ငံငယ်များ၏ ကိုယ်စားလှယ်များဟုသာ သဘောထား လျှော့တွက်နေကြသည်။ ဆိုဗီယက်နိုင်ငံသားများကဲ့သို့ အလေးအနက်ထား မခံရခြင်းကြောင့် ဆိုရှယ်လစ်နိုင်ငံသားများမှ သူလျှိုများအနေဖြင့် တတိယကမ္ဘာတွင်လည်း ပိုမိုလှုပ်ရှားနိုင်ခဲ့ကြကြောင်း တွေ့ရသည်။ အမေရိကန်နိုင်ငံမှ 'ဝယ်သာမင်း' ဟု ခေါ်သော အဖွဲ့သည် ၁၉၇၀ပြည့်နှစ် စောစောပိုင်းလောက်က ကျူးဘား ထောက်လှမ်းရေးအဖွဲ့၏ ညွှန်ကြားချက်များကိုပင် ခံယူခဲ့ကြသည်ကို တွေ့ရသည်။ သူတို့အပေါ် ညွှန်ကြားချက်များကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရှိ ကျူးဘားကိုယ်စားလှယ်ရုံးမှနေ၍ တွဲဖက်ထားသောအရာရှိများက ညွှန်ကြားနေခြင်းဖြစ်သည်။ ထိုကျူးဘားကိုယ်စားလှယ်အဖွဲ့သည် အမေရိကန် 'ဝယ်သာမင်း' အဖွဲ့နှင့် ကျူးဘားနိုင်ငံရှိ ထောက်လှမ်းရေးအဖွဲ့တို့အကြား ဆက်သွယ်ပေးရာ အချက်အချာအဖွဲ့ဖြစ်သည်။

များသောအားဖြင့် အနောက်ဘက်စာနယ်ဇင်းအဖွဲ့ဝင်များ ကိုယ်တိုင်ကလည်း ဆိုဗီယက် ကေဂျီဘီထောက်လှမ်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရေး အဖွဲ့အပေါ်တွင်သာ အာရုံစူးစိုက်နေကြပြီး တခြား အရှေ့အုပ်စုဝင်နိုင်ငံများ၏ ထောက်လှမ်းရေးအဖွဲ့များအပေါ် အထင်အမြင်သေးလေ့ ရှိကြသည်။ ချက်ကိုဆလိုဗက်၊ ဟန်ဂေရီ၊ ပိုလန်၊ ဘူလ်ဂေးရီးယား၊ ကျူးဘားနိုင်ငံများသည်လည်း တချို့သော နည်းပညာနှင့် လက်တွေ့ဆောင်ရွက်သော သုတေသနပညာရပ်များတွင် တိုးတက်ဖွံ့ဖြိုးလင့်ကစား တခြားနိုင်ငံများက အထင်မကြီး၊ အသိအမှတ်မပြုကြကြောင်း တွေ့ရသည်။ ကေဂျီဘီ ဩဇာခံနိုင်ငံများမှ အဖွဲ့အစည်းများသည် များသောအားဖြင့် သူတို့အစိုးရအဖွဲ့ကိုသာ တာဝန်ခံရသည်မှန်သော်လည်း ကေဂျီဘီ၏လမ်းညွှန်မှုများ၊ ရည်မှန်းချက်များကိုလည်း နာခံ အကောင်အထည်ဖော်ကြရသည်။ သူတို့၏ အဓိကလုပ်ငန်းများနှင့် ပတ်သက်၍လည်း ကေဂျီဘီကိုအသိပေးကြရသည်ချည်း ဖြစ်သည်။ ကေဂျီဘီ အကြံပေးအရာရှိများသည် ထိုထောက်လှမ်းရေးအဖွဲ့ငယ်များ၏ အရေးကြီးသော စစ်ဆင်ရေးလုပ်ငန်းများတွင် စီမံချက်ချပေးခြင်း၊ အကြံပေးခြင်းများ ပြုလုပ်လေ့ရှိသည်။ အကျိုးသက်ရောက်မှုများကိုလည်း အကဲဖြတ်ပေးလေ့ ရှိကြသည်။ သူတို့သည် မည်သည့် အရေးကြီးလုပ်ငန်းကိုမျှ ကေဂျီဘီမပါဘဲ လုပ်နိုင်ခြင်းမရှိကြချေ။

ဆိုဗီယက်ဩဇာနိုင်ငံများရှိ ထောက်လှမ်းရေးအဖွဲ့အစည်းများအား ကေဂျီဘီက ကွပ်ကဲမှုအဆင့်သုံးဆင့်ထား၍ အုပ်ချုပ်သည်ဟုဆိုသည်။ ပထမအဆင့်မှာ ယင်းအဖွဲ့အစည်းငယ်တိုင်းသည် သက်ဆိုင်ရာနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဝန်ကြီးချုပ်ကို ရှေးဦးစွာတာဝန်ခံရသည်။ ဒုတိယအဆင့်အနေဖြင့် ထောက်လှမ်းရေးအဖွဲ့အစည်းများမှတစ်ဆင့် ကွန်မြူနစ်ပါတီဗဟိုကော်မတီ အတွင်းရေးမှူးများအဖွဲ့ကို တာဝန်ခံရသည်။ တတိယအနေဖြင့် မော်စကိုမြို့ရှိ ကေဂျီဘီဌာနချုပ်ကို တာဝန်ခံရသည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် ဩဇာခံ တစ်ချိန်က အရှေ့ဥရောပနိုင်ငံတို့ အကြားတွင် အခြေခံ နိုင်ငံရေး၊ ဝါဒသဘောတရားရေးရာတို့ဖြင့် ဆက်ဆံတည်ဆောက်ထားသည်။ ကေဂျီဘီနှင့် ယင်း၏ လက်အောက်ခံအဖွဲ့အစည်းများကြားတွင်လည်း နိုင်ငံရေးရာ အခြေခံသဘောတရားရေး ခံယူချက်အတွက် 'နိုင်ငံတကာတာဝန်များ' ဆိုသော ခေါင်းစဉ်နှင့် ခေါင်းတာဝန်ယူမှု စကားလုံး၏ အကာအကွယ်အောက်တွင် ကေဂျီဘီ၏ဦးဆောင်မှုကို လိုက်နာရေးနှင့် ရည်မှန်းချက်များ အပြည့်အဝ အကောင်အထည်ဖော်ရေးဟူသော အဓိပ္ပာယ်ကို ဖုံးကွယ်ထားသည်ဟု အနောက်အုပ်စုက ဝေဖန်သည်။ ရေရှည်ရည်မှန်းချက်များနှင့် ပတ်သက်၍ နေ့စဉ်လုပ်ငန်းများကို ဆိုဗီယက်အကြံပေးအရာရှိများက ကြီးကြပ်သည်။ အမှန်အားဖြင့် ဤကိစ္စတွင် အမေရိကန်ဦးဆောင်သော အနောက်ဥရောပနိုင်ငံများ၏ ပုံစံနှင့် မခြားနားလှပါပေ။

၁၉၆၀ ပြည့်နှစ် နှစ်လယ်ပိုင်းတိုင်အောင် ကေဂျီဘီသည် ပြည်ပနိုင်ငံများတွင် ပြုလုပ်သော စစ်ဆင်ရေးစီမံချက်များနှင့် အကောင်အထည်ဖော်မှုအပိုင်းကို ကြီးကြပ်ကွပ်ကဲခဲ့သည်။ သူတို့၏ ညွှန်ကြားချက်များကို ကြယ်ရံနိုင်ငံများ၏ ထောက်လှမ်းရေးအဖွဲ့များက ဝိုင်းဝန်း အကောင်အထည်ဖော်ကြသည်။ နောက်ပိုင်းတွင် ဆိုဗီယက်အကြံပေးအဖွဲ့ဝင်ဦးရေ တဖြည်းဖြည်း လျော့နည်းလာပြီး အရေးကြီးသော စစ်ဆင်ရေးတွင်သာ ကွပ်ကဲမှုယူတော့သည်။ မည်သို့ဆိုစေ ဆိုဗီယက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အကြံပေးအရာရှိများသည် လုပ်ငန်းဆိုင်ရာ အရည်အသွေးမြင့်မားသူများတော့ ဖြစ်ကြသည်။ ထိုသူများသည် ဆိုဗီယက်နိုင်ငံပြင်ပတွင် တာဝန်ခံအရာရှိများအဖြစ်လည်းကောင်း၊ စခန်းတာဝန်ခံ အကြီးအကဲများအဖြစ် လည်းကောင်း နှစ်ပေါင်းများစွာ အတွေ့အကြုံရှိဖူးသူများလည်း ဖြစ်၏။ သူတို့သည် ပေပြစ်စွာ ဆက်ဆံလေ့ရှိကြသော်လည်း ဩဇာခံနိုင်ငံများရှိ အရာရှိများနှင့် နီးနီးကပ်ကပ် နေလေ့မရှိပေ။ ဌာနေနိုင်ငံ ပြည်သူများနှင့်လည်း တသီးတခြားစီ နေထိုင်ကြသည်။

## ဆုံစည်းရာကျောင်းတော်

မော်စကိုမြို့ရှိ ဆိုဗီယက်တို့၏ ထောက်လှမ်းရေးကျောင်းသည်လည်း ထိုစဉ်က အရှေ့အုပ်စုဝင်နိုင်ငံများအပေါ် ကြီးကြပ်ကွပ်ကဲမှုပေးနေသည့် နည်းလမ်းတစ်မျိုး ဖြစ်သည်ဟု ဆိုကြသည်။ ၁၉၅၀ ပြည့် နှစ်ဦးပိုင်းကာလကတည်းက ဆိုဗီယက်အုပ်စုဝင်နိုင်ငံများရှိ ထောက်လှမ်းရေးအဖွဲ့အစည်းများတွင် အမှုထမ်းဆောင်မည့် ပုဂ္ဂိုလ်များကို မော်စကိုသို့ စေလွှတ်၍ တစ်နှစ်သင်တန်းများ တက်ရောက်စေခဲ့သည်။ သို့သော် အုပ်စုဝင်နိုင်ငံများအားလုံးမှ သင်တန်းသားများအတွက် သင်တန်းတစ်ခုတည်း စုစည်းဖွင့်လှစ်ခြင်း မပြုဘဲ လူမျိုးနှင့်နိုင်ငံအလိုက် သင်တန်းစခန်းများ ခွဲခြားဖွင့်လှစ်ပေးခဲ့သည်။ သင်တန်းနှင့်ပတ်သက်သော ကုန်ကျစရိတ်အားလုံးကို သက်ဆိုင်ရာနိုင်ငံက ကျခံရသည်။

ထိုကျောင်းများသည် လုပ်ငန်းဆိုင်ရာနှင့်ပတ်သက်၍ အခြေခံထောက်လှမ်းရေး နည်းပညာရပ်များကိုသာ ပို့ချလေ့ ရှိသော်လည်း သဘောတရားပိုင်းကိုမူ ပြင်းပြင်းထန်ထန် သွတ်သွင်းပေးလေ့ရှိသည်။ တခြားတစ်ဖက်မှ ကြည့်လျှင်လည်း သင်တန်းကျောင်း ဖွင့်လှစ်ပေးခြင်းသည် အရှေ့အုပ်စုထောက်လှမ်းရေး အဖွဲ့အစည်းများအပေါ် ကေဂျီဘီက ဩဇာလွှမ်းမိုးမှု ရရှိစေမည့် အခွင့်အရေးတစ်ရပ်ဟု စီအိုင်အေက ဆိုပါသည်။

ကေဂျီဘီဆရာကြီးတို့က သင်တန်းတက်ရောက်လာသူတို့၏ အားသာချက်၊ အားနည်းချက်များနှင့် အနာဂတ်အလားအလာတို့ကို သုံးသပ်နိုင်ခွင့်ရရှိစေသည်။ သူတို့၏ နိုင်ငံရေးယုံကြည် စိတ်ချရမှုကို တိုင်းတာနိုင်သည်။ ထိုကဲ့သို့သော အဖိုးထိုက်တန်လှသည့် သတင်းအချက်အလက်များသည် ၁၉၅၆ ခုနှစ် ဟန်ဂေရီ အရေးအခင်းကာလနှင့် ၁၉၆၈ ခုနှစ် ချက်ကိုဆလိုဗက်ကီးယား အရေးအခင်းကာလတို့တွင် ကေဂျီဘီအတွက် နိုင်ငံရေးနှင့်လူပုဂ္ဂိုလ်ရေး အကဲခတ်ရာ၌ များစွာ အထောက်အကူ ဖြစ်စေခဲ့သည်။

ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကြီးသည် ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အမေရိကန်နှင့် ဆိုဗီယက်ထောက်လှမ်းရေးလုပ်ငန်းတို့၏ အားသာချက်နှင့်အားနည်းချက်ကို နှိုင်းယှဉ်ဖော်ပြခဲ့ဖူးသည်။ ကေဂျီဘီ၊ ချက်ကိုဆလိုဗက်နှင့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပိုလန်ထောက်လှမ်းရေး အဖွဲ့အစည်းများကို ကမ္ဘာ့ထိပ်တန်း ထောက်လှမ်းရေးအဖွဲ့အစည်း ၁၀ဖွဲ့၏ စာရင်းတွင် ထည့်သွင်း သတ်မှတ်ခဲ့သည်။ သို့ရာတွင် တိုင်းမ်မဂ္ဂဇင်းသည် အရှေ့ဂျာမနီ ထောက်လှမ်းရေးအဖွဲ့ကို မှားယွင်းစွာ လျှော့တွက်ခဲ့သည်။ အမှန်မှာ ကေဂျီဘီပြီးလျှင် အရှေ့ဂျာမနီနိုင်ငံ ထူထောင်ပြီးနောက်တွင် အရှေ့ဂျာမနီ ထောက်လှမ်းရေးအဖွဲ့သည် အနောက် ဂျာမနီနိုင်ငံနှင့် ယင်း၏ မြေပေါ်ရောက်နေသော အနောက်နိုင်ငံတပ်ဖွဲ့များကို ဦးတည်ပစ်မှတ်ထား၍ လှုပ်ရှားခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်တွင်ပင် ကမ္ဘာ့နိုင်ငံအများအပြားက အရှေ့ဂျာမနီနိုင်ငံကို တရားဝင် အသိအမှတ်ပြုလာကြခြင်းကြောင့် လည်း အရှေ့ဂျာမနီ ထောက်လှမ်းရေးအဖွဲ့အနေဖြင့် အသိအမှတ်ပြုနိုင်ငံများတွင် ကျယ်ပြန့်စွာ လှုပ်ရှားနိုင်လာခဲ့ပြန်သည်။ အရှေ့ဂျာမနီသည် ဆိုဗီယက်ပြည်ထောင်စု၊ ကျူးဘားတို့နှင့်ပူးပေါင်း၍ အာဖရိကနိုင်ငံတချို့ကို စက်မှုနှင့်စစ်ရေးဆိုင်ရာ အကူအညီများ၊ ပြည်တွင်း လုံခြုံရေးဆိုင်ရာ အကူအညီများကို ပေးခဲ့သည်။ အာဖရိကလူမျိုးတို့၏ လွတ်မြောက်ရေး လှုပ်ရှားမှုတိုက်ပွဲများတွင်လည်း နည်းလမ်းမျိုးစုံဖြင့် ပါဝင်ကူညီခဲ့သည်။

အရှေ့ဂျာမနီ ထောက်လှမ်းရေးအဖွဲ့အတွက် အနောက်ဂျာမနီနိုင်ငံသည် အရေးကြီးပြီး အဖိုးတန်လှသော ပစ်မှတ် နိုင်ငံလည်း ဖြစ်ခဲ့သည်။ ဘာသာစကားနှင့် သမိုင်းယဉ်ကျေးမှုထုံးစံတို့ တူညီသောကြောင့်လည်းကောင်း၊ နာဇီခေတ်က မှတ်တမ်းအထောက်အထားများ ရရှိထားခြင်းကြောင့် လည်းကောင်း အရှေ့ဂျာမနီထောက်လှမ်းရေးအဖွဲ့သည် ကေဂျီဘီထက် ပို၍ အနောက်ဂျာမနီကို ထိုးဖောက်ရာ၌ သာလွန်ခဲ့သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် နာဇီထိပ်တန်းအရာရှိ အမြောက် အမြားသည် လက်တင်အမေရိကဒေသ၌ ခိုလှုံသူများထဲမှတချို့ကို အကျပ်ကိုင်ပြီး အထောက်တော်အဖြစ် မွေးမြူနိုင်ခဲ့သည်။

အနောက်ဂျာမနီ ထောက်လှမ်းရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ အဆိုအရ အနောက်ဂျာမနီနယ်မြေထဲတွင် အရှေ့ဂျာမန် သူလျှိုပေါင်း ၃၀၀၀မှ၄၀၀၀အကြား ရှိသည်ဟု ဆိုသည်။ အရှေ့ဂျာမနီ ထောက်လှမ်းရေးအဖွဲ့ကို ဗိုလ်ချုပ်ကြီး မာကတ်စ်ဝုဖ်က ကွပ်ကဲခဲ့သည်။

၁၉၅၀ပြည့်နှစ်အတွင်းက အရှေ့ဂျာမနီ ထောက်လှမ်းရေးအဖွဲ့တွင် သတင်းပေါက်ကြားမှုများ၊ အနောက်ဂျာမနီသို့ ခိုဝင်မှုများလည်း ရှိခဲ့သည်။

သို့သော် နောက်ပိုင်း မွေးမြူထားသော မျိုးဆက်သစ်အရာရှိ များသည် စနစ်တကျလေ့ကျင့်ထားပြီး စည်းကမ်းရှိ သူများလည်းဖြစ်ကြောင်း တွေ့ရသည်။ ထို့ပြင် အရှေ့ဂျာမနီ ထောက်လှမ်းရေးအဖွဲ့ဝင်များသည် ရုရှား၊ ချက်ကိုဆလိုဗက် နှင့် ပိုလန်ထောက်လှမ်းရေး အဖွဲ့ဝင်များထက် ပို၍ပင် နိုင်ငံရေးအရ ယုံကြည်စိတ်ချရသူများ ဖြစ်လာကြသည်ဟု အသိအမှတ်ပြုခံရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## ချက်ကိုဆလိုဗက်ထောက်လှမ်းရေးအဖွဲ့

ချက်ကိုဆလိုဗက်ကီးယားနိုင်ငံ၏ ထောက်လှမ်းရေးအဖွဲ့သည် အရှေ့အုပ်စုနိုင်ငံများ ထောက်လှမ်းရေးကွန်ချာကြီး၏ အစိတ်အပိုင်းတစ်ခုအဖြစ် နိုင်ငံပေါင်း ၅၀ ကျော်တွင် ထိရောက်စွာ ထိုးဖောက် နေရာယူနိုင်ခဲ့သည်။ ၁၉၈၂ခုနှစ်ခန့်တွင် ကေဂျီဘီ၏ အထူး ယုံကြည်စိတ်ချရသော အစွမ်းထက်မြက်လှသည့် ထောက်လှမ်းရေးအဖွဲ့ ဖြစ်လာသည်ဟု ဆိုပါသည်။ ချက်ထောက်လှမ်းရေးအဖွဲ့မှ မွေးမြူထားသည့် အထောက်တော်များ၊ လွှတ်တော်အမတ်များ၊ ထောက်လှမ်းရေးအဖွဲ့ဝင်များ၊ တန်ပြန်ထောက်လှမ်းရေးအဖွဲ့များတွင် အနောက်ဘက်သို့ ခိုလှုံထွက်ပြေးမှုများကြောင့် အခက်အခဲကြုံခဲ့ရသော်လည်း ချက်ထောက်လှမ်းရေးအဖွဲ့တွင်မူ ထိုအားနည်းချက်မျိုး မရှိဟုဆိုသည်။

သို့သော် ဆိုဗီယက်တပ်များ ချက်ကိုဆလိုဗက်နိုင်ငံအတွင်း ဝင်ရောက်သိမ်းပိုက်သည့်ဖြစ်စဉ် ဖြစ်ခဲ့ပြီးနောက်တွင်ကား ချက်ထောက်လှမ်းရေးအဖွဲ့မှ ထိပ်ပိုင်းအရာရှိအများအပြားသည် အနောက်နိုင်ငံများသို့ ခိုလှုံခဲ့ကြသည်။ ချက်ကွန်မြူနစ်ပါတီ အာဏာရရှိရန်နှင့် အာဏာဆက်လက်ထိန်းသိမ်းရန် ကူညီခဲ့ကြသော ခံယူချက်ပြတ်သားပြီး ယုံကြည်စိတ်ချရသည့် အရာရှိဟောင်း အမြောက်အမြားသည် လုံခြုံရေးတာဝန်မှ အငြိမ်းစားယူသွားကြသည်။ သို့ဖြင့် ၁၉၈၀ပြည့်နှစ်တွင် ချက်ထောက်လှမ်းရေးအဖွဲ့သည် အရာရှိ ၂၀၀၀ ဖြင့် ကဏ္ဍသစ်တစ်ရပ် ပြန်လည်ဖွင့်လှစ်ပြီး လှုပ်ရှားလည်ပတ်ခဲ့ရသည်။ မျိုးဆက်သစ်များသည် လူဟောင်းကြီးများလောက် လုပ်ငန်းအတွေ့အကြုံနှင့် ဗဟုသုတပြည့်စုံမှု မရှိကြောင်း၊ တစ်ယူသန် ခံယူချက်မျိုးလည်း မရှိကြောင်း တွေ့ရသည်။ သို့သော် ၁၉၈၂ခုနှစ်ခန့်မှစ၍ လူသစ်တို့ဖြင့်ဖွဲ့ထားသော အဖွဲ့သစ်သည် ကေဂျီဘီ၏ စိတ်အချရဆုံး ဖြစ်လာခဲ့လေသည်။

## ဟန်ဂေရီထောက်လှမ်းရေးအဖွဲ့

၁၉၅၆ ခုနှစ် တော်လှန်ရေးဖြစ်ပွားမှုသည် ဟန်ဂေရီထောက်လှမ်းရေးအဖွဲ့များ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆိုင်းငံ့သွားစေသည်ဟု ဆိုကြသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပရှိ ဟန်ဂေရီထောက်လှမ်းရေးအဖွဲ့များ၏ ဖွဲ့စည်းပုံကို လုံးဝဥဿုံ အသစ် ပြန်လည်ဖွဲ့စည်းခဲ့ကြရသည်။ ဟန်ဂေရီတော်လှန်ရေး ပြီးဆုံးသွားခဲ့သော်လည်း ထပ်မံ၍ နှစ်များစွာကြာသည်အထိ ပိုလန်နိုင်ငံမှအပ ကျန်အရှေ့အုပ်စုနိုင်ငံများမှ ထောက်လှမ်းရေးအဖွဲ့ဝင်များကို ဟန်ဂေရီနယ်မြေထဲ၌ မြုပ်နှံလှုပ်ရှားစေခဲ့သည်။ ပိုမိုစိတ်ချရစေရန် ဖြစ်သည်။ အမြဲတမ်း အထောက်တော်များထား၍လည်း သတင်းစုဆောင်းခဲ့ကြသည်။ ဟန်ဂေရီ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အစိုးရသစ်အနေဖြင့် အတိုက်အခံများကို နှိမ်နင်းရာတွင် အထောက်အကူပြုရန်နှင့် နိုင်ငံရေးသြဇာသက်ရောက်မှု ခိုင်မာရန် ရည်ရွယ်ပြီး သတင်းစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ကြသည်။

ထိုကာလ နောက်ပိုင်းတွင်မူ ဟန်ဂေရီထောက်လှမ်းရေးအဖွဲ့၏ စွမ်းဆောင်ချက်များမှာ အရှေ့ဂျာမနီ၊ ချက်ကို ဆလိုဗက် ထောက်လှမ်းရေးအဖွဲ့များနှင့် နှိုင်းယှဉ်ပါက များစွာ နယ်ပယ် ကျဉ်းမြောင်းသွားသည့်အပြင် ဘဏ္ဍာရေးဆိုင်ရာ နယ်ပယ်တွင်လည်း အကန့်အသတ် ကြီးမားခဲ့သည်။ ဟန်ဂေရီထောက်လှမ်းရေးအဖွဲ့၏ အဓိကပစ်မှတ်များမှာ အမေရိကန်၊ အနောက်ဂျာမနီ၊ သြစတြေးလျ၊ အီတလီနှင့် ဗာတီကန်နိုင်ငံတို့ ဖြစ်သည်။ အထူးသဖြင့် ဗာတီကန်နိုင်ငံအတွင်းသို့ ဟန်ဂေရီထောက်လှမ်းရေးအဖွဲ့က အောင်မြင်စွာ ထိုးဖောက်နိုင်ခဲ့သည်ဟု ဆိုသည်။ တော်လှန်ရေး နောက်ပိုင်းကာလ ၁၉၅၆ ခုနှစ် နောက်ပိုင်းတွင် ဟန်ဂေရီကို စွန့်ခွာထွက်ပြေးပြီး အနောက်နိုင်ငံများတွင် ခိုလှုံသွားသူများကို အသုံးပြု၍ အနောက်ဥရောပနိုင်ငံများ၊ ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတို့အပေါ် စနစ်တကျ ထောက်လှမ်းခဲ့သည်ကို တွေ့ရသည်။

## ပိုလန်ထောက်လှမ်းရေးအဖွဲ့

ပိုလန်တို့၏ သမိုင်းအစဉ်အလာအရ အတွေ့အကြုံကြီးမားလှသော ပင်လယ်ရေကြောင်းအဖွဲ့အစည်းကြီးနှင့် အမေရိကန်၊ ကနေဒါ၊ ဗြိတိန်နှင့် ပြင်သစ်တို့တွင် ရောက်နေသော ပိုလန်လူမျိုးတို့က ပိုလန်ထောက်လှမ်းရေးကို များစွာ အခွင့်အလမ်း ရရှိစေခဲ့သည်။ ရေးအစဉ်အလာအရ ပြင်သစ်တို့နှင့် ယဉ်ကျေးမှုအဆက်အသွယ် ကောင်းမွန်ခဲ့မှုကြောင့်လည်း ပြင်သစ်နိုင်ငံတွင်းရှိ ပိုလန် ထောက်လှမ်းရေးအဖွဲ့ဝင်များ၏ လုပ်ငန်းများအတွက် အခြေအနေ ကောင်းမွန်ခဲ့သည်ကို တွေ့ရသည်။

သို့သော် ၁၉၅၆ ခုနှစ်တွင် ပိုလန်နိုင်ငံတွင်း၌ ဆိုဗီယက်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ဖြစ်ပွားခဲ့ပြီးနောက်တွင်မူ ပိုလန်ထောက်လှမ်းရေးအဖွဲ့တို့ အကြား တဖြည်းဖြည်း ကင်းကွာလာခဲ့သည်။ ၁၉၆၀ပြည့်နှစ်စနှင့်တွင် နိုင်ငံရေးပုံမှန် အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သော်လည်း အခြားအရှေ့အုပ်စုနိုင်ငံများ၏ ထောက်လှမ်းရေးအဖွဲ့များကဲ့သို့ ကေဂျီဘီနှင့် ပွင့်ပွင့်လင်းလင်း ဆက်ဆံမှုမျိုး မရှိတော့ချေ။

၁၉၈၀ပြည့်နှစ်အတွင်းက ပိုလန်အလုပ်သမားသမဂ္ဂ၏ လှုပ်ဆော်မှုကြောင့် နိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့ပြီး နောက်တွင် ဆိုဗီယက်နှင့် ပိုလန်ထောက်လှမ်းရေး အဖွဲ့အစည်းတို့အကြား မယုံသင်္ကာမှုများ ကျယ်ပြန့်လာခဲ့သည်ဟု သိရပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## ရိုမေးနီးယားထောက်လှမ်းရေးအဖွဲ့

ရိုမေးနီးယားနိုင်ငံသည် အရှေ့အုပ်စုဝင်နိုင်ငံတစ်ခု ဖြစ်သော်လည်း ၁၉၆၀ပြည့်နှစ် စောစောပိုင်းကတည်းက တခြား အရှေ့အုပ်စုဝင်နိုင်ငံများ၏ ထောက်လှမ်းရေးအဖွဲ့အစည်းများနှင့် တဖြည်းဖြည်း ကင်းကွာလာကြောင်း တွေ့ရသည်။ ရိုမေးနီးယားထောက်လှမ်းရေးမှ မွေးထားသော အထောက်တော်များကိုလည်း မည်သူမည်ဝါဖြစ်ကြောင်း ကေဂျီဘီက သိခွင့်မရဟု ဆိုသည်။ ရိုမေးနီးယားနိုင်ငံခြားရေးဝါဒနှင့် ပတ်သက်သည့် အရေးကြီး စာရွက်စာတမ်းများကိုလည်း ကေဂျီဘီကို အသိမပေးခဲ့ချေ။ တစ်နည်းအားဖြင့် ရိုမေးနီးယား ထောက်လှမ်းရေးအဖွဲ့သည် ကေဂျီဘီနှင့် အကင်းကွာဆုံးသော အရှေ့အုပ်စုအဖွဲ့အစည်းဟု ဆိုရပါမည်။

## ဘူလ်ဂေးရီးယားထောက်လှမ်းရေးအဖွဲ့

ဘူလ်ဂေးရီးယားထောက်လှမ်းရေး အဖွဲ့အစည်းများသည် မူလက အရှေ့အုပ်စုမဟာမိတ်နိုင်ငံများအတွင်း၌ နာမည်ကောင်း မရခဲ့သောအဖွဲ့ ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်အထိ သူတို့၏ လုပ်နည်းလုပ်ဟန်မှာ ရှေးရိုးဆန်ပြီး ထိရောက်မှုလုံးဝ မရှိခဲ့ချေ။ သို့သော် ၁၀ နှစ်ခန့်ကြာသောအခါ ဘူလ်ဂေးရီးယားထောက်လှမ်းရေးအဖွဲ့သည် အရှေ့အုပ်စုနိုင်ငံများတွင် လုပ်ရည်ကိုင်ရည် ပြတ်သားမှုအရှိဆုံးအဖြစ် နာမည်ရလာခဲ့ပေသည်။ ဆိုဗီယက်တို့သည် နိုင်ငံရေးအရ အထူးသိမ်မွေ့ လျှို့ဝှက်သောကိစ္စရပ်မျိုးတွင် ဘူလ်ဂေရီးယား ထောက်လှမ်းရေးအဖွဲ့ကို အားထားအသုံးပြုသည့် အခြေအနေအထိ တိုးတက် လာခဲ့သည်။ ဥပမာအားဖြင့် တောင်အာဖရိကနိုင်ငံရှိ လက်ဝဲဝါဒီသူပုန်များထံ လက်နက်များပေးပို့ခြင်း၊ အင်ဂိုလာနှင့် လီဘီယနိုင်ငံတွင်းသို့ လက်နက်များပေးပို့ခြင်း၊ အနောက်ဂျာမနီသို့ လျှို့ဝှက်ပစ္စည်းများ ပေးပို့ခြင်း၊ အနောက်နိုင်ငံ များတွင် အရှေ့အုပ်စုမှ ထွက်ပြေးခိုလှုံလာသူများ နိုင်ငံရေးအရ သစ္စာဖောက်ခဲ့ပါက ရှာဖွေဖော်ထုတ် အပြစ်ဒဏ်ပေးခြင်း ကိစ္စမျိုးတွင် ဤထောက်လှမ်းရေးအဖွဲ့ကို တာဝန်ပေးလေ့ရှိသည်။

ကေဂျီဘီ၏လမ်းညွှန်မှုဖြင့် စွမ်းရည်ထက်မြက်သော အရာရှိ ၁၀၀၀ ခန့်ကို ဂရိ၊ တူရကီ၊ အီတလီနှင့် အာရပ်နိုင်ငံများသို့ ထိုးဖောက်ရန် ဘူလ်ဂေးရီးယားထောက်လှမ်းရေးအဖွဲ့က တာဝန်ယူခဲ့သည်။ ပုပ်ရဟန်းမင်းကြီး ပွန်ပေါ်အား လုပ်ကြံသတ်ဖြတ်ခြင်းကိစ္စတွင် ဘူလ်ဂေးရီးယားထောက်လှမ်းရေးအဖွဲ့ တာဝန်မကင်းဟု ဆိုသော်လည်း ထိုကိစ္စတွင် ဘူလ်ဂေးရီးယားကလည်း စီအိုင်အေကိုစွပ်စွဲခဲ့သဖြင့် အပြန်အလှန်စွပ်စွဲမှုမှာ ကမ္ဘာသိဖြစ်ခဲ့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



**ကျူးဘားထောက်လှမ်းရေး**

ကျူးဘားတော်လှန်ရေးကြီး ပြီးဆုံးသွားသောအခါ မကြာမီ ချက်ကိုဆလိုဗက် ထောက်လှမ်းရေးအကြံပေး အရာရှိများ၏ အကူအညီဖြင့် ကျူးဘားထောက်လှမ်းရေးအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့သည်။ မူလက လွတ်လပ်စွာ လှုပ်ရှားခဲ့သော်လည်း ၁၉၆၈ခုနှစ်နောက်ပိုင်းတွင် အလေးထားခဲ့သည်။ ဆိုဗီယက်အပေါ်မှီခိုမှုလည်း ကြီးထွားလာခဲ့သည်။ ကေဂျီဘီသည် နိုင်ငံချစ်စိတ်ပြင်းထန်သော ကတ်စရိုကို ၁၉၆၂ခုနှစ်အတွင်းက ဖယ်ရှားရန် ပထမအကြိမ် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ကတ်စထရိုက ဆိုဗီယက်သံတမန်များနှင့် ကေဂျီဘီအရာရှိများကို နှင်ထုတ်ပစ်လိုက်သည်။

နောက် လေး နှစ်ကြာသောအခါ လူထုဆက်သွယ်ရေးဌာနများတွင်ရှိသော ကေဂျီဘီအထောက်တော်များ၏ အကူအညီဖြင့် ဒုတိယအကြိမ်ထပ်မံ၍ ကတ်စထရိုကိုဖယ်ရှားရန် ကြိုးစားခဲ့ပြန်သည်။ ထိုကြိုးပမ်းမှုတွင် ကျူးဘားပါတီဗဟိုကော်မတီ၊ စစ်ဘက်ဌာနများ၊ ပြည်ထဲရေးဌာနနှင့် ဗဟိုအုပ်ချုပ်ရေးဌာနများမှ ကေဂျီဘီအထောက်တော်များလည်း ပါဝင်ခဲ့ကြသည်။ ရည်ရွယ်ချက်မှာ ကျူးဘားနိုင်ငံအား အရှေ့အုပ်စုနိုင်ငံများနှင့် ပိုမိုနီးစပ်မှုရှိလာစေရန်ဖြစ်သည်။ သို့ရာတွင် ဒုတိယအကြိမ်တွင်လည်း ပျက်ပြားခဲ့ရသဖြင့် ကေဂျီဘီအရာရှိများ၊ ဆိုဗီယက်သတင်းစာဆရာများနှင့် အခြားအရာရှိများသည် ကတ်စထရိုဆန့်ကျင်ရေးအဖွဲ့နှင့် ဆက်သွယ်ခဲ့သည်ဆိုသော အကြောင်းပြချက်ဖြင့် နှင်ထုတ်ခံရပြန်သည်။

လအနည်းငယ်ကြာသောခါ ဆိုဗီယက်တို့သည် ကျူးဘားနိုင်ငံအား စီးပွားရေးထောက်ပံ့မှုများကို လျှော့ချခဲ့သည်။ သို့ဖြင့် နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာခဲ့ပြီး ကျူးဘားနိုင်ငံအနေဖြင့် စီးပွားရေးအားနည်းသွားခဲ့သည်။ နောက်ပိုင်းတွင် ဆိုဗီယက်တို့က စက်သုံးဆီများ၊ စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းများ ပိုမိုထောက်ပံ့ခဲ့မှုကြောင့် အပြန်အလှန်အနေဖြင့် ဆိုဗီယက်နိုင်ငံအပေါ်တွင်လည်းကောင်း၊ ဝါဒရေးရာအပေါ်တွင်လည်းကောင်း ပြောဆိုဝေဖန်မှုများကို ကျူးဘားအစိုးရက လုံးဝရပ်ဆိုင်းပေးခဲ့ရသည်။ သည့်နောက်ပိုင်း ဆိုဗီယက်တို့အပေါ် စီးပွားရေးနှင့် လုံခြုံရေးကိစ္စများတွင် တစ်ဖန်ပြန်လည် မှီခိုမှု ကြီးမားခဲ့ပြန်သည်။

ကျူးဘားထောက်လှမ်းရေးအဖွဲ့များသည် အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများတွင် အထူးအောင်မြင်မှုရခဲ့သည်ကိုလည်း တွေ့ရသည်။ ဖလော်ရီဒါပြည်နယ်ရှိ ကျူးဘားပြည်ပြေးအများအပြားကို ကျူးဘားထောက်လှမ်းရေးအဖွဲ့က အမေရိကန်နိုင်ငံအတွင်းသို့ ထိုးဖောက်ထောက်လှမ်းရန် အသုံးပြုနိုင်ခဲ့ခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၌လည်း အောင်မြင်မှု ရရှိခဲ့လေသည်။

၁၉၆၀ ပြည့်နှစ်ကျော် ကာလခန့်အထိ လက်အောက်ခံအရာရှိများ၏ ထောက်လှမ်းရေးလုပ်ငန်းများနှင့်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ပတ်သက်၍ အရှေ့အုပ်စု ဆိုဗီယက်ဩဇာခံ နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှာ ထိရောက်မှုမရှိသေးပေ။ တစ်ခါတစ်ရံ ထိပ်ပိုင်း အကြီးအကဲအဆင့်ရှိသူအချင်းချင်း တိုင်ပင်နှီးနှောခြင်း၊ နှစ်ဦးနှစ်ဖက် စိတ်ဝင်စားမှုရှိသော သတင်းများကို အပြန်အလှန် ဖလှယ်ခြင်းအဆင့်မျိုးသာ ရှိခဲ့သည်။ ၁၉၆၅ခုနှစ်မှစ၍ ဆိုဗီယက်အုပ်စု နိုင်ငံအချင်းချင်း တိုက်ရိုက်အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှု ကြီးမားလာခဲ့သည်။ ဌာနဆိုင်ရာအချင်းချင်းသည် ပုံမှန်ဆက်ဆံမှုများ တိုးမြင့်လာခဲ့သည်။ ဆိုဗီယက်တို့သည်လည်း ညှိနှိုင်းရေး အကြီးအမှူးအဖြစ်လောက်သာ ကြီးကြပ်ကွပ်ကဲကာ နေရာတကာချုပ်ကိုင်မှု မပြုခဲ့ပေ။ ဤသို့ ပြန်လည်စုစည်းရာတွင် အရှေ့ဂျာမနီ၊ ပိုလန်၊ ချက်ကိုဆလိုဗက်ကီးယား၊ ဟန်ဂေရီတို့နှင့်အတူ မြောက်ကိုရီးယားလည်း ပါဝင်ခဲ့သည်ဟု ဆိုပါသည်။

ရှေးဦးကာလများတွင် ကျူးဘားထောက်လှမ်းရေးအဖွဲ့သည် နုနယ်သေး၍လည်းကောင်း၊ ရိုမေးနီးယား ထောက်လှမ်းရေးအဖွဲ့သည် အနောက်နိုင်ငံများနှင့် ရင်းနှီးမှုရှိသည်ဟု သံသယဖြစ်သောကြောင့်လည်းကောင်း အရှေ့အုပ်စု ထောက်လှမ်းရေးအဖွဲ့အစည်းများအတွင်း မျက်နှာမရခဲ့ပေ။ နိုင်ငံအချင်းချင်း စည်းလုံးညီညွတ်မှု သိပ်မရှိလှသည့်အပြင် ပဋိပက္ခများနှင့် အဆင်မပြေမှုများလည်း အတိုက်အလျောက် ရှိနေခဲ့ပေသည်။ သို့ရာတွင် လုံခြုံရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍မူ ဆိုဗီယက်တို့၏ ဦးဆောင်စည်းရုံးပေးမှုအတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ကြရသည်။

ထောက်လှမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆိုဗီယက်တို့၏ အစ်ကိုကြီးသဖွယ် ဦးဆောင်ခဲ့မှုကို ထိုနိုင်ငံများက အကောင်အထည်ဖော်ခဲ့ကြသည်ကို တွေ့ရသည်။ ဆိုဗီယက်နိုင်ငံများနှင့် ကေဂျီဘီအပေါ် အားထားမှု ကြီးမားကြောင်း ကိုလည်း ပြနိုင်ခဲ့ကြသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## အခန်း -၃
## သတင်းစစ်ဆင်ရေး

အမှန်အားဖြင့် သတင်းစစ်ဆင်ရေးဟု အမည်မတပ်ခဲ့သော်လည်း ဆိုဗီယက်တော်လှန်ရေးအဖွဲ့များအနေဖြင့် ၁၉၁၇ ခုနှစ် ရုရှားတော်လှန်ရေးမတိုင်မီကပင် အလားတူလုပ်ငန်းမျိုး လုပ်ကိုင်ခဲ့ဖူးသည်။ လီနင်က သတင်းဖြင့်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ချိခြင်း၊ နိုင်ငံရေးအရ လှည့်စားခြင်း၊ စိမ့်ဝင်ထိုးဖောက်ခြင်း နည်းလမ်းများ အရေးကြီးပုံနှင့် ပတ်သက်၍ ယင်းလုပ်ငန်းများသည် ကွန်မြူနစ်ပါတီ မဟာဗျူဟာ၏ အဓိက အစိတ်အပိုင်းများဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ သတင်း စစ်ဆင်ပုံနှင့်ပတ်သက်၍ 'ဘာဆက်လုပ်ရမှာလဲ' What is to be done စာအုပ်တွင် အသေးစိတ် ဖော်ပြခဲ့ဖူးသည်။

၁၉၁၇ ခုနှစ် ရုရှားတော်လှန်ရေး ပြီးဆုံးသောအခါ ရုရှားတော်လှန်ရေးအဖွဲ့များသည် နိုင်ငံရေးနည်းပရိယာယ်နှင့် စိမ့်ဝင်ထိုးဖောက်မှု လုပ်ငန်းများကို ကဏ္ဍသစ်ဖွင့်လှစ်ခဲ့သည်။ သူတို့၏ မဟာဗျူဟာပထမအဆင့်မှာ ဆိုရှယ်လစ်စနစ်ကို ယုံကြည်မှုရှိပြီး စည်းကမ်းသေဝပ်သည့် အထောက်တော်များကို သိမ်းသွင်း၍ အရင်းရှင်စနစ် လူ့အဖွဲ့အစည်းသို့ စိမ့်ဝင်ထိုးဖောက်ရန် ဖြစ်သည်။

လှည့်စားခြင်း၊ အရင်းရှင် လူ့အဖွဲ့အစည်း၏ အချက်အချာကျသော အုပ်ချုပ်မှုဆိုင်ရာ နေရာများကို ပြောက်ကျားနည်းဖြင့် ထိုးဖောက်တိုက်ခိုက်ခြင်းနှင့် တခြား လျှို့ဝှက်နိုင်ငံရေးလုပ်ငန်းများသည် ရုရှားတော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ရုရှားထောက်လှမ်းရေးအဖွဲ့များ ဆင်နွှဲခဲ့သည့် 'အော်ပရေးရှင်းထရပ်စ်' စစ်ဆင်ရေးသည် နိုင်ငံရေးလှည့်ဖြားခြင်း၊ တန်ပြန်ထောက်လှမ်းခြင်း၊ လှုံ့ဆော်ခြင်းနှင့် နိုင်ငံရေး၊စစ်ရေး မဟာဗျူဟာများကို ပေါင်းစုထားခြင်းဖြစ်ရာ ထိုစစ်ဆင်ရေးသည် အနောက်နိုင်ငံအစိုးရများ၊ ထောက်လှမ်းရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာပြည်ပြေးများ ခိုလှုံရာစခန်းတို့ကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဦးနှိမ်ပစ်ခဲ့သည်။ ထိုစစ်ဆင်ရေးလုပ်ပြီး ငါးနှစ်ခန့်ကာလအတွင်း ရုရှားထောက်လှမ်းရေးအဖွဲ့သည် အနောက်နိုင်ငံ သတင်းစာလောကတွင် ရုရှားနယ်မြေပေါ်၌ လှုပ်ရှားနေသော ဆိုဗီယက်ဆန့်ကျင်ရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ သတင်းများ ဖန်တီးထည့်သွင်း နိုင်ခဲ့သည်။ ပြည်ပသို့ထွက်ပြေးသော ရုရှားပြည်ပြေးများကိုလည်း ရုရှားနိုင်ငံသို့ ပြန်လည်ခေါ်ယူပြီး အများစုကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

## ရှေးဦးကာလ သတင်းစစ်ဆင်ရေး

၁၉၃၀ပြည့်နှစ်ဝန်းကျင် ကာလများသည် ဆိုဗီယက်နိုင်ငံနှင့် နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုများအတွက် အကြမ်းပတမ်း လှုပ်ရှားရသောကာလများဟု လူပြောများခဲ့သည်။ ထိုကာလက လှုပ်ရှားမှုများသည် အနောက်နိုင်ငံများသို့ ထွက်ပြေးသွားသော ရုရှားပြည်ပြေးအဖွဲ့အစည်းများနှင့် ပြည်ပြေးနိုင်ငံရေးခေါင်းဆောင်များအပေါ် ဦးတည်ပစ်မှတ်ထားခဲ့ခြင်း ဖြစ်သည်။ ဆိုဗီယက် အထောက်တော်အများအပြားသည် ထိုပြည်ပြေးအဖွဲ့အစည်းများအတွင်းသို့ စိမ့်ဝင်ပြီး ခေါင်းဆောင်များကို ထိန်းချုပ်ကာ တစ်ဦးနှင့်တစ်ဦး မယုံသင်္ကာဖြစ်စေခြင်းတို့ကို သတင်းစစ်ဆင်ရေးများ ပြုလုပ်ဖန်တီးနိုင်ခဲ့သည်။

တစ်ဆက်တည်းပင် ဆိုဗီယက် ထောက်လှမ်းရေးအဖွဲ့များသည် ပြည်ပရှိ ကွန်မြူနစ်ပါတီဝင်များထဲမှ မိမိတို့၏ အထောက်တော်များရွေးချယ်၍ ယင်းသက်ဆိုင်ရာ နိုင်ငံအစိုးများကို လှေ့လာစေနိုင်ခဲ့သည်ဟု လည်းကောင်း၊ ဩဇာရှိသော အထောက်တော်များအဖြစ် လည်းကောင်း သတ်မှတ်ထားကြသည်။

၁၉၃၆ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ဖြစ်ပွားခဲ့သော စပိန်ပြည်တွင်းစစ်တွင် ဆိုဗီယက်တို့သည် စစ်ရေးဆိုင်ရာ ပစ္စည်းများ၊ လက်နက်များ၊ နည်းပြဆရာများ၊ ထောက်လှမ်းရေးအဖွဲ့ဝင်များနှင့် လျှို့ဝှက်ပုလိပ်များကို စေလွှတ်ခဲ့သည်။ လျှို့ဝှက်ပုလိပ်များသည် ရန်သူ၏ တန်ပြန်ထောက်လှမ်းရေးသမားများ၊ နိုင်ငံရေးရာအရ အမြင်စောင်းနေသူများ၊ သံသယရှိသူများကို ထက်မြက်စွာ ရှာဖွေဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဆိုဗီယက်လျှို့ဝှက်လုပ်ငန်းများသည် စစ်ရေးကိစ္စများကိုသာ အလေးပေးခဲ့သည်။ ဆိုဗီယက်ထောက်လှမ်းရေး အဖွဲ့အစည်းများသည် သတင်းစစ်ဆင်ရေး၊ စိတ်ဓာတ်စစ်ဆင်ရေးများနှင့် ပတ်သက်သည့် မဟာဗျူဟာနှင့် နည်းဗျူဟာ အစီအစဉ်အများအပြားကို ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးကို အထူးတပ်ဖွဲ့များ၊ အေဂျင်စီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ စစ်ထောက်လှမ်းရေး ဂျီအာယူ၊ အမျိုးသာထောက်လှမ်းရေး အင်ကေဗွီဒီအဖွဲ့နှင့် ပါတီဝင်ပြောက်ကျားစစ်ဆင်ရေး ဗဟိုဦးစီးအဖွဲ့တို့ ပါဝင်ခဲ့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်မှ ဖွဲ့စည်းပေးခဲ့သော ပါတီဝင်ပြောက်ကျား စစ်ဆင်ရေး ဗဟိုဦးစီးအဖွဲ့မှာ သူလျှိုလုပ်ငန်းများ၊ အဖျက်လုပ်ငန်းများ၊ ပြောက်ကျားစစ်ဆင်ရေးများနှင့် ဂျာမန်စစ်ကြောင်း နောက်ပိုင်းများတွင် ချောင်းမြောင်းပစ်ခတ်မှုများ ပြုလုပ်ရန် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်သည်။

ထိုစဉ်က ကေဂျီဘီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်ကြီးစီးနက်ဓိက အဆိုပါတပ်ဖွဲ့များသည် သတင်းစစ်ဆင်ရေးနှင့် လှည့်စားမှုလုပ်ငန်းများကို ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောဆိုခဲ့ဖူးသည်။

## လွှတ်လပ်သော ဂျာမနီကော်မတီ

ဆိုဗီယက်တပ်ဖွဲ့များသည် 'လွှတ်လပ်သော ဂျာမနီကော်မတီ'ခေါ် အဖွဲ့အစည်း၏အကူအညီဖြင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆင်နွှဲခဲ့သည်။ အဆိုပါကော်မတီတွင် ဂျာမန်လူမျိုး ကွန်မြူနစ်ပါတီဝင်များနှင့် နိုင်ငံရေးအရ ယုံကြည်စိတ်ချရသော ဂျာမန်စစ်သုံ့ပန်းများ ပါဝင်ဖွဲ့စည်းထားသည်။ ထိုကော်မတီသည် အသံချဲ့စက်များအသုံးပြုခြင်း၊ စာရွက်စာတမ်းများနှင့် သတင်းစာများ ဖြန့်ဝေခြင်းစသည့် သတင်းစစ်ဆင်ရေးလုပ်ငန်း လုပ်ကိုင်ခဲ့သည်ကို တွေ့ရပြီး ရည်ရွယ်ချက်မှာ ဂျာမန်စစ်သားများကို စစ်ဆက်မတိုက်ဘဲ လက်နက်ချအောင် စိတ်ဓာတ်စစ်ဆင်ရေးပင် ဖြစ်သည်။ 'လွှတ်လပ်သော ဂျာမနီအမည်ခံ' အသံလွှင့်ဌာနဟု အမည်ပေးထားသော ရုရှားမြေအောက် အသံလွှင့်ဌာနမှလည်း သုံ့ပန်းအဖြစ် ဖမ်းဆီးရမိထားသော ဂျာမန်စစ်ဘက်အရာရှိများ၏ ပြောကြားချက်များကို အသုံးပြု၍ စစ်မြေပြင်ရှိ ဂျာမန်စစ်သားများထံ အသံလွှင့်ခဲ့သည်။ ဂျာမန်စစ်သားများအား စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်ပြီး လက်နက်ချသွားစေရန် ဖြစ်သည်။

ဆိုဗီယက်တို့၏ စိတ်ဓာတ်စစ်ဆင်ရေးနှင့် လူထုဆက်ဆံရေး ဆောင်ရွက်ချက်များသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးသောအခါတွင်လည်း အဆင့်ဆင့်သုတေသနပြုကာ တိုးတက်မှုများရှိလာခဲ့၏။ ၁၉၄၅ခုနှစ်မှ ၁၉၄၈ခုနှစ်အထိ ပထမအဆင့်၌ 'ဥရောပတိုက် လွှတ်မြောက်မှုတော်လှန်ရေး' အတွက်ဟူသော စာသားနှင့် 'ဆိုရှယ်လစ်ဝါဒအပေါ် သဘောတရားခံယူချက်မှန်ကန်ရေး' ဟူသော စာသားတို့ကို အခြေခံပြီး ဝါဒဖြန့်ယန္တရားကို စနစ်တကျထူထောင်ခဲ့သည်။

တခြားနိုင်ငံများ၏ ဌာနေကွန်မြူနစ်ပါတီဝင်များနှင့် လျှို့ဝှက်အထောက်တော်များကို အသုံးပြုပြီး သံတမန်နည်းလမ်းအရ လိမ္မာကျွမ်းကျင်စွာ ဆောင်ရွက်နိုင်မှုကြောင့် ဆိုဗီယက်တို့သည် ဗဟိုဥရောပနှင့် အရှေ့ဥရောပနိုင်ငံများ၏ နိုင်ငံရေးစနစ်များကို တဖြည်းဖြည်း သာယာညင်းပျောင်းစွာ ပြောင်းလဲနိုင်ခဲ့သည်။ ၁၉၄၈ခုနှစ်မှ ၁၉၅၉ခုနှစ်ကာလများ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အတွင်း ဆိုဗီယက်တို့သည် အရှေ့အုပ်စု ထောက်လှမ်းရေးအဖွဲ့များ၏ အကူအညီဖြင့်လည်းကောင်း၊ ဆိုဗီယက်နိုင်ငံခြားရေး ဝါဒကိုထောက်ခံသော နိုင်ငံတကာအဖွဲ့အစည်းများ ဖွဲ့စည်း၍လည်းကောင်း လျှို့ဝှက် စိတ်ဓာတ်စစ်ဆင်ရေးနှင့် ဝါဒဖြန့်ချိရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။ သို့ရာတွင် ထိုအချိန်က စိတ်ဓာတ်စစ်ဆင်ရေး လုပ်ငန်းများကို စနစ်တကျ ပုံစံချမှတ်ခြင်းနှင့် ညှိနှိုင်းခြင်းတို့ပြုလုပ်ပေးရန် ဦးဆောင်ဦးရွက် အဖွဲ့အစည်းတစ်ခု မရှိသေးသဖြင့် အောင်မြင်သင့်သလောက် မအောင်မြင်နိုင်ခဲ့ပါ။

## ရှော့ဖ်လားအစီရင်ခံစာ

စာချွက်စာတမ်းများ တုပပြုလုပ်ခြင်းသည်လည်း ထိုစဉ်က သတင်းစစ်ဆင်ရေးတွင် လူကြိုက်များသော အောင်မြင်ရေး နည်းလမ်းတစ်ခု ဖြစ်ခဲ့သည်။ အရှေ့အုပ်စု ထောက်လှမ်းရေးအဖွဲ့များက အမေရိကန်ဆန့်ကျင်ရေး စိတ်ဓာတ်များ ပေါ်ပေါက်စေရန် တမင်ဖန်တီးထားသည့် သက်သေအထောက်အထားများကို ပြန်လည်ကိုးကား၍ ဝါဒဖြန့် စစ်ဆင်ရေး ပြုလုပ်ခဲ့ကြသည်။ ဥပမာ - ရှော့ဖ်လားပေးစာဆိုသော စာတစ်စောင်တွင် ဖန်တီးထားသော စွပ်စွဲချက်များ တွေ့ရှိရသည်ဟု စီအိုင်အေက စွပ်စွဲသည်။

၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက အရှေ့ဂျာမနီရှိ ပါတီသတင်းစာတစ်စောင်တွင် စာမျက်နှာများစွာ ပါသော 'နယ်လ်ဆင်ရော့ဖ်လားထံမှ သမ္မတအိုက်ဆင်ဟောင်ဝါ ထံသို့' ဟူသည့် ပေးစာပုံစံ အစီရင်ခံစာတစ်စောင် အကြောင်း ဖော်ပြခဲ့သည်။ ထိုစာထဲတွင် အမေရိကန်တို့အနေဖြင့် စစ်ရေးနှင့် စီးပွားရေးအထောက်အကူများကို အသုံးပြုပြီး နိုင်ငံခြား တိုင်းပြည်အမြောက်အမြားကို ထိန်းချုပ်သွားရန် အစိုးရစီမံချက်တစ်ခု ပါဝင်နေသည်။ ထိုစာအပေါ်တွင် ယုတ္တိမတန်သော စာလုံးပေါင်းသတ်ပုံ မှားယွင်းမှုများ၊ အသုံးအနှုန်းမှားယွင်းမှုများ ပါဝင်နေသည့်တိုင်အောင် အရှေ့ဥရောပ အစိုးရ သတင်းစာများနှင့် အနောက်ဥရောပနိုင်ငံများရှိ လစ်ဘရယ်သတင်းစာများတွင် ပြန်လည်ပုံနှိပ်ဖော်ပြခြင်း ခံခဲ့ရသည်။

၁၉၅၀ မှ ၁၉၅၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ကိုရီးယားစစ်ကာလအတွင်းတွင်လည်း ကေဂျီဘီသည် အမေရိကန်နိုင်ငံက ဓာတုအဆိပ်ဓာတ်ငွေ့ စစ်ဆင်ရေါ်များ ပြုလုပ်ခဲ့သည်ဟု မမှန်သတင်းများကို ကမ္ဘာအနှံ့ ထုတ်လွှင့်ခဲ့ခြင်းဖြင့် သတင်းစစ်ဆင်ရေးထိုးစစ်တစ်ခု ဆင်နွှဲခဲ့သည်ဟု အမေရိကန်တို့က စွပ်စွဲထားသည်။ အမှန်အားဖြင့် ၁၉၅၀ ပြည့်နှစ်ကျော် ကာလများသည် ဆိုဗီယက်နှင့် အမေရိကန်ထောက်လှမ်းရေးအဖွဲ့တို့ အပြန်အလှန် ဝါဒဖြန့်စစ်ဆင်ရေး ကျယ်ကျယ်ပြန့်ပြန့် ဆင်နွှဲခဲ့သော ကာလဖြစ်ပါသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကေဂျီဘီသည် တချို့ သတင်းစစ်ဆင်ရေးဆင်နွှဲမှုကို ပြည်ပြေးအဖွဲ့များထဲမှ ထင်ရှားသည့်ခေါင်းဆောင်များအပေါ် ရည်ရွယ်ဆင်နွှဲခြင်း ဖြစ်သည်ဟုဆိုသည်။ တချို့လုပ်ရပ်များမှာမူ အနောက်နိုင်ငံများသို့ အမှောင့်လုပ်ငန်း သတင်းထုတ်လွှင့်ခြင်း (Subversion) ဖြစ်သည်။ ဥပမာအားဖြင့် ချက်ထောက်လှမ်းရေးအဖွဲ့သည် အနောက်ဂျာမနီနိုင်ငံအတွင်း၌ အမှန်တကယ်မရှိသော 'ဂျာမန်လွတ်မြောက်ရေးတိုက်ပွဲဝင်အုပ်စု' ဟု အမည်ခံထားသည့် အဖွဲ့အမည်ဖြင့် အမေရိကန်ဆန့်ကျင်ရေး၊ ဗြိတိန်နှင့်ပြင်သစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်ဟု စီအိုင်အေက စွပ်စွဲထားသည်။ ခြိမ်းခြောက်စာများကို ဂျာမနီရှိ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်သံအမတ်ကြီးများနှင့် ထိုနိုင်ငံများမှ စစ်သားများ (ဂျာမနီမြေပေါ်တွင် တပ်စွဲထားသူများ) ထံ ပေးပို့ခဲ့သည်ဟု ဆိုသည်။ ၁၉၅၀ ပြည့်နှစ် အတွင်းက ပြင်သစ်သံတမန်တစ်ဦး၏ဇနီးသည် သူမ၏ခင်ပွန်းထံ ပေးပို့မည့် ဆေးပြင်းလိပ်သေတ္တာကို ဖွင့်လိုက်စဉ် ဗုံးပေါက်ကွဲ၍ သေဆုံးခဲ့သည်။ ထိုကိစ္စမှာလည်း ချက်ကိုဆလိုဗက်ထောက်လှမ်းရေးကို သံသယဝင်ကြကြောင်း အနောက်အုပ်စုထောက်လှမ်းရေးအသိုက်အဝန်းကဆိုသည်။ ရည်ရွယ်ချက်မှာ အနောက်ဂျာမနီတွင် ယခုထက်တိုင် နာဇီဖက်ဆစ်မျိုးဆက်များ ရှိနေသေးကြောင်း တစ်ကမ္ဘာလုံးရှိ ပြည်သူများက အနောက်ဂျာမနီကို ဆန့်ကျင်လာစေရေးအတွက် ဖြစ်ပုံရသည်ဟု ချက်တို့ကို စွပ်စွဲကြသည်။

၁၉၅၉ ခုနှစ်တွင် ကေဂျီဘီသည် ပထမညွှန်ကြားရေးမှူးရုံးအောက်၌ ဌာနအသစ်တစ်ခု ဖွင့်လှစ်ခဲ့ကြောင်း၊ ထိုဌာနသည် ရန်သူ၏ အားနည်းချက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာရန်နှင့် ထိုအားနည်းချက်အပေါ် အမြတ်ထုတ်၍ လှို့ဝှက်ဝါဒဖြန့် သတင်းစစ်ဆင်ရေးပြုလုပ်ရန် ကျွမ်းကျင်သူ ၇၀ ခန့် တာဝန်ပေးခဲ့ကြောင်းဖြင့် အက်ဖ်ဘီအိုင်ထောက်လှမ်းရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုဌာနဖွင့်လှစ်ခြင်းသည် အရှေ့အုပ်စုမဟုတ်သော ကမ္ဘာကို လှို့ဝှက်သတင်းစစ်ဆင်မှုနှင့် ဝါဒဖြန့်စစ်ဆင်မှုများ ပြုလုပ်ရန် ကဏ္ဍအသစ်တစ်ရပ် ဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်ဟုလည်း ဆိုသည်။ ထိုကာလမတိုင်မီ ကေဂျီဘီ၏ စိတ်ဓာတ်စစ်ဆင်ရေးနှင့် လူထုဆက်ဆံရေးလုပ်ငန်းများသည် ကမ္ဘာ့နေရာတချို့တွင် အထူးသဖြင့် တတိယကမ္ဘာ့နိုင်ငံများတွင် နေ့စဉ်ဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်းကိစ္စများနှင့် နိုင်ငံရေးသိမ်းသွင်းမှုအတွက် ကြိုးပမ်းမှုများသာ ဖြစ်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၆၃ ခုနှစ်အတွင်း အရှေ့ဂျာမနီ၊ ချက်ကိုဆလိုဗက်ကီးယား၊ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယား၊ ပိုလန်တို့တွင်လည်း အလားတူဝါဒဖြန့်ချိရေးနှင့် သတင်းစစ်ဆင်ရေး ဌာနအသစ်များ ဖွင့်လှစ်ခဲ့ကြောင်း သတင်းများပေါ်ထွက်လာသည်။

ချက်တို့၏ စိတ်ဓာတ်စစ်ဆင်ရေးနှင့် လူထုဆက်ဆံရေးဌာနသည် ၁၉၆၅ ခုနှစ် တစ်နှစ်တည်း၌ပင် စစ်ဆင်ရေးပေါင်း ၁၀၀ ခန့် ဆင်နွှဲခဲ့ကြောင်း တခြား အရှေ့အုပ်စုဝင်နိုင်ငံများကလည်း စုစုပေါင်း အလားတူစစ်ဆင်ရေးမျိုး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



၃၀၀ မှ ၄၀၀ အထိ နှစ်စဉ်ဆင်နွှဲခဲ့ကြောင်း သိရသည်။ ကေဂျီဘီသည် အရှေ့အုပ်စု ထောက်လှမ်းရေးအဖွဲ့အားလုံးကို ညှိနှိုင်းကွပ်ကဲသူအဖြစ် ဆက်လက်ရပ်တည်ပေးရင်း ထောက်လှမ်းရေးအဖွဲ့အချင်းချင်း လွတ်လပ်စွာ လုပ်ငန်းဆက်သွယ်ဆောင်ရွက်ခွင့်ပြုခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင်မှ ကေဂျီဘီသည် မိမိ၏ သတင်းစစ်ဆင်ရေးဌာနကို 'အေလုပ်ငန်းဌာန' ဟု အမည်ပေးကာ အဆင့်တိုးမြှင့်ခဲ့သည်။

## တင်းမာမှုလျှော့ပါးရေးဟူသော လက်သုံးစကား

အမေရိကန်သမ္မတနစ်ဆင်အစိုးရနှင့် ဆိုဗီယက်သံအမတ်ကြီး အနာတိုလီဒိုဘရီနင်တို့ ၁၉၆၉ ခုနှစ်က ထူးခြားသော ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲ၏ မျှော်မှန်းချက်မှာ 'တင်းမာမှုလျှော့ပါးရေး' ကို အကောင်အထည်ဖော်လိုက်လျှင် မဟာအင်အားကြီး အုပ်စုနှစ်ခုသည် စီးပွားရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုတို့တွင် တစ်ဟုန်ထိုး တိုးတက်လာလိမ့်မည်ဟူ၍ ဖြစ်သည်။ တင်းမာမှုလျှော့ပါးရေးဖြင့် အရှေ့အလယ်ပိုင်းဒေသအပါအဝင် တစ်ကမ္ဘာလုံးအနှံ့ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်ဖြစ်ပြီး နေရာတကာတွင် နိုင်ငံရေးတည်ငြိမ်မှုများသည်လည်း သံတမန်ဆိုင်ရာ ဇေ့စပ်ဆွေးနွေးမှုများဖြင့် ရရှိလာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့ဖြင့် ၁၉၇၂ ခုနှစ်တွင် အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင်သည် မော်စကိုမြို့၌ ဆိုဗီယက်ခေါင်းဆောင်များနှင့်အတူ ပထမဆုံးအကြိမ် မဟာဗျူဟာလက်နက်များ လျှော့ချရေးကိစ္စ သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့လေသည်။

နောက်ထပ် နှစ်နှစ်ကြာသောအခါ သမ္မတဂျရယ်ဖို့ဒ်ကလည်း အလားတူ လက်မှတ်ရေးထိုးခဲ့ပြန်သည်။ ဤသို့ တင်းမာမှုလျှော့ချရေးကြောင့် ဆိုဗီယက်တို့သည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများတွင် အသိအမှတ်ပြုလာကြလိမ့်မည်ဟု မှားယွင်းစွာ ယူဆမိပါကြောင်း နောက်တွင် အမေရိကန်ခေါင်းဆောင်များက ဝါဒဖြန့်ခဲ့ကြသည်။ ၁၉၇၅ ခုနှစ်အတွင်း အင်ဂိုလာ၌ အရှေ့အုပ်စု၏ ဝင်ရောက်စွက်ဖက်မှု၊ ၁၉၇၈ ခုနှစ်တွင် အီသီယိုပီးယားနှင့် ဆိုမာလီယာတို့တွင် ဖြစ်ပွားသော စစ်ပွဲ၌ ဆိုဗီယက်နှင့်ကျူးဘားတို့ ထောက်ပံ့ကူညီခဲ့မှု၊ ဆိုဗီယက်နိုင်ငံအတွင်း၌ လူ့အခွင့်အရေးများ၊ ဖိနှိပ်ချုပ်ချယ်နေမှုများသည် ဆိုဗီယက် - အမေရိကန် ဆက်ဆံရေးကို ထိခိုက်စေပါသည်ဟု အမေရိကန်တို့က ဆိုသည်။ ဆိုဗီယက်တို့ကလည်း အမေရိကန်တို့၏ တစ်ကမ္ဘာလုံး ဗိုလ်ကျစိုးမိုးမှုမှကာကွယ်ရန် နိုင်ငံငယ်များကို ကူညီခြင်းသာ ဖြစ်ပါသည်ဟု ဆိုသည်။

၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ဆိုဗီယက်တို့ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဝင်ရောက်မှုသည် တင်းမာမှု လျှော့ပါးရေးကို မထိမဲ့မြင် ပြုလုပ်ခြင်းဟုလည်းကောင်း၊ တင်းမာမှုလျှော့ချရေးသည် ၁၉၆၈ခုနှစ် ချက်ကိုဆလိုဗက်ကီးယား

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသို့ စစ်ရေးအရ ဆိုဗီယက်တပ်များ ဝင်ရောက်မှုနောက်ပိုင်း အနိမ့်ကျဆုံး ဖြစ်ခဲ့သည်ဟုလည်းကောင်း စွပ်စွဲခဲ့သည်။ ဆိုဗီယက်တို့ကလည်း အာဖရန်နစ္စတန်အရေးတွင် အမေရိကန်တို့ စွက်ဖက်နေမှုမှာ ဆိုဗီယက် နောက်ဖေးခြံစည်းရိုးနားကပ်နေပြီဟု လည်းကောင်း၊ အလယ်အမေရိကနိုင်ငံများ၏ ပြည်တွင်းရေးတွင် အမေရိကန်တို့ ကျူးကျော်နေခြင်းဟု ကမ္ဘာ့ပြည်သူများအပေါ် တင်းမာမှုလျှော့ပါးရေးကို မျက်ကွယ်ပြုရာရောက်နေပြီဟု လည်းကောင်း ပြန်လည်စွပ်စွဲခဲ့သည်။

အမေရိကန်သတင်းစာများက ဆိုဗီယက်တို့ တရားဝင်ကြေညာသော နိုင်ငံခြားရေးဝါဒများကို ဆိုဗီယက်တို့၏ နိုင်ငံခြားရေးဆိုင်ရာ စစ်မှန်သော မူဝါဒရည်မှန်းချက်များဟု မှားယွင်းစွာ အဓိပ္ပာယ် ကောက်ယူမိခဲ့ကြပါသည်ဟု ဆိုသည်။ ဆိုဗီယက်တို့ တရားဝင် ထုတ်ပြန်ကြေညာသော စာရွက်စာတမ်းများကို အသေးစိတ်လေ့လာကြည့်ပါက အပေါ်ယံသဘောထားဖြစ်ပြီး အလေးအနက်သဘော မပါရှိကြောင်း တွေ့ရမည်ဟု ရေးသားကြသည်။ ကေဂျီဘီ၏ နိုင်ငံတကာရေးရာတွင် ညည်းမဲ့ကမ်းမဲ့ လုပ်ကိုင်နေမှုများကိုပင် ဆိုဗီယက်အစိုးရက သမားရိုးကျ နိုင်ငံတကာဆက်ဆံရေး အခြေခံလုပ်ထုံးလုပ်နည်းဟု ခံယူနေသည်လား မပြောတတ်ပါဟုလည်း ထိုးနှက်ရေးသားကြသည်။

ဆိုဗီယက်ခေါင်းဆောင်များသည် မည်သည့်လုပ်ငန်းမဆို လျှို့ဝှက်လမ်းကြောင်းများမှတစ်ဆင့် လျှို့ဝှက်နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းသည် ပိုမိုထိရောက်မှုရှိသည်ဟု ခံယူထားပုံပေါ်ကြောင်း၊ ဆိုရှယ်လစ်ဝါဒီတို့သည် အရင်းရှင်တော်လှန်ရေးစနစ်ကြီးကို နိုင်ငံအားလုံးသို့ဖြန့်ဝေရန် တာဝန်ရှိသည်ဟု ထင်မြင်နေပုံရကြောင်း၊ တင်းမာမှုလျှော့ပါးရေးဟူသော ကြွေးကြော်သံမှာ တကယ်တော့ အရင်းရှင်စနစ်နှင့် ယှဉ်တွဲနေထိုင်နိုင်ရေး ကြိုးပမ်းမှုမဟုတ်ဘဲ လူတန်းစားတိုက်ပွဲ၏ နည်းပရိယာယ်တစ်ရပ်အဖြစ် ခံယူနေပုံရကြောင်းတို့ကို အမေရိကန်တို့က ကမ္ဘာသိအောင် တန်ပြန်ဝါဒဖြန့်ခဲ့သည်။

ဆိုဗီယက်တို့သည် သူတို့၏ဂုဏ်သိက္ခာနှင့် ဩဇာအာဏာကြီးမားကြောင်း ပြသရန်အတွက် ၁၉၄၈ ခုနှစ်တွင် ဘာလင်၌ပိတ်ဆို့ခြင်း၊ ၁၉၅၆ ခုနှစ်တွင် ဟန်ဂေရီ၌ စစ်ရေးအရ ဝင်ရောက်စွက်ဖက်ခြင်း၊ ၁၉၆၂ ခုနှစ်တွင် ကျူးဘားဒုံးပျံပြဿနာဖန်တီးခြင်း၊ ၁၉၆၈ ခုနှစ်၌ ချက်ကိုဆလိုဗက်ကီးယားသို့ စစ်ရေးအရဝင်ရောက်ခြင်း၊ ၁၉၇၉ ခုနှစ်တွင် အာဖဂန်နစ္စတန်သို့ ဝင်ရောက်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ ထိုသို့ ကျူးကျော်မှုများ ပြုလုပ်ပြီးတိုင်း ကမ္ဘာပေါ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို အနောက်အုပ်စုက ချိုးဖောက်ခဲ့၍သာ နိုင်ငံငယ်များကို ဝင်ရောက်ကူညီနေပါသည်ဟု ဝါဒဖြန့်လေ့ရှိကြောင်း အမေရိကန်တို့က ထောက်ပြသည်။ ကေဂျီဘီသည်လည်း အလားတူပင် တစ်ကမ္ဘာလုံးအနှံ့ ပျုံကလီးယားစစ်ပွဲအန္တရာယ် ဆန့်ကျင်လှုံ့ဆော်ခြင်းဖြင့် ကမ္ဘာ့အမြင်ကောင်းအောင် သတင်းစစ်ဆင်မှု ပြုလုပ်လေ့ရှိသည်ဟု ဆိုသည်။

၁၉၈၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဆိုဗီယက်သမ္မတ ဘရက်ဇ်နက်က ပြည်ပခြိမ်းခြောက်မှုများ ရပ်တန့်သည့် နောက်ပိုင်းမှသာ ဆိုဗီယက်တပ်များ အာဖဂန်နစ္စတန်နိုင်ငံမှ ဆုတ်ခွာပေးမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အနောက်အုပ်စုစာနယ်ဇင်းများက ဆိုဗီယက်တို့ ဟန်ဂေရီတော်လှန်ရေးကို ဝင်ရောက်နှိမ်နင်းပြီး ၂၇ နှစ်နှင့် ချက်ကို ဆလိုဗက်ကီးယားနိုင်ငံသို့ ဝင်ရောက်ပြီး ၁၅ နှစ် ရှိနေပြီဖြစ်သော်လည်း ရုရှားတပ်ဖွဲ့များသည် ဆက်လက်တပ်စွဲထားနေကြဆဲပါဟု ထောက်ပြကြသည်။

ဆိုဗီယက်ထောက်လှမ်းရေးအဖွဲ့များသည် အနောက်နိုင်ငံများအကြောင်း၊ အနောက်ဘက် စာနယ်ဇင်းများအကြောင်းကို နှောကျေနေကြပြီဟု ဆိုသည်။ အနောက်အုပ်စု၏ ဝါဒဖြန့်မှုကြောင့် ဆိုဗီယက်တို့အပေါ် အမြင်စောင်းနေသော အနောက်နိုင်ငံများမှ ပြည်သူများသည် ကိစ္စတစ်ခုပြီးသွားသည်နှင့် နှစ်နှစ်၊ သုံးနှစ်အတွင်း မေ့လျော့သွားကြလိမ့်မည်ဟူ၍ လည်းကောင်း၊ အနောက်အုပ်စုသတင်းစာများသည် ဆိုဗီယက်တို့အပေါ် အပြစ်တင်နေရာမှ မကြာမီပင် တခြား ပိုမိုစိတ်ဝင်စား ဖွယ်ရာ သတင်းများနောက်သို့ လိုက်သွားကာ ပြီးပြီးပျောက်ပျောက် ဖြစ်သွားလိမ့်မည်ဟူ၍ လည်းကောင်း၊ အမေရိကန် နိုင်ငံရေးသမားများကလည်း ဆိုဗီယက်တို့အပေါ် ကိစ္စတစ်ခုအတွက် အပြစ်မြင်နေမှုကို မကြာမီ မေ့လျော့တာ နောက်ထပ် စေ့စပ်ဆွေးနွေးပွဲ တစ်ခုဆီသို့ အပြေးအလွှား ချဉ်းကပ်ကြတော့မည်ဟူ၍ လည်းကောင်း ဆိုဗီယက်တို့ဘက်က ကြိုတင်တွက်ထားမည်သာဖြစ်ကြောင်း ဝေဖန်သူများက ထောက်ပြကြသည်။

နိုင်ငံရေးမူဝါဒနှင့် ပတ်သက်၍ ဆိုဗီယက်တို့သည် ရေရှည် စီမံကိန်းများချမှတ်၍ ကစားနေကြသော်လည်း အနောက်ဘက်အုပ်စုတွင် ရေရှည်တန်ပြန်စီမံကိန်း ချမှတ်ထားမှုများ မရှိကြ။ ရောက်သည့်အချိန်မှစတင်၍ ရေရှည် တန်ပြန်စီမံကိန်းချမှတ်ရန် အစပျိုးမှုမျိုးလည်း ၁၉၈၀ ပြည့်နှစ်ကျော်များအထိ မရှိသေးကြောင်းကို ဆိုဗီယက်တို့ကသိနေကြသည်။ အမေရိကန်နှင့် အနောက်နိုင်ငံများသည် ဆိုဗီယက်တို့လုပ်သမျှကို နောက်ကလိုက်နေသည့် သဘောဆောင်နေပြီး ကြိုတင်ထိန်းချုပ်သည့် အစီအမံဟူ၍ မရှိသလောက် ဖြစ်နေပုံကိုလည်း တစ်ဖက်က သိနေပုံရသည်။

## ဝင်ရိုးစွန်းနှစ်ခုနှင့် အင်ပါယာချဲ့ထွင်ရေး

အနောက်နိုင်ငံများ၏ အကဲဖြတ်ချက်အရ အရှေ့အုပ်စုဝင် နိုင်ငံများအတွင်း နိုင်ငံရေးနှင့်သဘောတရားရေး ပိုင်းတွင် သဘောထားကွဲလွဲမှုများ၊ ပဋိပက္ခများရှိနေသဖြင့် ဆိုဗီယက်အင်ပါယာ တဖြည်းဖြည်း ကျဆင်းစပြုနေပြီဟု ၁၉၇၀ ပြည့်နှစ်ကာလများအထိ ယူဆခဲ့ကြသည်။

အမေရိကန်သတင်းစာများကလည်း ဆိုဗီယက်စီးပွားရေး ကျဆင်းမှုများနှင့် တရုတ်နိုင်ငံနှင့် ပဋိပက္ခဖြစ်နေမှုများ၊ စက်မှုနှင့်စစ်ရေးကဏ္ဍတို့တွင် အမေရိကန်နှင့် ထိပ်တိုက်ရင်ဆိုင်နေမှုများကြောင့် 'တင်းမာမှုလျော့ပါးရေး' သည် မဟာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အင်အားကြီးနှစ်နိုင်ငံအကြား အမှန်တကယ် လိုအပ်ချက်တစ်ရပ်ဖြစ်နေပြီဟု ရေးသားကြသည်။ ဆိုဗီယက်လယ်ယာကဏ္ဍတွင်လည်း အခက်အခဲများရှိနေမှုကြောင့် မလုံလောက်သဖြင့် အနောက်နိုင်ငံများမှ စားသောက်ကုန်များ တင်သွင်းနေရမှုကြောင့် တင်းမာမှုလျှော့ပါးရေးဆီသို့ ရှေးရှုလာရတော့မည်ဟု ထင်မှတ်နေကြသည်။ သို့ရာတွင် အမေရိကန်တို့၏ တွက်ဆချက်မှာ လက်တွေ့နှင့်မအပ်စပ်သည့်အပြင် ၁၉၈၀ ပြည့်လွန်နှစ်များ၌ ဆိုဗီယက်အာဏာကျဆင်းရန် မဆိုထားဘိ၊ ကျူးဘားနိုင်ငံ၏ သြဇာပင်လျှင် လက်တင်အမေရိကန်နိုင်ငံများဆီသို့ ထိုးဖောက်ဝင်နေပြီဟု ဝေဖန်ရေးသမားများက သုံးသပ်ပြသည်။

မည်သို့ဆိုစေ၊ ဆိုဗီယက်တို့သည် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ ကမ္ဘာအနှံ့ အထိုက်အလျောက် အရေးနိမ့်မှုများတော့ ရှိခဲ့သည်။ ဥရောပ၌ တူရကီသည် အရှေ့အုပ်စု သြဇာချဲ့ထွင်ရေးအတွက် ပစ်မှတ်နိုင်ငံဖြစ်ခဲ့ပြန်သည်။ ပေါ်တူဂီ ကွန်မြူနစ်ပါတီသည်လည်း နိုင်ငံအတွင်း၌ တဖြည်းဖြည်း အကဲသာလာလိမ့်မည်ဟု ယူဆပုံလည်းရပါသည်။ တူရကီနိုင်ငံအတွင်း၌ စစ်အခြေစိုက်စခန်းသာ ဆိုဗီယက်တို့ ထူထောင်ခွင့်ရပါက အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံထက် မဟာဗျူဟာအရ အကဲသာပေလိမ့်မည်။

ပေါ်တူဂီတို့သည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးရာ ကျပ်တည်းမှုများ ကြုံလာရပါက နောက်ဆုံးတွင် အမေရိကန်နှင့် လမ်းခွဲသွားလိမ့်မည်ဟု ယူဆခဲ့သည်။ သို့သော် သံတမန်ရေးနှင့် လျှို့ဝှက်စစ်ဆင်ရေးများ အပြင်းအထန်ကြိုးပမ်းခဲ့ကြလင့်ကစား ပေါ်တူဂီနှင့်အမေရိကန်တို့၏ ပူးပေါင်းမှုကို ရပ်စဲအောင် မပြုလုပ်နိုင်ခဲ့ပေ။ အာဖရိကတွင်လည်း ဆိုဗီယက်တို့ အောင်မြင်မှုရော၊ ကျရှုံးမှုပါ ကြုံနေရသည်။ အရှေ့ဥရောပနိုင်ငံများနှင့် ကျူးဘားနိုင်ငံတို့၏ အကူအညီများဖြင့် ဆိုဗီယက်တို့သြဇာသည် အင်ဂိုလာ၊ အီသီယိုပီးယား၊ မိုဇမ် နိုင်ငံများတွင် အတော်အတန် သက်ရောက်နိုင်ခဲ့သည်။

သို့သော် ဆူဒန်၊ ရိုမေးနီးယားနှင့်အီဂျစ်တို့၌ အရေးနိမ့်မှုများ ကြုံတွေ့နေခဲ့ရသည်။ အာရှတွင် ဗီယက်နမ်၌ အမေရိကန်တို့ရှုံးနိမ့်ခြင်းနှင့် ကမ္ဘောဒီးယားတွင် ကွန်မြူနစ်တို့ အာဏာရလာခြင်းက ဆိုဗီယက်တို့၏ အောင်မြင်မှုဟု ဆိုနိုင်သော်လည်း ပိုပေါ့၏ခေါင်းဆောင်မှုကြောင့် ကမ္ဘောဒီးယားတို့သည် ဆိုဗီယက်နိုင်ငံထက် တရုတ်နိုင်ငံ ဘက်သို့ ပိုမိုအားကိုးသွားခဲ့ကြောင်း တွေ့ရပြန်လေသည်။ ၁၉၇၈ ခုနှစ်တွင် ဗီယက်နမ်သည် ကမ္ဘောဒီးယားကို ဝင်ရောက်စီးနင်းလိုက်ခြင်းကြောင့် တရုတ်နှင့်ကမ္ဘောဒီးယား နီးစပ်မှုပြဿနာကို ဖြေရှင်းနိုင်ခဲ့သော်လည်း ဗီယက်နမ်နှင့်ကမ္ဘောဒီးယားသို့ အကူအညီ ပံ့အောပေးနေရခြင်းက ဆိုဗီယက်တို့အတွက် စီးပွားရေးဖိစီးမှုတစ်ခု ဖြစ်လာရပြန်သည်။

သမားရိုးကျ ဆိုဗီယက်၏သြဇာချဲ့ထွင်ရေး မဟာဗျူဟာမှာ ဆိုဗီယက်လိုလားသော အစိုးရအဖွဲ့များကို နိုင်မာတောင့်တင်းအောင် အချိန်ယူ ထိုးဖောက်တည်ထောင်ထားပြီး တစ်ချိန်တည်းမှာပင် ထိုနိုင်ငံ၏ အကျိုးစီးပွားထိခိုက်ခြင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မရှိလေဟန် အယုံသွင်းထားခြင်း ဖြစ်လေသည်။ သို့ရာတွင် ၁၉၇၀ပြည့်နှစ်၌ မော်စကိုခေါင်းဆောင်များအနေဖြင့် အဓိကအမှားတစ်ရပ် ကျူးလွန်ခဲ့ကြသည်။ သူတို့၏ နိုင်ငံရေးနှင့် စစ်ရေးအာဏာတို့ကို ကမ္ဘာကြီး၏ နေရာအနှံ့သို့ အမြန်ဆုံးနှင့်အဝေးဆုံးသို့ ရောက်အောင် တစ်ချိန်တည်း၌ လောဘကြီးစွာ ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ တစ်ပြိုင်တည်း အနှံ့ပုံပိုးရမှုကြောင့် ဆိုဗီယက်တို့၏ စီးပွားရေးအင်အားသည် အသစ်မိခိုလာသောနိုင်ငံများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ခက်ခဲနေတော့သည်။

သို့ဖြင့် ဆိုဗီယက်ပြည်တွင်းရှိ စီးပွားရေးအခက်အခဲများသည် ဆိုဗီယက်နိုင်ငံကြီး၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို တွန်းတင်ရန် ခက်ခဲလာတော့၏။ အစိုးရ၏ဝါဒဖြန့်ချိရေး မီဒီယာများကပင် ပြည်တွင်းစိုက်ပျိုးရေး အားနည်းချက်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ စွမ်းဆောင်ရည် ညံ့ဖျင်းမှုတို့ကို ဝေဖန်ပြစ်တင်လာလေတော့သည်။

ဆိုဗီယက်စစ်ရေး အသုံးစရိတ်များပြားလာနေခြင်းကို လည်းကောင်း၊ မြောက်ဗီယက်နမ်နှင့် ကျူးဘားနိုင်ငံတို့ကဲ့သို့ မိမိအပေါ်မှီခိုနေသည့် နိုင်ငံများကို ထောက်ပံ့ရမှု ကြီးမားနေခြင်းကိုလည်းကောင်း အစိုးရစာနယ်ဇင်းများကိုယ်တိုင်က ထောက်ပြဝေဖန်လာကြသည်။ တရုတ်နိုင်ငံနှင့် ဆိုဗီယက်တို့ ပဋိပက္ခဖြစ်ပွားနေချိန်မှာပင် တရုတ်နှင့်အမေရိကန်ဆက်ဆံရေး ပိုမိုကောင်းမွန်လာနေခြင်းကြောင့် ရုရှားလက်နက်ကိုင်တပ်ဖွဲ့၏ အင်အား ၃ ပုံ ၁ ပုံကို တရုတ်နယ်စပ်တွင် ပြောင်းရွှေ့အခြေစိုက်ထားရသည်။

အမေရိကန်နိုင်ငံ အခြေအနေကိုကြည့်လျှင် တစ်ဖက်၌ တင်းမာမှုလျှော့ချရေး ကြိုးပမ်းနေချိန်တွင် တစ်ပြိုင်တည်း စစ်ရေးပြင်ဆင်မှုပြုလုပ်ရန် အစိုးရအနေဖြင့် အခက်အခဲရှိကြောင်း တွေ့ရသည်။ လွှတ်တော်နှင့် အတိုက်အခံတို့က လက်ခံမည်မဟုတ်ပေ။ တခြားသော ထောက်လှမ်းရေးမျက်နှာစာတွင်လည်း အမေရိကန်တို့ရှုံးနိမ့်ပြီး ကေဂျီဘီက အောင်မြင်နေခြင်းကို မျက်နှာပြရန် မပံ့မရဲဖြစ်နေပုံ ပေါ်သည်။ ကမ္ဘာအနှံ့တွင် ဆိုဗီယက်ထောက်လှမ်းရေးက လျှို့ဝှက်စစ်ဆင်ရေးများကို ရဲရဲတင်းတင်း ဆောင်ရွက်နေမှုအပေါ် နိုင်ငံတွင်းအုပ်စုများမှသော်လည်းကောင်း၊ အရှေ့အုပ်စု ဩဇာခံများအတွင်းမှသော်လည်းကောင်း ဆန့်ကျင်ဖိအားပေးသည့် အခြေအနေမျိုး မရှိနိုင်ပေ။

ဆိုဗီယက်တို့၏ ထောက်လှမ်းရေးလုပ်ငန်းများ အောင်မြင်မှုကြောင့် အမေရိကန်အစိုးရ အနေခက်နေချိန်တွင် လျှို့ဝှက်စစ်ဆင်ရေးများ မျက်နှာပြောင်တိုက် ဆင်နွှဲနေရမှုသည် ဆိုဗီယက်အစိုးရအဖို့တော့ လုပ်ရိုးလုပ်စဉ်ထက်ပို၍ ဘာမျှမခံစားမှု မရှိနိုင်ပေ။ စီအိုင်အေနှင့်မတူသည်မှာ ကေဂျီဘီသည် ဆိုဗီယက်နိုင်ငံခြားရေးဝါဒနှင့် ပတ်သက်ပြီး တိုက်ရိုက်ဝင်ရောက် ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်း ရှိနေခြင်းပင် ဖြစ်ပေသတည်း။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## လှည့်ဖြားမှုနည်းပညာ

နိုင်ငံကြီးနှစ်နိုင်ငံ အသုံးပြုနေကြသော လျှို့ဝှက်ဝါဒဖြန့်ချိရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဆိုသော စကားရပ်သည် အဓိပ္ပာယ်အတိအကျဖွင့်ဆိုနိုင်ရန် တကယ်တော့ မလွယ်ကူလှပါ။ စိတ်ဓာတ်စစ်ဆင်ခြင်း၊ စိမ့်ဝင်ထိုးဖောက်ခြင်း၊ လျှို့ဝှက်လှုပ်ရှားခြင်းဟူသည့် စကားရပ်များသည် ဝါဒဖြန့်ချိခြင်းဟူသော စကားရပ်နှင့် ထောက်လှမ်းရေးနယ်ပယ်တွင် အကျုံးဝင်သည်ဟု ဆိုနိုင်ပါသည်။ ဝါဒဖြန့်ချိခြင်းလုပ်ငန်းကို စစ်ရေးလှုပ်ရှားခြင်း၊ နိုင်ငံရေးလှုပ်ရှားခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ သံတမန်နည်းနှင့် ဖြောင်ဖွက်ဖက်ခြင်း၊ ထောက်လှမ်းရေးလုပ်ငန်းများဖြင့် လျှို့ဝှက်ဖွက်ဖက်ခြင်း လုပ်ငန်းများဖြင့် ကျားကန်ဆောင်ရွက်လေ့ရှိသောကြောင့် ဖြစ်ပါသည်။ တသီးတခြားစီ ဆောင်ရွက်လျှင် အောင်မြင်မှုမရှိဘဲ ပူးတွဲရောယှက်ဆောင်ရွက်ရသည့် သဘောရှိသည်။

ဟိုတစ်ချိန်တုန်းက ဆိုဗီယက်တို့၏ နိုင်ငံရေးဩဇာချဲ့ထွင်ရေးတွင် ဖြောင်နည်းလမ်းများ ကျင့်သုံးသကဲ့သို့ လျှို့ဝှက်နည်းလမ်းများလည်း ကျင့်သုံးခဲ့ဖူးသည်။ တစ်ခုနှင့်တစ်ခု ဆက်စပ်၍လည်း အသုံးပြုသည်။ ပူးပေါင်းဂယောဆက်၍လည်း အသုံးပြုသည်။ အစိုးရ၏ တရားဝင်လုပ်ရပ်နှင့် ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ လျှို့ဝှက်တရားမဝင်လုပ်ရပ်တို့ သီးခြားဖြစ်လေဟန် မသိကျိုးကျွန်ပြု၍လည်း အသုံးပြုခဲ့ကြသည်။ သို့သော် အလွန်ထိရောက်မှုရှိသော အကျိုးသွားများကိုထား လက်ဝယ်ပိုင်ပိုင် ရရှိခဲ့ကြသည်။

ဟစ်တလာသည် နိုင်ငံတစ်ခုအပေါ်တွင် သံတမန်နည်းအရ ဖိအားပေးမှုကို ထိုနိုင်ငံ၏ လူနည်းစုကလေး၏ ဆန့်ကျင်တော်လှန်မှုများနှင့် ပူးတွဲ၍ အသုံးပြုလေ့ရှိသည်။ ထိုအကြောင်းကို အင်ဒရူးအမ်းစတော့ဆိုသူက အကျယ်တဝင့် ဆွေးနွေးရေးသားခဲ့ဖူးသည်။ ပညာရှင် ဂျွန်အီးမာစတန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ တစ်စုံတစ်ခုသော၊ လူထုအပေါ် ဩဇာသက်ရောက်လွှမ်းမိုးမှုရှိသော စကားလုံးများ၊ သို့မဟုတ် ပြုလုပ်မှုများ၊ သို့မဟုတ် အခြေအနေဖန်တီးမှုများသည် ပြည်သူ့ဆက်ဆံရေးလုပ်ရပ်ဟု ခံယူနိုင်ကြောင်းဟု ဆိုပါသည်။ ဟိုတစ်ချိန်က ဆိုဗီယက်တို့၏ လျှို့ဝှက်စစ်ဆင်ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး လုပ်ငန်းသည်လည်းကောင်း၊ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းသည်လည်းကောင်း သွေးဆောင်သည့်လုပ်ငန်းနှင့် တွန်းအားပေးသည့် လုပ်ငန်းတို့အပေါ်တွင် အခြေစိုက်ထားလေသည်။ သို့ရာတွင် လုပ်ငန်းအခြေခံစည်းမျဉ်းနှင့် ရည်ရွယ်ချက်များမှာမူ ကွဲပြားမှုရှိသည်။

ပုံမှန်အားဖြင့် ပြည်သူ့ဆက်ဆံရေး ကျွမ်းကျင်သူတစ်ဦး၏ ရည်ရွယ်ချက်မှာ သူ တာဝန်ယူရသော ကိစ္စတစ်ရပ်နှင့် ပတ်သက်ပြီး အများအမြင်တွင် သူ၏ လုပ်ကိုင်မှုပုံရိပ်ကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ပြုလုပ်ပြခြင်းသာ ဖြစ်ပေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် လျှို့ဝှက်ဝါဒဖြန့်ချိရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ခံဆောင်ရွက်ရသူတစ်ဦးသည် အဆိုပါ ပြည်သူ့ဆက်ဆံရေး၏ အခြေခံမှုများနှင့် နည်းပညာများကို လက်တွေ့တွင် ပြောင်းပြန်အသုံးပြုရပေမည်။ လျှို့ဝှက်လုပ်ကိုင်သူသည် ပြည်သူများ၏ခံစားမှုကို အကဲခတ်သည်။ သူ ပစ်မှတ်ထားရာ နိုင်ငံအတွင်းရှိ ပြည်သူများ၊ အဖွဲ့အစည်းများ၏ စိတ်ပါဝင်စားမှုရှိသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရှာဖွေသည်။ ထို့နောက် ပစ်မှတ်အဖွဲ့အစည်း၏ပုံရိပ်ကို အသွင်ပြောင်းရန် စီမံချက်ချသည်။ နားလည်မှု လွဲမှားနေခြင်းများကို ရှာဖွေဖော်ထုတ်ခြင်း မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များကို ပြောင်းအောင် ဆောင်ရွက်သည်။ နိုင်ငံကြီးတစ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ ထိုးစစ်လက်နက်တစ်ခုမှာ တခြားပစ်မှတ်နိုင်ငံများ၏ ဆက်ဆံရေးကို စနစ်တကျပျက်ပြားအောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။ မိမိနိုင်ငံ၏ရန်သူကို သိက္ခာကျအောင် ပြုလုပ်သည်။ မိမိ၏ စီမံချက်နှင့်မူဝါဒများကို လက်ခံလာအောင်၊ နိုင်ငံခြားအစိုးရများအပေါ်တွင် ဩဇာသက်ရောက်မှု ရှိလာအောင် ပြုလုပ်သည်။

ထိုကဲ့သို့ လျှို့ဝှက်သတင်းစစ်ဆင်ရေးများ ပြုလုပ်ရာတွင် မမှန်သတင်းလွှင့်ခြင်း၊ အနက်ရောင်ဝါဒဖြန့်ချိခြင်း၊ ဆင်တူရိုးမှားပြုလုပ်ခြင်း၊ ကောလာဟလထုတ်လွှင့်ခြင်း၊ တပ်ဦးအဖွဲ့အစည်းများ ဖွဲ့စည်းပေးခြင်း၊ ဩဇာသက်ရောက်သော အထောက်တော်များ မွေးမြူခြင်း၊ တခြားနိုင်ငံများ၏ သိပ္ပံပညာ၊ စီးပွားရေးဆိုင်ရာနှင့် အတတ်ပညာရပ်များအပေါ်တွင် အမြတ်ထုတ်ခြင်း၊ လျှို့ဝှက်အသံလွှင့်ခြင်း၊ စစ်ရေးတစ်ပိုင်း စစ်ဆင်ရေးများပြုလုပ်ခြင်း၊ လှည့်ဖြားခြင်း၊ ပြောက်ကျားအဖွဲ့များကို ပံ့ပိုးခြင်း၊ ပြန်ပေးဆွဲခြင်းနှင့် သုတ်သင်ခြင်းစသော အကြမ်းဖက်ဆန်သည့် လုပ်ရပ်များကိုလည်း ဆောင်ရွက်လေ့ရှိခြင်းများ တွေ့ရသည်။

ဆိုဗီယက်တို့၏ လျှို့ဝှက်ဝါဒဖြန့်လှုံ့ဆော်ခြင်းနှင့် မမှန်သတင်းလွှင့်ခြင်းများသည် အမေရိကန်တို့၏ လျှို့ဝှက်လုပ်ငန်းများနှင့် အခြေခံသဘောတရားချင်း အတူတူပင်ဖြစ်သည်။ အရှေ့နှင့်အနောက်အုပ်စုဝင် နိုင်ငံများသည် ယင်းနိုင်ငံတို့၏ တရားဝင် နိုင်ငံခြားရေးမူဝါဒနှင့် ဝါဒဖြန့်ချိရေးလုပ်ငန်းများကို တစ်ဆက်တစ်စပ်တည်း ဆက်စပ်ဆောင်ရွက်လေ့ရှိသည်။ ဆိုဗီယက်နှင့်အမေရိကန်တို့သည် အပြန်အလှန် အဓိကပစ်မှတ်ထား၍ လုပ်ကိုင်ခဲ့ကြသည်။ သတင်းစစ်ဆင်ရေးများဖြင့် အပြန်အလှန် ထိုးနှက်ခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး ကမ္ဘာ့ ဖြစ်ပေါ်တိုးတက်မှုအားလုံး၏ အဟန့်အတားကြီးဖြစ်ကြောင်း သက်သေသက္ခာယများ ရှာဖွေ၍ ဝါဒဖြန့်ကြသည်။

တစ်ခါတစ်ရံတွင်မူ သူတို့၏အဖွဲ့ဝင် မဟာမိတ်နိုင်ငံများ၊ လက်အောက်ခံဝင်သော နိုင်ငံများတွင်ပင် မိမိတို့ဩဇာလွှမ်းမိုးရေးအတွက် ဝါဒသဘောတရားနှင့် အုပ်စုချင်းတူနေသည့်တိုင် ဝါဒဖြန့်ချိရေး ဆောင်ရွက်ကြသည်။ တစ်ချိန်တုန်းက ဆိုဗီယက်တို့သည် သတင်းစစ်ဆင်ရေးလုပ်ငန်းကို အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်သွားခဲ့ကြသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်မျိုးမှာ ကေဂျီဘီအဖွဲ့ဝင်တို့၏ တီထွင်ကြံဆမှုဖြင့် ပုံစံတစ်မျိုးမျိုးဖော်၍ လုပ်ကိုင်ခြင်းဖြစ်သည်။ သမားရိုးကျ လုပ်နည်းလုပ်ဟန်ဖြစ်သော စာရွက်စာတမ်းများ ဆင်တူရိုးမှားပြုလုပ်ခြင်း၊ ဩဇာသက်ရောက်သည့် အထောက်တော်ကို တာဝန်ပေးခြင်းတို့ ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ ဆိုဗီယက်ကွန်မြူနစ်ပါတီ ပြန်ကြားရေးဌာန၊ သို့မဟုတ် International Department ခေါ် နိုင်ငံတကာရေးရာဌာနတို့၏ ပူးပေါင်းတီထွင်ကြံဆမှုဖြင့် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်၏။ ဒုတိယနည်းလမ်းကို ဆောင်ရွက်ရာတွင် ဖြောင့်နည်းရော၊ လှို့ဝှက်နည်းလမ်းကိုပါ အသုံးပြုသည်။

ကေဂျီဘီ၏ လှို့ဝှက်ဝါဒဖြန့်ခြင်းနှင့် သတင်းစစ်ဆင်မှုလုပ်ငန်းများကို အနောက်အုပ်စုနိုင်ငံများ၏ အားနည်းချက်များအပေါ်တွင် အခြေခံ၍ စတင်လုပ်ကိုင်လေ့ရှိသည်။ ထိုကိစ္စတွင် ကေဂျီဘီသည် အကြောင်းနှင့်အကျိုး ဆက်စပ်မှုကိုလည်းကောင်း၊ အားနည်းချက်နှင့်အားသာချက်များကို လည်းကောင်း စိစစ်သုံးသပ်ရာတွင် အရင်းရှင်စနစ် ဆန့်ကျင်ရေးဝါဒစွဲဖြင့် ဆောင်ရွက်တတ်ပါသည်။ အမေရိကန်တို့၏ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်သည့် ခံယူချက်များ၊ အပြန်အလှန်တုံ့ပြန်မှုသဘောများ၊ သံတမန်ဆိုင်ရာနည်းလမ်းများ၊ စာနယ်ဇင်းကဏ္ဍ၏ တာဝန်ပိုင်း၊ လွတ်လပ်မှုများနှင့် အချုပ်အခြာအာဏာပိုင်မှုကိစ္စဆိုင်ရာ အမြင်နှင့်ခံယူချက်များသည် အဓိပ္ပာယ်ကင်းမဲ့ပြီး အနှစ်မပါသော အယူအဆများသာ ဖြစ်သည်ဟု ဆိုဗီယက်တို့က သဘောထားကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆိုဗီယက်တို့၏ စည်းရုံးမှုလုပ်ငန်းများ အောင်မြင်သွားရခြင်းကို ဆန်းစစ်ပါက အဓိက အားဖြင့် အမေရိကန် နိုင်ငံခြားရေးဝါဒသည် သက်ဆိုင်ရာနိုင်ငံများမှ ပြည်သူများ၏ခံစားမှုများကို နားမလည်ကြခြင်းနှင့် သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများကို ဂရုမစိုက်ခြင်း၊ အလေးမထားခြင်းကြောင့်သာ ဖြစ်သည်။ ဟောင်းနွမ်းဆွေးမြည့်ပြီး ကုပ်သွေးစုပ် အမြတ်ထုတ်သော လူမှုရေးစနစ်ကို ဖျက်ဆီးရေးနှင့် ဖိနှိပ်ခံလူတန်းစားအားလုံး၏ ညီညွတ်ရေးအတွက် လိုအပ်ချက်မှန်သမျှသည် လူ့ကျင့်ဝတ်၊ ခေတ်သစ်နိုင်ငံတကာကျင့်ဝတ်နှင့် ကိုက်ညီသည်ဟူသော အတွေးကို ဖွံ့ဖြိုးဆဲနိုင်ငံများကို ဆိုဗီယက်တို့က သွတ်သွင်းလေ့ရှိသည်။

အမှန်အားဖြင့် ထောက်လှမ်းရေးလုပ်ငန်း အားလုံးလိုလိုသည် မိမိပစ်မှတ်နိုင်ငံများ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို မလွဲမရှောင်သာ ချိုးဖောက်ရစမြဲ ဖြစ်ပေသည်။ ဤလုပ်ငန်းသည် သိမ်မွေ့နက်နဲ လှို့ဝှက်မှုကြောင့် တစ်ခါတစ်ရံ မိမိနိုင်ငံ၏ တည်ဆဲမူဝါဒနှင့်ဥပဒေကို ချိုးဖောက်ရသည့်အဖြစ်သို့ပင် ဆိုက်ရောက်တတ်ပါသည်။ ကေဂျီဘီသည်လည်း တစ်ခါတစ်ရံ မာ့က်စ်လီနင်ဝါဒ၏ အခြေခံများကိုပင် မျက်နှာလွှဲ၍ ဆောင်ရွက်ရသည်များ ရှိခဲ့သည်။ သို့အတွက် ထောက်လှမ်းရေးလုပ်ငန်းများတွင် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ခံယူချက်များသည် အဟန့်အတား မဟုတ်သလိုသာ ရှိနေပေတော့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## သတင်းစစ်ဆင်ရေး၏ ရေရှည်ရည်မှန်းချက်များ

**မှန်သတင်းထုတ်လွှင့်ခြင်း လုပ်ငန်းအစီအစဉ် အနည်းငယ်လောက် အသုံးပြုရုံမျှဖြင့် တကယ်တော့ အရှေ့နှင့် အနောက်ချိန်ခွင်လျှာကို မည်သို့မျှ ပြောင်းလဲစေနိုင်မည် မဟုတ်ပါ။**

မဟုတ်မှန်း သိထားကြလင့်ကစား ကြိမ်ဖန်များစွာပင် ထိုလုပ်ငန်းကို လုပ်ကိုင်ခဲ့လျှင် ရေရှည်၌ ထူးခြားသော အကျိုးသက်ရောက်မှု တစ်စုံတစ်ခုကို ရရှိလာလိမ့်မည်ဟု ဆိုဗီယက်နှင့်အမေရိကန်တို့က ယုံကြည်နေပုံရသည်။

ကေဂျီဘီတို့အတွက် ထိုလုပ်ငန်းနှင့်ပတ်သက်၍ ငါးနှစ်မှ ခုနစ်နှစ်အထိ အကျုံးဝင်သော ကာလတစ်ခုစီ သတ်မှတ်၍ ရေရှည်စီမံချက်ကို ကေဂျီဘီ ပထမဌာနကြီးရေးမှူးရုံးကရေးဆွဲပြီး ပေါ်လစ်ဗျူရိုအဖွဲ့က အတည်ပြုပေးသည်ဟု သိရသည်။

ဆိုဗီယက်တို့၏ မဟာမိတ်နိုင်ငံများကလည်း အလားတူ ရေရှည်စီမံချက်များကို သီးခြားရေးဆွဲကြသည်။

စီအိုင်အေက ဖော်ထုတ်ထားသော ကေဂျီဘီ၏ သတင်းစစ်ဆင်ရေး ရေရှည်ရည်မှန်းချက်ကို အောက်ပါအတိုင်း တွေ့ရသည်။

## အမေရိကန်နိုင်ငံခြားရေးဝါဒအပေါ်

အမေရိကန်နိုင်ငံသည် အဓိကရန်သူနိုင်ငံ ဖြစ်သည်။ အဓိက ပစ်မှတ်ဖြစ်သည်။ ဆိုဗီယက်အုပ်စုသည် အောက်ပါ ရည်မှန်းချက်များဖြင့် လှို့ဝှက်ဝါဒဖြန့်ချိခြင်းနှင့် စိတ်ဓာတ်စစ်ဆင်ရေး လုပ်ငန်းများကို လုပ်ကိုင်ရမည်။

- အမေရိကန်နိုင်ငံခြားရေးဝါဒအပေါ် တစ်ကမ္ဘာလုံးရှိ ပြည်သူများက ဆန့်ကျင်လာစေရန်။
- ဆိုဗီယက်၏ နိုင်ငံခြားရေးဝါဒအတွက် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာစေရန်။
- နေတိုး စစ်စာချုပ်ဝင်နိုင်ငံများနှင့် အမေရိကန်တို့အကြား စိတ်ဝမ်းကွဲပြားမှုများ ပေါ်ပေါက်စေပြီး နေတိုးစစ်မဟာမိတ်အဖွဲ့၏ လုပ်ငန်းများ တုံ့ဆိုင်းသွားစေရန်။
- အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံများအပေါ် တတိယကမ္ဘာ့နိုင်ငံများက မယုံသင်္ကာမှုများ ပိုမိုကြီးထွားလာစေရန်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## စီအိုင်အေအဖွဲ့အပေါ်

စီအိုင်အေအဖွဲ့သည် အမေရိကန်နိုင်ငံခြားရေးဝါဒ၏ ထိရောက်သော လက်နက်ဖြစ်၍ အမေရိကန် ပြည်တွင်း၊ ပြည်ပနှစ်ဌာနစလုံး၌ စီအိုင်အေလုပ်ငန်းများ တုံ့ဆိုင်းသွားစေရေး အောက်ပါအတိုင်း ဆောင်ရွက်သွားရမည်။

- စီအိုင်အေအဖွဲ့အတွင်း စိတ်ဓာတ်ကျဆင်းမှုများကို အခွင့်ကောင်းယူ၍ စီအိုင်အေလုပ်ငန်းများ လူသိရှင်ကြားဖြစ်အောင် ဖော်ထုတ်ခြင်းနှင့် မိမိတို့ဘက်သို့ ထွက်ပြေးခိုလှုံလာစေရေးအတွက် အားပေးရန်။
- စီအိုင်အေအဖွဲ့သည် ဆိုဗီယက်အုပ်စုနှင့် တတိယကမ္ဘာ ဆန့်ကျင်လုပ်ကိုင်နေကြောင်း အယူအဆများ ပြန့်ပွားလာစေရန်နှင့် စီအိုင်အေသည် နိုင်ငံတကာ အကြမ်းဖက်လုပ်ငန်းများနှင့် ပတ်သက်နေကြောင်း ကမ္ဘာက သိမြင်လာစေရန်။

## ဆိုဗီယက်စစ်အင်အားနှင့် ပတ်သက်၍

စစ်ရေးအရ လှည့်စားခြင်းအလုပ်ကို ဆိုဗီယက် လက်နက်ကိုင် စစ်ဦးစီးအဖွဲ့နှင့်လည်းကောင်း၊ ဂျီအာယူ စစ်ထောက်လှမ်းရေးနှင့်လည်းကောင်း ညှိနှိုင်းပြီး အောက်ပါ လုပ်ငန်းရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရမည်။

- ဆိုဗီယက်တို့၏ လက်နက်ကိုင်တပ်ဖွဲ့များ စွမ်းပကားနှင့်ပတ်သက်၍ အမေရိကန်စစ်ရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့် အမေရိကန်အစိုးရပိုင်းမှ တာဝန်ရှိသူများကို လှည့်စားရန်။
- ဆိုဗီယက်တို့၏ စစ်ရေးလေ့ကျင့်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ ဝါဆောစစ်အုပ်စုဝင်နိုင်ငံများ အတွင်းရှိ စစ်ရေးလေ့ကျင့်ခန်းများနှင့် ပတ်သက်၍လည်းကောင်း အရေးပါမှုများနှင့်ပတ်သက်၍ ပုံကြီးချဲ့ပြီး သတင်းဖြန့်ချိပေးရန်။
- တစ်ကမ္ဘာလုံးရှိ ပြည်သူများနှင့် အမေရိကန်ပြည်သူများက အမေရိကန်တို့၏ စစ်ရေးအစီအစဉ်များကို အထင်အမြင်သေးပြီး ယုံကြည်မှု နည်းသွားစေရန်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



## တခြားနိုင်ငံများရှိ အမေရိကန်တပ်များအပေါ်

စစ်ရေးဆိုင်ရာ လျှို့ဝှက်သတင်းစစ်ဆင်ရေးကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားရမည်။

- ပင်လယ်ရပ်ခြားတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့များ၏ ကျန်းမာရေးနှင့်ကြံ့ခိုင်မှု ကျဆင်းပြီး နိုင်ငံရေးအရ စိတ်ဓာတ်ကျဆင်းမှုများ ဖြစ်ပေါ်လာစေရန်။
- အမေရိကန်တို့တပ်စွဲထားရာ တိုင်းပြည်များရှိ သတင်းစာတိုက်များသို့ အမေရိကန်တပ်များ ပြန်လည်ရုပ်သိမ်းသွားစေရေးအတွက် အချက်အလက်များ ပေးပို့ရန်။
- အမေရိကန်တပ်ဖွဲ့များနှင့် ဌာနေပြည်သူများအကြား ပဋိပက္ခများ ကြီးထွားလာစေရန်။
- အမေရိကန်တပ်များရုပ်သိမ်းရေးကို တောင်းဆိုသော၊ သို့မဟုတ် ထောက်ခံသော နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများသို့ ငွေကြေးပိုင်းနှင့် စိတ်ဓာတ်ရေးရာပိုင်း ထောက်ပံ့ဖြည့်ဆည်းပေးသွားရန်။

## အမေရိကန်ပြည်တွင်း၌

အမေရိကန်ပြည်တွင်း၌ အောက်ပါရည်ရွယ်ချက်များဖြင့် တရားဝင် ဖြောင့်ကျသော လုပ်ငန်းများရော၊ လျှို့ဝှက်သတင်းစစ်ဆင်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရမည်။

- အမေရိကန်မူဝါဒ ဆုံးဖြတ်ချက်ချမှတ်သည့် အပိုင်းကို ချုပ်ကိုင်ထားနိုင်ရေးအတွက် အမေရိကန်ဖျူရိုကရေစီအတွင်း၌ အထောက်တော်များ မွေးမြူသွားရန်။
- အမေရိကန် စာနယ်ဇင်းလောကကို ထိုးဖောက်ရန်။
- ဆိုဗီယက်ခေါင်းဆောင်များကို ဆန့်ကျင်သော၊ အမေရိကန်ခေါင်းဆောင်များအား သိက္ခာချသော လှုပ်ရှားမှုများ ပြုလုပ်ရန်။
- အမေရိကန် လူမှုအဖွဲ့အစည်းများအတွင်း၌ လူမျိုးရေးပဋိပက္ခများ ပေါ်လာအောင် ဖန်တီးရန်။
- အရှေ့အုပ်စုမှ အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေးခိုလှုံသွားသော လူမျိုးစုများအား အမေရိကန်နိုင်ငံအတွင်း စုစည်းညီညွတ်သော အစုအဖွဲ့တစ်ခု ဖြစ်မလာစေဖို့ ဆောင်ရွက်ရန်။

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



## စီးပွားရေးလုပ်ငန်းများအပေါ်

စီးပွားရေးနှင့် ပတ်သက်သော စစ်ဆင်မှုများကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားရမည်။

- ဆိုဗီယက်၏ စီးပွားရေးအခြေအနေနှင့် လိုအပ်ချက်များကို အနောက်အုပ်စုမှ ထင်ယောင်ထင်မှား ဖြစ်စေရန်။
- ကုန်သွယ်မှုပိုင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အမေရိကန်၊ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများနှင့် ညှိနှိုင်းရာတွင် ဆိုဗီယက်တို့ အသာစီးရစေရန်။
- နိုင်ငံတကာဈေးကွက်ကို ဆိုဗီယက်တို့၏ စီးပွားရေး အကျိုးဖြစ်ထွန်းလာစေရေးအတွက် ချုပ်ကိုင်ခြယ်လှယ်ရန်။
- နိုင်ငံခြားကုန်သွယ်မှုကို အသုံးချပြီး တတိယနိုင်ငံများအပေါ်တွင် နိုင်ငံရေးအရ ဩဇာသက်ရောက်မှုရှိစေရေး ဆောင်ရွက်သွားရန်။
- အမေရိကန်လုပ်ငန်းရှင်များကို စီအိုင်အေအဖွဲ့ဝင်များအဖြစ် ဖော်ထုတ်သတ်မှတ်၍ အမေရိကန်တို့၏ နိုင်ငံခြားကုန်သွယ်ရေးကို ထိုးနှက်ရန်နှင့် နိုင်ငံခြားတိုင်းပြည်များရှိ အမေရိကန်ပိုင်ပစ္စည်းများကို ဒေသနေနိုင်ငံသားတို့ မြင်တွေ့အောင် ဖော်ထုတ်ရေးအတွက် အားပေးကူညီရန်။

## သိပ္ပံနှင့်နည်းပညာဆိုင်ရာ

သိပ္ပံနှင့်နည်းပညာဆိုင်ရာ သတင်းလှည့်စားထုတ်လွှင့်မှုများကို အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

- ဆိုဗီယက်တို့၏ သုတေသနဆိုင်ရာ စီမံကိန်းများ၊ အထူးစစ်ရေးဆိုင်ရာ စီမံကိန်းများနှင့် ပတ်သက်၍ အမေရိကန်၊ အနောက်ဥရောပနှင့် ဂျပန်နိုင်ငံများမှ သိပ္ပံပညာရှင်များကို လှည့်စားရန်။
- အနာဂတ်တွင် အရှေ့နှင့် အနောက်အုပ်စုနိုင်ငံများ စစ်ရေးနှင့်စီးပွားရေးဆိုင်ရာ ယှဉ်ပြိုင်မှုအတွက် အရေးကြီးသော အနောက်အုပ်စု၏ သိပ္ပံပညာရပ်ဆိုင်ရာ စီမံကိန်းများ တုံ့ဆိုင်းသွားစေရေး ဆောင်ရွက်ရန်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



## သတင်းမှားများနှင့် ကစားခြင်း

အမေရိကန်နှင့် အနောက်ဥရောပတို့မှ ကာကွယ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် မူဝါဒချမှတ်ခြင်းများသည် ဆိုဗီယက်တို့၏ ပကတိအရှိနှင့် တခြားစီဖြစ်ခဲ့ရသော နှစ်ကာလများ ရှိခဲ့ဖူးပါသည်။ ဤဖြစ်ရပ်၏ နိဂုံးအချိန်မှာ ၁၉၈၂ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ ဖြစ်ပေသည်။ ထိုနေ့က ကေဂျီဘီအထောက်တော် ဂေါ်ဖရီဘာသာဖရိုင်းဆိုသူကို ဗြိတိသျှတို့က ဖမ်းဆီးရမိခဲ့သည်။ သို့သော် ကေဂျီဘီ၏ အလွန်အရေးကြီးသော သူလျှိုတစ်ဦးမှန်း မသိခဲ့ချေ။ ဖရိုင်းသည် ၁၉၇၇ခုနှစ်အထိ ဗြိတိသျှတို့၏ လျှို့ဝှက်အီလက်ထရွန်နစ် အသံဖမ်းဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်၏။

ထိုဌာနသည် ကမ္ဘာအနှံ့တွင် အရာရှိအဆင့် ၁၀၀၀၀ ကျော်ကို ဖြန့်ကြက် တာဝန်ပေးထားသော ကျယ်ပြန့်လှသည့် ကွန်ရက်ကြီးကို ပိုင်ဆိုင်ထားသော ဌာနလည်းဖြစ်သည်။ စကော့တလန်၊ ဆိုက်ပရပ်နှင့် ဟောင်ကောင်ရှိ အခြေစိုက်စခန်းများမှနေ၍ တခြားနိုင်ငံအားလုံး၏ ရေဒီယိုအသံလွှင့်ချက်များ၊ ရုပ်မြင်သံကြားထုတ်လွှင့်ချက်များနှင့် ကြိုးဖုန်းဆက်သွယ်မှုများကို ဗြိတိသျှတို့က ၂၄ နာရီပတ်လုံး မရပ်မနား ဖမ်းယူနားထောင်လျက် ရှိသည်။ အခြေစိုက်စခန်းများမှ ဖမ်းမိသည့် အသံလှိုင်းများကို အင်္ဂလန်သို့ပေးပို့ပြီး ဘာသာပြန်သူများ၊ ဝှက်စာဖော်သူများဖြင့် စစ်ဆေးကြသည်။ တစ်ကမ္ဘာလုံး လွှမ်းခြုံထားသော အသံခိုးယူနားထောင်သည့် ထိုလုပ်ငန်းကြီးကို အမေရိကန်ထောက်လှမ်းရေးအဖွဲ့ကြီးများ၏ ငွေကြေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများဖြင့် ဗြိတိသျှတို့က ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်သည်။

ဖရိုင်းထံမှ နှစ်ပေါင်းများစွာရရှိနေခဲ့သော သတင်းအချက်အလက်များသည် ကေဂျီဘီတို့၏ သတင်းစစ်ဆင်ရေး အတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာများပင် ဖြစ်လေသည်။ ဗြိတိသျှတို့ ဝှက်စာဖော်ယူနိုင်သော ရုရှားတို့၏ ဝှက်စာများ အကြောင်းကို ကေဂျီဘီ စောစီးစွာ သိခွင့်ရခဲ့သည်။ မည်သည့်နည်းလမ်းဖြင့် အဓိပ္ပာယ်ဖော်ယူနိုင်ခဲ့ကြောင်းကို သိခွင့်ရနေကြ၏။ သို့ဖြင့် ရုရှားတို့သည် မိမိတို့၏ဝှက်စာများကိုပါ အချိန်မီ ပြုပြင်ပြောင်းလဲ သုံးစွဲနိုင်ခဲ့သည်သာမက ခိုးယူနားထောင်နေသော ဗြိတိသျှတို့ထံ သတင်းမှားများကို ကေဂျီဘီက ထုနှင့်ထည်နှင့် ထုတ်လွှင့်ပေးနေလေတော့သည်။ ရလဒ်ကား အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံများ၏ ကာကွယ်ရေးမူဝါဒချမှတ်ခြင်းနှင့် ကာကွယ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များသည် ကေဂျီဘီ၏ တီးလုံးအတိုင်း လိုက်ပါကခုန်နေရသကဲ့သို့ ဖြစ်သွားတော့သည်။ ကေဂျီဘီက ထုတ်လွှင့်ပေးနေသည့် 'မမှန်သတင်း' များကို အခြေခံသည့် ဆုံးဖြတ်ချက်များ၊ မူဝါဒများ ဖြစ်နေသောကြောင့်ပင်တည်း။

'သတင်းမှားထုတ်လွှင့်ခြင်း' ဆိုသည်မှာ သေချာစွာ လုပ်ကြံဖန်တီးထားသော မမှန်ကန်သည့် သတင်းများကို မိမိပစ်မှတ်နိုင်ငံ၏ ဆက်သွယ်ရေးလမ်းကြောင်းထဲသို့ မရောက်ရောက်အောင် ပို့ဆောင်ပေးပြီး ပစ်မှတ်နိုင်ငံ၏ ထိပ်ပိုင်း

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ခေါင်းဆောင်များနှင့် ပြည်သူများကို လှည့်စားခြင်းပင် ဖြစ်ပေသည်။ သတင်းမှားထုတ်လွှင့်ခြင်းကို နိုင်ငံရေးနယ်ပယ်တွင် ပြုလုပ်နိုင်သကဲ့သို့ စီးပွားရေး၊ စစ်ရေးနှင့် သိပ္ပံပညာရပ်နယ်ပယ်တို့တွင်လည်း ပြုလုပ်နိုင်သည်။

သတင်းမှားထုတ်လွှင့်ခြင်းလုပ်ငန်း အောင်မြင်ရန်အတွက် အဓိကလိုအပ်ချက်မှာ ထိုသတင်းမှားများသည် အမှန်တကယ်ဖြစ်ပေါ်နေသော အခြေအနေများနှင့် ကင်းကွာမှုမရှိဘဲ ယုတ္တိတန်ခြင်း၊ ယုံကြည်ရလောက်အောင် အခြေအမြစ်ခိုင်မာခြင်းများရှိဖို့သာ လိုပေသည်။ အများပြည်သူ လက်ခံထားသည့် အခြေအနေများနှင့် ကင်းကွာမှုမရှိဘဲ ယေဘုယျကိုက်ညီနေရန်လည်း လိုအပ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ စီအိုင်အေက ရရှိသွားသော ကေဂျီဘီလက်စွဲစာစောင်ပါ အချက်အလက်များတွင် ထင်ရှားစွာ မြင်ရသည်။

"မဟာဗျူဟာမြောက် သတင်းမှားထုတ်လွှင့်ခြင်းသည် နိုင်ငံတော်၏လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ နိုင်ငံတော်၏မူဝါဒဆိုင်ရာ စစ်ရေးနှင့်စီးပွားရေးအခြေအနေ၊ သိပ္ပံနှင့်နည်းပညာပိုင်း အောင်မြင်မှုအခြေအနေများနှင့် ပတ်သက်၍သော်လည်းကောင်း၊ နယ်ချဲ့နိုင်ငံများ အချင်းချင်းအတွင်းနှင့် နယ်ချဲ့နိုင်ငံများနှင့် တခြားနိုင်ငံများအကြား ဆက်ဆံရေး မူဝါဒပိုင်းတို့တွင်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်း၏ တန်ပြန်ထောက်လှမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍သော်လည်းကောင်း ရန်သူကိုလှည့်စားရန် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်သည်" ဟု ဖော်ပြထားလေသည်။

မဟာဗျူဟာမြောက် သတင်းမှားထုတ်လွှင့်ခြင်း လုပ်ငန်းကို အစိုးရပိုင်း ဝန်ကြီးဌာနများ၊ ကော်မတီများနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ဦးစီးဌာနချုပ်များ ပူးပေါင်းကာ တာဝန်ယူရသည်။ နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများကလည်း ဤလုပ်ငန်းနှင့်ပတ်သက်၍ အစိုးရဝန်ကြီးဌာနများကို ကူညီပံ့ပိုးပေးရလေသည်။ နည်းဗျူဟာမြောက် သတင်းမှားထုတ်လွှင့်ခြင်းလုပ်ငန်းသည် မဟာဗျူဟာမြောက် လုပ်ငန်းအောင်မြင်ရေးအတွက် အထောက်အကူပြုရသည့် လုပ်ငန်းဖြစ်သည်။ အမှန်အားဖြင့် အောက်ခြေ နိုင်ငံတော်လုံခြုံရေး အဖွဲ့အစည်းများ၏ ပရိယာယ်မြောက်သော သတင်းမှားထုတ်လွှင့်ခြင်းဆိုင်ရာ လုပ်ငန်းမျိုးကို ခေါ်ဆိုခြင်းဖြစ်သည်။

## သတင်းမှားဖြင့် ဝါဒဖြန့်ချိခြင်း

ယခင် ဆိုဗီယက်ပြည်ထောင်စု၏ ဝါဒဖြန့်ချိရေးလုပ်ငန်းဆိုင်ရာ အဓိကဦးတည်ချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အမြင်တွင် ဆိုဗီယက်နိုင်ငံကြီးသည် ယှဉ်ပြိုင်ဘက်မရှိသော ငြိမ်းချမ်းရေးနှင့် လက်နက်လျှော့ပါးရေးကို လိုလားသည့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံကြီးအဖြစ် သိမြင်လာစေရန်နှင့် တစ်ဆက်တည်းတွင် အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများသည် တတိယနိုင်ငံငယ်များအပေါ် စာနာထောက်ထားခြင်းမရှိသည့် နယ်ချဲ့များအဖြစ် ပေါ်လွင်စေရန်ဖြစ်သည်။ ဆိုဗီယက်ပြန်ကြားရေးဌာနများ၏ တာရားဝင်ဆောင်ရွက်သော ဝါဒဖြန့်ချိရေးတွင်မူ ပုံကြီးချဲ့ဖန်တီးမှုများ မပါဝင်လင့်ကစား ဆိုဗီယက်နိုင်ငံသားများ၏ ငြိမ်းချမ်းရေးမြတ်နိုးကြပုံနှင့် လူနေမှုအဆင့်မြင့်မားပုံတို့ကို ရုပ်ပုံလွှာများ၊ သတင်းများဖြင့် ယှဉ်တွဲဖော်ပြလေ့ ရှိသည်။

အရှေ့နှင့် အနောက်နိုင်ငံကြီးများ၏ သတင်းမှားဖြင့် ဝါဒဖြန့်ချိခြင်းလုပ်ငန်း ရည်ရွယ်ချက်မှာ ပစ်မှတ်နိုင်ငံအတွင်း၌ စိတ်ဓာတ်ကျဆင်းမှုနှင့် အစိုးရသြဇာအာဏာ လျော့ရဲသွားရေးအတွက် အဓိကဖြစ်သည်။ သို့ရာတွင် သတင်းအခြေအမြစ်နှင့် သူတို့၏ရည်မှန်းချက်ကိုကား အများမမြင်နိုင်အောင် ဂရုစိုက်ထိန်းသိမ်းလေ့ ရှိသည်။ သတင်းမှားထုတ်လွှင့်ရာတွင်လည်း အမှန်တကယ်ဖြစ်ပေါ်နေသည့် အခြေအနေများကို လက်ခံသူက ယုံကြည်မှုရှိစေရန် အလေးပေးထည့်သွင်း ဖော်ပြလေ့ရှိသည်။ တစ်ခါတစ်ရံ ထုတ်လွှင့်သူ၏ နိုင်ငံရေး ခေါင်းဆောင်ပိုင်းအပေါ် ဝေဖန်သုံးသပ်ချက်များကိုပင် ယုတ္တိတန်အောင် ဖော်ပြထားသော ကိစ္စများကို စိစစ်သုံးသပ်ခြင်း မပြုနိုင်စေရန် အဓိကထား၍ ဆောင်ရွက်ခြင်း ဖြစ်သည်။ နောက်ဆုံးရည်မှန်းချက်မှာ ပစ်မှတ်နိုင်ငံအား လှည့်စားရုံသာမက ဆုံးရှုံးပျက်စီးသွားစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

သတင်းမှားထုတ်လွှင့်ခြင်းခံရသည့် ပစ်မှတ်နိုင်ငံအဖို့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း နိုင်ငံရေးပိုင်း ဒဏ်ရာအနာတရ ဖြစ်စေနိုင်သည်ချည်းသာ ဖြစ်ပေသည်။

သတင်းမှားဝါဒဖြန့်ရေး လုပ်ငန်းတွင် ကောလာဟလ သတင်းထုတ်လွှင့်ခြင်း၊ စာရွက်စာတမ်းအတုဖြန့်ဝေခြင်း၊ သြဇာခံအထောက်တော်များဖြင့် ကမ္ဘာ့စာနယ်ဇင်းလောကမှတစ်ဆင့် လှုပ်ရှားမှုများပြုလုပ်ခြင်းနှင့် စာအုပ်များ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့် လှုပ်ရှားမှုများပြုလုပ်ခြင်း စသည်ဖြင့် ပုံစံအမျိုးမျိုး ပါဝင်သည်။ တစ်ဖန် မိမိလိုချင်သည့် သတင်းတစ်ခုကို ပြန့်ပွားအောင် ပထမအကြိမ်တွင် မည်သည့် ဆက်သွယ်ရေးနည်းလမ်း တစ်မျိုးမျိုးကို သုံးစွဲသည်ဖြစ်စေ၊ နောက်ဆုံးတွင် ထိုသတင်းကို စာနယ်ဇင်းတို့တွင် ပြန့်ပွားမှတ်တမ်းတင်စေလိုခြင်းမှာ အဓိကဖြစ်သည်။ များသောအားဖြင့် သတင်းစစ်ဆင်ရေး ပြုလုပ်သူများသည် ရေဒီယိုထက်ပို၍ သတင်းစာနှင့်မဂ္ဂဇင်းများကို ပိုပြီးနှစ်သက်သည်မှာ အမှန်ဖြစ်သည်။ စာအုပ်စာတမ်းတို့သည် ကာလကြာရှည်စွာ မှတ်တမ်းအဖြစ် ရှိနေမည် ဖြစ်သောကြောင့်ပင်။

သတင်းမှားဖြင့် စစ်ဆင်ရေးပြုလုပ်သည့်အခါ အောင်မြင်မှုအခြေအနေကို နည်းလမ်းနှစ်မျိုးဖြင့် တိုင်းတာကြသည်။ ပထမနည်းမှာ မိမိထုတ်လွှင့်သော သတင်းနှင့်ပတ်သက်၍ အများပြည်သူပစ်မှတ် ပရိသတ်အတွင်း နိုင်ငံရေးအမြင်ဖြင့် မည်သို့မည်ပုံ ဂယက်ရိုက်ပြီး ဝေဖန်ဆွေးနွေးကြသည်ကို စောင့်ကြည့်ခြင်း ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ မိမိနိုင်ငံကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးဖြစ်ထွန်းစေမည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမျိုးကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပစ်မှတ်နိုင်ငံအတွင်း ဆောင်ရွက်လာမှုရှိ၊ မရှိ စောင့်ကြည့်ခြင်း ဖြစ်သည်။ သတင်းစာစ်မြစ်အခြေခံသည် မည်သူမည်ဝါဖြစ်မှန်း မသိပါဘဲလျက်၊ တစ်ခါတစ်ရံ ယုံကြည်ရလောက်သော အနေအထားမရှိပါဘဲလျက် မည်သည့်အကြောင်းကြောင့်မှန်း မသိရဘဲ သတင်းမှားကို လက်ခံယုံကြည်မှုများ ရှိလာသည့်အခါ စဉ်းစားစရာများ ရှိလာတတ်ပါသည်။ များသောအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဌာနေပြည်သူများသည် နယ်ချဲ့နိုင်ငံများ ဖြစ်ခဲ့ဖူးသည့် အနောက်အုပ်စုနိုင်ငံများအပေါ် ဆန့်ကျင်စိတ်အခြေခံများ ဖြစ်ပေါ်နေသည့် သဘာဝရှိပါသည်။ ထိုကိစ္စအပေါ် သတင်းမှားထုတ်လွှင့်သူများက စိတ်ဝင်တစား အာရုံစိုက်လေ့ ရှိကြသည်။ အထူးသဖြင့် နိုင်ငံရေး အစွန်းရောက်ဝါဒီများအပေါ်တွင် လှည့်စားရလွယ်ကူရလေ့ ရှိသည်။ သူတို့သည် တော်ရုံတန်ရုံ သတင်းမှားဖြင့် စွပ်စွဲမှုများကိုပင်လျှင် သူတို့၏ နိုင်ငံရေးအယူအဆနှင့် အံဝင်ခွင်ကျဖြစ်သွားပါက လွယ်လွယ်ကူကူ လက်ခံလေ့ရှိသည်။

ကေဂျီဘီနှင့် စီအိုင်အေတို့ အထူးအာရုံစိုက်၍ လျှို့ဝှက်ဝါဒ ဖြန့်ချိတတ်သည့်နေရာမှာ ကမ္ဘာ့ကုလသမဂ္ဂပင် ဖြစ်ပါသည်။ ကုလသမဂ္ဂသည် တစ်ချိန်က ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်တို့ နယ်ပယ်လုရာ စစ်မြေပြင်ကြီးသဖွယ် ဖြစ်နေသည်ဟုပင် အများကစွပ်စွဲကြသည်။ ဝန်ထမ်းဦးရေ ၃၂၀၀၀ ခန့်ရှိသော နယူးယောက်မြို့ ကုလသမဂ္ဂ သံတမန် အသိုက်အဝန်းတွင် ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ အစ္စရေးနှင့် တရုတ်တို့သည် ထောက်လှမ်းရေးအဖွဲ့အစည်းဝင် အမြောက်အမြားမြှုပ်နှံထားရာ နေရာဖြစ်နေသည်ဟု ဆိုသည်။ ထိုအထဲတွင်လည်း ဆိုဗီယက်သူလျှိုများမှာ အများဆုံးဟု ဆိုသည်။ အမေရိကန်တို့၏ခန့်မှန်းချက်အရ ဆိုဗီယက်ထောက်လှမ်းရေးအဖွဲ့ဝင်များ ဖြစ်သည့် ကေဂျီဘီ၊ ဂျီအာယူနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးများတွင် မွေးမြူထားသော ဝန်ထမ်းအထောက်တော်များ အပါအဝင် စုစုပေါင်း အင်အား၁၀၀၀ ခန့် ရှိသည်ဟု ဆိုသည်။

ယခုအခါ ကုလသမဂ္ဂရုံးကြီးကို ' ကမ္ဘာ့ ထောက်လှမ်းရေးသတင်းများ ဖလှယ်ရာဌာန ' The Stock Exchange of Global Intelligence Operations ဟုပင် ရည်ညွှန်း ပြောဆိုနေကြလေသည်။

## ကောလာဟလသတင်း စစ်ဆင်ရေး

ထိရောက်သည့် သတင်းမှားထုတ်လွှင့်မှု စစ်ဆင်ရေးနည်းလမ်းတစ်ခုမှာ ကောလာဟလသတင်းထုတ်လွှင့်ခြင်းပင် ဖြစ်သည်။ နိုင်ငံရေးပြည်ပြေးများ၊ ဒုက္ခသည်အဖြစ် ခိုလှုံနေရသူများ၊ အစိုးရအား ဆန့်ကျင်နေသော ပြည်တွင်း တစ်ယူသန်အုပ်စုများထဲတွင် ကောလာဟလစစ်ဆင်ရေး ပြုလုပ်ရန် အလွယ်ကူဆုံးပင် ဖြစ်သည်။ သူတို့သည် မကြာခဏ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆိုသလိုပင် စစ်ဆင်သူတို့၏ပစ်မှတ်များ ဖြစ်ခဲ့ရလေသည်။ ထင်ရှားသော သာဓကတစ်ခုမှာ ၁၉၈၈ ခုနှစ်၊ ဇွန်လက ပိုလန်နိုင်ငံသား စာရေးဆရာကိုဇင်စကီး၏ စာအုပ်များ နှင့်ပတ်သက်၍ စာနယ်ဇင်းများမှတစ်ဆင့် အကြီးအကျယ် သိက္ခာကျခဲ့ခြင်း ဖြစ်သည်။

ထိုမှတစ်ဆင့် ပြန်ထွက်လာသော ကောလာဟလမှာ ထိရောက်မှုကြီးမားခဲ့သည်။ ကိုဇင်စကီးသည် ပိုလန်မှ ထွက်ပြေးလာသော နိုင်ငံရေး ခိုလှုံသူတစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံတွင် အောင်မြင်ကျော်ကြားနေသော စာရေးဆရာ တစ်ဦးလည်း ဖြစ်သည်။

သူ့အား ပိုလန်လူငယ်ပိုင်းက အတုယူမည်စိုးသောကြောင့် လည်းကောင်း၊ ကိုဇင်စကီးသည် ပိုလန်အစိုးရကို နိုင်ငံရေးအရ ဆန့်ကျင်ပြောဆိုနေခြင်းကြောင့်လည်းကောင်း အမေရိကန်နိုင်ငံအပေါ် သတင်းစစ်ဆင်နေသူများအဖို့ အရေးကြီး သော ပစ်မှတ်တစ်ခု ဖြစ်နေလေသည်။

ကိုဇင်စကီးကို မမှန်သတင်းဖြင့် ကောလာဟလ စစ်ဆင်ရေးပြုလုပ်ခဲ့သူမှာ ပိုလန် သတင်းထောက်တစ်ဦးဖြစ်သူ ဂေါ်နစ်ကီဖြစ်သည်။ ဂေါ်နစ်ကီသည် ကိုဇင်စကီးနှင့်ပတ်သက်သော ကောလာဟလ သတင်းအများအပြားကို အမေရိကန် မိတ်ဆွေများအကြား ထုတ်လွှင့်ခဲ့လေသည်။

ကောလာဟလပြန့်ပွားစေသော ကိစ္စအများစုမှာ စာရွက်စာတမ်း အတုပြုလုပ်ပြီး ဂုဏ်သိက္ခာထိခိုက်စေသော အရေးအသားများဖြင့် လူထုဆက်သွယ်ရေး လမ်းကြောင်းထဲသို့ ချပေးလိုက်ခြင်းလည်း ပါဝင်သည်။ ၁၉၈၀ပြည့်နှစ် အတွင်းက အသံလွှင့်ဌာနများနှင့် သတင်းစာတိုက်များတွင် အမေရိကန်နိုင်ငံ၏ အာဖရိကတိုက်နှင့် ပတ်သက်သော သဘောထားအမြင်ကို လူထု ထင်ယောင်ထင်မှားဖြစ်စေသည့် စာတမ်းအတုတစ်စောင်ရရှိခဲ့ရာ ထိုစဉ်က သမ္မတကာတာ အစိုးရအဖွဲ့အတွင်း အကြီးအကျယ် ဂယက်ရိုက်ခတ်ခဲ့သဖြင့် ဖြေရှင်းမှုများ ပြုလုပ်ခဲ့ရလေသည်။

သမ္မတထံတင်သွင်းသော အမျိုးသားလုံခြုံရေးကောင်စီ၏ အစီရင်ခံစာတမ်းအမှတ် ၄၆ ကို အတုပြုလုပ် လုပ်ကြံလှည့်စားခဲ့ရာမှ သတင်းပြန့်သွားခြင်း ဖြစ်သည်။

ကျွမ်းကျင်လိမ္မာသော ဆိုဗီယက်တို့၏ သံတမန်လုပ်ငန်းများ၊ ဝါဒဖြန့်ချိရေးလုပ်ငန်းများ၊ သတင်းစစ်ဆင်ခြင်း လုပ်ငန်းများသည် တတိယကမ္ဘာ့နိုင်ငံတို့၏ နိုင်ငံရေးဦးတည်ရာလမ်းကြောင်းကို ကြိုးကိုင်နိုင်လောက်အောင်ပင် အစွမ်း ထက်လှပါသည်ဟု ဆိုသည်။

ကုလသမဂ္ဂ၌ တောင်နှင့်မြောက်နိုင်ငံများ ဆွေးနွေးပွဲ (စက်မှုဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ဆွေးနွေးပွဲ)ကိုပင် အရှေ့နှင့်အနောက် (ဆိုဗီယက်အုပ်စုနှင့်အမေရိကန်အုပ်စု) ထိပ်တိုက်ရင်ဆိုင်ပွဲအသွင်သို့ ပြောင်းလဲပစ်နိုင်စွမ်း ရှိကြပေသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## ဩဇာသက်ရောက်သော အထောက်တော်

၁၉၇၈ ခုနှစ်၊ ဩဂုတ်လက ဆိုဗီယက်နိုင်ငံသူ ဆာဂီကော့ဇော့ဖ်ဆိုသူ မိန်းမလှကလေးတစ်ဦးအား ဂရိနိုင်ငံမှ အလွန်ချမ်းသာသော သင်္ဘောလုပ်ငန်းပိုင်ရှင် သူဌေးကြီး ခရစ္စတီနာအိုနာစစ်နှင့် မော်စကိုမြို့၌ လက်ထပ်ခွင့်ပြုခဲ့သည်။ သို့သော် ကော့ဇော့ဖ်တို့အိမ်ထောင်ရေးမှာ သိပ်မကြာလိုက်ဘဲ ၁၉၈၀ ပြည့်နှစ်၊ မေလ၌ပင် ရုပ်စဲသွားခဲ့သည်။ ဤတွင် ဆာဂီကော့ဇော့ဖ်အား ဩဇာသက်ရောက်သော အထောက်တော်အဖြစ် ကေဂျီဘီကမွေးမြူရန် အစီအစဉ်မှာ ပျက်ပြားသွားရလေသည်။

ထောက်လှမ်းရေးအဖွဲ့ကြီးများ၏ လုပ်ထုံးလုပ်နည်းအရ ဩဇာသက်ရောက်သော အထောက်တော်ဆိုသည်မှာ ပစ်မှတ်ထားရာနိုင်ငံ၏ အစိုးရအဖွဲ့အတွင်း၊ သတင်းနှင့်စာနယ်ဇင်းလောက လူထုလူတန်းစားများအတွင်း၊ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်များအတွင်း ဩဇာသက်ရောက်သူ၊ ထင်ရှားကျော်ကြားသူတစ်ဦးကို ဆိုလိုခြင်းဖြစ်သည်။ ထိုသူသည် လူထုသဘောထားအမြင်ကိုဖြစ်စေ၊ အစိုးရ၏ဆုံးဖြတ်ချက်များကို ဖြစ်စေ ဩဇာလွှမ်းမိုးနိုင်သူ ဖြစ်ရပေလသည်။ တစ်ဖန် နောင်တစ်နေ့တွင် ပစ်မှတ်နိုင်ငံ၌ ခေါင်းဆောင်ဖြစ်လာနိုင်သော၊ နိုင်ငံကြီးများသို့ သွားရောက်ခဲ့သည့် ပညာတော်သင်ပုဂ္ဂိုလ်များသည်လည်း အလားအလာရှိသော 'ဩဇာသက်ရောက်သည့် အထောက်တော်' များ ဖြစ်နိုင်ကြပါသည်။

နိုင်ငံကြီးများ၏ ထောက်လှမ်းရေးအဖွဲ့အစည်းတို့သည် အထောက်တော်ဖြစ်ရန် အလားအလာရှိသူများနှင့် ပတ်သက်၍ ထောင့်စုံအောင် စေ့စေ့စပ်စပ် လေ့လာထားကြရသည်။ ထိုသူတို့၏ မျှော်မှန်းချက်များ၊ မကျေနပ်ချက်များ၊ လိင်နှင့်ပတ်သက်၍ အားနည်းချက်များစသည့် ကိုယ်ရေးသမိုင်းများကို စုဆောင်းထားရသည်။ ထိုအားနည်းချက်၊ အားသာချက်များအပေါ် မူတည်၍ ထိုသူကို မည်သို့ချုပ်ကိုင်ရမည်ကို ဆုံးဖြတ်ကြသည်။ အကျပ်ကိုင် ခြိမ်းခြောက်ခြင်း၊ ထိုသူ၏ယုံကြည်ချက်ကို အသုံးချခြင်း၊ ကလဲ့စားချေလိုစိတ်ကို အမြတ်ထုတ်ခြင်းစသည့် နည်းလမ်းများကို အသုံးပြုသည်။

ဤနည်းမျိုးဖြင့် ၁၉၅၄ ခုနှစ်က ချက်ကိုဆလိုဗက်ထောက်လှမ်းရေးသည် ဩစတြီးယားနိုင်ငံ၏ တန်ပြန်ထောက်လှမ်းရေးအဖွဲ့မှ ထိပ်ပိုင်းအထောက်တော်တစ်ဦးကို ခြိမ်းခြောက်အကျပ်ကိုင်နိုင်ခဲ့သည်။ လျှို့ဝှက်နံပါတ် 'ခုနစ်' ဟု အမည်ပေးထားသော ထိုဩဇာသက်ရောက်သည့် အထောက်တော်ကြောင့် ကေဂျီဘီ တခြားသူလျှိုများသည် ဩစတြီးယား လုံခြုံရေးလုပ်ငန်းများအတွင်း၌ ၁၀ နှစ်ကျော်ခန့် စိတ်ကြိုက်လှုပ်ရှားနိုင်ခဲ့သည်။

နိုင်ငံရေးခံယူချက် မတူညီဟူသော အကြောင်းပြချက်ကြောင့် သော်လည်းကောင်း၊ သဘောတရားရေးခံယူချက် အခြေခံချင်း ဆန့်ကျင်ဘက် ဖြစ်နေမှုကြောင့် သော်လည်းကောင်း နိုင်ငံကြီးများသို့ ခိုလှုံလာသောသူများကိုမူ အထူးသဖြင့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထား ကိုင်တွယ်လေ့ရှိ၏။ ထိုသူများကို ငွေကြေးဖြင့်လည်းကောင်း၊ ဘွဲ့တံဆိပ်များဖြင့်လည်းကောင်း ဂုဏ်ပြုသိမ်းသွင်းမှု ပြုလုပ်လေ့ရှိသည်။ အရှေ့ဂျာမနီမှ ဒုက္ခရောက်ဟန်ဆောင်၍ အနောက်ဂျာမနီသို့ ထွက်ပြေးခိုလှုံခဲ့သော အထောက်တော်တစ်ဦး ဖြစ်သူ ဂန်သာဂွီလွမ်းဆိုသူသည် တဖြည်းဖြည်း စိမ့်ဝင်ထိုးဖောက်ခဲ့ရာ အနောက်ဂျာမနီအဓိပတိဖြစ်သူ ဝီလီဘရန့်အနီးသို့ပင် ရောက်ရှိခဲ့သည်။ ဂျာမနီအဓိပတိကြီး၏ ဆုံးဖြတ်ချက်များကို ဩဇာလွှမ်းမိုးနိုင်သူအဆင့်သို့ပင် ရောက်ရှိခဲ့သည်။ အနောက်ဂျာမနီရှိ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့၏ အကြီးအကဲအဆိုအရ ဂွီလွမ်းကဲ့သို့ ကျွမ်းကျင်လိမ္မာသည့် သူလျှိုအမြောက်အမြား သည် အစိုးရဌာနများ၏ အကြီးအကဲနေရာမျိုးတွင် ရှိနေတတ်သည်ဟု ဆိုပါသည်။

အမေရိကန်နိုင်ငံ အစိုးရရုံးစိုက်ရာ ဝါရှင်တန်မြို့တော်တွင်လည်း အစိုးရအဖွဲ့များ၊ တရားရေးအဖွဲ့များကို ဩဇာလွှမ်းမိုးနိုင်ရန် တရားဥပဒေဘောင်အတွင်းမှ ကူညီထောက်ပံ့မှု၊ အကျိုးဆောင်ပေးမှုများကို သံသယဖြစ်ဖွယ်ကောင်း လောက်အောင် ပြုလုပ်နေကြကြောင်း တွေ့ရသည်။ သူတို့သည် သမ္မတ၊ သို့မဟုတ် သမ္မတနှင့်နီးစပ်သူများ၊ ပါတီများ၊ ဆီးနိတ်လွှတ်တော်အမတ်များ၊ အစိုးရအရာရှိကြီးများ၊ သတင်းစာဆရာများကို လိုအပ်သမျှ ဥပဒေဘောင်တွင်းမှ နည်းလမ်းများအား အသုံးပြုခြင်းဖြင့် ကူညီထောက်ပံ့ပေးလျက် ရှိသည်။ သူတို့အဆိုအရ ' အကျိုးဆောင်ပေးခြင်း 'ဟု ခေါ်ဝေါ်ပြီး အမေရိကန်အစိုးရအပေါ် ' ဩဇာသက်ရောက်ရန် လုပ်ကိုင်သည့် အကျိုးဆောင်ခြင်း ' Lobbying မှုသာ ဖြစ်သည်။ ထိုအကျိုးဆောင်အဖွဲ့သည် အမေရိကန်အစိုးရအပေါ် ဩဇာသက်ရောက်မှု အရှိဆုံး၊ အထက်မြက်ဆုံး အဖွဲ့အစည်း ၁၀ခုတွင် တစ်ခုအပါအဝင် ဖြစ်သည်။

အမှန်အားဖြင့် ပုဂ္ဂလိကအဖွဲ့တစ်ခုခုက သော်လည်းကောင်း၊ နိုင်ငံခြား အစိုးရတစ်ခုခုက သော်လည်းကောင်း၊ ကုမ္ပဏီတစ်ခုခုက သော်လည်းကောင်း၊ အမေရိကန်အစိုးရ၏ ဥပဒေပြုရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို သော်လည်းကောင်း တရားစီရင်ရေးအဖွဲ့အစည်းများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ဩဇာလွှမ်းမိုးရန် လုပ်ကိုင်ခြင်းကို လော်ဘီလုပ်ခြင်းဟု ပြောလေ့ရှိကြသည်။

ထိုသို့ လော်ဘီလုပ်သော အဖွဲ့အစည်းများမှာ တရားဝင်သာ လုပ်လေ့ရှိသော်လည်း တစ်ခါတစ်ရံ ဥပဒေကို ရှောင်တိမ်းကာ တရားဝင်မှတ်ပုံမတင်ဘဲ လော်ဘီအကျိုးဆောင် လုပ်သည်များလည်း တွေ့ရသည်။ ၁၉၇၇ခုနှစ်၊ ဧပြီလ အထိ မှတ်ပုံတင်ထားသော လော်ဘီ အကျိုးဆောင်လုပ်ငန်းများ အမေရိကန်တွင် ၆၃၃ ခု ရှိသည်။ များသောအားဖြင့် ဂျပန်၊ ကနေဒါ၊ ပြင်သစ်၊ အနောက်ဂျာမနီနိုင်ငံများမှ လာရောက်လုပ်ကိုင်သည်များလည်း ရှိသည်။ ထိုအဖွဲ့များသည် နိုင်ငံခြားအကျိုးဆောင် မှတ်ပုံတင်ဥပဒေဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပေသည်။ ဆိုဗီယက်တို့ကမူ အမေရိကန်အကျိုးဆောင် လော်ဘီလုပ်ငန်းများအတွင်း ထင်ထင်ပေါ်ပေါ် လုပ်ကိုင်မှတ်ပုံတင်ထားခြင်း မရှိပေ။ တစ်ဆင့်ခံအဖြစ် လော်ဘီအဖွဲ့များ၊

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ပုဂ္ဂိုလ်များကို 'ဩဇာသက်ရောက်သည့် အထောက်တော်များ' အဖြစ်သာ သဘောထား၍ လျှို့ဝှက်ဆက်သွယ်ခြင်းသာ ရှိသည်ဟု ဆိုသည်။

၁၉၇၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့က နယူးယောက်တိုင်းမ် သတင်းစာတွင် အမေရိကန်နှင့်အနောက်ဂျာမနီတို့အကြား စီးပွားရေးဆက်ဆံမှု မပြေလည်သည့်အကြောင်းကို ဂျိမ်းဖရက်ဒရစ် ဆက်တလာဆိုသူက ရေးသားခဲ့ဖူးသည်။ ထိုသူသည် အမေရိကန်ဆီးနိတ် နိုင်ငံတကာရေးရာဌာနတွင် တာဝန်ထမ်းဆောင်ရန် အလုပ်လျှောက်ထားသည့်အခါ အက်ဖ်ဘီအိုင်က အရှေ့ဥရောပနှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိသဖြင့် ကန့်ကွက်ခဲ့သည်။ အမှန်လည်း သူသည် အရှေ့ဂျာမနီသူလျှိုတစ်ဦးသာ ဖြစ်သည်။ နောင်အခါ သူ့အား အရှေ့ဂျာမနီမှ ဂုဏ်ထူးဘွဲ့ထူးများနှင့် ငွေကြေးများ ချီးမြှောက်ထောက်ပံ့ခဲ့ကြောင်း တွေ့ရသည်။

## သိပ္ပံနှင့်နည်းပညာသတင်း စစ်ဆင်ခြင်း

ကေဂျီဘီအဖွဲ့ကြီးတွင် သိပ္ပံနှင့်နည်းပညာ သတင်းများကို အမေရိကန်နှင့် အနောက်ဥရောပထံမှ ကဲ့ထုတ်ရန်အတွက် သီးခြား ညွှန်ကြားရေးမှူးရုံးတစ်ရုံးကို အမြော်အမြင်ကြီးစွာဖြင့် ဖွဲ့စည်းထားသည်။ ထိုရုံး၏ ဆောင်ရွက်ချက်ကို ငွေကြေးအားဖြင့် အမြတ်အစွန်းတိုင်းတာပါက ဒေါ်လာဘီလျံများစွာ တန်ဖိုးရှိပေလိမ့်မည်။

ကေဂျီဘီအဖွဲ့ကြီးတစ်ခုလုံး၏ ကုန်ကျစရိတ်ကို ထေမိရုံသာမက တိုင်းပြည်ကကုန်ကျမည့် သုတေသနလုပ်ငန်းကြီးများ တည်ထောင်သုံးစွဲရမည့် ငွေကြေးနှင့် အချိန်တို့ကိုပါ များစွာသက်သာစေကြောင်း တွေ့ရသည်။ ထိုဌာနကြီးသည် အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံများမှ စက်မှုလက်မှု၊ သိပ္ပံပညာ၊ နည်းပညာ၊ စီးပွားရေးစသည်တို့နှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကို ကဲ့ထုတ်ယူသည့် တာဝန်ထမ်းဆောင်သည်။ သူတို့သည် နျူကလီးယားနှင့် အာကာသသုတေသနကဲ့သို့ တန်ဖိုးကြီးပြီး လျှို့ဝှက်သော သိပ္ပံဆိုင်ရာ အချက်အလက်များကိုပါ စနစ်တကျ ကဲ့ထုတ်နိုင်ခဲ့သည်။

ထိုအဖွဲ့ကြီးတွင် တက္ကသိုလ်နှင့်၊ သိပ္ပံများမှ ဘွဲ့ရရှိထားသော လက်ရွေးစင် ထူးချွန်ဝန်ထမ်း ၅၀၀ ကျော်ရှိသည်။ အဖွဲ့ကြီး၏ အဓိက ရည်ရွယ်ချက်များတွင် ဆိုဗီယက်တို့၏ စီးပွားရေးနှင့်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို ငွေကြေးနှင့် အချိန် အကုန်မခံဘဲ တခြားနိုင်ငံများမှ သုတေသနပြုချက်များ ကဲ့ထုတ်ယူခြင်းဖြင့် ရရှိသော အချက်အလက်များကို မိမိနိုင်ငံအတွက် ရှာဖွေဖြည့်ဆည်းပေးခြင်းလည်း ပါဝင်သည်။

နည်းပညာထောက်လှမ်းရေးအဖွဲ့၏ ဆောင်ရွက်မှုထိရောက်ခြင်းကြောင့် ဆိုဗီယက်တို့သည် သုတေသန

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းများစွာ တည်ထောင်လုပ်ကိုင်ရန် မလိုအပ်သဖြင့် အဓိကအားဖြင့် ငွေကြေးအကုန်အကျများစွာ သက်သာစေသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးအတွင် ဆိုဗီယက်တို့သည် ကေဂျီဘီနှင့်ဂျီအာယူ အထောက်တော်များမှတစ်ဆင့် နျူကလီးယား ဗုံးနှင့်ပတ်သက်သော လျှို့ဝှက်ချက်များစွာ ရရှိခဲ့သဖြင့် နျူကလီးယား အင်အားပိုင်ဆိုင်မှုတွင် ထိပ်သီးနိုင်ငံစာရင်း ဝင်ခဲ့သည်။ အနောက်ဥရောပရှိ သိပ္ပံနှင့်နည်းပညာရှင်များထဲတွင်လည်း ဆိုဗီယက်အထောက်တော်များ မွေးမြူကာ သတင်းအချက်အလက်များ ကဲ့ထုတ်ယူလျက် ရှိသည်။

အဓိကလုပ်ငန်းမှာ နည်းပညာများ၊ ပစ္စည်းဒီဇိုင်းများ၊ နမူနာပစ္စည်းများကို အနောက်နိုင်ငံများထံမှ လျှို့ဝှက်ကဲ့ထုတ်ပြီး ဆိုဗီယက်နိုင်ငံသို့ ပြန်ပို့ပေးခြင်း ဖြစ်သည်။ တခြား လှည့်ဖြားရေးလုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက သိပ္ပံပညာရပ်ဆိုင်ရာ သတင်းမှားထုတ်လွှင့်သည့် သတင်းစစ်ဆင်ရေးသည် ပိုမိုခက်ခဲကြောင်း တွေ့ရပါသည်။

ပစ်မှတ်နိုင်ငံရှိ ကျွမ်းကျင်သူ သိပ္ပံပညာရှင်များကို လှော့ပြခြင်း၊ ပိုပြခြင်းများ ပြုလုပ်ရန်မှာ ပိုမိုခက်ခဲသည်။ အဆင့်မြင့်မားသော ကျွမ်းကျင်မှုများ လိုအပ်ပါသည်။

သိပ္ပံသတင်းလှည့်စားသော သတင်းစစ်ဆင်ရေးလုပ်ငန်းတွင် ဆိုဗီယက်ပြည်ထောင်စု၏ သိပ္ပံအောင်မြင်မှု များကို လိုသလိုလှည့်ဖြား၍ ဝါဒဖြန့်ခြင်း၊ အနောက်နိုင်ငံများ၏ လျှို့ဝှက်စမ်းသပ်မှုကို ထောက်လှမ်းပြီး ဝါဒဖြန့်ခြင်းတို့မှာ အရေးပါလှသည်။

မည်သို့ဆိုစေ၊ ကေဂျီဘီအဖို့ နိုင်ငံရေးနယ်ပယ်တွင် သတင်းလှည့်စားစစ်ဆင်မှု မအောင်မြင်ခဲ့ပါက ပေါ်လစ်ဗျူရို ကို ရှင်းလင်းတင်ပြလျှင် ပြေလည်သွားနိုင်သော်လည်း စီးပွားရေးနှင့်သိပ္ပံဆိုင်ရာ သတင်းလှည့်စားမှု မအောင်မြင်ပါက မလွယ်ကူလှပေ။

ငွေကြေးရှုံးနိမ့်မှုများ အကျုံးဝင်ပါက တာဝန်ရှိသူများအား ထောင်ကျသည်အထိ အရေးယူလေ့ရှိသဖြင့် အထူးဂရုစိုက်ရသော လုပ်ငန်းဖြစ်သည်။ အလားတူပင် ကွန်ပျူတာနည်းပညာကို ကဲ့ထုတ်ယူရာမှ ရရှိလာသော တိုးတက် မှုသည် ဆိုဗီယက်တို့အဖို့ မရစဖူးသော အခွင့်အလမ်းများစွာကို ရရှိစေခဲ့သည်။

အနောက်နိုင်ငံများ၏ ကွန်ပျူတာဝှက်စာကို လေ့ကျင့်ထားသော ဆိုဗီယက်ပညာရှင်များသည် ရန်သူ့ဝှက်စာများကို အလွယ်တကူ ဖော်ထုတ်နိုင်မှုကြောင့် နယ်ပယ်စုံမှ လျှို့ဝှက်ချက်များကို ရရှိနိုင်ကြ၏။ ကွန်ပျူတာစနစ်တစ်ခုကို ထိုးဖောက်နိုင်ခြင်းသည် ရန်သူနိုင်ငံ၏ ကာကွယ်ရေးအစီအစဉ်များကို ရပ်တန့်သွားစေနိုင်သည်။ ရန်သူ့သိပ္ပံပညာရှင်များကို မှားယွင်းသောကောက်ချက်များ ချမှတ်စေနိုင်သည်။ အုပ်ချုပ်မှုလုပ်ငန်းများ တိမ်းစောင်းသွားစေပြီး နိုင်ငံတကာဆက်ဆံရေး တွင်လည်း အဟန့်အတား ဖြစ်သွားစေနိုင်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## ကေဂျီဘီနှင့် မီဒီယာအဖွဲ့အစည်းများ

ဆိုဗီယက်ပြည်ထောင်စုသည် ကျယ်ပြန့်လှသော မီဒီယာအဖွဲ့အစည်းများ၊ ဝါဒဖြန့်ချိရေးလုပ်ငန်းများ ဖွဲ့စည်းထားရှိသည်။ တပ်စ်သတင်းဌာန၊ နိုဗော့စတီသတင်းဌာန၊ နိုင်ငံတကာအသံလွှင့်ဌာန (ရေဒီယိုမော်စကို)နှင့် ငြိမ်းချမ်းရေးနှင့် တိုးတက်ရေးရေဒီယို (အရှေ့ဥရောပရှိ လျှို့ဝှက်ရေဒီယိုစခန်းများ) စသည်ဖြင့် ထူထောင်ထားသည်။

ဆိုဗီယက် ပြည်တွင်း၊ ပြည်ပ မူဝါဒများအပေါ် ကမ္ဘာ့ပြည်သူများ ယုံကြည်ကိုးစားမှု ရှိလာစေရန် အတွက်လည်း ကမ္ဘာ့အလုပ်သမားသမဂ္ဂ ဖက်ဒရေးရှင်း၊ ကမ္ဘာ့ဒီမိုကရက်တစ် လူငယ်ဖက်ဒရေးရှင်း၊ နိုင်ငံတကာ ကျောင်းသားများသမဂ္ဂ၊ နိုင်ငံတကာ အမျိုးသမီးများဖက်ဒရေးရှင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီတို့ကို ပုံစံအမျိုးမျိုး ဖွဲ့စည်းထားသည်။ အနောက်အုပ်စု ထောက်လှမ်းရေးအဖွဲ့အစည်းများကမူ ငြိမ်းချမ်းရေးလှုပ်ရှားမှုဟူသမျှ ဆိုဗီယက်တို့၏ လှည့်စားမှုလုပ်ငန်းအတွက် အရေးကြီးသောပြယုဂ်များသာ ဖြစ်သည်ဟု ဆိုသည်။

ငြိမ်းချမ်းရေးလှုပ်ရှားမှုများကို အသုံးပြု၍ အမေရိကန် နိုင်ငံခြားရေးဝါဒအား စစ်လိုလားသောဝါဒအဖြစ် ပုံဖော်ပြထားသည့်အလုပ်ကို ဆိုဗီယက်တို့က ၁၉၄၇ ခုနှစ်ကတည်းက ကျင့်သုံးနေခဲ့သည်ဟု ဆိုၾက။ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီအမည်ဖြင့် ငြိမ်းချမ်းရေးအမည်တပ်လှုပ်ရှားရန် ၁၉၄၇ ခုနှစ်ကပင် တည်ထောင်ထားခဲ့သည်။ အစည်းအဝေးနှင့် ညီလာခံများကိုလည်း ဆိုဗီယက်တို့၏ ဝါဒဖြန့်ချိရေးနှင့် နိုင်ငံရေးရည်မှန်းချက်များကို သိမ်မွေ့ကျွမ်းကျင်စွာ ထည့်သွင်းအကောင်အထည်ဖော်လေ့ရှိသည်ဟု စီအိုင်အေက စွပ်စွဲသည်။

ထို အစည်းအဝေးများ၏ရလဒ်မှာ ဆိုဗီယက်ကိုထောက်ခံပြီး အနောက်အုပ်စုကို ထိုးနှက်တိုက်ခိုက်ခြင်းသာ ဖြစ်သည်ဟု အကြောင်းပြသည်။ ကေဂျီဘီတို့သည် နောက်ကွယ်မှ လှုပ်ရှားလေ့ရှိပြီး အစည်းအဝေးတက်ရောက်သူ ဆိုဗီယက်အထောက်တော်များအား အနီးကပ်လိုအပ်သည်များကို ညွှန်ကြားလေ့ရှိသည်ဟု ဆိုသည်။ နိုင်ငံတကာတပ်ဦးအဖွဲ့အစည်းများကိုလည်း ဆိုဗီယက်တို့က ၁၉၇၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၃ သန်း ထောက်ပံ့ခဲ့သည်။

ထိုကဲ့သို့ ရှေ့တန်းတင်ထားသော အဖွဲ့အစည်းများကို သတင်းစစ်ဆင်ရေးနှင့် အနက်ရောင်ဝါဒ ဖြန့်ချိရေးလုပ်ငန်းအတွက်ကိုလည်း တစ်ခါတစ်ရံ အသုံးပြုလေ့ရှိသည်။ ဆိုဗီယက်ထောက်လှမ်းရေးအဖွဲ့များအနေဖြင့် ထိုအဖွဲ့များကို သုံးရာတွင် ခြေတစ်လှမ်း မှားယွင်းခဲ့သည်ဟုလည်းကောင်း ထောက်ပြခံရသည်။ ထိုအဖွဲ့များကို လိုအပ်သည်ထက် ပိုမိုကျယ်ပြန့်စွာနှင့် ရှေ့လောကြီးစွာ အသုံးပြုခဲ့ခြင်း၊ နှစ်ပေါင်းများစွာ ဆက်တိုက် အသုံးပြုခဲ့ခြင်းများကြောင့် အများက အလွယ်တကူ ရိပ်မိသိရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ ယခုအခါ တခြားနည်းလမ်းများကို ကေဂျီဘီက ရှာဖွေနေပြီဟုလည်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ ၁၉၅၀ ပြည့်လွန်နှစ်များက ကေဂျီဘီသည် နိုင်ငံတကာ ကျောင်းသားသမဂ္ဂကို အနောက်အုပ်စုနိုင်ငံများနှင့် တတိယကမ္ဘာနိုင်ငံများအတွင်း၌ ထိရောက်စွာ အသုံးချခဲ့သည်။ သို့သော် နောက်ပိုင်း တွင် ကေဂျီဘီသည် သက်ဆိုင်ရာ ပစ်မှတ် နိုင်ငံများတွင်ရှိသော တရားဝင်အဖွဲ့အစည်းများ၊ တရားဝင် နိုင်ငံတကာအဖွဲ့အစည်းများကို ထိုးဖောက်ဝင်ရောက်သည့် နည်းလမ်းကိုသာ အသုံးပြုသည်ဟု ဆိုသည်။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၄
## စီအိုင်အေ၊ ကေဂျီဘီနှင့် မီဒီယာ

နိုင်ငံတိုင်းတွင်ရှိသော အစိုးရဌာန ဝန်ထမ်းအကြီးအကဲများသည် သူတို့ဌာနတွင်းရှိ စာရွက်စာတမ်းဟူသမျှကို လုံခြုံမှုအဆင့် 'လျှို့ဝှက်' တပ်ထားလိုကြသည်ချည်းသာ ဖြစ်သည်။ အထူးသဖြင့် နိုင်ငံခြားအစိုးရများနှင့် အဆက်အသွယ်ပြုလုပ်သည့် စာရွက်စာတမ်းအားလုံးကို ခိုင်လုံသည်ဖြစ်စေ၊ မခိုင်လုံသည်ဖြစ်စေ 'လျှို့ဝှက်' အဆင့်သတ်မှတ်ပြီး တန်ဖိုးမြှင့်ထားလိုကြသည်။ ပိုမိုသိမ်မွေ့သော အကြောင်းအရာဖြစ်လေ၊ တန်ဖိုးပို၍ သတ်မှတ်လိုလေ ဖြစ်နေသည်။ ဤသို့ဖြစ်ရခြင်းတွင် အကြောင်းအမျိုးမျိုး ရှိလိမ့်မည်။ တချို့က မိမိတို့လုပ်ထားသမျှကို လူအထင်ကြီးအောင် ပြုလုပ်ခြင်း ဖြစ်သည်။ လုပ်နိုင်သည်ထက်ပို၍ အထင်ကြီးနေကြအောင် ဖြစ်သည်။ တချို့က ဌာနတွင်းစည်းကမ်းကို ရှုပ်ထွေး၍ သတ်မှတ်လိုခြင်းကြောင့် ဖြစ်သည်။

မည်သို့ဆိုစေ၊ ဒီမိုကရေစီနိုင်ငံကြီးများတွင်မူ စာနယ်ဇင်းလွတ်လပ်ခွင့်ပေးထားရာ ထိုသို့ ကန့်သတ်ထားရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စာနယ်ဇင်းများသို့ ပေါက်ကြားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ သို့သော် လူ့သဘာဝသည် ဆန်းကြယ်၏။ တစ်စုံတစ်ဦးက မလိုလားအပ်ဘဲ ပို၍စာရွက်စာတမ်းများကို ကန့်သတ်ချုပ်ချယ်လာချိန်တွင် တခြားတစ်ဦးကလည်း ပို၍ပို၍ ပေါက်ကြားအောင် ပြုလုပ်လိုသော ဆန္ဒများ တိုးပွားလာလေ ဖြစ်တတ်ပါသည်။ ထိုအခါ ဌာနတွင်းရှိ ထိုကဲ့သို့ ပေါက်ကြားစေလိုသော ဆန္ဒရှိသူတချို့သည် သူတို့ ကန့်သတ်ထားသည့် စာရွက်စာတမ်းများကို အများပြည်သူသိစေရန် ရည်ရွယ်ပြီး သတင်းစာတိုက်များသို့ ပို့ပေးခြင်းများ မကြာခဏ ကြုံကြရသည်။ တစ်ခါတစ်ရံတွင် သတင်းပေါက်ကြားမှုများတွင် နိုင်ငံတော်လုံခြုံရေးနှင့် သက်ဆိုင်သော ထိပ်တန်းလျှို့ဝှက်ထားသည့် စာရွက်စာတမ်းများပင်လျှင် ပါဝင်လာလေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် စာရွက်စာတမ်းများကို ပေါက်ကြားစေလိုသူတို့က သတင်းစာတိုက်များကို ပေးပို့လေ့ရှိပြီး ရေဒီယိုနှင့်ရုပ်မြင်သံကြား အသံလွှင့်ဌာနများသို့ ပေးပို့လေ့ သိပ်မရှိပေ။ ထိုသို့ပြုလုပ်ရခြင်းကို လေ့လာသောအခါ သတင်းစာများ၏ စာမျက်နှာပေါ်တင်ထားလျှင် အကြိမ်ကြိမ် လူအများဖတ်နိုင်ပြီး တစ်စုံတစ်ဦးကညွှန်လိုက်သည်နှင့် မည်သူမဆို ထပ်မံဖတ်ရှုနိုင်သောကြောင့် ဖြစ်ကြောင်းတွေ့ရသည်။ နှစ်ရှည်လများ တည်တံ့နိုင်သောကြောင့် ဖြစ်သည်။ တချို့သောပေါက်ကြားမှုများသည် အကျင့်စာရိတ္တ ပျက်ပြားမှုများ၊ ရာဇဝတ်ပြစ်မှုများ၊ အာဏာအရှိန်အဝါအလွဲသုံးစားမှုများကို ဖော်ထုတ်နိုင်ခြင်းကြောင့် နိုင်ငံတော်အတွက်၊ ဌာနဆိုင်ရာအတွက်နှင့် ပြည်သူများအတွက် အကျိုးပြုနိုင်ကြသည်။ သတင်းစာ လွတ်လပ်ခွင့်၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်က သတ်မှတ်ထားသော စည်းကမ်းများကို ဌာနဆိုင်ရာ အာဏာပိုင်များက အာဏာအရှိန်အဝါ အသုံးပြု၍ ချိုးဖောက်ပြီး နည်းလမ်းပေါင်းစုံဖြင့် ကိုယ်ကျိုးရှာခြင်း မပြုနိုင်အောင် ဖြစ်သည်။ များသောအား ဖြင့် လုပ်ပိုင်ခွင့်ရှိသူများက မိမိကိုယ်ကျိုးအတွက် အစိုးရရန်ပုံငွေမှ အလွဲသုံးစားပြုလုပ်ခြင်း၊ ပြင်ပမှ မိမိကွပ်ကဲရသူ ပုဂ္ဂလိကစီးပွားရေးသမားများထံမှ လာဘ်ယူခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေလျော့နည်းစေခြင်း၊ လိင်မှုဆိုင်ရာ နိုင့်ထက်စီးနင်း ပြုမူခြင်းများ တွေ့ရလေ့ရှိသည်။

သို့သော် ထိုသို့မဟုတ်ဘဲ ဌာနဆိုင်ရာ စာရွက်စာတမ်းများ ပေါက်ကြားမှုမျိုးမှာ နိုင်ငံတော်အတွက် လိုအပ်၍ ထိန်းသိမ်းထားသော စာရွက်စာတမ်းများကို ပြည်ပ ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ အလိုကျ ငွေကြေးရယူလက်ခံ၍ ပေါက်ကြားခြင်းမျိုး ဖြစ်ပေသည်။၁၉၇၀ပြည့်လွန် နှစ်များအတွင်း စီအိုင်အေအထောက်တော်များ၏ အမည်နာမများပေါက်ကြားခဲ့ခြင်းကြောင့် စီအိုင်အေသည် နိုင်ငံခြား ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ ယုံကြည်မှုကင်းမဲ့ပြီး ဆက်ဆံရေးများစွာ ခက်ခဲသွားခဲ့ရသည်။ ထို့ပြင် စီအိုင်အေကို အကျိုးဆောင်ပေးနေသော အထောက်တော်များကလည်း အဆက်ဖြတ်လိုက်ကြလေသည်။ အမေရိကန်အစိုးရကိုယ်တိုင်က ထိုကိစ္စကိုကိုင်တွယ်ရန် အကျပ်ဆိုက်ခဲ့ရသည်အထိ ဖြစ်သည်။

ထိုသို့ အကျပ်ဆိုက်နေစဉ် သတင်းစာများဘက်မှ ကာကွယ်ပြောကြားသူတစ်ဦး ပေါ်လာသည်။ နယူးယောက်တိုင်းမ်သတင်းစာမှ ဂျိမ်းရက်စ်တန် ဖြစ်သည်။ သူက သက်ဆိုင်ရာဌာနများက မနှစ်သက်လင့်ကစား ဤသည်မှာ ပြည်သူလူထုအတွက် ဒီမိုကရေစီစနစ်၏ အကာအကွယ်များပင်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ပြည်သူလူထုသည် အမေရိကန် အာဏာပိုင်ဌာနများ၏ တစ်ဖက်သတ် ထိန်းချုပ် အနိုင်ကျင့်မှုကိုသာ ခံစားရလိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်ရာ သတင်းစာတိုက်များက ကောင်းချီးသြဘာပေးကြသည်။ မည်သို့ဆိုစေ၊ အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အမြစ်တွယ်နေခဲ့သော 'သတင်းစာလွတ်လပ်ခွင့်' သည် အမေရိကန်ဒီမိုကရေစီစနစ်တွင်လည်း အမြစ်တွယ်နေခဲ့လေသည်။ ထိုလွတ်လပ်ခွင့်၏ အလွန်အကျွံဖြစ်မှု ရလဒ်ကို အမေရိကန်ပြည်ထောင်စုသည် စတင်၍ ခါးသီးဖွယ်ရာ ခံစားနေပြီ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်ကိုကား သတိထားမိသူ နည်းပေလိမ့်မည်။ အမေရိကန် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ ပထမပြင်ဆင်ချက်တွင် သတင်းစာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်ကို ထိခိုက်စေမည့် မည်သည့်ဥပဒေမျှ မထုတ်ပြန်ရဟု ပြဋ္ဌာန်းထားပြီး ဖြစ်သည်။ သို့ဖြစ်၍ သတင်းစာဆရာကြီး တစ်ဦးအနေဖြင့် မည်သည့်အစိုးရဌာန အကြီးအကဲထံမှမဆို ပြည်သူများကို အရှိအတိုင်းတင်ပြရန် အချက်အလက်များ တောင်းခံခွင့်ရှိသည်ဟု သဘောရလေသည်။ ထိုအာမခံချက်သာ မရှိပါက သတင်းစာဆရာတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စာရိတ္တကြံ့ခိုင်ရေးကို အစိုးရအတွက်ရော၊ နိုင်ငံအတွက်ပါ ဆောင်ရွက်နိုင်တော့မည် မဟုတ်ဟုဆိုကြသည်။ ဌာနဆိုင်ရာ အာဏာပိုင်တို့က သတင်းစာလွတ်လပ်ခွင့်ကို ထိပါးလာတိုင်း အမေရိကန်သတင်းစာဆရာတို့က ချက်ချင်းတုံ့ပြန်တတ်ကြသည်။

သို့သော် ထိုအားနည်းချက်ကို အခွင့်ကောင်းယူ၍ တစ်ချို့က ဆိုဗီယက်ပြည်ထောင်စုနှင့် အရှေ့အုပ်စု ထောက်လှမ်းရေးအဖွဲ့များက အသာစီးဖြင့် နိုင်ငံရေး အမြတ်ထုတ်သွားကြသည်ကို အမေရိကန်ပြည်ထောင်စုသည် ဆယ်စုနှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး ဖြစ်ပေသည်။ လျှို့ဝှက်သတင်းများကို သတင်းစာတိုက်သို့ ပေါက်ကြားစေခြင်းသည် အမေရိကန်ပြည်ထောင်စုတွင် အလွန် ခေတ်စားသောကိစ္စ ဖြစ်လာခဲ့သည်။ သို့ရာတွင် ဤကိစ္စများ၌ ကေဂျီဘီသည် အလွန်စိတ်ပါဝင်စားစွာ ဝင်ရောက်လှုပ်ရှားနေသည်ကိုတော့ လုံခြုံရေးဆိုင်ရာ ပုဂ္ဂိုလ်တချို့ကသာ ရိပ်စားမိနိုင်ကြပေသည်။

အမေရိကန်သတင်းစာဆရာများသည် ၁၉၇၀ပြည့်လွန် နှစ်များတိုင်အောင် အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ခြွင်းချက်အနေဖြင့် အထူးသတိထား၍ ထိန်းသိမ်းခဲ့ကြသည်။ သို့သော် နောက်ပိုင်းတွင် ဗီယက်နမ်စစ်ကြောင့် လူထုနှင့်အစိုးရတို့ သဘောထားကွဲလွဲခဲ့ရမှ ပင်တဂွန်စစ်ဌာနချုပ်၏ စာရွက်စာတမ်းများကို စနစ်တကျထိန်းသိမ်းရန်ကိစ္စတွင် သတင်းစာဆရာများနှင့် အစိုးရအဖွဲ့အကြား အကြီးအကျယ် အငြင်းအခုံဖြစ်ခဲ့ကြသည်။ သည့်နောက်ပိုင်းတွင် သတင်းစာဆရာတို့၏ သဘောထားပြောင်းလဲလာပြီး ၁၉၇၁ ခုနှစ်တွင် နေရှင်နယ်ရီဗျူးသတင်းစာ၌ ပင်တဂွန်လျှို့ဝှက်စာတမ်းတစ်ခုအကြောင်း ပါလာလေတော့သည်။

အမေရိကန်အစိုးရ၏ ငြိမ်းချမ်းရေးအဆိုပြုချက်ကို မလိုက်နာပါက မြောက်ဗီယက်နမ်အပေါ် နျူကလီးယားဗုံးကြဲချမည်ဖြစ်ကြောင်း သတင်းဖြစ်လေသည်။ ထိုလျှို့ဝှက်စာတမ်းများကို နိုင်ငံခြားရေးဝန်ကြီးဟောင်း ဒင်းရပ်စ်နှင့် ပူးတွဲစစ်ဦးစီးချုပ်များ၏ဥက္ကဋ္ဌ ရေတပ်ဗိုလ်ချုပ်ကြီး အာသာရက်ဖို့ဒ်တို့ လက်မှတ်ရေးထိုးထားသည်ဟု ဖော်ပြခဲ့လေသည်။ နောက်ပိုင်းတွင် ထိုလျှို့ဝှက်စာရွက်စာတမ်းများသည် အတုဖြစ်နေကြောင်း တွေ့ရပါသည်ဟု ဝန်ခံခဲ့သည်။ သို့သော် ဤသတင်းကြောင့် အမေရိကန်အစိုးရဆန့်ကျင်ရေး စိတ်ဓာတ် နိုင်ငံတွင်း၌ရော၊ ပြည်ပ၌ပါ ကြီးထွားလာခဲ့သည်။

သည့်နောက်ပိုင်းတွင် အစိုးရနှင့် သတင်းစာလောကတို့ အကြားတွင် အမြင်ချင်းကွာဟမှု ပိုမိုကြီးထွားလာခဲ့သည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



သတင်းစာလောကသည်လည်း နောက်ခံအင်အား မသေးလှပေရာ အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးဝါဒနှင့် ပတ်သက်သည့် လျှို့ဝှက်သတင်းများမှာ ဆက်တိုက်ဆိုသလိုပင် ပေါက်ကြားခဲ့ပေတော့သည်။ တချို့သော သတင်းစာဆရာများသည် 'သတင်းစာလွတ်လပ်ခွင့်' ဟူသော 'အကာအကွယ်' ဖြင့် အန္တရာယ်ကြီးမားသော သတင်းအချက်အလက်များအား သူတို့၏ လွတ်လပ်မှုကို ပြန်လည်ခြိမ်းခြောက်နေသော အဖွဲ့အစည်းများသို့ ပေးအပ်မိလျက်သား ဖြစ်နေလေသည်။

ချားလ်စ်ဟန်စင်ဆိုသူ ကွန်ပျူတာဒီဇိုင်းရေးဆွဲသူ တစ်ဦးကလည်း တရားဝင်ထုတ်ပြန်ထားသည့် စာရွက်စာတမ်းများ၌ ပါရှိသော အချက်အလက်များဖြင့် နျူကလီးယားဗုံးတစ်လုံး၏ ဒီဇိုင်းပုံစံကို ရရှိထားပြီဖြစ်ကြောင်း သတင်းစာတိုက်သို့ စာဖြင့် ရေးသားအကြောင်းကြားခဲ့သည်။ သို့သော် အမေရိကန်အစိုးရတွင် ထိုကဲ့သို့ အန္တရာယ်ကြီးမားသော သတင်းများကို ပိတ်ပင်ရန် ကြိုတင်ဆောင်ရွက်မှုများ ရှိထားပြီးဖြစ်၍ တော်သေးသည်။

အမေရိကန်ပြည်ထောင်စုတွင် သတင်းစာလွတ်လပ်ခွင့်နှင့် အမျိုးသားလုံခြုံရေးတို့အကြား ပဋိပက္ခဖြစ်မှုများတွင် တရားရုံးများကလည်း သတင်းစာဘက်သို့ လိုက်လျောရှိသည်။ သို့သော် ယခုကဲ့သို့သော နိုင်ငံရေးအကြမ်းဖက်မှုများ ခေတ်စားနေချိန်တွင် နိုင်ငံရေးအယူသီးသူများ လက်တွင်းသို့ အန္တရာယ်ရှိသော သတင်းအချက်အလက်များ ရောက်ရှိသွားပါက အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီစနစ်သာမက တစ်ကမ္ဘာလုံးပါ အန္တရာယ်ရှိလိမ့်မည်ဆိုသည်ကို အမေရိကန်အစိုးရက သဘောထား ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

မည်သို့ဖြစ်စေ၊ ယနေ့အထိကား အမေရိကန်တို့၏ သတင်းလွတ်လပ်ခွင့် အက်ဥပဒေ The Freedom of Information Act သည် အရှေ့အုပ်စုနိုင်ငံများအား အမေရိကန်နိုင်ငံတွင်း၌ အန္တရာယ်တစ်စုံတစ်ရာ မစိုးရိမ်ဘဲ အမြတ်ထုတ်ခွင့် ရရှိနေစေသည်။ ထိုဥပဒေအရ လွတ်လပ်စွာရရှိနိုင်သော အချက်အလက်များကို လေ့လာ၍ အမေရိကန်တို့၏ လျှို့ဝှက်သတင်း စုဆောင်းပုံစုဆောင်းနည်းများကို ကေဂျီဘီတို့ သိခွင့်ရရှိခဲ့သဖြင့် ယင်းတို့အနေဖြင့် အထောက်တော်ကွန်ရက် ဖြန့်ချိရေး ကြိုတင်အစီအမံများ ပြုလုပ်နိုင်ခဲ့လေသည်။

ကေဂျီဘီသည် နိုင်ငံတကာလှုပ်ရှားမှုများတွင်လည်း သတင်းစစ်ဆင်ရေး အစီအမံများ ပြုလုပ်နိုင်ခဲ့သည်။ အမေရိကန်ဥပဒေအရ နိုင်ငံခြား အကျိုးဆောင်အဖွဲ့များအပါအဝင် သတင်းဌာနများအနေဖြင့် မည်သူမဆို အစိုးရထံမှ ဥပဒေနှင့်အညီ စာတွဲများ တောင်းခံနိုင်ခွင့်ရှိသဖြင့် အမေရိကန်သည် မဟာမိတ်များနှင့် မျက်နှာပျက်ဖွယ်ရာလည်း ဖြစ်နေပါသည်။ လျှို့ဝှက်ချက်များ ထိန်းသိမ်းလိုသော ဥရောပ နေတိုးမဟာမိတ်နိုင်ငံများသည် အမေရိကန်နိုင်ငံခြားရေးဌာန၊ စီအိုင်အေ၊ တခြားအဖွဲ့အစည်းများနှင့် ဆက်ဆံရာ၌ အထူးသတိထားကြသည်။

နိုင်ငံခြားအစိုးရအကြီးအကဲများ အမေရိကန်နိုင်ငံနှင့် ဖလှယ်ထားသော လျှို့ဝှက်သတင်းများကို ဆန့်ကျင်ဘက်

the bookhouse

www.burmeseclassic.com



အဖွဲ့အစည်းများလက်သို့ ကျရောက်နိုင်ခြင်းနှင့် သတင်းစာများတွင် ဖော်ပြနိုင်ခြင်းစသည့် အန္တရာယ်များကို အထူးစိုးရိမ်ပူပန်ခဲ့ရသည်။ ကေဂျီဘီကလည်း ထိုစိုးရိမ်ပူပန်မှုကို အမြတ်ထုတ်ပြီး အမေရိကန်နှင့် သူ၏မဟာမိတ်နိုင်ငံများ ဆက်ဆံရေးကို ပိုမိုကွာဟလာအောင် ပြုလုပ်နိုင်ခဲ့လေသည်။ အရာရာသည် ကေဂျီဘီတို့၏ သတင်းစစ်ဆင်ရေးအတွက် အဆင်ပြေစရာများ ဖြစ်နေတော့သည်။ ဆိုဗီယက်တို့၏ သတင်းစစ်ဆင်ရေး အစီအစဉ်များကို သိလိုက်ရချိန်တွင် ကေဂျီဘီ လက်တွင်း၌ အမေရိကန်အစိုးရ၏ စာရွက်စာတမ်းအရေအတွက် မည်မျှရှိနေပြီဆိုသည်ကို အတိအကျပြောရန် မလွယ်တော့ပါ။ အမေရိကန်စာနယ်ဇင်းများသို့ မည်သည့်သတင်းများကို ကေဂျီဘီတို့က ထုတ်ပြန်အရှက်ခွဲရန် ပေးပို့ထားသည်ကိုလည်း တိတိကျကျ သိနိုင်မည်မဟုတ်ပေ။ အထောက်တော်များထံမှ ရရှိထားသည့် စာရွက်စာတမ်းသည် လျှို့ဝှက်အဆင့်ဖြင့် အသုံးတည့်နေသမျှ ကေဂျီဘီက သိမ်းထားမည်ဖြစ်သည်။ သည့်နောက် အရေးမပါတော့ဘဲ တန်ဖိုးကျဆင်းလာချိန်တွင် ထိုစာရွက်စာတမ်းများကို သတင်းစာတိုက်များသို့ ကေဂျီဘီက လိုသလိုပြုပြင်ပြီး ပေးပို့လိုက်နိုင်ပေသည်။

သတင်းမှား ထုတ်လွှင့်သည့်နည်းဖြင့် အသုံးလျော့လာသော စာရွက်စာတမ်းများကို သတင်းစာတိုက်မှတစ်ဆင့် ထုတ်ပြန်လိုက်ပြီး နောက်တစ်ဆင့်အနေဖြင့် ဆိုဗီယက်သတင်းစာများက ထိုသတင်းများကို ပြန်လည်ကူးယူ၍ ဖြောင့်ဝါဒ ဖြန့်နည်းဖြင့် ဝါဒဖြန့်ကြပေလိမ့်မည်။

## အမေရိကန်စာနယ်ဇင်းလောကထဲမှ ကေဂျီဘီ

အမေရိကန် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပထမပြင်ဆင်ချက်ကို အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် သတင်းစာဆရာများ သည် လွတ်လပ်စွာ သတင်းစုဆောင်းရေးနှင့် ရေးသားရန် တာဝန်ရှိသည်ဟူ၍ လည်းကောင်း၊ အဓိက နိုင်ငံရေးပါတီကြီး နှစ်ပါတီက စိုးမိုးထားသော နိုင်ငံရေးလောကတွင် သတင်းစာလွတ်လပ်ခွင့် မရှိပါက အမေရိကန်ဒီမိုကရေစီသည် အနာဂတ်အန္တရာယ်နှင့် ကြုံတွေ့ရလိမ့်မည်ဟူ၍ လည်းကောင်း ယူဆထားကြသည်။

သို့ရာတွင် ထိုလွတ်လပ်ခွင့်အား ကေဂျီဘီနှင့် အရှေ့အုပ်စုထောက်လှမ်းရေးတို့က ဝင်၍အခွင့်ကောင်းယူနေသည် ကို လူတချို့သာ သတိထားမိကြခြင်းအပေါ် အမေရိကန်အစိုးရအနေဖြင့် စိတ်လက်မချမ်းမသာ ဖြစ်နေရလေသည်။ တချို့ကလည်း ကေဂျီလီ၏ သတင်းမှားထုတ်လွှင့်မှု စစ်ဆင်ရေးသည် အမေရိကန်ကို အန္တရာယ်ပြုရုံမျှသာမက ဖွဲ့စည်းပုံအခြေခံ ဥပဒေစည်းမျဉ်း ပထမပြင်ဆင်ချက်ကိုပါ ချိုးဖောက်နေခြင်းဖြစ်သည်ဟု မြင်ကြသည်။

အဆိုးဆုံးမှာ အမေရိကန်သတင်းစာသမားများ ကိုယ်တိုင် ကေဂျီဘီ 'ကြား အထောက်တော်' ခေါ် 'အသိမဲ့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေရသော အထောက်တော်' Unwitting Agent ဘဝသို့ ကျရောက်နေရုံမျှမက တစ်ခါတစ်ရံ အမေရိကန်အစိုးရ၏ ပြင်းထန်သော ထိုးနှက်မှုခံရသည့် သားကောင်ဘဝသို့ပင် ကျရောက်နေကြောင်း တွေ့ရှိကြရပေသည်။

အမေရိကန် အမျိုးသားအသံလွှင့်ကော်ပိုရေးရှင်းမှ အမြဲတမ်း သတင်းထောက်တစ်ဦးလည်းဖြစ်၊ ကုလသမဂ္ဂတွင် အမေရိကန်ပြည်ထောင်စု၏ အမြဲတမ်းကိုယ်စားလှယ်လည်း ဖြစ်ခဲ့ဖူးသူ ဂျွန်စကာလီက သတင်းမှားထုတ်လွှင့်ခြင်းသည် အထူးထိရောက်သော ထောက်လှမ်းရေးလက်နက် ဖြစ်ကြောင်း၊ ကေဂျီဘီသည် ကောလာဟလသတင်းဖြန့်ရာ၌ ပါရဂူ မြောက်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။ ကေဂျီဘီသည် အမေရိကန်တို့၏ ပွင့်လင်းမှုကြောင့် သတင်းစာများမှသော် လည်းကောင်း၊ တခြား အခွင့်ကြုံသော အဆက်အသွယ်များမှ သော်လည်းကောင်း လိုချင်သည့်သတင်းများကို အခက်အခဲမရှိဘဲ တန်ဖိုးအနည်းငယ်ဖြင့် ရရှိနေကြသည်။ အနောက်ဥရောပနိုင်ငံများတွင် နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို စေ့စေ့စပ်စပ် ထိန်းသိမ်းထားနိုင်ကြသော်လည်း အမေရိကန်တွင်မူ ဂျာနယ်၊ မဂ္ဂဇင်းများတွင် စောင့်စားဖတ်ရှုရုံမျှနှင့်ပင် အတော်အသင့်အရေးပါသော သတင်းအချက်အလက်များကို လူတိုင်း သိရှိနိုင်ကြသည်။

အမေရိကန်စာနယ်ဇင်းသမားတို့သည် အမေရိကန်အစိုးရတွင် လည်းကောင်း၊ အနောက်ဥရောပမဟာမိတ်နိုင်ငံများ တွင်လည်းကောင်း၊ အမေရိကန်-ဆိုဗီယက် ဆက်ဆံရေးတွင်လည်းကောင်း မည်မျှ ထိခိုက်နစ်နာသွားနိုင်သည်ကို အလေးအနက်မစဉ်းစားဘဲ ပေါ့ပေါ့တန်တန်ပင် သတင်းများကို ထည့်ရေးလေ့ရှိသည်။ ကမ္ဘာ့နိုင်ငံများရှိ မည်သည့်ထောက် လှမ်းရေးအဖွဲ့မဆို အမေရိကန်သတင်းများကို ထောက်လှမ်းလိုလျှင် ဌာနဆိုင်ရာများမှ တရားဝင်ထုတ်ပြန်သော အချက်အလက်များနှင့် စာနယ်ဇင်းများမှ ပြောင်ပြောင်တင်းတင်း ကူးယူသည့်နည်းလမ်းများကို အသုံးပြုနိုင်ပါသည်။ သတင်းစာများ၊ မဂ္ဂဇင်းများ၊ ကုန်သွယ်မှုဂျာနယ်များ၊ သိပ္ပံပညာသုတေသန စာစောင်များတွင် အဓိကထား၍ သတင်းယူနိုင် ပါသည်။

အမေရိကန်သတင်းမဂ္ဂဇင်းများတွင် နိုင်ငံရေး၊ သိပ္ပံနှင့်နည်းပညာစသည်တို့နှင့် ပတ်သက်ဆက်စပ်သူ ပုဂ္ဂိုလ်များ အကြောင်း ပွင့်ပွင့်လင်းလင်း ဖော်ပြလေ့ရှိသဖြင့် သူတို့၏နောက်ကြောင်း ကိုယ်ရေးအချက်အလက်များအား အလွယ်တကူ ရရှိနိုင်ပါသည်။ ဝါရှင်တန်အစိုးရရုံးစိုက်ရာ မြို့တော်ကြီးတွင် ကေဂျီဘီတို့သည် ဥပဒေဘောင်အတွင်းမှပင် ပြောင်ပြောင် တင်းတင်း သတင်းစုဆောင်းနိုင်ခွင့် ရှိနေသည်။

သံတမန်အကာအကွယ်ယူထားသော ကေဂျီဘီ သိပ္ပံနှင့်သုတေသနအရာရှိများ၊ အကျိုးဆောင်အဖွဲ့ကို နောက် ကွယ်မှ ကြိုးကိုင်နေသူများသည် လူသိရှင်ကြား အမေရိကန်သတင်းများကို ရယူနေကြပါသည်။ သတင်းအချက်အလက်များ ကို မနိုင်မနင်း လိုချင်သလောက် ရနေကြသည်ဟုပင် ဆို၏။ သို့သော် ကေဂျီဘီတို့သည် သတင်းများများ လွယ်လွယ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရနိုင်လင့်ကစား အထက်သို့တင်ပြရာတွင် ထင်သလောက်မလွယ်ဘဲ ခက်ခက်ခဲခဲ တင်ပြနေရသည်ဟု ဆိုသည်။ ကေဂျီဘီတို့ တင်သမျှ အစီရင်ခံစာများသည် သူတို့ အကြီးအကဲများနှင့် နိုင်ငံရေးခံယူချက်နှင့် အပ်စပ်ရန်တော့ အရေးကြီးသည်။ မတော်တဆ ကွဲလွဲမှုဖြစ်ပါက တင်ပြသူအတွက် **အန္တရာယ်ကြီးသည်။**

ဆိုလိုသည်မှာ ကေဂျီဘီလက်အောက်ခံတို့သည် **သတင်းကိုရသလောက် တင်ပြနိုင်ခြင်းမရှိဘဲ** အကြိုက်လိုက်၍ တင်ပြနေရခြင်းကြောင့် သူတို့လက်ထဲတွင် သတင်းသည် **ပြန်၍တန်ဖိုးမဲ့သွားရသည်။ တချို့မှာ** ကြာညောင်းပြီး တန်ဖိုး လျော့သွားသည်။ ကေဂျီဘီ အကြီးအကဲတို့သည်လည်း လက်တွေ့နှင့်ကင်းကွာပြီး **အောက်မှ** အကြိုက်လိုက်ပေးနေသော သတင်းများကြောင့် လုပ်သင့်သည်များ မလုပ်နိုင်တော့ဘဲ **နောက်ထပ်တစ်ဆင့် သတင်းများ တန်ဖိုးမဲ့သွားရပြန်သည်ဟု** စီအိုင်အေတာဝန်ရှိသူများက အကဲဖြတ်ကြသည်။

ထို့ကြောင့် ဆိုဗီယက်အကြီးအကဲတို့သည် လက်တွေ့နှင့်ကင်းကွာနေသော သတင်းများကို **အခြေပြု၍ အလွန်** အကျွံ အကောင်းမြင်သော ဆုံးဖြတ်ချက်များကို မိမိကိုယ်ကိုအထင်ကြီးပြီး ဆုံးဖြတ်ချက်ချနေကြခြင်းကြောင့် **နောက်ဆုံးတွင်** သတင်းမှန်နှင့်သတင်းမှားကို စိစစ်နိုင်ခြင်းမရှိတော့ဘဲ ရောထွေးပြီး ခေါင်းဆောင်တို့က ယုံကြည်ကြသည်။

## ကေဂျီဘီ၏ လုပ်သားပုရွက်ကောင်လေးများ

အရှေ့အုပ်စုဝင်နိုင်ငံများ၏ ထောက်လှမ်းရေးအဖွဲ့သည် အနောက်နိုင်ငံများမှ သတင်းစာနှင့်မဂ္ဂဇင်းတိုက်များသို့ ငွေကြေးထောက်ပံ့မှုများလည်း ပြုလုပ်လေ့ရှိသည်။ ကေဂျီဘီသည် နိုင်ငံခြားသတင်းထောက်များကိုလည်း အထူးစိတ်ဝင်စားပြီး ထိုသူတို့ကို 'အမြဲတမ်းပစ်မှတ်' (Parment Targets)များအဖြစ် သတ်မှတ်ထားလေ့ ရှိသည်။သူတို့ကို ကေဂျီဘီ၏ လုပ်သားပုရွက်ကောင်လေးများ (KGB'S Ants) ဟုလည်း ခေါ်ကြသည်။

ဂျပန်နိုင်ငံသို့ ဂျာနယ်လစ်တစ်ဦးအဖြစ် တာဝန်ဖြင့်စေလွှတ်သော ကေဂျီဘီအရာရှိ လေ့ဗ်ချင်ကိုအား ဂျာနယ်လစ်တစ်ဦး၏ အသွင်ပီသစေရန်အတွက် ပထမဦးစွာ ဆိုဗီယက်နိုင်ငံ နယူးတိုင်းမ်မဂ္ဂဇင်းတွင် တစ်နှစ်အမှုထမ်းဆောင်စေခဲ့သည်။ အဆိုပါမဂ္ဂဇင်း၏ ပြည်ပသတင်းထောက် ၁၂ ယောက်ရှိခဲ့လျှင် ၁၀ ယောက်လောက်မှာ ကေဂျီဘီအဖွဲ့ဝင်များ ဖြစ်သည်ဟု ဆိုသည်။ ဂျပန်နိုင်ငံတွင် လေ့ဗ်ချင်ကိုမွေးမြူထားသော အထောက်တော်များတွင် ဂျပန်သတင်းစာဆရာများစွာ ပါဝင်နေသည်ဟု ဆိုသည်။

အမေရိကန်စာနယ်ဇင်းလောကတွင် ကေဂျီဘီတို့ မည်သည့်အတိုင်းအထာအထိ လွှမ်းမိုးမှုယူထားသည်ကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ တပ်အပ်မသိနိုင်ပါ။ အမေရိကန်သတင်းစာသမားများက ကေဂျီဘီ၏ သတင်းများ စစ်ဆင်ရေးဆိုသည်ကိုပင် အန္တရာယ်ကြီးမှန်းနားမလည်နိုင်ကြပါ။ သို့သော် သမိုင်းတွင် သတင်းမှားများသည် လေ့ကျင့်ရေးပြည့်ဝသောဝါရင့် နိုင်ငံရေးသမားကြီးများကိုပင် လှည့်စားနိုင်ခဲ့သည့် သာဓက ရှိခဲ့ဖူးသည် မဟုတ်ပါလော။ ယခုလည်း အမေရိကန်တို့သည် ဆိုဗီယက်တို့၏ သတင်းစစ်ဆင်ရေးလုပ်ငန်း အရည်အသွေး ပြောင်းလဲတိုးတက်လာသည်ကို ဂရုမပြုမိဘဲ အမေရိကန်မီဒီယာစွမ်းအားကို ပိုတွက်နေကြောင်း တွေ့ရသည်။ လက်တွေ့တွင် အမေရိကန်သတင်းစာဆရာတချို့သည် တစ်ခါတစ်ရံ ကေဂျီဘီ သတင်းလှည့်စားထုတ်လွှင့်သည့် ပရိယာယ်ကို ခံခဲ့ရကြောင်းတွေ့ရပြီး တစ်ခါတစ်ရံ အမှတ်မထင် စုဆောင်းသိမ်းသွင်းစေခိုင်းခြင်း ခံနေကြရသည်။ သူတို့သည် အခြေခံအားဖြင့် ဆိုဗီယက်ဆန့်ကျင်ရေးသမားဖြစ်ကြသော်လည်း တဖြည်းတဖြည်းနှင့် ကေဂျီဘီ၏ သတင်းစစ်ဆင်ရေး ကျော့ကွင်းအတွင်း ဝင်ရောက်နေကြလေသည်။

အမေရိကန်တွင်သာမဟုတ် မော်စကိုတွင် အခြေစိုက်ရောက်ရှိနေသော နိုင်ငံခြားသတင်းထောက်များကိုလည်း ကေဂျီဘီက သူတို့၏ သူလျှိုများအဖြစ်သော်လည်းကောင်း၊ သူလျှိုဖြစ်ရန် အလားအလာရှိသူများအဖြစ် သော်လည်းကောင်း သဘောထားလျက်ရှိသည်။ တစ်ခါတစ်ရံတွင်လည်း ရန်သူထောက်လှမ်းရေးနှင့် အဆက်အသွယ်မရှိကြောင်း ထင်ရှားသည့် သတင်းထောက်များကိုပင်လျှင် တစ်နေ့နေ့၊ တစ်ချိန်ချိန်၌ ဆိုဗီယက်ဆန့်ကျင်ရေး ပြုလုပ်လေ့ရှိမည်လားဟူသော စိုးရိမ်စိတ်ကို ရှေ့ကတင်ပြီး ဆက်ဆံလေ့ရှိကြသည်။

ဆိုဗီယက်ရဲတပ်ဖွဲ့ကလည်း နိုင်ငံခြားသတင်းထောက်များကို အထူး စောင့်ကြပ်ကြည့်ရှုလေ့ ရှိသည်။ ကေဂျီဘီသည် သံသယရှိသော အဖွဲ့အစည်းများအတွင်းသို့ ထိုးဖောက်အထောက်တော်များ မွေးမြူထည့်သွင်းလေ့ရှိသည်။ ၁၉၆၀ ပြည့်လွန်နှစ်များက အမေရိကန်နှင့် ဆိုဗီယက်ထောက်လှမ်းရေး အဖွဲ့အစည်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဝယ်ယူခဲ့ကြသော်လည်း လက်တွေ့တွင် အသုံးမတည့်လှပေ။

သို့ဖြစ်၍ သတင်းစာဆရာအတော်များများကို သူတို့၏ထောက်လှမ်းရေးအတွက် အထူး အသုံးဝင်သူများအဖြစ် မွေးမြူတတ်ကြသည်။ သတင်းထောက်တို့သည် လိုချင်သောအကြောင်းအရာကို ဘေးလူများ သံသယကင်းရှင်းစွာဖြင့် စုံစမ်းထောက်လှမ်းနိုင်သောကြောင့် ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခြေပြုထားသော အရှေ့နှင့်အနောက်နိုင်ငံများ၏ သံရုံးတိုင်းလိုလိုတွင် သတင်းထောက်များကို ထောက်ပံ့ရန်အတွက် ရန်ပုံငွေများက အသင့်ရှိကြသည်ဟု ဆိုသည်။ မိမိတို့ နိုင်ငံကြီးများအကြောင်း အကောင်းရေးသားသော သတင်းထောက်များအတွက် ရန်ပုံငွေအမျိုးအစားမှာ တစ်မျိုးဖြစ်ပြီး ကျန်ရန်ပုံငွေမှာ ဌာနေသတင်းထောက်များကို သိမ်းသွင်းရန်နှင့် ရန်ဘက်နိုင်ငံများအတွက် သတင်းမှားများထုတ်လွှင့်ရန် ဖြစ်သည်ဟု ဆိုသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတိုင်းတွင် စာနယ်ဇင်းများသည် အရေးကြီးသောကဏ္ဍမှ ပါဝင်ကြသည်။ သို့ရာတွင် ပြည်ပထောက်လှမ်းရေးအဖွဲ့အစည်းများ၏ သတင်းမှားထုတ်လွှင့်မှုကို ဂရုမပြုပါက သူတို့သည် တာဝန်ကျေပွန်ကြသူများဟု မယူဆနိုင်တော့ပါ။ သတင်းမှားထုတ်လွှင့်ခြင်း လုပ်ငန်းတချို့သည် အကျိုးသက်ရောက်မှု မရှိသည်မှန်သော်လည်း အကြိမ်ပေါင်းများစွာ ပြုလုပ်ပါက အကျိုးသက်ရောက်မှု ရှိလာတတ်သည်။ ထိုလုပ်ငန်းကို လုပ်ကိုင်နေသော နိုင်ငံကြီးများသည် သူတို့၏ မှားယွင်းမှုများနှင့် အားနည်းချက်များကို အာရုံလွှဲပြောင်းပစ်စေရန်အတွက် ပြုလုပ်နေကြခြင်းသာ ဖြစ်သည်။

ထို့ပြင် သတင်းမှားထုတ်လွှင့်သည်အခါ များသောအားဖြင့် သူတို့ကိုလိုလားသော စာစောင်များဟူ၍ အများက မည်သူမျှမထင်မှတ်သည့် စာစောင်များမှတစ်ဆင့် ထုတ်လွှင့်ရေးသားလေ့ ရှိသည်။ သတင်းမှားထည့်သွင်းဖော်ပြမည့် သတင်းစာကိုလည်း အချက်အလက်များရှာဖွေပေးပြီး မည်သို့မည်ပုံ ရေးသားရမည်ကိုပါ လမ်းညွှန်ပေးလေ့ရှိသည်။ ဌာနေနိုင်ငံများမှ ပေါပေါထင်ထင်ဘက်ယိမ်းသည့် သတင်းစာမျိုးသည် ဤလုပ်ငန်းမျိုးတွင် ပါဝင်ဆောင်ရွက်၍ မရနိုင်ပေ။ သတင်းစာတို့၏သဘောအရ မိမိတို့ရရှိသော စာရွက်စာတမ်းတချို့ကို အခြေခံ၍ သတင်းအရင်းအမြစ်ကို မဖော်ပြဘဲ သတင်းရေးသားလိုက်ပါက ထိုသတင်းသည် လူကြိုက်များသော သတင်းမျိုးဖြစ်သွားပြီး နိုင်ငံရေးအရလည်း အဖိုးတန်သည့် သတင်းမျိုး ဖြစ်သွားတတ်သည်။

ယခုခေတ်တွင် စာနယ်ဇင်းများဖြစ်စေ၊ အသံလွှင့်ဌာနများဖြစ်စေ၊ ရုပ်မြင်သံကြားဌာနများဖြစ်စေ မိမိတို့လက်ခံရရှိသောသတင်းသည် လူကြိုက်များနိုင်သော သတင်းဖြစ်ပါက ငွေကြေး၊ အကုန်အကျခံ၍ သတင်း၏ရင်းမြစ်ကို ရှာဖွေရန် မကြိုးစားတော့ပေ။ သို့ဖြစ်၍ ဝါဒရေးရာဘက် ယိမ်းစေရေးအတွက် သတင်းမှားများထုတ်လွှင့်ရေး လုပ်ငန်းများမှာ များစွာ လွယ်ကူနေရခြင်းသာ ဖြစ်သည်။

အမေရိကန်နိုင်ငံရေးကို ပြည်တွင်း၊ပြည်ပ အဖွဲ့အစည်းအမျိုးမျိုးတို့သည် နိုင်ငံရေးအရ နေ့စဉ်လိုလို ထိုးနှက်တိုက်ခိုက်လျက် ရှိကြသည်ဟု ဆိုသည်။ ကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသမျှ လူမှုဒုက္ခအပေါင်းတို့အတွက် သော်လည်းကောင်း၊ နိုင်ငံအများအပြား၏ အမျိုးသားရေးတိုးတက်မှုကို အဟန့်အတားများ ဖြစ်စေမည့်အတွက် သော်လည်းကောင်း အမေရိကန်ကို ဝိုင်းဝန်းအပြစ်ဖို့လေ့ ရှိ၏။ အဘယ်ကြောင့်နည်း။ တစ်ကမ္ဘာလုံးအနှံ့ အမေရိကန်အကျိုးစီးပွားရေး နယ်မြေအဖြစ် သတ်မှတ်လိုခြင်းနှင့် အမေရိကန်တို့နှင့် မသက်ဆိုင်သောနေရာ မရှိဟူသည့် အမေရိကန် နိုင်ငံခြားရေးမူဝါဒကြောင့်ပင် ဖြစ်တန်ရာပေသည်။ နိုင်ငံအများစု၏ ခံစားချက်ဖြစ်ပေသည်။ ဤသည်ပင်လျှင် ကေဂျီဘီတို့အဖို့ ဝါဒဖြန့်စာရွက်စာတမ်းများ ဖြန့်ဝေရန်နှင့် အမေရိကန်ဆန့်ကျင်ရေးအတွက် သတင်းစစ်ဆင်ရေး ပြုလုပ်ရာတွင် ကမ္ဘာ့နိုင်ငံအများအပြား၏ ထောက်ခံမှုရရှိရေးအတွက် အခွင့်ကောင်းများ ဖြစ်နေလေတော့သည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



## တုပခြင်းအနုပညာ

ဆိုဗီယက်နှင့်ကျူးဘားနိုင်ငံတို့သည် အယ်လ်ဆာဗေဒိုနိုင်ငံအား ၁၉၇၉ ခုနှစ်က ဝင်ရောက်အကူအညီပေးလျက်ရှိသည်။ ထိုနိုင်ငံသည် အမေရိကန်ကိုမုန်းတီးနေရခြင်းမှာ အမေရိကန်တို့အစဉ်အလာအရ စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်လေ့ရှိခြင်းကြောင့် ဖြစ်သည်။ သို့သော် ထိုအချိန်က ဗီယက်နမ်ပြဿနာ အကင်းမသေသေးခြင်းကြောင် အမေရိကန်အစိုးရက အယ်လ်ဆာဗေဒိုကိစ္စတွင် လက်တုံ့ပြန်ဆောင်ရွက်ရန် ခက်ခဲလျက်ရှိနေသည်။ ထိုအခွင့်ကောင်းကိုယူ၍ ကေဂျီဘီက သတင်းစစ်ဆင်ရေးများ ပြုလုပ်လေတော့သည်။ အယ်လ်ဆာဗေဒိုနှင့်ပတ်သက်၍ အမေရိကန်မူဝါဒများကို သိက္ခာချရန်နှင့် ဆိုဗီယက်တို့အပေါ် ကမ္ဘာ့အမြင်ရှင်းစေရန် ရည်ရွယ်ပုံရသည်ဟု ဆိုသည်။

အယ်လ်ဆာဗေဒိုရှိ လက်ဝဲယိမ်းသော ပစိဖိတ်သတင်းဌာနက ၁၉၈၀ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်တို့၏ စာတမ်းတစ်စောင်ကို ဖြန့်ချိခဲ့ပြီး အယ်လ်ဆာဗေဒိုတွင် အမေရိကန်တို့ ဝင်ရောက်စွက်ဖက်နေကြကြောင်း၊ စွပ်စွဲရေးသားလိုက်သည်။ ထိုစာတမ်းကို အမေရိကန်ကာကွယ်ရေးဌာန၊ နိုင်ငံခြားရေးဌာန၊ စီအိုင်အေနှင့် အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီတို့မှ လက်ရှိဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများက ပေးပို့ခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုစာတမ်းသည် စာမျက်နှာ ၃၀ ပါရှိပြီး ၁၉၈၀ပြည့်နှစ်၊ နိုဝင်ဘာလဖရက်နေ့ ရက်စွဲတပ်ထားသည်။ အမေရိကန် ပြည်တွင်းနှင့် ပြည်ပရှိသတင်းစာဆရာများ၊ နိုင်ငံခြားရေးမူဝါဒစိစစ်ရေးမှူးများ၊ သုတေသီများထံပေးပို့သည့် စာတမ်းဟုသိရသည်။ အမေရိကန်၏ နိုင်ငံခြားရေးဝါဒအပေါ် မကျေနပ်ကြသောဝန်ထမ်းများက စုစည်းရေးသားကြသည့် ပုံစံမျိုးဖော်ပြထားသည်။

အမေရိကန်တို့သည် ကမ္ဘာအနှံ့ ကျူးကျော်စွက်ဖက်ခြင်းနှင့် ပတ်သက်၍ ပေးရသည့်နိုင်ငံရေးတန်ဖိုးနှင့် ကမ္ဘာနှင့်အဝန်း တုံ့ပြန်မှုကို အမေရိကန်အစိုးရက လျှော့တွက်ခဲ့သည်ဟု ထိုစာတမ်းတွင်ဖော်ပြထားသည်။ ထိုစာတမ်းသည် အတုဖြစ်သော်လည်း အစစ်ဟုထင်ရလောက်အောင် အရေးအသားပုံစံ၊ စာအသုံးအနှုန်းမှစ၍ အထူးဂရုပြု ရေးသားထားသည်ကို တွေ့ရသည်။

အမေရိကန်နိုင်ငံခြားရေးဌာနမှ ဝန်ထမ်းများသည် မိမိ အထက်အရာရှိများနှင့် အစိုးရမူဝါဒရေးဆိုင်ရာကိစ္စတို့တွင် သဘောထားချင်း မတိုက်ဆိုင်ပါက သီးခြားလမ်းကြောင်းတစ်ခုမှနေ၍ ဝါရှင်တန်အစိုးရရုံးသို့ တိုက်ရိုက်ဆက်သွယ်လေ့ရှိကြသည်။ ကေဂျီဘီက ထိုလမ်းကြောင်းကို သိနေသည်။ လိုအပ်လျှင် ထိုလမ်းကြောင်းကိုပင် အသုံးပြုသည်။

သို့ရာတွင် ယခုစာတမ်းပါ အမှတ်အသားတချို့မှာ သက်ဆိုင်ရာဌာနများတွင် လုံးဝ အသုံးမပြုတော့သော နှစ်ချို့အမှတ်အသား ဖြစ်နေသည်။ ဤစာတမ်းသည် ဘော်စတွန်ဂလိုသတင်းစာနှင့် နယူးယောက်တိုင်းမ်သတင်းစာတိုက်များ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



သို့လည်း ရောက်သည်။ ဤကဲ့သို့ စေ့စပ်သေချာသော စာတမ်းမျိုးကို တုပပြုလုပ်နိုင်သော အဖွဲ့အစည်းမျိုးမှာ အနည်းငယ်သာ ရှိသည်။ ထိုအဖွဲ့မျိုးထဲတွင် အရှေ့အုပ်စု ထောက်လှမ်းရေးအဖွဲ့များလည်း ပါဝင်သည်။ သို့ရာတွင် ဤစာတမ်းနှင့်ပတ်သက်၍ ကေဂျီဘီအရှေ့အုပ်စုမှ လုပ်ကြံဖန်တီးထားကြောင်းကိုမူ မည်သည့် အမေရိကန်သတင်းစာများက ရေးသားဖော်ပြခြင်း မရှိပေ။ ၁၉၄၅ခုနှစ်မှ ၁၉၈၀ခုနှစ်အတွင်း၌ အမေရိကန်တွင် စာရွက်စာတမ်းအတုပေါင်း ၁၅၀ ခန့်ကို ခြေရာခံမိခဲ့သည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စု၌ စုံစမ်းဖော်ထုတ်၍ မရနိုင်သော စာရွက်စာတမ်းအတုကိစ္စ အများအပြားရှိနေသေးသည်။ စာရွက်စာတမ်းအတုပြုလုပ်ခြင်း နှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာ ဆန့်ကျင်ဘက်အစိုးရအဖွဲ့မှ မှားယွင်းသော ဆုံးဖြတ်ချက်များ ချမှတ်စေလို၍ သတင်းမှားများပြုလုပ်ပြီး ဖြန့်ဝေခြင်းဖြစ်သည်။ နောက်တစ်မျိုးမှာ ဆန့်ကျင်ဘက်ပစ်မှတ်နိုင်ငံအတွင်း၌ အစိုးရနှင့်ပြည်သူ သဘောထားကွဲလွဲစေရန်နှင့် ထိုလူထုကို မိမိစိတ်ကြိုက် ပုံသွင်းနိုင်ရန် စာရွက်စာတမ်းအတုများ ပြုလုပ်ဝါဒဖြန့်ခြင်း ဖြစ်သည်။

များသောအားဖြင့် စာနယ်ဇင်းများမှတစ်ဆင့် မိမိလိုချင်သောသတင်းကို ပေါက်ကြားစေပြီး သတင်းစာဆရာများက လိုလိုလားလား လက်ခံလာသည့်အခါတွင် ကေဂျီဘီက စနစ်တကျ ဝါဒဖြန့်လေတော့သည်။ စာရွက်စာတမ်းအတုများဖြင့် ဝါဒဖြန့်ခြင်းကိုလည်း ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်လေ့ရှိသည်။ အမှန်တကယ်မရှိသော အဖွဲ့အစည်းအမည်ခံ၍လည်း စာရွက်စာတမ်းများ ဖြန့်ဝေသည်။ အဖွဲ့အသင်းများသို့ဖြစ်စေ၊ တစ်ဦးချင်းဆီသို့ဖြစ်စေ စာတုများဖြန့်ဝေခြင်းလည်း ရှိသည်။ တရားဝင် အစိုးရရုံးစာများနှင့် ဘဏ်ငွေစာရင်းများကို အတုပြုလုပ်ခြင်းလည်း ရှိသည်။ ရောင်းကောင်းသော စာအုပ်မျိုးများကို အတုလုပ်ပြီး စာအုပ်တိုက်များသို့ ဖြန့်ဝေပေးပို့ခြင်းဖြင့် ဈေးကွက်ပျက်အောင်နှင့် နာမည်ပျက်အောင် ပြုလုပ်ခြင်းလည်း ရှိသည်။

## အစိုးရအဖွဲ့ကိုတိုက်ခိုက်သော စာတုများ

စာတုများအနက် အရေးကြီးဆုံးစာတုမှာ ပစ်မှတ်အစိုးရအဖွဲ့ကို တိုက်ခိုက်သော စာတုမျိုးဖြစ်သည်။ ပစ်မှတ်အစိုးရအဖွဲ့က တရားဝင်ထုတ်ပြန်သော စာတုမျိုးဖြစ်သည်။ ပစ်မှတ်အစိုးရအဖွဲ့က တရားဝင်ထုတ်ပြန်သော စာရွက်စာတမ်းများကို အတုပြုလုပ်ဖြန့်ဝေခြင်း ဖြစ်သည်။ အနောက်အုပ်စုမှ နိုင်ငံရေးခေါင်းဆောင်တစ်ဦးသည် အလွန်အကြူးအရှေ့အုပ်စုအား ဆန့်ကျင်သူ ဖြစ်လာသောအခါတွင်လည်းကောင်း၊ အာဖရိကနိုင်ငံတစ်နိုင်ငံမှ နိုင်ငံရေးသမားတစ်ဦးသည် အလွန်အကြူး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်လိုလားသူ ဖြစ်လာပါက သူတို့၏ဂုဏ်သတင်းကို ဖျက်ဆီးရန် အကောင်းဆုံးနည်းလမ်းမှာ စီအိုင်အေဟု စွပ်စွဲလိုက်ရုံပင်ဖြစ်သည်။ သက်သေအထောက်အထားအဖြစ် စာရွက်စာတမ်းအတုနှင့် သက်သေထူလိုက်ရုံပင် ဖြစ်သည်။

သက်ဆိုင်သူပုဂ္ဂိုလ်က မည်သို့ပင် ငြင်းဆိုစေကာမူ လူထုထဲတွင် သံသယအကြွင်းအကျန်ကတော့ ရှိနေစမြဲဖြစ်သည်။ ထို စာရွက်စာတမ်းအတုသည်လည်း စွပ်စွဲခံရသူပုဂ္ဂိုလ်က အလျှော့မပေးမချင်း နှစ်ပေါင်းများစွာ ပေါချည်မြုပ်ချည် ဖြစ်နေပေလိမ့်မည်။ ပြန်ပေါ်လာသည့်အခါတိုင်း ထိုသူသည် ဂုဏ်သိက္ခာ ထိခိုက်နေပေလိမ့်မည်။ ဥပမာအားဖြင့် ၁၉၇၀ ပြည့်နှစ်အတွင်းက စာရွက်စာတမ်းအတုများဖြင့် စီအိုင်အေနှင့် အစ္စရေးခေါင်းဆောင်တစ်ဦး အဆက်အသွယ်ရှိကြောင်း ဖြန့်ဝေခဲ့ဖူးသည်။ အစ္စရေးလက်ဝဲယိမ်း သတင်းစာတစ်စောင်ထဲတွင် အစ္စရေးကာကွယ်ကြီး မိုရှေဒါယန်းကို စီအိုင်အေသူလျှိုအဖြစ် ရေးသားထားသော စာအတုတစ်စောင်ကို ဖော်ပြခဲ့သည်။

အီဂျစ်အစိုးရသည် စာရွက်စာတမ်းအများအပြား လက်ခံရရှိသဖြင့် အစစ်ဟုတ်၊ မဟုတ်၊ အမေရိကန်အစိုးရထံ မေးမြန်းခဲ့ ရဖူးသည်။ ၁၉၇၇ ခုနှစ်၌ ရောမမြို့ရှိ အီဂျစ်သံရုံးသို့ စာရွက်စာတမ်းအများအပြား ပါဝင်သော စာထုပ်ကြီးပေးပို့လာခြင်း ကြောင့် ဖြစ်သည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း အမေရိကန်နှင့်အီဂျစ်တို့ ဆက်ဆံရေးပျက်ပြားစေရန် ရည်ရွယ် ချက်များပါသည့် စာရွက်စာတမ်းအတု ၁၆ စောင်ခန့် ပေါ်ထွက်လာခဲ့သည်။ အီဂျစ်သမ္မတဆာဒတ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းအတုများလည်း ပေါ်ထွက်ခဲ့ဖူးသည်။

အမေရိကန်နိုင်ငံ၊ ဒေးဗစ်စခန်းတွင် ပြုလုပ်သည့် အစ္စရေးနှင့်အီဂျစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားစေရန် စာရွက်စာတမ်းအတုများ လုပ်ကြံဖန်တီးမှုများလည်း ရှိခဲ့သည်ဟုဆိုသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်တိုက်ပေးခြင်း ဖြစ်သည်။ နေတိုးအဖွဲ့ဝင် နိုင်ငံများအတွင်း၌ အမေရိကန်ကို ဆန့်ကျင်ရေးအတွက် စာတမ်းအတုများ ဖြန့်ဝေခြင်းမျိုးလည်း ရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် အီတလီနိုင်ငံမှ ဆိုရှယ်လစ်တစ်ဦးဖြစ်သူ ရီကာဒိုလမ်ဘာဒီသည် လွှတ်တော်နိုင်ငံခြားရေးကော်မတီ၌ စာတမ်းတစ်စောင် တင်ပြခဲ့သည်။ ထိုစာတမ်းတွင် အမေရိကန်တပ်ဖွဲ့များကို ကွန်မြူနစ်ရန်မှ ကာကွယ်ရန်အတွက် အီတလီမြောက်ပိုင်းဒေသသို့ ပြောင်းရွှေ့ချရပ်ထားမည်ဟူသည့် အကြောင်းအရာပါသော စာတမ်းတွင် နေတိုးစစ်ဌာနချုပ်၏ခေါင်းစီးများ ပါဝင်သည်။ အီတလီနိုင်ငံခြားရေးဝန်ကြီးနှင့် နေတိုးအဖွဲ့ချုပ်တို့က မမှန်ကန်ကြောင်းငြင်းဆိုသည်။

သို့ရာတွင် အီတလီ ကွန်မြူနစ်ပါတီသတင်းစာတွင် 'အီတလီ၏ ပြည်တွင်းရေးကို နေတိုးတပ်ဖွဲ့ ဝင်ရောက်စွက်ဖက်ခြင်း' ဟူသော ခေါင်းစဉ်ဖြင့်ဖော်ပြခဲ့ရာ အတော်ပင် ဂယက်ရိုက်ခဲ့သည်။ အမှန်အားဖြင့် နေတိုးတပ်ဖွဲ့များအတွင်း အမေရိကန်၏ ဩဇာအာဏာကျဆင်းရေးသည် ကေဂျီဘီ၏ လိုလားချက်တစ်ခုဟုလည်း ဆိုပါသည်။ နေတိုးဆန့်ကျင်ရေး စာတမ်းအတုများ ၁၉၇၆ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အတွင်း အများအပြား ပေါ်ပေါက်ခဲ့သည်ဟု သိရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ၃ရက် နေ့စွဲပါ ကြေးနန်းစာအမှတ်၊အေ-၈၉၅၀ဖြင့် လေကြောင်းကြေးနန်းစာ တစ်စောင်ကို အမေရိကန်နိုင်ငံခြားရေးဌာနမှ ပေးပို့လေဟန် ဖော်ပြထားသည်။ ကြေးနန်းစာအစစ်နှင့် တိုက်ဆိုင်ကြည့်သောအခါ အစစ်တွင် ၁၉၇၅ ခုနှစ်အတွက် ကြိုတင်၍ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ တောင်းခံသည့်စာ ဖြစ်သည်။ အတုတွင်မူ ဥရောပနိုင်ငံများရှိ အစိုးရအကြီးအကဲများအား လာဘ်ထိုးပြီး အချက်အလက်များရယူရန်နှင့် နိုင်ငံခြားကုန်သွယ်ရေးကိစ္စတွင် အမေရိကန်၏ပြိုင်ဘက်များကို ဖျက်ဆီးရန်ပါရှိသည်။

ထိုစာတမ်းကို လေ့လာကြည့်သောအခါ ထိုအချိန်က ကွန်ဂရက်လွှတ်တော်သည် အမေရိကန်နှင့် ဆက်စပ်နေသည့် နိုင်ငံများ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ပုံဆောင်ရွက်နည်းများကို စုံစမ်းလေ့လာနေသည့်အချိန်နှင့် တိုက်ဆိုင်နေသည်။ ဤအချက်ကို အခွင့်ကောင်းယူ၍ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ဆောင်ရွက်သည်ဟု ယူဆရသည်။ ထိုကြေးနန်းအတုကို အနောက်နိုင်ငံများရှိ သတင်းစာတိုက်များသို့လည်း ပေးပို့ခဲ့သည်ဟု ဆိုသည်။ အမေရိကန်၊ တူရကီ၊ ဂရိ သုံးပွင့်ဆိုင်ဆက်ဆံရေးတွင် သာမန်ကြုံတွေ့ရသော အခက်အခဲများကိုလည်း ပုံကြီးချဲ့၍ အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးအနေအထားကို တူရကီနှင့်ဂရိအပါအဝင် နေတိုးအဖွဲ့က ပျက်ပြားအောင် လုပ်နေပြီဆိုသည့် သဘောထားသက်ရောက်သည့် စာတမ်းအတုများလည်း ထွက်လာခဲ့သည်။

အမေရိကန်နှင့်ကြည်းတပ် လက်စွဲစာစောင်တစ်ခုကိုလည်း အတုလုပ်၍ဖြန့်ဝေခဲ့သည်။ ထိုစာစောင်အတုတွင် လက်ဝဲစွန်းရောက်အဖွဲ့များကို အသုံးပြု၍ အမေရိကန် အကျိုးစီးပွားကိုကာကွယ်ရန် အကြောင်းများ ထည့်သွင်းရေးသားထားသည်။ သဘောမှာ အမေရိကန်တို့သည် တစ်ကမ္ဘာလုံးရှိ အကြမ်းဖက်အဖွဲ့များကိုပင် မရှောင်ဘဲ အမေရိကန်အကျိုးစီးပွားအတွက် အသုံးပြုနေသည့်သဘော သက်ရောက်သည်။ စာစောင်အတုတွင်ပါဝင်သော အသုံးအနှုန်းအရေးအသားများကိုလည်း တုပထားသည်ဟု မထင်မှတ်လောက်အောင် ဂရုပြုထားသည်။ ထိုစောင်အတုနှင့်ပတ်သက်၍ အမေရိကန်အစိုးရက ငြင်းဆိုသော်လည်း နောက်ထပ် နှစ် နှစ်ခန့်အကြာတွင် ပြန်လည်ပေါ်ထွက်လာခဲ့သည်။ စပိန်သတင်းစာတစ်စောင်က အမေရိကန်တို့သည် အနောက်ဥရောပရှိ အကြမ်းဖက်ဂိုဏ်းများကို အထောက်အပံ့ပြုခဲ့သည်ဟု ဝေဖန်ရေးသားခဲ့သည်။ ထိုစဉ်က Red Brigade ဟုခေါ်သော တပ်နီအကြမ်းဖက်အုပ်စုသည် ဥရောပတစ်ခွင်တွင် အလွန်အမင်း သောင်းကျန်း နေချိန်ဖြစ်သည်။

တပ်နီခေါ် တပ်မဟာနီဟု အမည်ရသော လူဆိုးဂိုဏ်းသည် ၁၉၇၈ ခုနှစ်က အီတလီဝန်ကြီးချုပ်ဟောင်း အယ်ဒိုမိုရိုကို ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ မိုရို လုပ်ကြံခံရမှုနောက်ကွယ်တွင် အမေရိကန်တို့ရှိနေသည်ဟု စွပ်စွဲပြီး ပြင်သစ်၊ နယ်သာလန်၊ အီတလီ၊ ဂရိနှင့် ပေါ်တူဂီသတင်းစာများက ရေးသားခဲ့ခြင်းဖြစ်သည်။ အမေရိကန်တို့က ကန့်ကွက်ချက်များကို

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ချေပခြင်းမပြုဘဲ အလေးမထားသယောင် နေခဲ့သဖြင့် ဤသတင်း ပိုမိုပြန့်ကားသွားသည်။ နောက်ဆုံးတွင် အရှေ့ဥရောပ သတင်းစာများကပါ ကူးယူဖော်ပြလာသည့်အထိ ဖြစ်ခဲ့သည်။

စာတမ်းစာစောင်အတုများ ပေါ်ထွက်လာခြင်းသည် ကရင်မလင်ကို ထိရောက်စွာအကျိုးပြုခဲ့သည်ဟု အမေရိကန်က စွပ်စွဲခဲ့သည်။ အနောက်ဥရောပသတင်းစာများကပင် အမေရိကန်နိုင်ငံကို မကျေမနပ် စွပ်စွဲနေကြပြီဆိုသည့် သဘောဖြင့် နိုင်ငံရေးအရောင်အသွေးရှိနေသော မဂ္ဂဇင်းဂျာနယ်များကပါ လိုက်ပါ၍ စွပ်စွဲရေးသားခဲ့ကြသည်။ ဤတွင် ကမ္ဘာတစ်လွှား၌ ဂယက်ပျံ့နှံ့လေတော့သည်။ ၁၉၈၁ ခုနှစ်တွင်လည်း သမ္မတရီဂင်က စပိန်ဘုရင် ဂျူအင်ကားလို့စ်ထံ စာတစ်စောင်ပေးပို့သည့် အသွင်ဖြင့် စာအတုတစ်စောင် ဖြန့်ချိခဲ့သေးသည်။ သို့သော် ထိုစာအတုအကြောင်းမှာ မြုပ်သွားပြီး မအောင်မြင်ခဲ့ပေ။ စာတုလုပ်သူများမှာ အမည်မဖော်သော သတင်းဇာစ်မြစ်ဖျောက်ရေးသည့် ပုံစံဖြစ်၍ တရားခံရှာရန် မလွယ်ပေ။

စာအတုနှင့်ပတ်သက်၍ ကျွမ်းကျင်သူပညာရှင်များက မင်၊ လက်ရေး၊ ရေးသားသည့်ဟန်ပုံစံ၊ ရေးသားသည့် အကြောင်းအရာ၊ ရည်ရွယ်ချက်၊ ထိုစာသား၏ သဘောအဓိပ္ပာယ်က မည်သူ့ကိုထိခိုက်စေသည် စသည်ဖြင့် လေ့လာကြသည်။ ထို့ပြင် သံသယရှိသော အရှေ့ဥရောပနိုင်ငံများ၏ စာရေးသားဟန်၊ အသုံးပြုလေ့ရှိသော ပုံစံနှင့် နည်းလမ်းများကို ခြေရာခံ၍ နီးစပ်နိုင်သမျှ နီးစပ်မှုရှိအောင် သက်သေခံအထောက်အထား ရှာဖွေကြသည်။ မည်သို့ဆိုစေ၊ အတုပြုလုပ်သူ ဘက်က အသုံးပြုနိုင်သူမှာ ပထမတန်း ရုံးတွင်းစာများကိုရေးသားရန် တုပနိုင်သည့် ကျွမ်းကျင်သော အထောက်တော်ရှိရန် လိုပေသည်။ စာတုဖန်တီးသူသည် အမေရိကန်အစိုးရနှင့်ပတ်သက်၍ ဗဟုသုတ အတွေ့အကြုံရှိသူ ဖြစ်ရမည်ဖြစ်ပြီး သံသယဖြစ်ဖွယ်မရှိအောင် ရေးသားနိုင်ရမည်ဖြစ်၍ ထိုအထောက်တော်သည် သက်ဆိုင်ရာ လုပ်ငန်းခွင်နှင့် နီးစပ် သူ ဖြစ်နိုင်ပါသည်။ အရေးကြီးသော အချက်တစ်ချက်မှာ စာတုဖန်တီးသူသည် အနည်းဆုံးအားဖြင့် အမေရိကန်နိုင်ငံခြားရေးမူဝါဒကို တီးခေါက်မိသူတော့ ဖြစ်ရမည်။ အကယ်၍စာတုသည် မူလစာအစစ်၏ ရုံးနှင့်နီးစပ်သူမဟုတ်ခဲ့ပါက ထိုစာတုမျိုးပြုလုပ်နိုင်သည့် အဖွဲ့အစည်းမှာ အလွန် ရှားပါးပေလိမ့်မည်။ ကမ္ဘာပေါ်ရှိ ထောက်လှမ်းရေးအဖွဲ့အစည်း အများအပြားရှိသည့်အနက် အလွန်တိုးတက်သော အဖွဲ့အစည်း တစ်ခုတလေကသာ ထိုအရည်အချင်းမျိုးနှင့် ပြည့်စုံနိုင်ပါသည်။ စာတမ်းအတုပြုလုပ်နိုင်သည့် ဗဟုသုတ၊ လိုအပ်သော ခေတ်မီပစ္စည်း၊ နီးစပ်မှုရှိသော အတွေ့အကြုံ၊ စာတုတစ်ခု ဖြစ်ပေါ်လာရန် အခြေအမြစ် အစမှအဆုံးအထိတိုင် ကျွမ်းကျင်သူများပါဝင်သည့် ဖွဲ့စည်းမှုမျိုးတို့ ရှိရပါမည်။

ထိုအချက်များနှင့် ပြည့်စုံပြီး အမေရိကန်ကို မလိုတမာရှိနေသော အဖွဲ့အစည်းမျိုးသည် အရှေ့အုပ်စုတွင်သာ အခြေစိုက်သည်ဟု အမေရိကန်တို့က စွပ်စွဲသည်။ ထိုအထဲတွင် အတုနှင့်အစစ်ကို ခွဲခြားမရနိုင်လောက်အောင် ကျွမ်းကျင်စွာ ဖန်တီးနိုင်မည့် အဖွဲ့အစည်းမှာ ကေဂျီဘီပင်ဖြစ်မည်ဟု အမေရိကန်တို့က ကောက်ချက်ချလေ့ရှိပေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



**အခန်း - ၅**
**ပဋ္ဌလက်ငြိမ်းချမ်းရေး**

ဆိုဗီယက်ပြည်ထောင်စု၊ မော်စကိုမြို့၌ နာမည်ကျော်ကြားနေသော နေရာတစ်ခုရှိသည်။ သမိုင်းဝင် နေရာတစ်ခုလည်း ဖြစ်သည်။ ထိုနေရာကား ဓာတ်ဖင်းစကီးရင်ပြင်ရှိ လူဗျန်ကာ အကျဉ်းထောင်ဟောင်းကြီးဝင် ဖြစ်သည်။ လူဗျန်ကာ အကျဉ်းထောင်ဟောင်းကြီးသည် ယခုအခါ ကေဂျီဘီခေါ် ဆိုဗီယက် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ကြီး၏ ဌာနချုပ်ရုံး ဖြစ်လာခဲ့သည်။

ဤကေဂျီဘီဌာနချုပ်၏ တတိယထပ်၊ ခန်းမကြီးတစ်ခု၏ မဟော်ဂနီသားများ ခင်းထားသော ရုံးခန်းတစ်ခုတွင် ထိုစဉ်က ကေဂျီဘီအကြီးအကဲဖြစ်သူ ဗိုလ်တာလီဗီဒိုချုတ် တစ်ယောက် ရုံးထိုင်လျက်ရှိသည်။ သူနှင့် သူ၏ ကေဂျီဘီအဖွဲ့ဝင် ၅၀၀၀ ခန့်အား ရေစဉ်ကြီးကြပ်လျက် ရှိသည်။ သူတို့၏တာဝန်မှာ ကေဂျီဘီသူလျှိုနေထိုင်ရာ နိုင်ငံများရှိ သိပ္ပံ၊ စက်မှုအတတ်ပညာ၊ စစ်ရေးနှင့် တခြားလျှို့ဝှက်ချက်များကို ရနိုင်သမျှ ထောက်လှမ်းရယူရေးပင် ဖြစ်သည်။

အထူးသဖြင့် ကေဂျီဘီတွင် 'အဖြစ်မှန်ဖော်ထုတ်ရေး' (Active Measure) များ လုပ်ကိုင်ရန် စစ်အေးတိုက်ပွဲ ကာလတွင် သူလျှိုလုပ်ငန်းကို တစ်ဆင့်တိုး သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ကေဂျီဘီတို့၏ 'အဖြစ်မှန်ဖော်ထုတ်ရေး' ဟူသည်ကို စီအိုင်အေနှင့် အနောက်နိုင်ငံများရှိ လုံခြုံရေးအဖွဲ့များကလည်း သတိမလစ် စောင့်ကြည့်လာခဲ့ကြသည်။

၁၉၇၉ ခုနှစ်တုန်းပိုင်းလောက်က ဂျပန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ဆိုဗီယက်သံအရာရှိတစ်ဦးဖြစ်သူ ဗိုလ်မှူးစတာန်နီစလပ်အလက်စန္ဒရိုဗစ်လက်ဗ်ချင်ကိုသည် ဂျပန်နိုင်ငံမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုဘက်သို့ ခိုဝင်လာခဲ့သည်။ သူသည် အမေရိကန်ပြည်ထောင်စုဘက်သို့ ခိုဝင်လာသူများထဲတွင် ထိုအချိန်အထိ ရာထူးအဆင့်အမြင့်ဆုံး ပုဂ္ဂိုလ်လည်းဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## အဖြစ်မှန်ဖော်ထုတ်ရေးဟူသည်

လက်ဗ်ချင်ကိုသည် ကေဂျီဘီဌာနချုပ်(မော်စကို)တွင် နှစ်ရှည်လများ တာဝန်ယူခဲ့ဖူးသူဖြစ်ပြီး တိုကျိုရှိ ဆိုဗီယက် သံရုံး၌ ကေဂျီဘီ၏ 'အဖြစ်မှန်ဖော်ထုတ်ရေး' များကို ဦးဆောင်ခဲ့သူလည်း ဖြစ်သည်။ ယခုတော့ သူ့ထံမှ ကေဂျီဘီ၏ မဟာဗျူဟာမြောက် လုပ်ငန်းများ၊ နည်းဗျူဟာမြောက် လုပ်ငန်းများ၊ နောက်ဆုံးပေါ် 'အဖြစ်မှန်ဖော်ထုတ်ရေး' လုပ်နည်း လုပ်ဟန်များ၊ စီမံချက်များကို စီအိုင်အေက ရရှိသွားသည်။

လက်ဗ်ချင်ကို၏ အစစ်ခံချက်၌-

'ကေဂျီဘီလှုပ်ရှားပုံဟာ ယဉ်ကျေးတယ်၊ ပိရိတယ်။ ကမ္ဘာပေါ်မှာ လူသားတိုင်း ငြိမ်းချမ်းရေးလိုချင်ကြတဲ့ အခြေခံစိတ်ထားကိုပဲ ပြန်ပြီးအခြေခံပါတယ်။ စစ်ကို မုန်းတီးတဲ့စိတ်ကိုပဲ ပြန်ပြီးကူညီပံ့ပိုးဖို့ ကေဂျီဘီ မဟာဗျူဟာ ချမှတ်ပါတယ်။ အင်မတန်အန္တရာယ်ကြီးတဲ့ ကမ္ဘာစစ်အန္တရာယ်ကို အမေရိကန်က ဦးဆောင်နေကြောင်း ကမ္ဘာ့လူထုကြီးကို ချပြပေးလိုက်တာပါပဲ။ ဒါကြောင့် ငြိမ်းချမ်းရေးအတွက် အမေရိကန်နဲ့ စစ်လက်နက်တီထွင်မှုတွေကို ဆန့်ကျင်ရမယ်၊ လူသားတစ်ရပ်လုံးအတွက် ဟန့်တားရမယ်လို့ ကေဂျီဘီက ဝါဒဖြန့်စည်းရုံးတာပဲ။ ဆိုဗီယက်ဟာ ကမ္ဘာ့နိုင်ငံများရဲ့ ငြိမ်းချမ်းရေးကို ရှေးရှုတယ်။ အမေရိကန်ဟာ ကမ္ဘာ့နိုင်ငံများကို နေရာတကာမှာ စွက်ဖက်ကျူးကျော်နေတယ်ဆိုတာကို ကေဂျီဘီက ကမ္ဘာ့သူ၊ကမ္ဘာ့သားတွေကိုချပြပြီး မျက်စိဖွင့်ပေးတာပါပဲ။ ဒါဟာ Active Measure လို့ခေါ်တဲ့ 'အဖြစ်မှန်ဖော်ထုတ်ရေး' ဆိုတဲ့ စကားလုံးရဲ့ အနှစ်သာရပါပဲ' ဟု ဝန်ခံပြောကြားခဲ့သည်။

ကေဂျီဘီသည် ဒုတိယကမ္ဘာစစ်ကြီးအပြီး စစ်အေးကာလတိုက်ပွဲများ စတင်လာသည်နှင့် Nuclear Freeze ခေါ် နျူကလီးယားလက်နက်ထိန်းချုပ်ရေးကို စစ်ဆင်ရေးတစ်ရပ်သဖွယ် ဆောင်ရွက်လာခဲ့သည်။

ထိုစစ်ဆင်ရေးကြီးတွင် ကေဂျီဘီတို့ဘက်မှ အောင်မြင်ခဲ့သည်ဟု စီအိုင်အေက သုံးသပ်ခဲ့သည်။ ထိုစစ်ဆင်ရေး ကြောင့် သန်းပေါင်းများစွာသော ယခင်က ဆိုဗီယက်ဆန့်ကျင်ရေး ကြွေးကြော်နေသူများသည် ကေဂျီဘီ၏စစ်ဆင်ရေးတွင် ပူးပေါင်းပါဝင်သွားကြသည်။ ကေဂျီဘီ၏ ငြိမ်းချမ်းရေးကြွေးကြော်သံများကို လက်ခံကြွေးကြော်သူများ ဖြစ်လာသည်။

ပါဝင်လှုပ်ရှားကြသော နိုင်ငံအသီးသီးမှ ပုဂ္ဂိုလ်များမှာလည်း လူထုအထင်ကြီးလေးစားလောက်သည့် ပညာရှင်များ၊ အတွေးအခေါ်ရှိသူများ ပါဝင်နေသည်။ အမေရိကန်နှင့်အနောက်ဥရောပမှ ကေဂျီဘီ၏ ကြွေးကြော်သံများ အတိုင်း လက်ခံကြွေးကြော်နေသူများက သူတို့ကိုယ်သူတို့ 'လူသားတစ်ရပ်လုံးအတွက် တိုက်ပွဲဝင်နေတာပါပဲ' ဟု ခံယူပြောကြား လာကြသည်။ စီအိုင်အေကမူ ထိုသူများသည် ဆိုဗီယက်အကျိုးစီးပွားကို ငြိမ်းချမ်းရေးမျက်နှာဖုံးစွပ်ပြီး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကူညီအော်ဟစ်ပေးနေ ကြသည်ဟု စွပ်စွဲသည်။ ယင်းကြွေးကြော်မှု၊ အရေးဆိုမှုများမှာ အင်အားချိန်ခွင်လျှာ ဆိုဗီယက်ဘက်သို့ အလေးသာစေမည့် ကြွေးကြော်သံများဟု ဆိုသည်။ ဤသည်မှာလည်း ဆိုဗီယက်တို့၏ Active Measure ခေါ် 'သတင်းစစ်ဆင်ရေး' လှုပ်ရှားမှုတစ်ရပ်ပင် ဖြစ်သည်။

'သူတို့လိုချင်တဲ့ လမ်းကြောင်းပေါ်မှာ လူသားတွေကို တင်ပေးလိုက်ပြီး လူသားတွေရဲ့ အကျိုးစီးပွားလို့ထင်ရတဲ့ ကြွေးကြော်သံတွေ သင်ကြားပေးလိုက်ကြတယ်။ တကယ်တော့ အဲ့ဒီအသံတွေဟာ ဆိုဗီယက်နဲ့ကေဂျီဘီတို့ရဲ့ အောင်စည် အောင်မောင်းသံတွေပဲလို့ ဆိုရပါလိမ့်မယ်' ဟု လက်ဗ်ချင်ကိုက ပြောလိုက်သည်။

သတင်းစစ်ဆင်ရေးတွင် ဝါဒဖြန့်ကြွေးကြော်မှုနှင့် လှည့်ဖြားမှုတို့မှာ အရေးပါသော လုပ်ငန်းများသဖွယ် ဖြစ်နေသည်။ အမှောင့်လုပ်ငန်းများ၊ ဩဇာလွှမ်းမိုးရေး လုပ်ငန်းလည်း ပါဝင်သည်။

'ရှေးတုန်းကတော့ ကေဂျီဘီသူလျှိုကိုယ်စားလှယ် အေးဂျင့်တစ်ယောက်က ပစ်မှတ်ဒေသရဲ့ သတင်းတွေကို ခိုးထုတ်ဖို့ပဲ ဖြစ်တယ်။ ဒါပေမဲ့ အခုတော့ Influence Agent လို့ခေါ်တဲ့ ဩဇာလွှမ်းမိုးတဲ့သူလျှိုတွေ ကေဂျီဘီက မွေးထုတ်နေတယ်။ ပစ်မှတ်နိုင်ငံရဲ့ ပြည်သူလူထုက လေးစားအထင်ကြီးလောက်တဲ့ နေရာမျိုးကို ကေဂျီဘီသူလျှိုက ရောက်လာအောင် ပထမကြိုးစားတယ်။ ပြီးမှ ကေဂျီဘီရဲ့လိုလားချက်တွေ၊ လှုံ့ဆော်မှုတွေကို ဩဇာရှိသူလျှိုကတစ်ဆင့် လူထုအတွင်းချပေးပြီး သူတို့ရဲ့လိုလားချက်ကို လူထုအသံပုံစံမျိုးနဲ့ ပြန်လည် ဖော်ထုတ်ပေးလိုက်တာပဲ ဖြစ်တယ်။ ဒီနည်းနဲ့ ဩဇာရှိ ကေဂျီဘီသူလျှိုဟာ ကေဂျီဘီရဲ့ လမ်းညွှန်ချက်အသွင်ကို ဖုံးကွယ်ပြီး သူ့ရဲ့ ပုဂ္ဂိုလ်ရေးလွှမ်းမိုးမှုပုံစံကို ရယူလှုပ်ရှားသွားမှာပဲ ဖြစ်တယ်' ဟု စီအိုင်အေက သုံးသပ်ဖော်ပြသည်။

စီအိုင်အေက ဥပမာပေးရာတွင် အမေရိကန်ပြည်ထောင်စုက ထုတ်ဝေသည့် ထိပ်တန်းစာရွက်စာတမ်း ၁၅၀ ကို ကေဂျီဘီက အတုလုပ်ထားကြောင်း၊ အမေရိကန်က ရိုက်နှိပ်ထုတ်ဝေသည့် ပုံစံမျိုးဖြစ်အောင်ပြုလုပ်ကာ ကေဂျီဘီ၏ အာဘော်ကို ရောစွက်ပြီး ဖြန့်ဝေကြောင်း စသည်ဖြင့် ဖော်ပြထားသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အမေရိကန်ထုတ်ဟုထင်ရသော စာစောင်များကို ဖတ်ရှုရသူတို့က ဆိုဗီယက်တို့၏အာဘော် ရေးသားထည့်သွင်းထားသည်ကို သတိမမူမိဘဲ အမေရိကန် ပြည်ထောင်စုသည် ယုံကြည်စိတ်ချရမှု နည်းပါးသော၊ စစ်ကိုခုံမင်သော နိုင်ငံတစ်ခုဟု မှတ်ယူသွားစေမည်သာ ဖြစ်သည်ဟု လည်း ဆိုပါသည်။

ထို့ပြင် အမေရိကန်တပ်မတော် စစ်မြေပြင်လက်စွဲစာစောင် အမှတ် ၃၀-၃၁(ဘီ)တွင် အမေရိကန်တပ်မတော် အရာရှိများအတွက် ရေးသားထားသော လမ်းညွှန်ချက်များကို ကေဂျီဘီက အဓိပ္ပာယ်လွဲမှားအောင် ဖြည့်စွက်ရေးသားပြီး ထိပ်တန်းလျှို့ဝှက်ခေါင်းစီးဖြင့် စာစောင်အတုပြုလုပ်ခဲ့ကြောင်း၊ ယင်းလုပ်ရပ်မှာ သတင်းစစ်ဆင်ရေးတစ်ရပ်သာဖြစ်ကြောင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြထားသည်။ ထိုစစ်မြေပြင် လက်စွဲစာစောင်တွင် ဖော်ပြထားသော ဗိုလ်ချုပ်ကြီးဝက်စမိုးလင်း၏ လက်မှတ်သည်လည်း အတုဖြစ်ကြောင်း၊ ထိုစာစောင်ထဲတွင် ဖြည့်စွက်လုပ်ကြံ ရေးသားထားချက်များထဲ၌ အမေရိကန်အရာရှိများသည် မဟာမိတ်နိုင်ငံများ၊ တပ်မတော်များနှင့် ဆက်ဆံရေးတွင် ခံယူရမည့်အချက်များကို ဆိုဗီယက်တို့ လိုချင်သလိုရေးသားထားသည်မှာ အခြေအနေအတော်ဆိုးကြောင်း၊ ဖော်ပြထားချက်များတွင် အမေရိကန် စစ်ဘက်အကြံပေးအရာရှိများနှင့် စစ်ဘက်အာဏာပိုင်များသည် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းများ၌ မည်သို့မည်ပုံ စွက်ဖက်ထိုးဖောက်ရမည်ဆိုသည်ကို လည်းကောင်း၊ တချို့သောအခြေအနေများတွင် လက်ဝဲစွန်းရောက်အုပ်စုများအား မည်သို့မည်ပုံစည်းရုံးကာ ဌာနအစိုးရကို ဒုက္ခပေးရမည်ကို လည်းကောင်း လမ်းညွှန်ထားကြောင်း စသည်ဖြင့် ဖော်ပြထားသည်ဟု ဆိုပါသည်။

## အကြမ်းဖက်ခြင်းနှင့် နီးစပ်သူ

အီတလီနိုင်ငံတွင် အီတလီ ခရစ်ယာန်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ အော်လ်ဒိုမိုရို လုပ်ကြံသတ်ဖြတ်မှုခံရစဉ်က ရေဒီယိုမော်စကိုက ထိုလုပ်ရပ်သည် စီအိုင်အေလက်ချက်ဖြစ်သည်ဟု လက်ဦးမှုယူ ဖွင့်ချခဲ့ကြောင်း၊ နောက်ပိုင်းတွင် လူးဝစ္စ ဂွန်ဇာလက်ဇာဒီရှာဆိုသူက စပိန်သတင်းစာတိုက်တစ်ခုသို့ သတင်းများပေးပို့ခဲ့ရာတွင် အနောက်ဥရောပရှိ အကြမ်းဖက်အဖွဲ့အစည်းများကို စီအိုင်အေက အသုံးချနေကြောင်း၊ အီတလီတွင် 'တပ်နီ' ဟု အမည်ရသည့် အကြမ်းဖက်အဖွဲ့ကို စီအိုင်အေက ကူညီနေကြောင်း ဖော်ပြခဲ့သည်။

စပိန်သတင်းစာ အယ်လ်ထရီယွန်ဖိုကလည်း ဂွန်ဇာလက်၏ဖော်ပြချက်ကို ၁၉၇၈ခုနှစ်၊စက်တင်ဘာလ ၂၃ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြပေးခဲ့သည်။ အီတလီနှင့် တခြားဥရောပသတင်းဌာနများကလည်း ထိုဖော်ပြချက်ကို ထပ်လောင်းအတည်ပြုပြီး စီအိုင်အေကို စွပ်စွဲဖော်ပြခဲ့ကြသည်။ ထိုသတင်းများကိုပင် ကေဂျီဘီ၏ သတင်းစစ်ဆင်ရေးနှင့် ဝါဒဖြန့်ချိရေးအင်အားစုများက ပြန်လည်ကိုးကားကာ အကျယ်တဝင့် ထပ်လောင်းဖော်ပြ အမြတ်ထုတ်သွားသည်ဟု လည်းကောင်း၊ စီအိုင်အေသည် လက်ဝဲအကြမ်းဖက်အဖွဲ့အစည်းများ ကမ္ဘာအနှံ့ လှုပ်ရှားနေသယောင် ဖန်တီးထားပါသည်ဟု လည်းကောင်း စွပ်စွဲခဲ့ရပါသည်ဟု စီအိုင်အေက ဆိုသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ရှိ စာနယ်ဇင်းများက အမေရိကန်စစ်မြေပြင် လက်စွဲစာစောင် အမှတ် ၃၀-၃၁ ပါအချက်များကိုစွကိုလည်းကောင်း၊ မိုရိုတစ်ယောက် အီတလီတွင် အသတ်ခံရမှု ကိစ္စကိုလည်းကောင်း ဖော်ပြကြပြီး စီအိုင်အေနှင့် အမေရိကန်ပြည်ထောင်စုကို ရှုတ်ချခဲ့ကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉ ခုနှစ်တွင် ပြင်သစ်စာနယ်ဇင်းလောကၾ နာမည်ကြီးသူ ပီယာရီချားလ်စ်ပသီကို ပြင်သစ်အစိုးရက ဖမ်းဆီးလိုက်သည်။ သူသည် ဆိုဗီယက်ကိုအားပေးသော အတွေးအခေါ်များကို မသိမသာ ထည့်သွင်းအားပေးဖော်ပြခဲ့သည်ဟု စွပ်စွဲဖမ်းဆီးခြင်း ဖြစ်သည်။ သူသည် အဖမ်းမခံရမီ နှစ်ပေါင်း ၂၀ မျှ ကေဂျီဘီအာဘော် အရိပ်အငွေ့ပါသော ဝါဒဖြန့်ချက်များကို ရေးသားထားပြီး ထိုရေးသားချက်များပါသည့် စာစောင်ပေါင်း ၁၀၀ ကျော်ခန့်သည် လက်တင်အမေရိက နိုင်ငံများ၊ တရုတ်နိုင်ငံ၊ အနောက်ဥရောပ၊ စီအိုင်အေနှင့် တခြားထိပ်တန်းနေရာများသို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။ ပီယာရီ၏လုပ်ရပ်သည် ပြင်သစ်နိုင်ငံ၏ စစ်ရေး၊ နိုင်ငံရေးနှင့် အဓိက စီးပွားရေးအကျိုးကျေးဇူးများကို များစွာထိခိုက်ပျက်ပြား စေကြောင်း ပြင်သစ်အစိုးရက ဖော်ပြပြီး သူ့ကို ထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

## ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ

ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ (World Pece Council) (WPC) သည် ၁၉၅၀ပြည့်လွန် နှစ်များမှစ၍ ပါရီမြို့တွင် 'ဗုံးများတားမြစ်ပါ' (Ban the Bomb) ဟူသော ကြွေးကြော်သံဖြင့် လှုပ်ရှားခဲ့သည်။ မကြာမီ ထင်ပေါ်ကျော်ကြားလာသော ကမ္ဘာတစ်ဝန်းလုံးကို ကိုယ်စားပြုသည့် ငြိမ်းချမ်းရေးကောင်စီတစ်ခုအသွင်ကို ဆောင်ယူလာခဲ့သည်။

ထိုအချိန်က ဆိုဗီယက်ယူနီယံတွင် အဏုမြူဗုံး ထုတ်လုပ်နိုင်မှု မရှိသေးပေ။ ဤတွင် ပြင်သစ်နိုင်ငံက ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီကို ပြင်သစ်နိုင်ငံတွင်းမှ နှင်ထုတ်ပစ်ခဲ့သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီသည် ယူဂိုဆလားဗီးယားသို့ ပြောင်းရွှေ့သွားပြီး ၁၉၅၄ ခုနှစ်အထိ ငြိမ်နေခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ဩစကြီးယားနိုင်ငံ၊ ဗီယင်နာမြို့တော်သို့ ပြောင်းရွှေ့သွားသည်။ ဩစတြီးယားနိုင်ငံတွင် အဏုမြူဗုံးတားမြစ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုများ ဆက်လက်ပြုလုပ်နေပြန်သဖြင့် ၁၉၅၇ ခုနှစ်တွင် နှင်ထုတ်ခံရပြန်သည်။ သို့သော် ဥရောပဒေသဆိုင်ရာ စခန်းတစ်ခုကို ဖွင့်ခွင့်ပေးသဖြင့် ခြေကုပ်ရနေသေးသည်ကို တွေ့ရသည်။ ထိုစခန်းကိုလည်း 'နိုင်ငံတကာငြိမ်းချမ်းရေး အဖွဲ့ချုပ်ကြီး' (International Institute for Peace) ဟု အမည်တစ်မျိုးမှည့်ခေါ်ထားသည်။

၁၉၈၆ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီဌာနချုပ်ကို ဟယ်လ်ဆင်ကီမြို့၌ ပြောင်းရွှေ့ဖွင့်လှစ်ပြန်သည်။ ထိုအချိန်တွင် နိုင်ငံရေးဦးတည်ချက် အသစ်တစ်ခု သတ်မှတ်၍ ကြွေးကြော်လှုံ့ဆော်ခဲ့သည်။

'ဗီယက်နမ်မှ အမေရိကန်ကျူးကျော်ရေးတပ်များ အမြန်ရုပ်သိမ်းရေး' ဟူသည့် ငြိမ်းချမ်းရေးခေါင်းစီးဖြစ်သည်။ အနောက်အုပ်စုနိုင်ငံများက မျက်စိဒေါက်ထောက် ကြည့်နေကြပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီသည် ကေဂျီဘီ၏

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်တုတ်ဖြစ်နေကြောင်း စွပ်စွဲလျှက်ရှိသည်။ ကမ္ဘာ့အဝန်းတွင် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ၏ အမည်နာမ ထင်ရှားကျော်ကြားလာသဖြင့် အဖွဲ့ကြီး၏ ဥက္ကဋ္ဌဖြစ်သူ အိန္ဒိယနိုင်ငံသား ရိုမက်ရှ်ချန်ဒရာအားလည်း ကေဂျီဘီဒလန်ဟု အနောက်အုပ်စုစာနယ်ဇင်းများက စွပ်စွဲလာသည်။ ချန်ဒရာက ကေဂျီဘီအဖွဲ့နှင့် ကင်းအောင်နေသောအခါ ချန်ဒရာသည် ပါးနပ်သူဖြစ်ပြီး ကေဂျီဘီနှင့်ဆက်စပ်မှုကို ဖုံးကွယ်ထားသည်ဟု သမုတ်ကြပြန်သည်။

ချန်ဒရာကမူ ဆိုဗီယက်ပြည်ထောင်စုသည် မိမိတို့ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီကြီး၏ လှုပ်ရှားမှုများအပေါ် နားလည်မှုရှိစွာ ထောက်ခံကူညီလျှက်ရှိခြင်းကြောင့် ဤကောင်စီကြီးအနေဖြင့်လည်း အပြုသဘော တုံ့ပြန်ဆက်ဆံခဲ့ပါသည်ဟု ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ထိုအခါ အနောက်အုပ်စု စာနယ်ဇင်းများနှင့် စီအိုင်အေတို့က ဟယ်လ်ဆင်ကီရှိ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ ဌာနချုပ်တွင် ချန်ဒရာနှင့် အနီးကပ် လက်တွဲလုပ်ကိုင်နေသူ အမြဲတမ်း အတွင်းရေးမှူး၊ အဖွဲ့ဝင်များသည် ကေဂျီဘီများ ဖြစ်ပါသည်ဟု စွပ်စွဲကြပြန်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီက ဦးဆောင်သည့် လူထုငြိမ်းချမ်းရေး လှုပ်ရှားမှုမှန်သမျှသည် ဆိုဗီယက်က ခလုတ်နှိပ်ပေးနေခြင်းဖြစ်ကြောင်း၊ ကောင်စီ၏ ၃၂ နှစ်တာ သက်တမ်းကာလအတွင်း ကရင်မလင်၏ဦးဆောင်မှုမှ သွေဖည်ခြင်းမရှိကြောင်း၊ ပိုလန်နှင့်အရှေ့ဂျာမနီတို့၌ ၁၉၅၃ ခုနှစ်အတွင်း ဆိုဗီယက် လှုပ်ရှားလုပ်ကိုင်ခဲ့သူများကို လည်းကောင်း၊ ဟန်ဂေရီသို့ ဆိုဗီယက်က ၁၉၅၆ ခုနှစ်တွင် ဝင်ရောက်ခဲ့မှုကိုလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် ဆိုဗီယက်တို့ နျူးကလီးယား စမ်းသပ်ဖောက်ခွဲခဲ့မှုကို လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် ကျူးဘားသို့ ဒုံးပျံနှင့်လက်နက်များ ထောက်ပံ့ခဲ့မှုကို လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ချက်ကိုဆလိုဗက်ကီးယားသို့ ကျူးကျော်ဝင်ရောက်ခဲ့မှုကို လည်းကောင်း ဤကောင်စီက လူထုငြိမ်းချမ်းရေး လှုပ်ရှားမှုများ ပြုလုပ်ဆန့်ကျင်ခြင်း မရှိပါဟု စီအိုင်အေက ထောက်ပြပြန်၏။

၁၉၇၉ ခုနှစ်က အာဖဂန်နစ္စတန်သို့ ဆိုဗီယက်ကျူးကျော်ခဲ့မှုများ၊ ဆိုဗီယက်လက်နက်တည်ဆောက်ရေး အစီအစဉ် များကိုလည်းကောင်း ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီက လျစ်လျူရှုခဲ့ပြီး မသိသလိုနေခဲ့သည်ဟုလည်းကောင်း စီအိုင်အေက စွပ်စွဲခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီရုံးချုပ်၏ ကုန်ကျမှုများနှင့် အမှုထမ်းများ၏လခများကို မည်သူထောက်ပံ့နေ သနည်း။ ကမ္ဘာအနှံ့ ကောင်စီ၏လုပ်ငန်းများ၊ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ စပိန်ဘာသာများဖြင့် ဖြန့်ဝေနေသော ငြိမ်းချမ်းရေး စာစောင်များ၏ ကြီးမားသော ကုန်ကျစရိတ်များကို မော်စကိုက ထောက်ပံ့နေခြင်း မဟုတ်လျှင် မည်သည့်နေရာက ထောက်ပံ့နေပါသနည်းဟု အမေရိကန်တို့က မေးခွန်းထုတ်သည်။

သို့သော် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ၏ လိမ္မာရေးခြားရှိစွာ နေထိုင်လှုပ်ရှားတတ်မှုကြောင့် ကမ္ဘာ့ပြည်သူများ၊ သံတမန်များ၊ နိုင်ငံရေးသမားများ၊ သိပ္ပံပညာရှင်များနှင့် နိုင်ငံများစွာမှ စာနယ်ဇင်းသမားတို့က ဤကောင်စီကို ဘရားဝင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာက အသိအမှတ်ပြုထားသော ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့အစည်းတစ်ခုဟုသာ ပြတ်ပြတ်သားသား ရှုမြင်မိခဲ့ကြသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကပင်လျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ (WPC) သည် အရှေ့-အနောက် မည်သည့်ဘက်ကိုမျှ ဘက်မလိုက်သော မှန်ကန်စွာ ရပ်တည်သည့် ငြိမ်းချမ်းရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည်ဟု တရားဝင်အသိအမှတ်ပြု ထုတ်ပြန်ပေးထားသဖြင့် အမေရိကန်တို့၏ စွပ်စွဲမှုများမှာ သံသယဝင်ဖွယ် ဖြစ်လာရပြန်သည်။ ထိုပြင် နိုင်ငံတကာ လက်နက်ဖျက်သိမ်းရေးနှင့် ကိုလိုနီကျွန်ပြုမှုများမှ ရုန်းထွက်ရေးဆိုင်ရာ ကိစ္စများတွင်လည်း ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီကြီးကိုပင် လက်ကိုင်ထား၍ တိုင်ပင်နှီးနှောလေ့ရှိသည်မှာ ထူးဆန်းသလို ဖြစ်နေပါသည်။

ဤသည်ကိုလည်း အနောက်အုပ်စုနိုင်ငံများက ဝေဖန်ကြပြန်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီသည် ကမ္ဘာ့နိုင်ငံပေါင်းများစွာတို့တွင် တရားဝင်ဆက်ဆံမှုရော၊ လျှို့ဝှက်စွာဆက်ဆံမှုပါ ထားရှိနေကြောင်း၊ ကမ္ဘာ့ပြည်သူ့သန်းပေါင်းများစွာတို့အား ကေဂျီဘီ၏ လိုလားချက်များကို အသုံးပြုအောင်ဟစ်စေရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီက ကြားခံအဖြစ် အသုံးပြုခံနေကြောင်း၊ ကွန်မြူနစ်မဟုတ်သည့် ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာတို့က ကွန်မြူနစ်တို့၏ ဆန္ဒအတိုင်း ပြည့်ဝအောင် ပါဝင်လှုပ်ရှားစေရေးအတွက် ကေဂျီဘီက ဆောင်ကြဉ်းနေကြောင်း စသည်ဖြင့် အနောက်အုပ်စု ထောက်လှမ်းရေး အသိုက်အဝန်းများက စွပ်စွဲလျက်ရှိသည်။ တခြား အဖွဲ့အစည်းတစ်ခုလည်း ရှိသေးသည်။

Institute For U S A and Canada ဟု အမည်မှည့်ထားသည့် အဖွဲ့ဖြစ်သည်။ ဤအဖွဲ့တွင်လည်း ကေဂျီဘီများလွှမ်းမိုးနေပြီး အမေရိကန်နှင့်ကနေဒါ ထိပ်ပိုင်းခေါင်းဆောင်များအထိ ဝင်ရောက်ထိုးဖောက်နေကြသည်ဟု ဆိုသည်။ ဤအဖွဲ့၏ စွမ်းရည်သည် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ၏ စွမ်းရည်ထက်ပင် အရေးပါနေကြောင်း၊ အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်သည် ဂေါ်ဂီအာဘောတော့ဗ်ဆိုသူဖြစ်ပြီး ဆိုဗီယက်ခေါင်းဆောင်ဟောင်း ယူရီအင်ဒရိုပေါ့၏ လက်ရုံးတစ်ဆူ ဖြစ်ခဲ့ဖူးသူဖြစ်ကြောင်း ဖော်ပြကြသည်။

သူသည် အမေရိကန်ပြည်ထောင်စု၏ ထိပ်ပိုင်းခေါင်းဆောင်များနှင့် အလွန် အလွမ်းသင့်သူဖြစ်ပြီး အမေရိကန်အမျိုးသားရုပ်မြင်သံကြားဌာနကို အသုံးပြုကာ လက်နက်ဖျက်သိမ်းရေး အရေးဆိုမှုများကို ဆက်တိုက်ပြုလုပ်နေသူဖြစ်သည်။ တစ်ဖန် အမေရိကန်တို့၏ အဆိုအရ ဤအင်စတီကျုတစ်ခုလုံး၏ ဝန်ထမ်း၃ပုံ၁ပုံသည် ကေဂျီဘီအရာရှိများ ဖြစ်နေကြောင်း၊ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးမှာ ရာဒီမီဂေါ်ဂိုးဗစ်ဘိုဒါမော့ဗ်ဆိုသူဖြစ်ပြီး သူသည် ကေဂျီဘီဝါရင့် ဒုတိယဗိုလ်မှူးကြီး တစ်ဦးဖြစ်ကြောင်း၊ သူ၏ ပြည်ပလုပ်သက်မှာ ရာစုနှစ်တစ်စိတ်ခန့် ရှိနေပြီဖြစ်၍ အတွေ့အကြုံရင့်ကျက်လှကြောင်း၊ သူသည် အိန္ဒိယရှိ ကေဂျီဘီဌာနခွဲကို ကွက်ကဲရသူလည်း ဖြစ်နေကြောင်း စသည်ဖြင့် စီအိုင်အေက ဖော်ထုတ် ဆန်းစစ်ပြထားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူ စည်းရုံးသူများထဲမှ ထူးချွန်လာသူတစ်ဦးမှာ ရီမက်ရှိချုန်ဒရာဖြစ်ပြီး ၁၉၆၀ ပြည့်လွန်နှစ်က Agent of Influence ခေါ် ဩဇာလွှမ်းမိုးရေး အထောက်တော်အဖြစ် တိုးမြှင့် သတ်မှတ်ခံရကြောင်း၊ ချုန်ဒရာအား ဘိုဒါမော့ဗ်က တောက်လျှောက် လက်တွဲမြှင့်တင်ပေးခဲ့ကြောင်းလည်း စွပ်စွဲခံရသည်။

၁၉၇၀ ပြည့်လွန်နှစ်များက ကေဂျီဘီသည် ဘိုဒါမော့ဗ်အား အမေရိကန်နိုင်ငံသို့ စေလွှတ်တာဝန်ပေးခဲ့ကြောင်းနှင့် သူသည် အမေရိကန်တွင် ပညာသင်တစ်ယောက်၏ဘဝကို ခံယူခဲ့ကြောင်း သိရသည်။ တစ်ဖက်တွင်လည်း လက်နက်ဖျက်သိမ်းရေးကဏ္ဍကို အထူးလိုလားသူအဖြစ်နှင့် လက်နက်ဖျက်သိမ်းရေးကို လိုလားသူ အမေရိကန်ခေါင်းဆောင်များနှင့် ရင်းနှီးကျွမ်းဝင်သူ တစ်ဦး၏ဘဝကို ရယူထားလိုက်သည်ဟု ဆိုသည်။

သို့ဖြင့် သူသည် နယူးယောက်၊ ဝါရှင်တန်နှင့် ဥရောပတစ်လွှားကျင်းပသော ကွန်ဖရင့်များသို့ တက်ရောက်ခွင့်ရရှိပြီး အမေရိကန်ခေါင်းဆောင်များထဲမှ အလွယ်တကူစည်းရုံး၍ ရနိုင်သူများကို ရှာဖွေချဉ်းကပ်ခဲ့သည်ဟု ဆိုသည်။

ကေဂျီဘီသည် နိုင်ငံတကာရေးဌာန (International Department) မှတစ်ဆင့်လည်း နိုင်ငံရပ်ခြားရှိ ကွန်မြူနစ်ပါတီများသို့ ထောက်ပံ့ကြေးများ ပေးကမ်းခဲ့သည်။ နိုင်ငံများစွာရှိ ကွန်မြူနစ်ပါတီများသည် ဤထောက်ပံ့ကြေးဖြင့် ရှင်သန်ရပ်တည်နေကြောင်း တွေ့ရပြီး ထောက်ပံ့မှုကိုလည်း ကေဂျီဘီမှတစ်ဆင့် ဆောင်ရွက်သည်ဟု ဆိုသည်။ ဥပမာအားဖြင့် အမေရိကန်ကွန်မြူနစ်ပါတီ၏ လှုပ်ရှားမှုများ ရှင်သန်နေရခြင်းမှာလည်း နှစ်စဉ်ဆိုဗီယက်တို့ထံမှ ဒေါ်လာတစ်သန်းမှ နှစ်သန်းအကြား ရရှိနေသောကြောင့်ဟု ဆိုသည်။

မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ အကုန်အကျခံနေရသနည်း။ အဓိကအားဖြင့် အဖြစ်မှန်ဖော်ထုတ်ရေး လုပ်ငန်းများ ကမ္ဘာအဝန်း လုပ်ကိုင်နိုင်ရန် ဖြစ်သည်။ ကေဂျီဘီတို့လိုလားသော အချက်များကို ဂုဏ်သရေရှိပုဂ္ဂိုလ်၊ ဩဇာရှိသောပုဂ္ဂိုလ်တို့၏ နှုတ်မှတစ်ဆင့် ထိုပုဂ္ဂိုလ်ကြီးများကို လေးစားနာခံသည့် အသိုက်အဝန်းဆီသို့ စာရွက်စာတမ်းများ ပြန့်ပွားစေရန် အကုန်အကျခံခြင်းဟု ဆိုသည်။ ထို့ပြင် သူတို့ မွေးမြူစည်းရုံးထားသော ပုဂ္ဂိုလ်များသည် ပါလီမန်အတွင်း၌ပါ ဆက်လက်ဆွေးနွေး ငြင်းခုံဖွယ်ရာ ရှိပါသည်။ ထိုအခါ ကွန်မြူနစ်ဝါဒီ မဟုတ်သူများထံသို့ပါ ကေဂျီဘီလိုလားသော ဝါဒဖြန့်စကားများက ဂယက်ရိုက်ခတ်လိမ့်မည် ဖြစ်သောကြောင့် သံသယကင်းလိမ့်မည်။

ကမ္ဘာအဝန်းရှိ လူထုကလည်း သူတို့ချင်း သဘောထား မတိုက်ဆိုင်မှုကြောင့် ငြင်းခုံမှုတစ်ခုဟုသာ မှတ်ယူပေလိမ့်မည်။

တစ်ခါတစ်ရံတွင်လည်း ကေဂျီဘီက စည်းရုံးသိမ်းသွင်းထားသူများကို အချက်အလက်များပေးပြီး လမ်းခွဲ လမ်းခွများမှ တစ်ဆင့်သော်လည်းကောင်း၊ ပန်းခြံစင်မြင့်နေရာ ဟစ်တိုင်မှတစ်ဆင့် သော်လည်းကောင်း လူထုအား ပျံ့နှံ့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စေပါသည်။ ဤသို့ဖြင့် ကေဂျီဘီ၏လိုလားချက်သည် ကွန်မြူနစ်မဟုတ်သည့် လူထု သံသယကင်းရှင်းသူများထံသို့ သံသယကင်းဖွယ် အကြောင်းအရာဖြစ်သော ငြိမ်းချမ်းရေးစကားလုံးများမှတစ်ဆင့် ထိုးဖောက်ခိုဝင်သွားလေတော့သည်။

အဖြစ်မှန်ဖော်ထုတ်ရေး လုပ်ငန်းတို့၏ အဓိကလက်နက်မှာ ဝါဒဖြန့်ချိရေးပင် ဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်များရှိ ကွန်မြူနစ်ပါတီများ၊ နိုင်ငံတကာတပ်ဦးအဖွဲ့ဆိုသည့် အဖွဲ့များ၊ ကမ္ဘာအနှံ့ရှိ စက်ရုံအတုနှင့် ကုမ္ပဏီအတုများ၊ သတင်းမှားထုတ်ပြန်ရေးအဖွဲ့များ စသည်တို့က ဤဝါဒဖြန့်ချိရေးကိစ္စကို ကိုင်တွယ်လေ့ရှိသည်။

ကေဂျီဘီ၊ သို့မဟုတ် ပါတီဌာနချုပ်ရှိ 'နိုင်ငံတကာရေးရာဌာန' တို့သည် အကျိုးထူး တစ်စုံတစ်ရာရှိမည်ဟု ယူဆပါက အကောင်အထည်ဖော်မည့် ထက်မြက်သော လှုပ်ရှားမှုစီမံချက်တစ်ခုကို ပေါ်လစ်ဗျူရိုအစည်းအဝေးသို့ တင်ပြရသည်။ ပေါ်လစ်ဗျူရို အတည်ပြုပြီးသည်နှင့် ခွင့်ပြုမိန့်ကျကာ လက်အောက်ခံအဖွဲ့အစည်းများက အကောင်အထည်ဖော်တော့သည်။ နိုင်ငံခြားရှိ လုပ်ကွက်တစ်ခု အခွင့်အလမ်းကြုံသည်နှင့် ကေဂျီဘီက အထက်ပါပုံစံအတိုင်း အဖြစ်မှန်ဖော်ထုတ်ရေး စီမံချက်တစ်ရပ် စတင်လေသည်။

## နျူထရွန်ဗုံးနှင့်ငြိမ်းချမ်းရေး

နျူထရွန်ဗုံးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကြွေးကြော်သံ လှုပ်ရှားမှုသည်လည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ နျူထရွန်ဗုံးကို 'ရောင်ခြည်အားမြှင့်ဗုံးထိပ်ဖူး' Enhanced Radiaton Warhead (ERW) လက်နက်ဟုခေါ်သည်။ အမေရိကန်တို့ နျူထရွန်ဗုံးပေါ်လာကတည်းက အရှေ့အနောက် လက်နက်အင်အား ထိန်းညှိရေးဖြစ်စဉ်မှာ ညီမျှမှုမရှိတော့ဘဲ ဖြစ်လာသည်။

ထိုအခါ ကေဂျီဘီသည် တည်ဆောက်ပြီးသား 'အဖြစ်မှန်ဖော်ထုတ်ရေး' အစီအစဉ်တွင် နျူထရွန်ဗုံးကိစ္စကိုပါ အရေးတကြီး ထည့်သွင်းလိုက်တော့သည်။ အကယ်၍ နှစ်ဖက်တပ်အင်အားချုပ်မှုတွင် နျူထရွန်ဗုံးထိပ်ဖူးများ ချရပ်လာလျှင် အရှေ့အုပ်စုတွင် ကြီးမားသောအခက်အခဲ ကြုံရတော့မည်သာ ဖြစ်သည်။

ထိုစဉ်က ဆိုဗီယက်တို့သည် အနောက်ဂျာမနီနယ်စပ်အနီးတွင် ရင်ဆိုင်ချရပ်ထားသော တိုက်ပွဲဝင်တင့်ကားပေါင်း ၂၀၀၀၀ ခန့်ရှိနေပြီး အနောက်အုပ်စု နေတိုးတပ်ပေါင်းစု၏ တင့်ကားအရေအတွက်မှာ ၇၀၀၀ ခန့်သာ ရှိသည်။ တခြားသော နေတိုး၏ ခေတ်မီလက်နက်များကို ဝါသောအရှေ့အုပ်စုက တင့်ကားအရေအတွက် ပိုမိုချရပ်ထားခြင်းအားဖြင့် အင်အားထိန်းညှိထားခြင်းဖြစ်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၆ ခုနှစ်လောက် ရောက်သောအခါ အမေရိကန်က နျူထရွန်ဗုံး ဖောက်ခွဲစမ်းသပ်ပြီးဖြစ်၍ အရှေ့အုပ်စု တင့်ကားအားလုံးကို နျူထရွန်ဗုံး အနည်းငယ်ဖြင့် ဖျက်ဆီးပစ်နိုင်သော အနေအထားဖြစ်နေသည်။ ရောင်ခြည်ကြောင့် လူအားလုံးသေဆုံးပြီး တင့်ကားအားလုံး အကောင်းပကတိ အနောက်အုပ်စုလက်ထဲ ရောက်သွားနိုင်မည့် အနေအထား ဖြစ်နေသည်။

နေတိုးအုပ်စုကလည်း နျူထရွန်ဗုံးကို ဥရောပစစ်မျက်နှာတွင် အလွန်သင့်လျော်သော ကြိုတင်ဟန့်တားရေး လက်နက်ဟု ကင်ပွန်းတပ်ကာ ဝါကြွားလျက်ရှိနေသည်။

နျူထရွန်ဗုံးမှထွက်သော ရောင်ခြည်သည် အဆောက်အအုံများကို ပြိုပျက်စေခြင်းမရှိ၊ တင့်ကားများကို ထိခိုက်ပျက်ပြားစေခြင်းမရှိဘဲ ဝါဆောအုပ်စုကို အနိုင်ယူနိုင်သော လက်နက်ဖြစ်နေရာ ဆိုဗီယက်တို့က ထိုလက်နက်ကို မည်သည့်နည်းနှင့်မျှ ချရပ်ထားခွင့်မပြုနိုင်သော အနေအထားဖြစ်နေသည်။ ဝါဆောတပ်များ သည် အစုလိုက်အပြုံလိုက် ဖျက်ဆီးချေမှုန်းခံရနိုင်သော သဘောဖြစ်နေသည်။

သာမန်အဏုမြူဗုံးတစ်လုံး ပေါက်ကွဲလျှင် ဝါဆောတပ်များကိုသာမက အနီးအနားရှိ အနောက်အုပ်စုပိုင်နယ်မြေထဲမှ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းအားလုံးပါ ပျက်စီးသွားနိုင်သည်။

ယခုခေတ် အသေးငယ်ဆုံးသော အဏုမြူဗုံးကို အမြောက်ထဲထည့်ပစ်လျှင်ပင် ဖျက်ဆီးမှုစွမ်းအား ဒုတိယကမ္ဘာစစ်ကာလ ဟီရိုရှီးမားအဏုမြူဗုံးထက် ပို၍အဖျက်စွမ်းအား ကြီးမားနိုင်သည်။

ယခု ခေတ်ရောင်ခြည်ဗုံးခေါ် နျူထရွန်ဗုံးမှာမူ မိမိနယ်ထဲ ကျူးကျော်လာသူ စစ်သည်များကိုသာ သေစေနိုင်ပြီး ကျန်သောအဆောက်အအုံ၊ ယာဉ်၊ လမ်း၊ တံတား စသည်တို့ကို အကောင်းပကတိ ပြန်ရနိုင်သည်။ အရပ်သားများကိုလည်း အသေအပျောက် နည်းစေနိုင်သည်။ ထို့ကြောင့် ဆိုဗီယက်တို့အနေဖြင့် နျူထရွန်ဗုံးကို ဆန့်ကျင်ဆန္ဒပြမှု တစ်ကမ္ဘာလုံးက ပြုလုပ်စေချင်သည်။

ကေကျီဘီက ထိုကိစ္စကို ပထမအဆင့်အနေဖြင့် ဝါဒဖြန့်စည်းရုံးမှုဖြင့် တိုက်ခိုက်ရန် စီစဉ်လေတော့သည်။ အနောက်ဂျာမနီလူထုကို ပစ်မှတ်ထား၍ အဓိကဝါဒဖြန့်ခဲ့သည်။

စစ်ပွဲဖြစ်လာလျှင် အနောက်ဂျာမနီသည် စစ်တလင်းဖြစ်လာ ဖွယ်ရာရှိကြောင်း၊ အမေရိကန်တို့သည် အနောက်ဂျာမနီ ပြည်သူလူထုကို ဓားစာခံလုပ်ခိုင်းရန် အကြံအစည်ရှိကြောင်း၊ သို့ဖြစ်၍ အနောက်ဂျာမနီအနေဖြင့် နေတိုးအုပ်စုမှနုတ်ထွက်ပြီး အမေရိကန်တို့၏ နယ်ရုပ်ဘဝမှ ရုန်းထွက်သင့်ကြောင်း၊ ငြိမ်းချမ်းရေးကိုဦးတည်ကာ ဆိုဗီယက်ပြည်ထောင်စုနှင့် ပူးပေါင်း၍ အဖြေရှာသွားသင့်ကြောင်းဖြင့် ဝါဒဖြန့် စည်းရုံးလေတော့သည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



**မျှူထရှန်ဗုံး အစွမ်း**

ဗိုစဉ်က ဝါဆောစစ်အုပ်စု၏ ရည်မှန်းချက်မှာ နှစ်ဖက်တပ်များ ရင်ဆိုင်ထားသည့် ဂျာမနီနယ်စပ်၌ တင့်ကား အရေအတွက် သာလွန်ခြင်းဖြင့် စစ်အင်အားညှိထားခြင်းဖြစ်ပြီး နေတိုးအုပ်စုက မျှူထရှန်ဗုံးဖြင့် အလေးတင်းရန် စီစဉ်လိုက်ခြင်းဖြစ်သည်။ နေတိုးအုပ်စုသည် မျှူထရှန်ဗုံးများကို အမြောက်ကျည်တွင် တပ်ဆင်၍ဖြစ်စေ၊ တာနီးပစ်ဒုံးထိပ်ဖူးတွင် တပ်ဆင်၍ဖြစ်စေ ပစ်ခတ်ပါက ထိပ်ဖူးတစ်ခုချင်းစီ၏ အဖျက်စွမ်းအားမှာ ကျည်ကျနေရာ၏ ကိုက် ၁၂၀ ပတ်ဝန်းကျင်တွင် တင့်ကားတွင်း လူကိုသာ သေစေနိုင်သည်။ ဓာတ်ရောင်ခြည်ဖြာထွက်မှု၏ အစွမ်းမှာ သံချပ်ကာများ၏ ထူထဲလှသော သံထည်များကိုဖြတ်ပြီး တင့်ကားအတွင်းရှိလူကို သေစေနိုင်သည်။ ပတ်ဝန်းကျင်မြေပြင်တွင် ကိုက် ၅၀၀ အတွင်းမှ လူများကို ချက်ချင်း သေစေနိုင်သည်။ တစ်မိုင် ပတ်လည်အတွင်းမှ လူကို နောက်ထပ် နာရီ အနည်းငယ်အတွင်း သေစေနိုင်သည်။ ဓာတ်ရောင်ခြည်ပျံ့နှံ့မှုသည် အလွန်လျင်မြန်သော်လည်း ခရီးကွာဝေးလေ၊ ရောင်ခြည်စွမ်းအင်လျော့ကျလေ ဖြစ်သည်။ ထို့ကြောင့် ဗုံးကွဲပြီး နာရီများစွာအကြာ၊ သို့မဟုတ် ရက်ပိုင်းအတွင်း အဖျက်စွမ်းအား ကွယ်ပျောက်သွားမည် ဖြစ်သည်။ ထို့ကြောင့် ဤလက်နက်၏စွမ်းအင်မှာ နာရီပိုင်းအတွင်း တိုက်ပွဲ၏အဆုံးအဖြတ်ကို ပေးနိုင်သည့် အနေအထားရှိနေ၍ ဝါဆောအုပ်စုအတွက် အမြန်ဆုံးဝါဒဖြန့် လှုံ့ဆော်တိုက်ဖျက်ရမည့် အနေအထားရှိသည်။

၁၉၇၀ ပြည့်လွန် နှစ်များအတွင်း ဤလက်နက်ကြောင့် စစ်ရေးမဟာဗျူဟာ အခင်းအကျင်းသည် ပုံစံသစ်တီထွင်ရတော့မည် ဖြစ်သည်။ စစ်အခင်းအကျင်းအဟောင်းသည် သုံးမရတော့သည့် အခြေအနေ ဖြစ်လာသည်။ မျှူထရှန်ဗုံးသာ ချရပ်သုံးစွဲလျှင် ဝါဆောအုပ်စု၏ တင့်ကား ၂၀၀၀၀ သည် နာရီပိုင်းအတွင်း အားလုံးဖျက်ဆီးပြီးသား ဖြစ်ပေလိမ့်မည်။ ထိုအခါ စစ်ရေးသာမက နိုင်ငံရေးအနေအထားတွင်ပါ ဝါဆောတပ်များသည် အလွန် အထိနာပေလိမ့်မည်။ အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများ ထိခိုက်မှု မရှိသလောက်ဖြစ်ပြီး ဝါဆောအဖွဲ့၏ တင့်ကားအားလုံးသည် ရန်သူ့လက်ထဲသို့ အကောင်းပကတိ ကျရောက်သွားပြီး သိမ်းပိုက်ခံရနိုင်လေသည်။ ဆိုလိုသည်မှာ အနောက်အုပ်စုနယ်မြေအတွင်းသို့ ဝါဆောတပ်များက လက်ဦးမှု ရယူသိမ်းပိုက်ပြီးသည့်တိုင်အောင် မျှူထရှန်လက်နက်အသုံးပြု၍ နေတိုးအုပ်စုက မိမိပိုင်နယ်မြေအတွင်းမှ အဆောက်အအုံ၊ လမ်းများနှင့် စစ်လက်နက်ပစ္စည်းများကို ချက်ချင်း ပြန်လည်တယ်တင်နိုင်မည် ဖြစ်သည်။ စစ်ရေးလက်ဦးမှုနှင့် အသာစီးရမှုသည်ပင်လျှင် နောက်ဆုံး၌ စစ်ပွဲ၏အဆုံးအဖြတ်သည် အနောက်အုပ်စု၏ လက်အတွင်း၌သာ ရှိနေပေသည်ဟူ၍ အဓိပ္ပာယ်ရသည်။

သို့ဖြင့် အမေရိကန်သမ္မတဂျရယ်ဖို့ဒ်သည် မျှူထရှန်လက်နက်များထုတ်လုပ်ရန် အတည်ပြုချက်ပေးလိုက်လေသော်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် အခက်ကြုံရသည်က နောက်သမ္မတ ဂျင်မီကာတာဖြစ်သည်။ ၁၉၇၇ ခုနှစ်၊ ဖွန်လတွင် သမ္မတဖြစ်လာသူ ကာတာသည် လောလောဆယ် မျက်နှာရနေသဲအချိန်၌ ထိုလက်နက်ထုတ်လုပ်ရေးကို ဆက်လက်အတည်ပြုရန် ခက်ခဲနေပြီး ထိုနှစ် နိုဝင်ဘာလရောက်မှ ဆုံးဖြတ်ပါမည်ဟု ဖွင့်ပြောလိုက်ရသည်။ ဆိုဗီယက်တို့အတွက် အခွင့်ကောင်းကြီးတစ်ခု ရသွားလေသည်။ အချိန်ရသမျှ ချက်ချင်းပင် ကေဂျီဘီက ကမ္ဘာအနှံ့ ငြိမ်းချမ်းရေးဝါဒဖြန့် စစ်ဆင်မှု ပြုလုပ်တော့၏။ ထက်မြက်လှုပ်ရှားစစ်ဆင်ရေးဖြင့် လပိုင်းအတွင်း အမေရိကန်သမ္မတကို ဘေးကျပ်နံကျပ်ဖြစ်အောင် ဆင်နွှဲတော့သည်။

## နျူထရွန်ဗုံးကို ချေမှုန်းခြင်း

တစ်လကျော်မျှကာလအတွင်း ဆိုဗီယက်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့၊ ဗဟိုကော်မတီ၏ နိုင်ငံတကာရေးရာ ဌာနနှင့် ကေဂျီဘီတို့သည် အမြန်ဆုံးနှင့် အထိရောက်ဆုံး ဝါဒဖြန့်ချိရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲကို ဆင်နွှဲတော့သည်။ ဆိုဗီယက်စာနယ်ဇင်းများကလည်း ဤကိစ္စတွင် တစ်တပ်တစ်အားပါဝင်ရန် အသင့်ဖြစ်နေပေပြီ။

အမေရိကန်တွင် ဖွန်လအတွင်း သမ္မတ အပြောင်းအလဲဖြစ်ရာမှ ဇူလိုင်လ ၉ ရက်နေ့ တစ်လတာကာလအတွင်း ကမ္ဘာအနှံ့ ဆိုဗီယက်တို့၏ ငြိမ်းချမ်းရေးထိုးစစ်မှာ ဒီရေအလား တိုးလာခဲ့သည်။ တပ်စ်သတင်းဌာနကလည်း ဗြောင်ဝါဒ ဖြန့်ချိနည်းကို အသုံးပြု၍ 'သမ္မတရွေးကောက်ပွဲ၌ လူ့အခွင့်အရေးဟု ကြွေးကြော်ပြီး သမ္မတဖြစ်လာသူတစ်ဦးသည် တခြားတစ်ဖက်၌ လူသားမျိုးဆက် မျိုးဖြုတ်စစ်ပွဲ ဆင်နွှဲရန် နျူထရွန်ဗုံးထုပ်လုပ်ရေး ဆုံးဖြတ်ချက်ပေးလျှင် သင့်လျော်ပါမည်လော' မေးခွန်းထုတ်၍ တိုက်ခိုက်လေတော့သည်။ တစ်ပြိုင်နက်တည်းပင် ဆိုဗီယက်အစိုးရကလည်း ဤနျူထရွန်ဗုံးဖြင့် အမေရိကန်သည် တစ်ကမ္ဘာလုံးကို နျူကလီးယား စစ်ပွဲကြီးအတွင်းသို့ သွတ်သွင်းရန် ကြိုးပမ်းလိုက်ခြင်းဖြစ်သည်ဟု တစ်ကမ္ဘာလုံးသို့ တပ်လှန့်လိုက်သည်။ ဇူလိုင်လတစ်လလုံးပင် ဆိုဗီယက် ရေဒီယိုနှင့် စာနယ်ဇင်းအားလုံးတို့က နျူထရွန်ဗုံးကိစ္စကို တစ်ရုံမလပ် ဆန့်ကျင်ဝါဒ ဖြန့်ခဲ့သည်။ နျူထရွန်ဗုံးထုတ်လုပ်လျှင် ကမ္ဘာကြီးပျက်စီးလိမ့်မည်။ လူသားတစ်ရပ်လုံး ပျက်သုဉ်းသွားလိမ့်မည်၊ နျူထရွန်ဗုံးဆန့်ကျင်ခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ခြင်းပင် ဖြစ်သည်ဟု လှုံ့ဆော်ခဲ့သည်။

တစ်ပြိုင်နက်တည်းမှာပင် အရှေ့ဥရောပရှိ နိုင်ငံအားလုံး၏ အစိုးရအဖွဲ့များ၊ စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် မီဒီယာအားလုံးတို့က 'နျူထရွန်မျိုးဖြုတ်လက်နက်' ဆန့်ကျင်ရေးကို ဦးစားပေး ထုတ်လွှင့်ခဲ့ကြသည်။ နျူထရွန်ဗုံးထုတ်လုပ် ခြင်းသည် ကမ္ဘာ့စစ်ကြီးအသစ်တစ်ခုမှ စတင်ခင်းကျင်းခြင်းပင် ဖြစ်သည်ဟုလည်း ကြွေးကြော်ကြသည်။ ဤတွင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အနောက်ဥရောပအတွင်းရှိ ကွန်မြူနစ်ပါတီဝင်များနှင့် အစိုးရအတိုက်အခံ နိုင်ငံရေးအုပ်စုများကလည်း ထိုကြွေးကြော်သံကို သံယောင်လိုက်၍ ကြွေးကြော်ကြပြန်သည်။

**ထက်မြက်လှုပ်ရှား ငြိမ်းချမ်းရေးသမားများ**

ဤကဲ့သို့ ဗြောင်ဝါဒဖြန့်ချိမှုပုံစံဖြင့် စတင်လိုက်သော နျူထရွန်ဗုံးဆန့်ကျင်ရေး လှုံ့ဆော်မှုသည် ပဏာမခြေဆင်းမှုသာဖြစ်ပြီး နောက်လ ဩဂုတ်လထဲအရောက်တွင် လှို့ဝှက်အဆင့်ဖြစ်သော 'အဖြစ်မှန်ဖော်ထုတ်ရေးလှုပ်ရှားမှု' (Active Measure) အသွင်သို့ ကူးပြောင်းလိုက်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ (WPC) ကလည်း တစ်တပ်တစ်အား ပါဝင်လာသည်။ ၁၉၇၇ ခုနှစ်၊ ဩဂုတ်လ ၆ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်းကာလ၌ ကေဂျီဘီ၏ကြိုးကိုင်မှုဖြင့် အနောက်နိုင်ငံရှိ ကွန်မြူနစ်များကတစ်ဆင့် မြို့နေလူထုကို စည်းရုံးကာ လူထုဆန္ဒပြပွဲကြီးများ ဖန်တီးခဲ့ကြ၏။ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ (WPC) ကလည်း ပိုင်ရာဆိုင်ရာလူထုကို စည်းရုံးပြီး နေရာအနှံ့ ငြိမ်းချမ်းရေးကြွေးကြော်သံများ သံပြိုင်ဟစ်ခဲ့ ကြသည်။ ကမ္ဘာ့မြို့ကြီးများတွင် လူထုကြီးကလည်း 'လူသားထုအခွင့်အရေး' ကို အခြေခံသော တောင်းဆိုချက်များဖြင့် နျူကလီးယားလက်နက်အားလုံး ဆန့်ကျင်ရေးကို တောင်းဆိုခဲ့ကြသည်။

ဘွန်းမြို့၊ စတုဂတ်မြို့၊ ဖရင့်ဖတ်မြို့၊ အစ္စတန်ဘူတာမြို့များစသည်ဖြင့် မြို့ကြီးများရှိ အမေရိကန်သံရုံး၊ ကောင်စစ်ဝန်ရုံးရှေ့၌ 'လူသားမျိုးဖြုတ်မည့် နျူထရွန်ဗုံးဖျက်သိမ်းပစ်' ဟူသော ကြွေးကြော်သံများဖြင့် လူထုဆန္ဒပြပွဲများပြုလုပ်ခဲ့ကြသည်။ အထူးသဖြင့် ဂျာမနီနှင့်နယ်သာလန်တို့တွင် ပေါ်ပေါက်လာသော လူထုဆန္ဒပြပွဲပါ လူအများစုသည် ကွန်မြူနစ်များမဟုတ်ကြဘဲ ကွန်မြူနစ်ပါတီဝင်တို့၏ လှုံ့ဆော်မှုကိုခံရသော ဟုတ်နိုးနိုးဖြင့် လိုက်ပါခဲ့ကြသူများ ဖြစ်ပါသည်ဟု အမေရိကန်တို့က ဆိုသည်။

တစ်ဖက်မှလည်း ကေဂျီဘီသည် စစ်ဆန့်ကျင်ရေး၊ နျူထရွန်ဗုံးဆန့်ကျင်ရေး သတင်းများကို မရိုးရအောင် ဆောင်ပုဒ်အမျိုးမျိုးဖြင့် အနောက်အုပ်စုဌာန၊ သတင်းထုတ်ပြန်ရေးဌာနများကိုပါ လိုက်ပါလာအောင် လှုံ့ဆော်ခဲ့ကြသည်။ လက်တင်အမေရိကတိုက်ရှိ ဂုဏ်သရေရှိ သတင်းစာကြီးတစ်စောင်သည်ပင်လျှင် ဗီယင်နာရှိ နိုင်ငံတကာငြိမ်းချမ်းရေး အင်စတီကျု (International Institute for Peace) အဖွဲ့၏ လှုံ့ဆော်မှုဖြင့် နျူထရွန်ဗုံး ဆန့်ကျင်ရေးကို အလေးအနက်ထား ပါဝင်လှုပ်ရှားသည်အထိ ဖြစ်ခဲ့သည်။ လီမာရှိ ကွန်မြူနစ်အဖွဲ့အစည်းငယ်တစ်ခုကလည်း နျူထရွန်ဗုံးထုတ်လုပ်မှုကို ကန့်ကွက်ကြောင်း အရေးဆိုကာ ကုလသမဂ္ဂသို့ တရားဝင် ကန့်ကွက်လွှာတစ်စောင် တင်သွင်းခဲ့သည်။ ဤဝါဒဖြန့်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



လှုံ့ဆော်မှုများသည် အိန္ဒိယ၊ ပါကစ္စတန်၊ လစ်ဗျားအထိသာမက မော်ရေးရှပ်၊ ဂါနာ၊ အီသီယိုးပီးယားနိုင်ငံများအထိ ပျံ့နှံ့သွားလေတော့သည်။

အရှေ့အုပ်စုနိုင်ငံများနှင့် ထိုစဉ်က ဆိုဗီယက်ထောက်ပံ့ခံ နိုင်ငံများတွင် လှုပ်ရှားမှုများ အံ့မခန်းကြီးထွားခဲ့သည်။ အရှေ့ဘာလင်တွင် ဩဂုတ်လ ၈ ရက်နေ့ ရိုက်တာသတင်းဌာန၏ အစီရင်ခံချက်အရ ဥရောပနှင့် မြောက်အမေရိကရှိ ကွန်မြူနစ်ပါတီ ၂၈ ပါတီတို့၏ လှုံ့ဆော်မှုဖြင့် နျူထရွန်ဗုံးထုတ်လုပ်မှု တားဆီးရေးကို ဆန္ဒပြတောင်းဆိုခဲ့ကြသည်ဟု ဆိုသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဆိုးရွားသော စစ်ပွဲအကျိုးဆက်များကို ထောက်ပြပြီး နျူထရွန်ဗုံးကြောင့် နောက်တစ်ကြိမ် စစ်မဖြစ်ပွားရေးကို တောင်းဆိုခဲ့ကြသည်။ အရှေ့အုပ်စုနိုင်ငံများ၏ တောင်းဆိုချက်များမှာမူ တစ်လေသံတည်း မတိမ်းမယိမ်း ဖြစ်နေသည်။

သို့သော် ထိုနှစ် အောက်တိုဘာလတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဟာရိဘရောင်းက သမ္မတကာတာသည် နျူထရွန်ဗုံးထုတ်လုပ်ရေးကို အတည်ပြုဖွယ်ရှိကြောင်းနှင့် နေတိုးမဟာမိတ်နိုင်ငံများကလည်း သူတို့၏ နယ်မြေအတွင်း၌ နျူထရွန်ဗုံးများချရပ်ထားရေး သဘောတူခဲ့ပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်လေသည်။ အနောက်ဥရောပနိုင်ငံများက ဤနျူထရွန်လက်နက်ကိုသာ မိမိတို့နယ်မြေများအတွင်း၌ ချရပ်ထားပါက အကောင်းဆုံးသော စစ်ပွဲကြိုတင်ဟန့်တားရေး လုပ်ရပ်ဖြစ်လိမ့်မည်ဟု သဘောထားကြောင်းကိုပါ ကြေညာခဲ့သည်။ နေတိုးကာကွယ်ရေး လက်နက်စာရင်းတွင် နျူထရွန်လက်နက်သစ် ထည့်သွင်းရန် လိုလိုလားလားရှိသည်ဟုလည်း သူက ပြောကြားလိုက်သည်။

သို့ရာတွင် နျူထရွန်လက်နက်ထုတ်လုပ်ရေးကို အဆုံးအဖြတ်ပေးရမည့် သမ္မတကာတာမှာမူ ကြီးစွာသော အကျပ်ရိုက်မှုဖြင့် ကြုံတွေ့နေရလေသည်။ ပြင်းထန်သောထိုးနှက်မှု၊ ဖိအားပေးမှုများကြားတွင် အခက်အခဲကြီးမားလျက် ရှိသည်။ တခြားသော အမေရိကန်မဟာမိတ်နိုင်ငံများ၏ ခေါင်းဆောင်များအပေါ် သူတို့ပြည်သူများ၏ ဖိအားပေးမှု လွှမ်းမိုးမသွားရေးကိုလည်း စိုးရိမ်နေရလျက် ရှိသည်။

## ကာတာအခက် ကေဂျီဘီအချက်

အရှေ့အုပ်စု ထောက်လှမ်းရေးအဖွဲ့များ၏ ထိုးနှက်မှုမှာ အံ့မခန်းပြင်းထန်လှသည်ဟု ဆိုရပေမည်။ အမေရိကန် သမ္မတကာတာသည် ဘာသာရေးကိုင်းရှိုင်းသူတစ်ဦးဖြစ်ကြောင်း ကေဂျီဘီတို့ကသတင်းရရှိပြီး အားသာချက်ရယူ အသုံးပြု သွားခြင်းဖြစ်သည်။ ကာတာသည် ခရစ်ယာန်ဘက်ပ်တစ် တရားဟောဆရာ ဖြစ်ခဲ့ဖူးသောကြောင့် ကေဂျီဘီက

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆိုဗီယက်ပြည်ထောင်စုရှိ ဘက်ပ်တစ်ဘာသာရေး ခေါင်းဆောင်များသည် ခရစ်တော်၏ အဆုံးအမများနှင့် မကိုက်ညီသော နျူထရွန်ဗုံးထုတ်လုပ်ခြင်းမှာ လူသားများကို သတ်ဖြတ်ရန် သက်သက်ဖြစ်၍ ရှုတ်ချလျက်ရှိကြောင်း သတင်းကြေညာခဲ့သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်ပြည်ထောင်စုရှိ ဘက်ပ်တစ်ခရစ်ယာန် အားလုံးတို့ကိုလည်း လူသားများ၏ ငြိမ်းချမ်းရေးအတွက် အကာအကွယ်ပြုပေးကြပါရန် ဆိုဗီယက်တို့က ပန်ကြားချက် ထုတ်ပြန်လိုက်သည်။

ကေဂျီဘီတို့၏ ဆောင်ရွက်ချက်များမှာ သာမန်မဟုတ်ဘဲ ထူးခြားစွာအောင်မြင်ခဲ့သည်ဟု ဆိုရပါမည်။ ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့က သမ္မတကာတာတို့ဇနီးမောင်နှံ ဘုရားကျောင်းသွားစဉ် အမေရိကန်ဘက်ပ်တစ် ဘာသာဝင် ခေါင်းဆောင်ကြီးတို့က ဆုတောင်းခြင်းကို နှောင့်ယှက်ပြီး နျူထရွန်ဗုံးဆန့်ကျင်ရေးကို တောင်းဆိုခဲ့ကြသည်။ အလားတူ နှောင့်ယှက်မှုမျိုး နှစ်ကြိမ်မက ကာတာ ရင်ဆိုင်ခဲ့ရသည်။

ဆိုဗီယက်ပြည်ထောင်စုသမ္မတ ဘရက်ဇနက်ဗ်ကလည်း အနောက်နိုင်ငံများရှိ အစိုးရအဖွဲ့ခေါင်းဆောင်အားလုံးတို့ထံ စာရေးတောင်းဆိုခဲ့သည်။ သူ၏စာတွင် လက်ရှိဆွေးနွေးလျက်ရှိသော 'တင်းမာမှုလျော့ပေါ့ရေး' ကြိုးပမ်းအားထုတ်မှုများကို ယခုနျူထရွန်ဗုံးထုတ်လုပ်ရန် စီစဉ်နေခြင်းက ဖျက်ဆီးပစ်နေကြောင်း ပါရှိသည်။ ထိုစာကို အနောက်နိုင်ငံအားလုံး၏ ပါလီမန်အဖွဲ့အစည်းအားလုံးကိုလည်း ပေးပို့ခဲ့ကြကြောင်း သိရသည်။

တဖြည်းဖြည်းနှင့် ကေဂျီဘီနှင့် နိုင်ငံတကာရေးရာဌာနကြီးတို့၏ လှုပ်ရှားမှုများသည် အမေရိကန်ကွန်ဂရက်လွှတ်တော်အထိ ဆိုက်ရောက်လာနေပြီ ဖြစ်သည်။ အမေရိကန်ရှိ ကွန်မြူနစ်အင်အားစုများသည် ကွန်မြူနစ်မဟုတ်သော အင်အားစုများကိုပါ စည်းရုံးကာ အမျိုးသားကော်မတီ (Natioanl Committee) တစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ ဖွဲ့စည်းပြီးနောက် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ (WPC) ၏ တင်းမာမှုလျော့ပေါ့ရေးနှင့် လက်နက်ဖျက်သိမ်းရေးဆွေးနွေးရန် အဆိုပြုချက်ကို ကြိုဆိုကြောင်း ကြေညာလိုက်သည်။ ထိုဆွေးနွေးပွဲကိုလည်း ဇန်နဝါရီလ ၂၅ ရက်မှ ၂၈ ရက်အတွင်း ကျင်းပခဲ့သည်။ ထူးခြားသည်မှာ အမေရိကန်ရီပတ်ဘလီကင်အမတ် ဂျွန်ကွန်းယားဂျူနီယာ ကိုယ်တိုင်ကပါ ထိုအဖွဲ့ကို ကြိုဆိုပူးပေါင်းလိုက်ခြင်း ဖြစ်သည်။ သူက 'တင်းမာမှုလျော့ပေါ့ရေး' နှင့် 'နျူထရွန်ဗုံးဆန့်ကျင်ရေး' အတွက် ထိုအဖွဲ့ကြီးပေါ်ပေါက်လာခြင်းကြောင့် တစ်အားတက်စေခဲ့ပါကြောင်း ပြောကြားလိုက်သည်။

ထိုကာလအတွင်း အမေရိကန်ဆီးနိတ်လွှတ်တော် နံနက်စာစားပွဲတစ်ခုတွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံရေးရပိုင်ခွင့်နှင့် အရေးပိုင်ခွင့်များကိုလည်းကောင်း၊ နျူထရွန်ဗုံး အန္တရာယ်ကြီးမားပုံကိုလည်းကောင်း ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီမှ ပုဂ္ဂိုလ်တစ်ဦးက အာဝဇ္ဇန်းရွှင်စွာဖြင့် ဟောပြောခဲ့ရာ အများက သြဘာပေးခဲ့ကြသည်။ ထိုပုဂ္ဂိုလ်မှာ ရာဒီမီဂေါ်ဂိုးဗစ်ဘိုဒါမော့ဗ် ဖြစ်ကြောင်း၊ ဒေးလီးဝါး ကွန်မြူနစ်ယိမ်းသတင်းစာကြီးက ဖော်ပြပေးလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းစာကြီးသည် ဘိုဒါမော့ဗ်အား ကေဂျီဘီ ထိပ်တန်းအရာရှိကြီးဖြစ်ကြောင်းတော့ မဖော်ပြခဲ့ပါ။

ဤသို့ဖြင့် ချန်ဒရာနှင့် ဘိုဒါမော့ဗ်တို့သည် နယူးယောက်မြို့တော်အထိတက်ပြီး လှုံ့ဆော်ခဲ့ကြသည်။ ကေဂျီဘီတို့၏ 'အဖြစ်မှန်ဖော်ထုတ်ရေး' (Active Measure) စစ်ဆင်ရေးများသည် အမှန်တကယ်လည်း ထက်မြက်လှပါပေသည်။ သူတို့၏ လှုပ်ရှားမှုများကြောင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကွတ်ဝါဟိုင်း ကိုယ်တိုင်ကပင် ဤအရေးကိစ္စကို ခေါ်ယူလက်ခံ ဆွေးနွေးခဲ့ရသည်အထိ ဖြစ်ခဲ့ပေသည်။

## ဂျိနီဗာအထိရောက်သော ငြိမ်းချမ်းရေးလေကျည်ဆန်များ

အကျိုးဆက်များကလည်း ပို၍ပို၍ ထူးခြားလာသည်။ ဖေဖော်ဝါရီလကုန်ပိုင်းတွင် နိုင်ငံပေါင်း ၅၀ မှ ကိုယ်စားလှယ် ၁၂၆ ဦးတို့သည် ဂျီနီဗာတွင် စုဝေးရောက်ရှိနေကြပြီ နျူထရွန်ဗုံးဆန့်ကျင်ရေးကို နိုင်ငံများစွာမှ ကိုယ်စားလှယ်များ စုစည်းကန့်ကွက်သည့်အထိ ဖြစ်လာသည်။ ကေဂျီဘီ၏ လှုံ့ဆော်မှုနောက်တွင် နိုင်ငံပေါင်းစုံမှ လူများပါဝင်လာသည့် သဘောဖြစ်နေသည်။ ထိုနိုင်ငံများအဖွဲ့ကြီးကိုလည်း 'လက်နက်ဖျက်သိမ်းရေးဆိုင်ရာ' အင်န်ဂျီအို အထူးကော်မတီ' ဟု မှည့်ခေါ်ခဲ့သည်။ အင်အားကြီးမားလှသော ဤအဖွဲ့ကြီး၏နောက်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီနှင့် ကေဂျီဘီတို့ ရှိနေလေသည်။ ဤကော်မတီအဖွဲ့ကြီးသည် ကမ္ဘာ့ကုလသမဂ္ဂသို့ပင် နျူထရွန်ဗုံးဖျက်သိမ်းရေးကို ရည်ညွှန်းလျက် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အဆိုတစ်ရပ်ကို တင်သွင်းသည်အထိ ဖြစ်လာခဲ့သည်။ ဦးဆောင်သူက တခြားသူမဟုတ်။ ရိုမက်ရှ်ချန်ဒရာပင် ဖြစ်ပေသည်။

မတ်လ ၁၉ ရက်နေ့တွင်လည်း အင်အားကြီးမားသော လှုပ်ရှားမှုတစ်ခု ပြုလုပ်ခဲ့သေးသည်။ ဒတ်ချ် ကွန်မြူနစ်ပါတီနှင့် လူထုပူးပေါင်းအင်အား ၄၀၀၀၀ ကျော်တို့သည် အမ်စတာဒမ်မြို့ကိုဖြတ်ကျော်လျက် နျူထရွန်ဗုံးထုတ်လုပ်ရေးကို ဆန့်ကျင်ကြွေးကြော်ခဲ့ကြသည်။

အမေရိကန်သမ္မတအဖို့ အကျပ်အတည်းများမှာ လည်းပင်းခိုက်လာခဲ့ပြီဟု ဆိုရပါမည်။ သမ္မတကာတာအတွက် ဒီရေအလား ဖိအားပေးမှုများလာခြင်းကြောင့် သူ၏ နိုင်ငံခြားရေး အကြံပေးပုဂ္ဂိုလ်များဖြစ်သော နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်စ်ဗန့်၊ ကာကွယ်ရေးဝန်ကြီး ဇဘီညဘရာဇင်းစကီးတို့နှင့် ထပ်မံတိုင်ပင်ခဲ့ရသည်။ သူတို့သုံးဦးကတော့ နျူထရွန်လက်နက် ထုတ်ဖြစ်အောင်ထုတ်ပါဟု တိုက်တွန်းခဲ့ကြသည်။ အလားတူပင် ဝါရှင်တန်ပို့စ်နှင့် နယူးယောက်တိုင်းမ် သတင်းစာကြီးတို့ကလည်း နျူထရွန်ဗုံး ထုတ်လုပ်သင့်ကြောင်း အကြံပြုထောက်ခံခဲ့ကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ပြိုင်တည်းမှာပင် အရှေ့အုပ်စု၏ထိုးနှက်မှုမှာ အမှန်ပင်ကြီးမားလာပြန်သည်။ အမေရိကန်သတင်းစာများ၌ ရုပ်ပြောင်ကာတွန်းရေးဆွဲသူများကပင် နျူထရွန်ဗုံးကို မိုးဖြတ်လက်နက်အဖြစ် ထည့်သွင်းဖော်ပြလာခဲ့ကြ၏။ နျူကလီးယားလက်နက်တကာတို့တွင်နျူထရွန်ဗုံးသည် အဆိုးရွားဆုံး လူသတ်လက်နက်ဖြစ်သည်ဟုပင် ဖော်ပြခဲ့ကြ၏။ စာနယ်ဇင်းများ၏အသံသည် ခေါင်းဆောင်တို့အပေါ် အထူးရိုက်ခတ်နိုင်ခဲ့ကြသည်။ စာနယ်ဇင်းများကြောင့် လူထုပါလာပြီး 'နျူထရွန်ဗုံး မထုတ်လုပ်ပါနှင့်၊ ထုတ်လုပ်ခြင်းသည် စစ်ပွဲ စတင်ခင်းကျင်းခြင်းပင် ဖြစ်သည်' ဟု လှုံ့ဆော်ကြွေးကြော်မှုများ ကြုံလာရသည်။ နျူထရွန်လက်နက် ထုတ်လုပ်ခြင်းသည် ပြည်သူကို ဆန့်ကျင်ခြင်းဖြစ်ကြောင်း၊ မဲဆန္ဒရှင်များကို စော်ကားခြင်းဖြစ်ကြောင်း ကြွေးကြော်ခဲ့သည်အထိ ဖြစ်ခဲ့သည်။ မည်သည့်ခေါင်းဆောင်သည် ယခုကဲ့သို့ ပြင်းထန်သော အကျပ်အတည်းများနှင့် ရင်ဆိုင်လာရချိန်တွင် ဆက်လက်၍ ခေါင်းမာဝံ့ပါမည်နည်း။

အမေရိကန်သမ္မတကာတာသည် ၁၉၇၈ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့၌ နျူထရွန်ဗုံး မထုတ်လုပ်တော့ပါဟု တရားဝင် ကြေညာလိုက်ရလေတော့သည်။ အရှေ့အုပ်စုနိုင်ငံများ အပါအဝင် များစွာသောနိုင်ငံများက ကြိုဘာပေး၍ ကြိုဆိုခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး စွမ်းဆောင်နိုင်ခဲ့သော အောင်ပွဲများတွင် ယခုနျူထရွန်ဗုံး ဖျက်သိမ်းရေးတိုက်ပွဲ သည် အကြီးမားဆုံးအောင်ပွဲကြီး ဖြစ်ပေသည်ဟု ဟန်ဂေရီအကြီးအကဲ ကျူနော့စ်ဘီရီးနစ်က ဂုဏ်ပြုပြောကြားလိုက်သည်။ ဆိုဗီယက်ခေါင်းဆောင် ဘရက်ဇနက်ဗ်ကလည်း ဒတ်ချ်လူထုဆန္ဒပြပွဲကြီး ဖြစ်မြောက်အောင် လှုံ့ဆော်နိုင်ခဲ့သူ ဒတ်ချ်နိုင်ငံဆိုင်ရာ ဆိုဗီယက်သံအမတ်ကြီး အလက်ဇန္ဒား ယိုဆီပိုဗစ်ချ်ရိုမာနော့ဗ်ကို ဂုဏ်ထူးဆောင်ဆု ချီးမြှင့်လိုက်လေသည်။

## အကောင်းဆုံးအရှုံးသမား

အမေရိကန်နှင့် အနောက်အုပ်စုအတွက်ကား အများ၏ ချီးကျူးမှုများကိုခံယူရင်း အကောင်းဆုံးအရှုံးသမားဆုကို ရရှိလိုက်လေတော့သည်။ သူတို့၏ အဓိက လိုလားချက်ကြီးတစ်ခုကို မချော်လင့်ဘဲ အလွယ်တကူ အလျှော့ပေးလိုက်ရပေသည်။ ပကတိအခြေအနေမှန်ကို ပြန်သုံးသပ်ကြည့်ပါက ထိုင်နေအကောင်းသား၊ ထသွားမှကျိုးမှန်းသိရသည့် ကိန်းဆိုက်ခဲ့သည်။ နျူထရွန်ဗုံးဆန့်ကျင်မှု အောင်မြင်ပြီကို သိရှိပြီးနောက် ဆိုဗီယက်တို့သည် သူတို့အတွက် အကဲသာစေမည့် လုပ်ကွက်တစ်ခုကို ရှေ့တန်းတင်လိုက်ကြ၏။ အက်စ်အက်စ်-၂၀ ဒုံးပျံများကို ချရပ်လိုက်ကြသည်။ ကမ္ဘာ့လူထုက နျူထရွန်ဗုံးကို ငြိုငြင်နေချိန် အခွင့်ကောင်းယူလိုက်ခြင်း ဖြစ်သည်။ တစ်ဖက်က နာလန်မထူဖြစ်နေသော အနောက်အုပ်စုသည် အက်စ်အက်စ်-၂၀ ဒုံးပျံချရပ်လာခြင်းကို နှုတ်ပိတ်လျက် အလန့်တကြားဖြစ်ကာ ဘာမျှမတုံ့ပြန်နိုင်ခဲ့ပေ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အက်စ်အက်စ်- ၂၀ ဒုံးပျံ၏အစွမ်းမှာ မသေးလှပေ။ တည်နေရာ ရွှေ့ပြောင်းပစ်ခတ်နိုင်ပြီး မိုင်ပေါင်း ၃၀၀၀ မှပစ်မှတ်ကို တိကျစွာပစ်ခတ်နိုင်သည်။ သီးခြားပစ်မှတ်သုံးခုကို ဒုံးပျံတစ်စင်းတည်းမှ တစ်ပြိုင်တည်း ပစ်ခတ်နိုင်သည့် ထိပ်ဖူးသုံးခု ပါရှိသည်။ ပစ်ခတ်ပြီး ၂၅ မိနစ်အတွင်း အနောက်ဥရောပရှိ မည်သည့်ပစ်မှတ်ကိုမဆို ချေမှုန်းပစ်နိုင်စွမ်းရှိသည်။ ထိုဒုံးပျံများကို ၁၉၇၇ ခုနှစ်တွင်ပင် ချရပ်လိုက်လေသည်။

အမေရိကန်တို့ဘက်ကလည်း အက်စ်အက်စ်-၂၀ အသာစီးအခြေအနေကို ချေဖျက်ရန် အကြီးအကျယ်စဉ်းစားခဲ့ရသည်။ အဓိကအားဖြင့် အနီးကပ်အန္တရာယ်ကို ရင်ဆိုင်ရမည့် အနောက်ဂျာမနီက အပူတပြင်းတောင်းဆိုခဲ့သည်။ အမေရိကန်သမ္မတကာတာက ထိုအခြေအနေကို တုံ့ပြန်ရန်အတွက် ဆိုဗီယက်တို့၏ အက်စ်အက်စ်-၂၀ ကို ရင်ဆိုင်နိုင်မည့် အစီအစဉ်တစ်ခု ချမှတ်လိုက်သည်။ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ ပူးတွဲထိန်းသိမ်းရမည့် ပါရှင်း- ၂ ဒုံးလက်နက်များသည် တာလတ်ပစ် အမျိုးအစားများဖြစ်ပြီး အစွမ်းထက်သည့် လက်နက်များဖြစ်သည်။

ဤလက်နက်များသည် ဆိုဗီယက် အနောက်ပိုင်းဒေသ မော်စကိုအပါအဝင် အဓိကပစ်မှတ်များစွာကို လျင်မြန်စွာ ချေဖျက်နိုင်စွမ်းရှိသည်။ လျင်မြန်လွန်းပြီး ရုတ်တရက် အလစ်အငိုက်အသာစီးယူ၍ တိုက်စစ်ဆင်နိုင်စွမ်းရှိသည်။ လျင်မြန်စွာ တိုက်စစ်ဆင်နိုင်သော်လည်း အားနည်းချက်တော့ ရှိသည်။ ဒုံးပျံထိပ်ဖူးတစ်ခုတည်းသာ ရှိခြင်းဖြစ်သည်။ ဆိုဗီယက် အက်စ်အက်စ်-၂၀ ကမူ ထိပ်ဖူးသုံးလုံးစီ ပါခြင်းကြောင့် ဝေးကွာသော ပစ်မှတ်သုံးခုကို ဒုံးပျံတစ်ခုတည်းမှ ခွဲထွက်ပြီး ချေမှုန်းနိုင်စွမ်းရှိပေသည်။

ဤတွင် ဆိုဗီယက်တို့ တစ်ဖန် ပြန်လည် စဉ်းစားရမည့်ကိစ္စ ဆိုက်ရောက်လာသည်။ အနောက်အုပ်စုက ချရပ်လာမည့် ပါရှင်း-၂ နှင့် ခရုစ်တို့ကို အလေးထားစဉ်းစားလာရသည်။ ထိုဒုံးလက်နက်များ၏စွမ်းရည်ကို ဆန်းစစ်လာရသည်။ သို့သော် ယခုကဲ့သို့ အဏုမြူထိပ်ဖူးလက်နက်များကို တစ်ပြန်တစ်လှည့်စီ ချရပ်နေခြင်းဖြင့် တစ်ဖက်နှင့်တစ်ဖက် ပြတ်သားစွာ အနိုင်မရနိုင်ကြောင်းကိုတော့ နှစ်နိုင်ငံစလုံးက သိနေကြပါသည်။

ဆိုဗီယက်တို့၏ အက်စ်အက်စ်- ၂၀ အသာစီးရမှုကို အလတ်စားဒုံးလက်နက်များထဲမှ ထိရောက်မှုကြီးမားသော ခရုစ်နှင့် ပါရှင်း-၂ တို့ကို အများအပြားချရပ်ခြင်းဖြင့် လိုလိုလားလား သဘောတူခဲ့ကြသည်။ နေတိုးကာကွယ်ရေးဝန်ကြီးများ၏ ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလအစည်းအဝေးက ခရုစ်နှင့်ပါရှင်း- ၂ ဒုံးပျံများ ချရပ်ရေးကို အားရဝမ်းသာ သဘောတူလက်ခံခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုကလည်း ၁၉၈၃ ခုနှစ်အပြီး ချရပ်ပေးရန် သဘောတူခဲ့သည်။

ထိုအချိန်တွင်ပင် နိုင်ငံရေးသမားရမ်ဘိုဟု ကျီစားခံရသော ရီဂင်သည် သမ္မတအဖြစ် တက်လာခဲ့သည်။ ရီဂင်သည် သမ္မတမဲဆွယ်ကာလကပင် မိမိသမ္မတဖြစ်လာလျှင် ကာကွယ်ရေးကို အလေးထားပြီး အားသာမှုရယူမည်ဟု

www.burmeseclassic.com
the boothouse

www.burmeseclassic.com



ကြွေးကြော်ခဲ့သူ ဖြစ်သည်။ ရီဂင်၏ ရန်လိုသောအနေအထားမှာ ဆိုဗီယက်တို့အဖို့ စိတ်မအေးဖွယ် ဖြစ်လာပြန်သည်။ သို့သော် အောင်ပွဲခံထားသော ဆိုဗီယက်တို့အဖို့ ရီဂင်တစ်ယောက်ကြောင့်တော့ စိတ်ပျက်ဖွယ်မရှိ။ နျူထရွန်ဗုံး ပေါ်ဦးပေါ်ဖျား အနောက်နိုင်ငံများတွင် ပျို့တိုင်းကြိုက်သော နှင်းဆီမိုင်ဘ၀တွင်ပင် ချေမှုန်းပစ်လိုက်ပြီး အောင်ပွဲခံခဲ့သည် မဟုတ်ပါလော။ ဆိုဗီယက်ခေါင်းဆောင်များတွင် ငြိမ်းချမ်းရေး ဘက်တော်သားများ အပြည့်ရှိထားသော စိတ်ခွန်အားကတော့ ကျန်ရှိနေသေးသည်။

သို့ဖြင့် ဆိုဗီယက်တို့သည် ရှေ့က ငြိမ်းချမ်းရေးလေကျည်ဆန်ကို ဆက်ခံနိုင်မည့် သင့်လျော်သော အစီအစဉ်တစ်ခုကို ချမှတ်ပြီး စစ်ကစားပွဲတစ်ခု ပြုလုပ်လိုက်လေသည်။

ဆိုဗီယက်သမ္မတ ဘရက်ဇနက်ဖ်က ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ၂၆ ကြိမ်မြောက် ဆိုဗီယက် ကွန်မြူနစ်ကွန်ဂရက်တွင် လူသိရှင်ကြား ထုတ်ပြန်လိုက်လေသည်။ မဟာဗျူဟာလက်နက်သစ်များ လုံး၀ ထုတ်လုပ်မှုမပြုရေးနှင့် ထုတ်လုပ်ဆဲလုပ်ငန်းများ ရပ်တန့်ရေးသည့် နျူကလီးယားလုံး၀ရပ်ဆိုင်းရေး (Nuclear Freeze) အဆိုပြုချက်ပင်တည်း။

ထိုအဆိုပြုချက်တွင် အဓိပ္ပာယ်များစွာ ပါလေသည်။ ရည်ရွယ်ချက်မှာ အမေရိကန်တို့ဆောင်ရွက်မည့် နောက်ထပ် အစီအစဉ်များကို ကြိုတင်ကာကွယ်ရန် ဖြစ်သည်။ ကာကွယ်ရေးအတွက် သွေးဆူနေသောရီဂင်ကို နျူထရွန်ဗုံးထုတ်လုပ်မှု ဆုံးဖြတ်ချက် ပြန်ထမလာစေရန်၊ အသစ်တီထွင်ထားသော အမေရိကန် အမ်အိပ်စ်ရှေ့လျားဒုံးပျံနှင့် ပါရှင်း-၂ဒုံးပျံများ ထုတ်လုပ်မှု ရပ်ဆိုင်းသွားစေရန်အပြင် ရီဂင် ပြန်လည်အဆိုပြုထားသော ဘီ၀မ်းဗုံးကြဲလေယာဉ်များနှင့် အသက်သွင်းခြင်းမှ ရပ်တန့်သွားစေရန်တို့ ဖြစ်သည်။

ထိုအချိန်က အနောက်ဥရောပဒေသသည် မကြာသေးမီက ဆိုဗီယက်တို့ချန်ရစ်ခဲ့သော အက်စ်အက်စ်- ၂၀ ဒုံးပျံများကြောင့် သောကမအေးနိုင်ဖွယ် ဖြစ်နေချိန်ဖြစ်သည်။ ဆိုဗီယက်တို့ဘက်က ဥရောပဒေသတွင် တင့်ကား ၄၂၅၀၀ နှင့် အက်စ်အက်စ်-၂၀ ဒုံးပျံစင်းရေ ၃၁၅ စင်းကို ချရပ်ထားပြီး ဖြစ်နေသည်။ ဥရောပသားတို့အမြင်တွင် ရီဂင်၏ အရေးပေါ်အဆိုပြုချက်ဖြစ်သော ဘီ၀မ်းမဟာဗျူဟာ ဗုံးကြဲလေယာဉ်အစီအစဉ်မှာ ဟောင်းနွမ်းနေသော လက်နက်ကြီးကို ပြန်အသက်သွင်းပြီး ကလေးအငိုတိတ်အောင် သကြားလုံးကျွေးမည့် အစီအစဉ်ဟုသာ မြင်နေသည်။ တခြားသော အိုမင်းဟောင်းနွမ်းနေသည့် နေတိုးဒုံးပျံများကလည်း ဆိုဗီယက် အက်စ်အက်စ်-၂၀ကို ယှဉ်နိုင်မည် မဟုတ်ကြောင်း သိနေသည်။

ယခု ပါရှင်း-၂နှင့် ခရုစ်ဒုံးပျံများ အစုလိုက်အပြုံလိုက် ချရပ်မှသာ ဥရောပ၏စိုးရိမ်စိတ်ကို ပျော

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စေပေလိမ့်မည်။ ဆိုဗီယက်တို့ကလည်း ဤအခြေအနေကို သိနေသောကြောင့် တစ်စုံတစ်ရာ ထပ်မံကစားရပေလိမ့်ဦးမည်။ မကြာမီ ရီဂင်၏ စစ်စိတ်စစ်သွေးကို ထိုးနှက်ချေမှုန်းမည့် လက်နက်အဖြစ် ဆိုဗီယက်တို့၏ ငြိမ်းချမ်းရေးအဆိုပြုချက်တစ်ခုသည် အသင့်အနေအထားသို့ ရောက်ရှိလာခဲ့သည်။ နျူကလီးယား လက်နက်ဟူသရွေ့ အသစ်ထပ်မံချရုပ်ရေး၊ ထုတ်လုပ်ဆဲ မဟာဗျူဟာလက်နက်အားလုံး ရုပ်သိမ်းရေး ဖြစ်သည်။ မကြာသေးမီကမှ ငြိမ်းချမ်းရေးကြွေးကြော်သံပြုခဲ့သော ကမ္ဘာအနှံ့ အဖွဲ့အစည်းများကလည်း ပြန်လည်အသုံးပြုရန် ပူပူနွေးနွေးသာ ရှိနေသေးသည်။ တစ်ဖက်တွင် အရှိန်ရနေသော ကေကျီဘီ၏ 'အဖြစ်မှန်ဖော်ထုတ်ရေး' အစီအစဉ်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ(WPC)တို့ကလည်း အသင့်ရှိနေသေးသည်။

ကေကျီဘီ၏ တုံ့ပြန်မှုမှာ မြန်ဆန်လှသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ၏ အဓိကမဏ္ဍိုင်ပြု လှုံ့ဆော်မှုဖြင့် ဥရောပ၌ လူထုကြွေးကြော်သံများ ဆက်တိုက် ပေါ်ထွက်လာပြန်လေသည်။

## ဒုတိယမြို့ငြိမ်းချမ်းရေးတိုက်ပွဲ

အနောက်ဂျာမနီ၊ ဘွန်းမြို့၌ပင် လူပေါင်း ၂၅၀၀၀၀ ပါဝင်သည့် လက်နက်သစ်ချရုပ်မှု ဆန့်ကျင်ရေးချီတက်ပွဲ တစ်ခု ပေါ်ထွက်လာသည်။ ထို့ပြင် အမ်စတာဒမ်မြို့၌ လူအင်အား ၃၅၀၀၀၀၊ စပိန်နိုင်ငံ၊ မဒရစ်မြို့တွင် လူအင်အား ၄၀၀၀၀၀၊ ဂရိနိုင်ငံ၊ အေသင်မြို့တွင် လူအင်အား ၂၀၀၀၀၀ စသည်ဖြင့် ငြိမ်းချမ်းရေး ကြွေးကြော်သံပြု လူထုချီတက်ပွဲများ ဆက်တိုက်ပေါ်ထွက်လာခဲ့သည်။ ကေကျီဘီသည် ထိုလုပ်ငန်းအားလုံးကို ပိပိရိရိဦးဆောင်မှု ပေးနိုင်ခဲ့သည်ဟု ဆိုရပါမည်။ သို့သော် မူလပုံစံအတိုင်းပင် နောက်ကွယ်မှ ထိန်းချုပ်လှုပ်ရှားခြင်းသာ ဖြစ်သည်။

အနောက်အုပ်စုနိုင်ငံများကလည်း လူထုလှုပ်ရှားမှုများ၏ ဇာစ်မြစ်ကို ဖော်ထုတ်သုတ်သင်ရန် စိုင်းပြင်းလာတော့သည်။ ဒိတ်ချ်နိုင်ငံအစိုးရသည် နိုင်ငံတွင်း ငြိမ်းချမ်းရေးလှုပ်ရှားမှုများနှင့် ဆက်နွှယ်နေသော တပ်စ်သတင်းထောက်ဆိုသော ကေကျီဘီအရာရှိ ဗာဒင်လီယိုနော့ဗ်အား ၁၉၈၁ ခုနှစ်၊ ဧပြီလအတွင်း သူ၏လုပ်ရပ်များကို ထောက်ပြကာ နိုင်ငံတွင်းမှ နှင်ထုတ်လိုက်သည်။ လီယိုနော့ဗ်ကိုယ်တိုင်က ပုဂ္ဂိုလ်ရေးအကြွားလွန်ပြီး သူ့လျှို့ကျင့်ဝတ်ကို မထိန်းသိမ်းနိုင်ခြင်းကြောင့် ဒိတ်ချ်တို့က သိရှိ ဖော်ထုတ်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ဒိတ်ချ် တန်ပြန်ထောက်လှမ်းရေးအဖွဲ့များနှင့် တွေ့နေစဉ် အရက်မူးလွန်ပြီး ထန်းရည်မူး ကျွဲခိုးပေါ်သွားခြင်း ဖြစ်သည်။

အရက်မူးလွန်နေပြီဖြစ်သော လီယိုနော့ဗ်က 'မော်စကိုက ဆုံးဖြတ်ချက်ချလိုက်ပါစေ၊ ကျုပ်တို့က နယ်သာလန်က လူထုအင်အား ၅၀၀၀၀ ကို ဆန္ဒပြသမားတွေပုံစံနဲ့ လမ်းပေါ်ကို ရက်ပိုင်းအတွင်း တွန်းပို့လိုက်နိုင်တယ်။ မယုံရင်ရှုံ့ဗျို့။

www.burmeseclassic.com



ပြီတော့ အဲဒီဆန္ဒပြသမားတွေကို ကျုပ်တို့လိုချင်တဲ့ ကြွေးကြော်သံတွေ တပ်ဆင်ပေးပြီးရင် ခင်ဗျားတို့ ကြိုက်တဲ့နေရာသာ လက်ညှိုးထိုးလိုက်၊ ရောက်အောင် ချီတက်သွားစေနိုင်ရမယ်။ ကျုပ်တို့ဘက်ကတော့ အပိုင်ပဲ။ အပြည့်အဝ လုပ်ပြနိုင်တယ်' ဟု ဖွင့်ပြောမိလိုက်ခြင်းကြောင့် ဖြစ်သည်။

နိုဝင်ဘာလတွင် နော်ဝေနိုင်ငံကလည်း ကေဂျီဘီအရာရှိ စတန်နီစလဗ်ချက်ဘိုတက်ကို နော်ဝေသတင်းစာများအား လာဘ်ထိုးပြီး လှုံ့ဆော်ရေးသားခိုင်းမှုဖြင့် နှင်ထုတ်လိုက်ပြန်သည်။ သူသည် နေတိုးဆန့်ကျင်ရေးနှင့် ဒုံးပျံသစ်များမချရေး အတွက် သတင်းဆောင်းပါးရှင်များကို လာဘ်ထိုးရေးသားခဲ့ကြောင်း တွေ့ရှိရခြင်းကြောင့် ဖြစ်သည်။

၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလတွင် ပေါ်တူဂီနိုင်ငံကလည်း ကေဂျီဘီအရာရှိနှစ်ဦးဖြစ်သည့် ယူရီဘာဘိန့်နှင့် မီခေမိုရီဇော့ဗ်တို့ကို နေတိုးအုပ်စုအတွင်း ပုန်ကန်မှုများဖြစ်အောင် ကြိုးပမ်းမှုဖြင့် နိုင်ငံမှ နှင်ထုတ်ခဲ့သည်။ ထိုကာလအတွင်းမှာပင် ပေါ်တူဂီနိုင်ငံအတွင်း ပြုလုပ်မည့် နေတိုးအဖွဲ့၏ ဒုံးပျံချရုပ်မည့် အစီအစဉ်များအပေါ်တွင် ဆန့်ကျင်ကြမည့် လူထုနှင့်ပူးပေါင်းရန်အတွက် လာရောက်လိုသော ဆိုဗီယက် ငြိမ်းချမ်းရေးကော်မတီမှ ကိုယ်စားလှယ်များကို ပြည်ဝင်ခွင့်ဗီဇာပေးရန် ပေါ်တူဂီအစိုးရက ငြင်းဆန်လိုက်သည်။ သူတို့၏လုပ်ရပ်များမှာ အမှောင့်လုပ်ရပ်များဟုလည်း ပေါ်တူဂီက ထောက်ပြသည်။ ပေါ်တူဂီဆိုရှယ်လစ်ပါတီကပင် အဆိုပါ လစ်စဘွန်း ချီတက်ပွဲသည် ဆိုဗီယက်နှင့် အရှေ့အုပ်စု၏ သံတမန်ရေးနှင့် စစ်ရေးအသုံးချမှုသက်သက် ဖြစ်သည်ဟုဆိုကာ ချီတက်ပွဲကို လုံးဝသပိတ်မှောက်ခဲ့သည်။

မည်သို့ဆိုစေ၊ လစ်စဘွန်းချီတက်ပွဲမှာ အောင်မြင်သွားခဲ့သည်။ လူအင်အား ၅၀၀၀၀ ခန့် ပါဝင်ချီတက်ခဲ့ပြီး ထိုအုပ်စုထဲတွင် ခေါင်းဆောင်ဖြစ်သူမှာ အမေရိကန်ကွန်ဂရက်အမတ် ဂတ်ဆဗက်ဖြစ်နေသည်။ သူကိုယ်တိုင်က သူသည် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီတွင် တက်ကြွစွာဖြင့် ငြိမ်းချမ်းရေး ကြွေးကြော်လှုပ်ရှားခဲ့ပုံများကို ထုတ်ဖော်ပြောကြားပြီး နေရာယူခဲ့ခြင်း ဖြစ်သည်။ သူက ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီကိုပါ အမွှမ်းတင်ပြီး အဆင့်မြှင့်ပေးလိုက်သေးသည်။

'ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ (WPC)ဟာ ကမ္ဘာတစ်ဝန်းလုံးမှာ ဘယ်အစိုးရဘက်ကိုမှ မလိုက်တဲ့ အကြီးမားဆုံး ငြိမ်းချမ်းရေလှုပ်ရှားမှု အဖွဲ့ကြီးပါပဲ' ဟူ၍။ ကေဂျီဘီ၏ ရည်မှန်းချက်မှာ အမေရိကန်နှင့် နေတိုးအုပ်စုတို့၏ မဟာဗျူဟာလက်နက်ကြီးများ ဥရောပတွင် ထပ်မံချရုပ်စေရေးနှင့် ရှိပြီးလက်နက်များသည် ခေတ်မမီတော့ပါက အလိုအလျောက် အစွမ်းမဲ့သွားစေရေး ဖြစ်သည်။ ထို့ကြောင့် ဒုံးပျံသစ်များချရုပ်မှု မပြုရေးအတွက် တိုက်ပွဲဝင်နေခြင်း ဖြစ်သည်။ ကေဂျီဘီ၏ လူထုကို ရှေ့တန်းတင် တိုက်ပွဲဝင်စေရေးကိစ္စများတွင် ဗြိတိန်၊ နယ်သာလန်၊ နော်ဝေ၊ ဘယ်လ်ဂျီယံစသည့် ထိုနိုင်ငံများတွင် 'ဥရောပရှိ အမေရိကန်တပ်ဖွဲ့ဌာနချုပ်များ၏ ထိပ်တန်းလျှို့ဝှက်ချက်များ' ဟူသော စာစောင်များ၊ 'အမေရိကန်တို့ လုပ်လာပြန်သော လူသတ်စစ်ပွဲသစ်' ဟူသော စာစောင်များကို ဖြန့်ဝေစည်းရုံးခဲ့သည်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်များသည် အတုရေးထားသည့် စာစောင်များဟုဆိုသည့်တိုင် ဖြစ်ရပ်မှန်အစစ်များ ပါဝင်နေသဖြင့် ယုတ္တိတန်နေလေသည်။ ကေဂျီဘီ အထောက်တော်တစ်ဦးဖြစ်သူ အမေရိကန် အော်လီဖီးစခန်းမှ တပ်ကြပ်ကြီး ရောဘတ်လီဂျွန်ဆင်က ခိုးပေးခဲ့သည့် ထိပ်တန်းလျှို့ဝှက်ချက်များအပေါ် အခြေခံကာ ရေးသားထားခြင်းကြောင့် ဖြစ်သည်။ ထိုဖော်ပြချက်များတွင် 'အမေရိကန်ပြည်ထောင်စုသည် ဩဇာလွှမ်းမိုးမှု ခိုင်မာရေးအတွက် ဥရောပတစ်ခွင်တွင် နျူကလီးယား လက်နက်များချရပ်ပြီး ဒေသကြီးတစ်ခုလုံးကို ဖောက်ခွဲပစ်နိုင်မည့် လမ်းပေါ်ရောက်အောင် တွန်းပို့နေသည်' ဟူ၍ ရေးသားထားသည်။

ကေဂျီဘီသည် ဩစတြီးယားမြေပုံတစ်ခုပေါ်တွင် အမေရိကန်တို့ မြေပုံတင်ထားသည့် ပစ်မှတ်ပုံများဖြင့် ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် ဖော်ပြပြီး စည်းရုံးခဲ့သည်။ တစ်ချိန်တည်းမှာပင် ဩစတြီးယား ကွန်မြူနစ်သတင်းစာ ဖောက်စ်တိုင်းမ်နှင့် မော်စကိုမှ ကွန်ဆိုမိုစကာယာပရာဗဒါ သတင်းစာကြီးတို့ကလည်း အမေရိကန်တို့ပစ်မှတ်များ မှတ်ပုံတင်ထားသည့် စစ်သုံးထိပ်တန်း လျှို့ဝှက်မြေပုံဟုဆိုကာ သတင်းစာတွင် ဖွင့်ချပြခဲ့သည်။ အမေရိကန်သည် လိုအပ်လာလျှင် ဩစတြီးယားကို နျူကလီးယားလက်နက်များဖြင့် ချေမှုန်းပစ်ရန် ဝန်လေးမည် မဟုတ်ကြောင်းလည်း သာသာထိုးထိုး ဖော်ပြခဲ့သည်။

ဒိန်းမတ်နိုင်ငံတွင် လှုပ်ရှားမှုမှာ ပုံစံတစ်မျိုးဖြစ်သည်။ ကေဂျီဘီ ဝါရင့်အေးဂျင့်တစ်ဦးဖြစ်သူ စာရေးဆရာ ဟာလော့ဖ်ပီတာဆင်ဆိုသူက နေတိုးအဖွဲ့ မြောက်ဘက်စစ်ဒေသဖြစ်သည့် 'နော်ဒစ်ကမ်းခြေ နျူကလီးယားလက်နက်မဲ့ဇုန်' တစ်ရပ် ထူထောင်ရန်ဟူသည့် အဆိုပြုချက်တစ်ခုကို ကိုင်စွဲပြီး ထောက်ခံဝါဒဖြန့်လှုပ်ရှားခဲ့သည်။ ထိုလုပ်ရပ်၏ ဦးတည်ချက်မှာ ဥရောပမြောက်ဘက်ဒေသကို လှုပ်ရှားမှုအတွင်း ပါဝင်လာစေရန် ဖြစ်သည်။

ထိုကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ပီတာဆင်သည် ဒိန်းမတ်နိုင်ငံရှိ အနုပညာရှင် ပညာတတ် ၁၅၀ ကိုစည်းရုံး၍ လက်မှတ်ရေးထိုးထားသော စာရွက်မိတ္တူကို နေ့စဉ်သတင်းစာများ၌ တခမ်းတနားဖော်ပြခဲ့သည်။ ကိစ္စအားလုံး အတွက် အကုန်အကျကို ကေဂျီဘီက စိုက်ထုတ်ခဲ့သည်ဟု ဆိုသည်။ ၁၉၈၁ခုနှစ် နွေရာသီ၌ ပီတာဆင်သည် ကြိုးပမ်းမှုတစ်ခုကို ထပ်မံပြုလုပ်လာပြန်သည်။ အော်စလိုမှပါရီသို့ ငြိမ်းချမ်းရေးချီတက်မှုတစ်ခု ပြုလုပ်ရေးပင် ဖြစ်၏။ ထိုချီတက်ပွဲ ဖြစ်မြောက်ရေးအတွက် ပီတာဆင်သည် သူ၏အမည်ကို အရင်းအတိုင်းထည့်ပြီး စာနယ်ဇင်းများမှ လှုံ့ဆော်ခဲ့သည်။

ထိုသို့ ပြောင်ပြောင်တင်းတင်း လှုပ်ရှားလာသဖြင့် ဒိန်းမတ် တန်ပြန်ထောက်လှမ်းရေးအဖွဲ့က ဖော်ထုတ်ပြခိုက် သည်။ ပီတာဆင်နှင့်ကေဂျီဘီ 'အဖြစ်မှန်ဖော်ထုတ်ရေး' တာဝန်ခံအရာရှိ ဗိုလ်မှူးဗလာဒီမီယာဒီမီထရီယယ်ဗစ်မာကူလော့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ဦး ကိုပင်ဟေဂင်မြို့ရှိ ကေဂျီဘီရုံးခွဲ၌ လျှို့ဝှက် တွေ့ဆုံဆွေးနွေးနေသည့် ဓာတ်ပုံကို ဖော်ထုတ်ပြသလိုက်ခြင်း ဖြစ်သည်။ ၁၉၈၁ ခုနှစ်၊ အောက်တိုဘာလတွင် ပီတာဆင်အား ဆိုဗီယက်သူလျှိုတစ်ဦးအဖြစ် ဖော်ထုတ် ဖမ်းဆီးလိုက်တော့သည်။

ဒိန်းမတ်နိုင်ငံတွင် ကေဂျီဘီတို့ ဖွဲ့စည်းပေးထားသော ဒိန်းမတ် လုံခြုံရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ (WPC) တွင် တာဝန်အပြည့်အဝယူခဲ့သော ဗိုလ်မှူးမာကူလော့ကိုလည်း နိုင်ငံမှ နှင်ထုတ်လိုက်သည်။

ဥရောပတွင် အမေရိကန်ဒုံးပျံသစ်များ ချမှတ်တားဆီးရေး ကေဂျီဘီ၏တိုးနက်ချက်များမှာ အထူးတိုးပွားလာပြန်သည်။ ဥရောပနှင့် အမေရိကန်ပြည်တွင်း၌ လူထုဆန္ဒပြပွဲများ ပြုလုပ်လာသည့်အခင့်အထိ မြင့်တက်လာသည်။ ၁၉၈၁ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဝါရှင်တန်မြို့၊ ဂျော့ချ်တောင်းတက္ကသိုလ် အစည်းအဝေးခန်းမဆောင်ကြီး၌ 'အမေရိကန်နျူကလီးယားလက်နက်များ ရပ်ဆိုင်းရေးဆိုင်ရာ ပထမအကြိမ် အမျိုးသားမဟာဗျူဟာမြောက် အစည်းအဝေးကြီး' ကို သုံးရက်အချိန်ယူ၍ ကျင်းပလာသည်အထိ ဖြစ်ခဲ့သည်။

ထိုအစည်းအဝေးတွင် လှုပ်ရှားမည့် အစီအစဉ်များစွာအတွက် စီမံချက်ချမှတ်ပြီး ကျွမ်းကျင်သူအဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့သည်။ ထိုအစည်းအဝေး၏ လမ်းညွှန်ချမှတ်ချက်များတွင် ကွန်ဂရက်သို့ တိုက်ရိုက်ချဉ်းကပ် ဆက်ဆံရေး၊ ပြည်သူ့ဆန္ဒခံယူပွဲများ ကျင်းပပြုလုပ်ရေး၊ ပြည်နယ်ဥပဒေရေးရာအဖွဲ့များသို့ ချဉ်းကပ်ဆက်ဆံရေး၊ နျူကလီးယားလက်နက်ထုတ်လုပ်မှု ဟန့်တားရေး၊ တခြားအဖွဲ့များနှင့်ဆက်သွယ်ရေး၊ အမေရိကန် ဗဟိုအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆက်ဆံရေးနှင့် ချဉ်းကပ်ဆက်ဆံရေး၊ အမျိုးသားရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဆေးပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ လူ့အခွင့်အရေး တိုက်ပွဲဝင်နေသူများနှင့် ဆက်သွယ်ရေးကိစ္စများပါ ချမှတ်ခဲ့သည်။

နျူကလီးယားလက်နက်ထုတ်လုပ်မှု ရပ်တန့်ရေးဟူသော ခေါင်းစီးမှာ မူလခေါင်းစီး၏ အဓိပ္ပာယ်ကပင်လျှင် လူအများကြိုက်ဖြစ်နေသည်။ လူသားတိုင်းသည် နျူကလီးယားလက်နက် တိုးချဲ့ထုတ်လုပ်မှု၏ အန္တရာယ်ကြီးမားခြင်းကို သိမြင်နေကြပြီဖြစ်ရာ မည်သူမျှ ဆန့်ကျင်ရန် အကြောင်းမရှိချေ။ သို့ဖြစ်၍ ကေဂျီဘီတိုက်ပွဲဝင်မှုမှာ အရေးနိမ့်စရာမရှိသလို ဖြစ်နေသည်။ လူတိုင်းကို အနည်းငယ်စည်းရုံးရုံမျှဖြင့် ပါလာကြမည် ဖြစ်သည်။

ယခု ဂျော့ချ်တောင်းတက္ကသိုလ် အစည်းအဝေးတွင် စည်းရုံးလှုံ့ဆော်သူများသည် ဗြိတိန်နှင့်ဆိုဗီယက်ပြည်ထောင်စုတို့မှ ပုဂ္ဂိုလ်များနှင့် အမေရိကန် ၃၃ ပြည်နယ်မှ လူဖြူလူလတ်တန်းစားများထံ ဆက်သွယ်ညှိနှိုင်းမှုများလည်း ပြုလုပ်ခဲ့သည်ဟု သတင်းစာတစ်စောင်က ရေးသားဖော်ပြခဲ့သည်။ ဆိုဗီယက်ဘက်မှ တက်ရောက်ခဲ့သူနှစ်ဦးအနက်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



တစ်ဦးမှာ အဖြစ်မှန်ဖော်ထုတ်ရေး လုပ်ငန်းကျွမ်းကျင်သည့် နိုင်ငံတကာဌာနကြီးမှ အိုလက်ဘိုဒါမော့မ်ဖြစ်ပြီး ကျန်တစ်ဦးမှာ ဝါရှင်တန်ရှိ ဆိုဗီယက်သံရုံးမှ ကောင်စစ်ဝန်တစ်ဦးဖြစ်သူ ယူရီကာပရာလော့ဗ် ဖြစ်သည်။ သူတို့သည် လေ့လာသူအဆင့် ယူထားသော်လည်း နောက်ကွယ်မှ ဦးဆောင်နေသူများ ဖြစ်သည်။ နောက်ပိုင်းတွင် ဆွေးနွေးပွဲ၌ ဦးဆောင်ဆွေးနွေးသူများအဖြစ်ပင် ရောက်ရှိလာခဲ့သည်ဟု ဆိုသည်။

**အိမ်ဖြူတော်နား ကပ်ပြီး**

ကာပရာလော့ဗ်၏ ပြောဟန်ဆိုဟန်မှာ သံတမန်တစ်ဦး၏ အသွင်မဆောင်ဘဲ မူလကေဂျီဘီတစ်ဦး၏ လေသံပေါက်နေသည်။ သူသည် ဝါရှင်တန်သို့ ၁၉၇၇ခုနှစ်ကတည်းက ရောက်နေသူ ကေဂျီဘီတစ်ဦးဖြစ်ပြီး ကောင်စစ်ဝန်ရာထူးကို ရယူထားသူဟု ဆိုသည်။ သူ၏ မူလတာဝန်မှာလည်း ငြိမ်းချမ်းရေးလှုပ်ရှားမှုအမည်ခံ အဖွဲ့အစည်း၌ တက်ကြွစွာပါဝင် လှုပ်ရှားရေးအတွက်ဟု ဆိုသည်။

သို့ဖြင့် အမေရိကန်ပြည်ထောင်စု၏ သမ္မတနေထိုင်ရုံးစိုက်ရာ အိမ်ဖြူတော်မှ နှစ်မိုင်မျှသာကွာဝေးသောနေရာ၌ ကေဂျီဘီအေးဂျင့်တစ်ဦး အပါအဝင် လူတစ်စုသည် အခြေစိုက်လျက်ရှိပြီး နျူကလီးယားထုတ်လုပ်မှုရပ်တန့်ရေး (Nuclear Freeze) စစ်ဆင်ရေးကို သွေးအေးအေးဖြင့် စီစဉ်လျက် ရှိနေပေသည်။

ဂျော့ချ်တောင်းကွန်ဖရင့်သို့ များစွာသော လူမှုရေးနှင့် ဘာသာရေးအဖွဲ့အစည်းများကပါ ပူးပေါင်းပါဝင်လျက်ရှိသည့်အတွက် ကေဂျီဘီ၏ နျူကလီးယားဖျက်သိမ်းရေး လှုပ်ရှားမှုမှာ ထိရောက်သည်ဟု ဆိုရပါမည်။ ကာပရာလော့ဗ်သည် ငြိမ်းချမ်းရေးနှင့်လက်နက်ဖျက်သိမ်းရေး လှုပ်ရှားမှုများ၌ အစွမ်းထက်သူအဖြစ်သာမက အပြောကောင်း၊ အဟောကောင်း စည်းရုံးနိုင်သူလည်း ဖြစ်သည်ဟု ဘော့စတွန်ဂလုပ်သတင်းစာကြီး၌ ဖော်ပြခံရသူလည်း ဖြစ်သည်။ သူသည် အမေရိကန်ပြည်ထောင်စု၏ လက်နက်ပြိုင်ဆိုင်ထုတ်လုပ်မှုကို ပြောင်မြောက်စွာ ရှုတ်ချဝေဖန်နိုင်သူလည်း ဖြစ်သည်။

'ကျွန်တော်တို့ရဲ့ ဆိုဗီယက်ခေါင်းဆောင်အတွက်၊ ငြိမ်းချမ်းရေးအတွက် အင်မတန်လိုက်လျောလိုလားတဲ့ လက္ခဏာတွေ၊ အပြောအဆိုတွေကို ရှင်းရှင်းလင်းလင်း ထုတ်ပြန်ပေးခဲ့ပေမယ့် ဒါကိုပဲ ခင်ဗျားတို့က ဝါဒဖြန့်နေတာပါလို့ ပြောနေကြသေးတယ်။ ဒီတော့ ကျွန်တော်ကလည်း အခုလို ပြန်မေးလိုက်ချင်ပါရဲ့။ ဒီလိုဆိုရင် ဆိုဗီယက်ခေါင်းဆောင်တွေ ပြောဆိုကမ်းလှမ်းနေတဲ့ ငြိမ်းချမ်းရေးနဲ့ လက်နက်ဖျက်သိမ်းရေး ကမ်းလှမ်းချက်တွေကို ခင်ဗျားတို့ ခေါင်းဆောင်တွေကတော့ ဟန်ပြသဘောလေးနဲ့ စကားဖြစ်ရုံကလေးတောင် တုံ့ပြန်ကမ်းလှမ်းနိုင်ကြလို့လားဗျာ' ဟူ၍ ဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဘရက်ဇေးညက်ဗ်က နျူကလီးယားထုတ်လုပ်မှု ရပ်တန့်ရေး ခလုတ်နှိပ်လိုက်ရုံဖြင့် ကာပရာလော့ဗ်က ချက်ချင်းလိုပင် လှုပ်ရှားခဲ့သည်။ သိပ္ပံပညာရှင်များစွာအား စည်းရုံးကာ နျူကလီးယားစစ်ပွဲ၏ အန္တရာယ်ကပ်ဆိုးကို လူသိအောင် အချိန်တိုအတွင်း ဖြန့်ဝေပေးနိုင်ခဲ့သည်။ ဂျေဘ္ဘချ်တောင်း၌ နျူကလီးယားထုတ်လုပ်မှု ရပ်တန့်ရေး ကွန်ဖရင့် ကျင်းပသည့် မတ်လ ၂၀ ရက်နေ့မှာပင် အဖွဲ့အစည်းသစ်တစ်ခု၏ ကွန်ဖရင့်တစ်ခုကိုလည်း ကြိုးပမ်းမှုဖြင့် ပေါ်ပေါက်လာသော 'နိုင်ငံတကာဆရာဝန်များ၏ နျူကလီးယားစစ်ပွဲတားဆီးရေး' ညီလာခံပင် ဖြစ်ပါသည်။ ထိုညီလာခံသို့ ဆိုဗီယက်ပြည်ထောင်စုမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ပေးခဲ့ရာ ခေါင်းဆောင်တစ်ဦးအဖြစ် သမ္မတဘရက်ဇေးညက်ဗ်၏ ကိုယ်ရေးသမားတော်အဖွဲ့ကို ဦးစီးကွပ်ကဲသူမှာ ဆရာဝန်တစ်ဦးမဟုတ်ဘဲ ကေဂျီဘီခေါင်းဆောင်တစ်ဦးဖြစ်သူ နိုင်ငံတကာ ရေးရာဌာန၏ စစ်ဆင်ရေးမှူး ဂျော်ဂျီအာဘောတော့ဗ် ဖြစ်နေသည်။

Cold War စစ်အေးတိုက်ပွဲကို စတင်သူမှာ အမေရိကန်ပြည်ထောင်စုပင် ဖြစ်သည်ဟု စွပ်စွဲခဲ့သူမှာ အာဘောတော့ဗ်ပင် ဖြစ်သည်။ အာဘောတော့ဗ်က အမေရိကန်ပြည်ထောင်စုသည် အဆက်မပြတ် တောက်လျှောက်ပူပန်နေခဲ့ကြရသည့် စစ်အေးတိုက်ပွဲကြီးကို ဟီရိုရှီးမားမြို့အပေါ် အဏုမြူဗုံးကြဲခြင်းဖြင့် စတင်ခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ ထို့ကြောင့် အမေရိကန်တို့သာ အဏုမြူဗုံး စတင်အသုံးပြုခဲ့မည်ဆိုလျှင် ပထမဆုံးပစ်မှတ်မှာ ဆိုဗီယက်ပင် ဖြစ်ပါလိမ့်မည်ဟု ရုရှားတို့က လုံးဝယုံကြည်နေကြကြောင်းလည်း ထုတ်ပြောခဲ့သည်။ လက်ရှိအခြေအနေတွင် အမေရိကန်တို့သည် အဏုမြူဗုံးကို ဂျပန်တို့အပေါ် ကြဲချလိုခြင်း မဟုတ်တော့ဘဲ ရုရှားတို့အပေါ်သာ ကြဲချလိုနေခြင်း ဖြစ်ကြောင်းလည်း ရှင်းပြသည်။

အသစ်ပြုလုပ်သည့် နျူထရွန်ဗုံးမှာ လူသားအားလုံးကို ဒုက္ခပေးမည့် လက်နက်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် လက်နက်အတွက်သာလျှင် ငွေကိုဖြုန်းတီးနေကြောင်း၊ အမှန်မှာ ငွေကို လိုအပ်သည့်နေရာမျိုးတွင်သာ အသုံးပြုသင့်ကြောင်း၊ အထူးသဖြင့် စားနပ်ရိက္ခာထောက်ပံ့မှု၊ ဝော်မွတ်ခေါင်းပါးမှုမှ ကယ်ဆယ်ရေးတို့တွင်သာ အသုံးပြုသင့်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။ အာဘောတော့ဗ်သည် ထိုကိစ္စများအတွက် ကြီးမားစွာ သြဘာပေးခြင်းခံရကြောင်း ကိုတိုရှန်တိုစတားသတင်းစာကြီးကလည်း ဖော်ပြခဲ့ဖူးသည်။ ဗာဂျီနီယာနှင့် ဂျေဘ္ဘချ်တောင်းကွန်ဖရင့်တို့ ပြီးစီးသွားသောအခါ အမေရိကန်ငြိမ်းချမ်းရေးကောင်စီသည် ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဧည့်ခံရန် ပြင်ဆင်နေပြန်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ (WPC) သည် ငြိမ်းချမ်းရေးမျက်နှာဖုံးစွပ်ထားသော ကေဂျီဘီ၏ထိန်းချုပ်မှုဖြင့် လှုပ်ရှားနေသောအဖွဲ့ဟု စီအိုင်အေက စွပ်စွဲထားရာ ထိုအဖွဲ့ရောက်လာမည်ကို အမေရိကန်ခေါင်းဆောင်များက ဘဝင်မကျဖြစ်နေကြသည်။ ခေါင်းဆောင်လာမည့်သူမှာလည်း ရိုမက်ရှ်ချန်ဒရာဖြစ်နေခြင်းကြောင့် အမေရိကန်အစိုးရအဖွဲ့ မျက်စိစပါးမွေးစူးလျက်ရှိသည်။ ချန်ဒရာသည် ထိုအဖွဲ့ကိုဦးစီးပြီး အမေရိကန်မြို့ကြီးအနှံ့ ခြေဆန့်ပေဦးတော့မည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထိုခရီးစဉ်တွင် ချန်ဒရာက ပြောင်ပြောင်တင်းတင်း အမြတ်ထုတ်သွားနိုင်ခဲ့သည်ဟု ဆိုသည်။ ဆွေးနွေးပွဲကြီး တစ်ခုကို ကက်ပီတိုဟီးလ်တွင် ပြုလုပ်ပြီး ချန်ဒရာနှင့်အတူ ဒူးတိုက်ဆွေးနွေးခဲ့သူများမှာ အမေရိကန်ပါလီမန် အမတ်များ ဖြစ်သော ဂွန်ကွန်းယား (ဂျူနီယာ)၊ ဒွန်အက်ဒွပ်၊ မာဗင်ဒိုင်မလီ၊ ဂျော့ချ်ခရော့ကက်၊ တက်ဝိတ်နှင့် မစ်ကီလီလန်းတို့ ဖြစ်သည်။ ဆွေးနွေးပွဲ အကြောင်းအရာများမှာ ငြိမ်းချမ်းရေးအကြောင်းဖြစ်သော်လည်း ဦးတည်ချက်နှင့် လိုလားချက်မှာ ကေဂျီဘီတို့ပြောလိုသော စကားများဖြစ်နေခြင်း၊ လွှတ်တော်အမတ်များကပါ လိုလိုလားလား လက်ခံပြောကြားခဲ့ခြင်းတို့ ကြောင့် အမေရိကန်အစိုးရအဖွဲ့တွင် စိတ်မသက်မသာဖြစ်လျက်ရှိသည်။

ကမ္ဘာတစ်လွှား တခြားနေရာများတွင်လည်း ကေဂျီဘီ၏ဝါဒဖြန့်မှုသည် အရှိန်အဟုန်ဖြင့် ပျံ့နှံ့လျက်ရှိသည်။ နေရာတကာတွင် ကေဂျီဘီတို့လိုလားသည့် လေသံနှင့်အညီ အရေးဆိုမှုများ၊ ကန့်ကွက်မှုများ၊ လူထုလှုပ်ရှားမှုများ၊ ဆန္ဒပြပွဲများ ခြိမ့်ခြိမ့်သဲကျင်းပနေကြရာ ဤတစ်ကြိမ်တွင်လည်း စီအိုင်အေသည် နောက်ကောက်ကျကျန်ရစ်လျက် ရှိနေပြန် သည်။ ကေဂျီဘီ၏ အဖြစ်မှန်ဖော်ထုတ်ရေး စစ်ဆင်မှုသည် ဥရောပ၌ ဒုံးပျံသစ်မချရေးနှင့် အမေရိကန်၏ နျူကလီးယား လက်နက်သစ်များ ထုတ်လုပ်မှုရပ်တန့်ရေးဟူသော ဘရက်ဇနက်ဗ်၏ လမ်းညွှန်ချက်နှင့်အညီ ကမ္ဘာတစ်လွှား တပ်လှန့် နိုးဆော်နိုင်ခဲ့သည်ဟု ဆိုရပါမည်။ အရာရာသည် ဆိုဗီယက်တို့၏ မဟာဗျူဟာရည်မှန်းချက်နှင့်အညီ ဖြစ်ပေါ်နေသည်ဟု ဝေဖန်ခံနေရသည်။ ဆိုဗီယက်တို့၏ အဆိုအရမူ တစ်ကမ္ဘာလုံးက အမေရိကန်၏လက်နက်အားကိုး နိုင်လိုမင်းထက် အပြုအမူကို သဘောပေါက်နေကြသောကြောင့်ဟု ဆိုပါသည်။

အမှန်တော့လည်း နျူကလီးယားလက်နက်ထုတ်လုပ်မှု ရပ်တန့်ရေး (Nuclear Freeze) ဆိုသည်မှာ ယခုမှပေါ် လာသော စကားအသစ်အဆန်း မဟုတ်ပါ။ ယခုကိစ္စမတိုင်မီ နှစ်နှစ်ခန့်ကပင် 'အသက်ရှင်ရပ်တည်နိုင်ရေး လှုပ်ရှားမှု' Mobilization For Survival (MFS) စစ်ဆင်ရေး၏ ကွန်ဗင်းရှင်း၌ ထိုအယူအဆကို ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပေသည်။ ထိုစဉ်ကပင် အမေရိကန်ငြိမ်းချမ်းရေးကောင်စီ၊ အမေရိကန်ကွန်မြူနစ်ပါတီနှင့် အမေရိကန်အမျိုးသမီးများ ငြိမ်းချမ်းရေး တောင်းဆိုမှုအဖွဲ့တို့က ကြွေးကြော်ခဲ့ကြဖူးပြီး ဖြစ်ပါသည်။ အမေရိကန်အစိုးရအတွက် အသစ်အဆန်းတစ်ခုတော့ မဟုတ်ဟု ဆိုနိုင်ပါသည်။ ထိုအမ်အက်ဖ်အက်စ်ညီလာခံတွင် တက်ကြွစွာ တောင်းဆိုခဲ့သူမှာ တယ်ရီပရော့ဗင့်စ်ဆိုသူဖြစ်ပြီး သူသည်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ အမေရိကန်ငြိမ်းချမ်းရေးကောင်စီ တည်ထောင်ရာ၌ အခြေခံကျ ပါဝင်လှုပ်ရှားခဲ့သူတစ်ဦးလည်း ဖြစ်သည်။ သူသည် ပထမပိုင်း၌ ဘီဝမ်းဗုံးကြဲလေယာဉ် မထုတ်လုပ်ရေးကို ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့သူတစ်ဦး ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် လက်နက်ဖျက်သိမ်းရေးနှင့် နျူကလီးယား ထုတ်လုပ်မှုရပ်တန့်ရေးတို့ကို တောင်းဆိုလာသူ ဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၁၉၈၁ ခုနှစ်တွင်မူ ဘရက်ဇညက်ဗ်၏ တောင်းဆိုချက်နှင့်အညီ တစ်ကျော့ပြန် ပေါ်ထွက်လာသူ ဖြစ်သည်။ ထိုအချိန်တွင်ပင် အမ်အက်ဖ်အက်စ်သည် ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အဖွဲ့အစည်းပေါင်း ၄၆ ဖွဲ့မှ ကိုယ်စားလှယ်များပါဝင်သည့် မဟာဗျူဟာကွန်ဖရင့်တစ်ရပ်ကို နယူးယောက်မြို့တော်တွင် အောက်တိုဘာလ ၂၃ ရက်မှ ၂၅ရက်အတွင်း ဦးဆောင်ကျင်းပခဲ့သည်။ ပရော့ဗင့်စ်သည် အနောက်ဂျာမနီ လက်နက်ဖျက်သိမ်းရေး လူထုအစည်းအဝေးတစ်ခုတွင်လည်း ၁၉၈၂ ခုနှစ်ဦးပိုင်းက တက်ရောက်ဟောပြောခဲ့သေးသည်။ သူသည် ဥရောပတစ်ခွင် ငြိမ်းချမ်းရေး လှုပ်ရှားမှုများနှင့် ဟန်ချက်ညီလှုပ်ရှားရေးကို အမေရိကန် ငြိမ်းချမ်းရေးလှုပ်ရှားမှုများအား ဦးဆောင်မှုပေးခဲ့သူ ဖြစ်သည်။ အဓိကအားဖြင့် လပိုင်းအတွင်း အမေရိကန် ပါရှင်း-၂ နှင့် ခရုစ်ဒုံးပျံချရုပ်ရေး အစီအစဉ်များ ရပ်တန့်သွားအောင် ပြုလုပ်လိုခြင်းဖြစ်သည်။

ပရော့ဗင့်စ်၏ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးလှုပ်ရှားမှု ပုံစံမျိုးဖြင့် နျူကလီးယားထုတ်လုပ်မှု ရပ်တန့်ရေး စစ်ဆင်မှုကိုပြုလုပ်ရင်း တစ်ပြိုင်နက်တည်း အမေရိကန် ငြိမ်းချမ်းရေးကောင်စီနှင့် ဥရောပ ငြိမ်းချမ်းရေးလှုပ်ရှားမှုများ စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ရေးပင် ဖြစ်သည်။ နောက်ပိုင်းတွင် နျူကလီးယားလက်နက်သာမကဘဲ နျူကလီးယား စွမ်းအင်ထုတ်လုပ်ရေးကိုပါ ရည်ရွယ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ထို့ပြင် အမေရိကန်လူထုနှင့် အနောက်ဥရောပနိုင်ငံများမှ လူထုကို သူတို့၏နိုင်ငံများတွင် စစ်အသုံးစရိတ် ကြီးထွားနေခြင်းကြောင့် လူမှုဖွံ့ဖြိုးရေးများ နိမ့်ကျနေသည်ဟု သိမြင်လာစေရန် ဖြစ်သည်။ ချုန်ဒရာ၏ ခရီးစဉ်က သူတို့၏လှုပ်ရှားမှုကို အရှိန်မြင့်တက်စေခဲ့ပြန်သည်။ လူမှုအဖွဲ့အစည်း အသီးသီးကိုလည်း ပူးပေါင်းသွားစေခဲ့သည်။ အမေရိကန်ခရီးစဉ်အပြီး နှစ်ပတ်အကြာတွင် အနောက်ဥရောပဂျာမနီ ငြိမ်းချမ်းရေး လှုပ်ရှားမှုခေါင်းဆောင် အချင်မက်စကီနှင့် ချုန်ရောတို့ပူးပေါင်းပြီး လှုံ့ဆော်မှုအသစ်များ ထုတ်ပြန်ခဲ့ပြန်သည်။ အဓိကမှာ ပါရှင်း-၂ နှင့် ခရုစ်ဒုံးပျံများ မချရုပ်နိုင်ရေးအတွက် လှုပ်ရှားမှုအဟုန်ကို နှစ်ဆတိုးပြုလုပ်ရန် ဖြစ်သည်။

ကွန်ဂရက်အမတ် ဆဗေ့ချ်ကလည်း လက်နက်ဖျက်သိမ်းရေး စည်းရုံးမှုတွင် လူမည်းများ တက်ကြွစွာပါဝင်လာအောင် မည်သို့စည်းရုံးရမည်ကို ဟောပြောခဲ့ပြန်သည်။ အစိုးရအနေဖြင့် ကာကွယ်ရေးအသုံးစရိတ် ပိုမိုသုံးစွဲပြီး ငွေဖြန့်းတီးနေခြင်းကိုထောက်ပြ၍ လူမည်းများကို စည်းရုံးရမည်ဟု သူကဆိုသည်။အမေရိကန်ပြည်ထောင်စု၏ အမှုဆောင်ညွှန်ကြားရေးမှူး မိုက်ကယ်မေယာစင်ကလည်း မိမိတို့ အမေရိကန်များအနေဖြင့် လက်နက်ဖျက်သိမ်းရေးကိစ္စကို ဝီအယ်လ်အိုကိစ္စ၊ အယ်လ်ဆာဗေဒိုပြောက်ကျားများကိစ္စ၊ ဂွါတီမာလာ၊ ချီလီနှင့်တောင်အာဖရိကတို့တွင် အမေရိကန်အစိုးရ ဝင်ရောက်စွက်ဖက်နေသည့်ကိစ္စများအား ဆန့်ကျင်သလိုပင် ရပ်တည်ဆောင်ရွက်သွားရမည်ဟု ဆိုသည်။ သူသည် အမေရိကန်ဝါရင့် ကွန်မြူနစ်တစ်ဦးလည်း ဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## ဘုရားကျောင်းအတွင်းက ကွန်ဖရင့်

၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နယူးယောက်မြို့ရှိ ရေးဗားဆိုက်အမည်ရ ဘုရားရှိခိုးကျောင်းကလည်း 'အမေရိကန်ပြည်ထောင်စုနှင့် လက်နက်ပြိုင်ပွဲ' အမည်တပ်၍ ကွန်ဖရင့်ကျင်းပခဲ့ပြန်သည်။ ထိုအခမ်းအနား၏ လက်နက်ဖျက်သိမ်းရေးအစီအစဉ် ညွှန်ကြားရေးမှူးမှာ ကိုရာဝိုက်စ်ဆိုသူ ဖြစ်သည်။ ဝိုက်စ်သည် ဗီယက်နမ်စစ်ပွဲကာလ 'ငြိမ်းချမ်းရေးအတွက် အမျိုးသမီးတိုက်ပွဲဝင်အဖွဲ့' ၏ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။ ဝိုက်စ်သည် ဟန္နိုင်နှင့်ပါရီတို့သို့ စစ်ပွဲကာလအတွင်း အကြိမ်ကြိမ် ကူးသန်းသွားလာ လှုပ်ရှားခဲ့သူလည်း ဖြစ်သည်။ သူမသည် ကွန်မြူနစ်လှုပ်ရှားမှုများ၌နောက်ခံအစဉ်အလာရှိခဲ့သူလည်း ဖြစ်သည်။

'အမေရိကန်ပြည်ထောင်စုနှင့် လက်နက်ပြိုင်ပွဲ' ကွန်ဖရင့်တွင် သူမ၏စည်းရုံးမှုဖြင့် လက်နက်ဖျက်သိမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၅၀၀ တက်ရောက်ခဲ့သည်။ ထိုကွန်ဖရင့်၏ လုပ်ငန်းစဉ်ချမှတ်ချက်များတွင် ၁၉၈၂ ခုနှစ်ကျော် လများအတွင်း၌ လေဆိပ်များ၊ ဒုံးပျံစခန်းများ၊ ကာကွယ်ရေး တပ်စခန်းများအနီး၌ လူထုဆန္ဒပြပွဲများပြုလုပ်ရေးကိစ္စများတွင် အဓိကပါဝင်သည်။ ထို့ပြင် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပေးပြီး ဦးဆောင်မှုနှင့်လှုံ့ဆော်မှုလုပ်ငန်းများ အဆက်မပြတ်ပြုလုပ်ရေး၊ ထိုအဖွဲ့သည် နျူကလီးယားထုတ်လုပ်မှု ရပ်ဆိုင်းရေးကိုလှုံ့ဆော်သည့် ဆောင်းပါးများနှင့် တခြားစာမူအမျိုးမျိုး ပေးပို့ရေး၊ လှုံ့ဆော်ဆန္ဒပြရေးတို့ ပါဝင်သည်။ အထူးသဖြင့် ကုလသမဂ္ဂလက်နက်ဖျက်သိမ်းရေးအစည်းအဝေးကျင်းပစဉ် ကာလအတွင်း၌ ကုလသမဂ္ဂကဖော်ပြသော လက်နက်များဖျက်သိမ်းရေးနှင့်အတူ အရှိန်အမြင့်ဆုံးပြုလုပ်သွားရန်ပင် ဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ၏ ၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်သော ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ ထုတ်ပြန်ချက်တွင် အမေရိကန် ငြိမ်းချမ်းရေးကောင်စီ (USPC) ၏ ငြိမ်းချမ်းရေးလှုပ်ရှားမှုများ တိုးတက်လာပုံကို ချီးကျူးထားသည်။ USPC ၏ နျူကလီးယားလက်နက်ထုတ်လုပ်မှု ရပ်တန့်ရေးအတွက် ကယ်လီဖိုးနီးယားအစည်းအဝေးတွင် ပါဝင်လှုပ်ရှားခဲ့ပုံများ၊ တခြားသော ငြိမ်းချမ်းရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ပုံများကိုလည်း ဖော်ထုတ်ချီးကျူးခဲ့သည်။ အထူးသဖြင့် အစိုးရ၏ ကာကွယ်ရေးအသုံးစရိတ်ကို လူမှုအသုံးစရိတ်ဆီသို့ ကူးပြောင်းရေးအတွက် တိုက်ပွဲဝင်မှုများကိုလည်း ချီးကျူး ဖော်ပြထားသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီသာမက ကေဂျီဘီနှင့်တကွ ဆိုဗီယက်ပြည်ထောင်စု နိုင်ငံတကာရေးရာဌာနကြီး၊ ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့တို့ အားလုံးကလည်း အမေရိကန်ပြည်ထောင်စုအတွင်း လှုပ်ရှားမှုများ တိုးတက်လာခြင်းအတွက် များစွာချီးကျူးခဲ့ကြသည်။ အမေရိကန်ငြိမ်းချမ်းရေးကောင်စီသည် ပြည်သူလူထု၏ စစ်ကိုမုန်းတီးပြီး ငြိမ်းချမ်းရေး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လိုလားသော ပကတိအရိုးခံစိတ်ကို အခွင့်ကောင်းယူကာ စစ်ဆန့်ကျင်ရေးနှင့် လက်နက်ဖျက်သိမ်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးစသည့် လှုပ်ရှားမှုကြီးကို ကြွေးကြော်သံများဖြင့် စည်းရုံးခဲ့သည်ဟု စီအိုင်အေက စွပ်စွဲလျက်ရှိသည်။

အမေရိကန်အရှေ့ဘက်ကမ်းခြေမှ အနောက်ဘက်ကမ်းခြေအထိ စစ်ဆန့်ကျင်ရေးနှင့် လက်နက်ထုတ်လုပ်ချရပ်မှု ရပ်တန့်ရေး တောင်းဆိုချက်များ ပျံ့နှံ့လျက်ရှိပြီး ထိုတောင်းဆိုချက်များက အစိုးရကိုပင် ခြိမ်းခြောက်လာသည့် အနေအထားရှိနေပြီဟုလည်း ဝေဖန်ခံရသည်။ ထိုသို့ ကြီးထွားလာအောင်လည်း အမေရိကန် ငြိမ်းချမ်းရေးကောင်စီက ငွေကြေးပုံအော အသုံးချခဲ့သည်ဟု သိရသည်။ နျူကလီးယားလက်နက်ထုတ်လုပ်မှု ရပ်ဆိုင်းရေးအဆိုကို ကြွေးကြော်ဆန္ဒပြခဲ့ရာ ကယ်လီဖိုးနီးယားလူထုဆန္ဒပြပွဲတွင် အင်အား ၆၀၀၀၀၀၀ပင် ရှိခဲ့သဖြင့် စစ်အေးကာလတွင် လူအင်အားအများဆုံးဟု ဆိုသည်။ ထိုအဖွဲ့တွင် ထင်ရှားသော ဘာသာရေးခေါင်းဆောင်များ၊ ပညာတတ်ပုဂ္ဂိုလ်များ၊ သိပ္ပံပညာရှင်များ၊ အနုပညာရှင်များ၊ ဖျော်ဖြေရေးပညာရှင်များနှင့် လူထုလူတန်းစားအသီးသီးမှ ကိုယ်စားလှယ်ကြီးများ စုံညီစွာ ပါဝင်ခဲ့ကြသည်။ သူတို့အားလုံး၏ တောင်းဆိုချက်မှာ ကေဂျီဘီ၏ အဓိကလိုလားချက် အသစ်များဖြစ်သော Nuclear Freeze ပင် ဖြစ်နေသည်။

၁၉၈၂ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင်မူ နာမည်ကြီး အမေရိကန် အထက်လွှတ်တော်အမတ်များဖြစ်သည့် အက်ဒွပ်ကနေဒီနှင့် မတ်ဟတ်ဖီးတို့ကိုယ်တိုင် ပါဝင်လာကာ နျူကလီးယားထုတ်လုပ်မှု ချက်ချင်းရပ်ဆိုင်းရေး (Immediate Nuclear Freeze) ကို အပူတပြင်း တောင်းဆိုသည်အထိပင် မြင့်တက်လာတော့သည်။ အောက်လွှတ်တော်တွင်လည်း အလားတူတောင်းဆိုမှုများ ပေါ်ထွက်လျက်ရှိသည်။ ဆိုလိုသည့်သဘောမှာ နျူကလီးယားထုတ်လုပ်ရေး အစိုးရ၏အဆိုပြုချက်ကို လွှတ်တော်က အတည်ပြုလာခဲ့လျှင်ပင် ထိုတာဝန်ကို မည်သူမျှ လိုက်နာရန်မလိုဟူသော သဘောကို ဆောင်လာသကဲ့သို့ ရှိနေသည်။ သူတို့၏ အကြောင်းပြချက်မှာ အမေရိကန်ပြည်ထောင်စုက စစ်လက်နက် အသစ်များထုတ်လုပ်ခြင်းသည် ဆိုဗီယက်တို့ကို အလားတူဆောင်ရွက်နိုင်ရန် လမ်းပြပြီး အပုံအပိုးပြုနေခြင်းသာ ဖြစ်သည်။

ဆိုဗီယက် ကေဂျီဘီဌာနချုပ်သည် ထိုအခြေအနေများကိုကြည့်၍ အမေရိကန်ပြည်ထောင်စုအတွင်းရှိ နယူးယောက် ကေဂျီဘီဌာနချုပ်သို့ တစ်ဆင့်တက်လှုပ်ရှားရန် ဝက်အူရစ် တင်းပေးလိုက်ပြန်သည်ဟု ဆိုသည်။ နျူကလီးယားထုတ်လုပ်မှု ရပ်တန့်ရေးအတွက် လူအင်အားများနိုင်သမျှ လှုပ်ရှားဆန္ဒပြသွားစေရန် ညွှန်ကြားချက်ဖြစ်သည်။ ဤသတင်းရရှိသည်နှင့် တစ်ပြိုင်နက် အမေရိကန် တန်ပြန်ထောက်လှမ်းရေး အဖွဲ့ဝင်များလည်း အပူတပြင်း လှုပ်ရှားလာတော့သည်။ ရှေ့တိုးလှမ်းလာသောသူ ကေဂျီဘီအထောက်တော် ၂၀ ကျော်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ထိုသူများသည် ဘာသာရေး၊ အလုပ်သမားနှင့် သိပ္ပံပညာရှင်များထဲမှ ဖြစ်နေသည်။ သူတို့ထဲတွင် ကေဂျီဘီအရာရှိများဖြစ်သော ဆာဂေး ပါရာမိုနော့ဗ်၊ ဗလာဒီမီယာ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



**ဆလပ်တော့ဗ်နှင့်** ဆာဂေး ဒီဗီကော့စကီးတို့လည်း ပါဝင်ကြသည်။ သူတို့သည် ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်**နေကြသူများ** ဖြစ်သည်။ ရေးဗားဆိုက် ဘုရားရှိခိုးကျောင်း လူထုဆန္ဒပြပွဲကို ဖြစ်မြောက်အောင် စွမ်းဆောင်ခဲ့သူ ပါရာမိုနော့ဗ်သည် ဂိုဏ်းအုပ် တရားဟောဆရာကြီးများနှင့် ဖခင်များ၊ တခြား အမျိုးသမီးများစွာကိုလည်း ငြိမ်းချမ်းရေးလှုပ်ရှားမှုများတွင် ပါဝင်လာအောင် စည်းရုံးနိုင်ခဲ့သူ ဖြစ်သည်။

သူသည် စည်းရုံးရေးပစ်မှတ် ပုဂ္ဂိုလ်များအား အမေရိကန်မှမော်စကိုသို့ အခမဲ့ခရီးသွားနိုင်ရေး စီစဉ်ပေးခဲ့ပြီး လူများစုကိုစည်းရုံးရန် လမ်းညွှန်ပေးခဲ့သည်။ သူ၏ စည်းရုံးရေး လက်သုံးစကားမှာ ယခု ငြိမ်းချမ်းရေးလှုပ်ရှားမှုကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့အကြား လက်နက်မှုများလွဲမှားနေမှုကို ဖြေလျှော့ပေးနိုင်ပါသည်ဟူ၍ ဖြစ်သည်။ ကေဂျီဘီသည် နယူးယောက်နှင့် ဝါရှင်တန်ရှိအဖွဲ့များကို အင်အားဖြည့်တင်းပေးသည့်အနေဖြင့် ကေဂျီဘီဌာနချုပ်မှ လူများကို ယာယီတာဝန်ပေး၍ စေလွှတ်ခဲ့သည်။ Nuclear Freeze လှုပ်ရှားမှုမစတင်မီကပင် အမေရိကန်ပြည်ထောင်စုသို့ ကေဂျီဘီအများအပြားကို နည်းလမ်းအမျိုးမျိုးဖြင့် ပို့လွှတ်၍ အားဖြည့်ထားကြောင်းလည်း အက်ဖ်ဘီအိုင်၏ အစီရင်ခံစာများတွင် ဖော်ပြခဲ့သည်။ ကေဂျီဘီအဖွဲ့တစ်ဖွဲ့ကိုလည်း ဒင်ဒရေးအဇာနာယီဗစ်ကိုကိုးရှင်ဆိုသူ ဦးဆောင်၍ စေလွှတ်လိုက်ပြီး ငြိမ်းချမ်းရေးလှုပ်ရှားမှု၌ ပေါ်ပေါ်ထင်ထင် ပါဝင်စေခဲ့သည်ဟု ဆိုသည်။ တခြားအဖွဲ့တစ်ဖွဲ့ကို နီကိုလိုင်မော့စတိုဗက်ဆိုသူ ဦးဆောင်စေပြီး အမေရိကန်ငြိမ်းချမ်းရေးကောင်စီနှင့် ဆက်သွယ်စေခဲ့သည်။ မော့စကိုဗက်သည် အမေရိကန်မြောက်ပိုင်းဌာနခွဲ၏ ကေဂျီဘီဌာနခွဲမှူးဖြစ်သည်ဟု ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု၏ အမျိုးသားသိပ္ပံအကယ်ဒမီကျောင်းရှိ လက်နက်ဖျက်သိမ်းရေးညီလာခံသို့ တက်ရောက်ရန် ၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပြည်ဝင်ခွင့်ဗီဇာ တင်လာသူများထဲတွင် ထက်ဝက်ကျော်မှာ ကေဂျီဘီထောက်လှမ်းရေးအရာရှိများ ဖြစ်နေသည်ဟု စီအိုင်အေက အစီရင်ခံသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံခြားရေးဌာနက ပြည်ဝင်ခွင့်ဗီဇာ ထုတ်မပေးခဲ့သူဟု သိရသည်။ သို့သော် မဖြစ်မနေ ထုတ်ပေးခဲ့ရသူများ၏ ထက်ဝက်ကျော်မှာလည်း ကေဂျီဘီများဖြစ်နေကြောင်း တွေ့ရသည်။ တချို့မှာ ကေဂျီဘီ မဟုတ်သော်လည်း နိုင်ငံတကာရေးရာဌာနကြီးမှ တာဝန်ရှိသူများ ဖြစ်သည်။ ဥပမာအားဖြင့် သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ဗိုက်တာလီဇာကင်ကဲ့သို့ ပုဂ္ဂိုလ်များဖြစ်သည်။

၁၉၈၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပမည့် နျူကလီးယားထုတ်လုပ်မှု ရပ်ဆိုင်းရေး လူထုအစည်းအဝေးကျင်းပရန် ဝင်လာသော ဆိုဗီယက်နိုင်ငံတကာရေးရာ ဌာနစု ၁၃ ခုမှ ပုဂ္ဂိုလ်များကမူ နယူးယောက်မြို့တော်သို့ တစ်ဦးချင်းလူခွဲ၍ ဝင်လာကြသည်။ သူတို့သည် အမေရိကန် ဆန္ဒပြလူထု ၇၀၀၀၀၀နှင့် ပူးပေါင်းကာ အရေးဆိုခဲ့ကြသည်ဟု အစီရင်ခံစာများတွင် ဖော်ပြထားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဥရောပဆန္ဒပြသူများကလည်း ဆိုဗီယက်တို့ချရပ်လိုက်သော အက်စ်အက်စ်-၂၀ ဒုံးပျံစင်းရေ ၃၁၅ စင်းကို ကန့်ကွက်ရှုတ်ချမှုမရှိဘဲ ထိုဒုံးပျံများဖြင့် ဥရောပတစ်ခွင်လုံးကို မိနစ် ၂၀ အတွင်း ချေဖျက်ပစ်နိုင်သည်ကိုပင် လျစ်လျူရှုထားကြသည်ဟု ဆိုသည်။ သို့သော် သူတို့ ဥရောပနိုင်ငံများကို ကာကွယ်ရန် အမေရိကန်ဘက်မှ ချရပ်မည်ဟုဆိုသော ပါရှင်း-၂ နှင့် ခရုစ်ဒုံးပျံများ အစီအစဉ်ကိုမူ ဆောင်ရွက်ခြင်း မရှိသေးပါဘဲလျက် တစ်ခဲနက် ကန့်ကွက်ဆန္ဒပြနေကြသည်မှာ နားမလည်နိုင်အောင် ဖြစ်ရပါသည်ဟု အမေရိကန်အစိုးရအဖွဲ့က ဆိုသည်။

အမေရိကန်ပြည်သူတို့၏ လှုပ်ရှားမှုမှာလည်း ထို့အတူပင်။ အမေရိကန်ဆန္ဒပြသမားများသည် အမေရိကန်ပြည်သူများကို ချေမှုန်းရန် အသင့်ချိန်ရွယ်ထားသော ဆိုဗီယက် တိုက်ချင်းပစ်ဒုံးပျံ ၁၄၀၀ကို စိုးစဉ်းမျှ အတွေးထဲမထည့်ဘဲ အမေရိကန်ပြည်သူတို့ကို ကာကွယ်ရန် အစိုးရကချရပ်ထားသော ဒုံးပျံများ၊ ဗုံးကြဲလေယာဉ်များကိုမူ အပြစ်မြင်ကာ လူစုလူဝေးကြီးမားစွာဖြင့် ဆန္ဒပြလျက် ရှိနေပါသည်ဟု အမေရိကန်အစိုးရတာဝန်ရှိသူများက ထောက်ပြသည်။ ဆိုဗီယက်၏ တိုက်ခိုက်မှုကို ကာကွယ်ရန် စီစဉ်ခြင်းမှာပင် အမေရိကန်အစိုးရအတွက် အပြစ်ကြီးသဖွယ် ဖြစ်နေပါသည်ဟုလည်း ညည်းညူလျက်ရှိသည်။

ဥရောပနှင့်အမေရိကန်တို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြမှုများ မြေတုန်မတတ်ပေါ်ထွန်းနေချိန်တွင် မော်စကို၌ ဘယ်လ်ဂျီယံတစ်ဦး၊ စပိန်နှစ်ဦး၊ ပြင်သစ်နှစ်ဦးနှင့် အီတလီနှစ်ဦးတို့သည် ကမ္ဘာ့လှည့်ခရီးသွားရင်း ဆန္ဒပြမှု အငယ်စားလေးတစ်ခု ပြုလုပ်ပြီး ဆိုဗီယက်အစိုးရကို ဆန့်ကျင်ခဲ့ရာ သူတို့အားလုံး အဖမ်းခံခဲ့ရကြောင်း၊ သူတို့သည် "ပေါင်မုန့်၊ အသက်နှင့် လက်နက်ဖျက်သိမ်းရေး" ဟူသော စကားလုံးကိုသာ ကြွေးကြော်ပြီး တခြားပြင်းထန်သော စကားလုံးများ မပါဝင်ကြောင်း၊ ထိုသတင်းကို ၁၉၈၂ ခုနှစ်၊ ဩဂုတ်လစရက်နေ့က မော်စကိုသတင်းဌာနက ထုတ်ပြန်ပေးခဲ့ကြောင်း၊ သို့သော် အလွန်တိုးညင်းသော သတင်းသံကလေးသာ ဖြစ်ပါကြောင်း စီအိုင်အေက တုံ့ပြန်ဖော်ပြခဲ့သည်။

စီအိုင်အေ၏ ကမ္ဘာ့နိုင်ငံငယ်များအပေါ် ဆောင်ရွက်ခဲ့မှုများသည် ကြမ္ဘာဝဋ်ကြွေး တစ်ပတ်လည်လေပြီလား။ လူထုကို လမ်းပေါ်ဆွဲတင်ပေးခဲ့ခြင်းသည် ကေဂျီဘီလက်ချက်ဟု ဆိုပါလျှင် ကေဂျီဘီသည် စိတ်ဓာတ်စစ်ဆင်ရေးတွင် တစ်ဖက်သတ် လက်ဦးခဲ့ပြီဟု ဆိုရတော့မည်လား။ ။

ရဲမြင့်သိန်း

မှီငြမ်းစာအုပ်များ

၁။ The KGB's Magical War For Peace, by John Barron.
၂။ The KGB and Soviet Disinformation, by Ladislav Bittman.

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# THE REAL LIVES® REAL STORIES

**သာမန်ထက် ပိုမိုထူးခြားတဲ့ စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှုအတွေ့အကြုံများနဲ့ အမှန်တကယ် ဖြစ်ရပ်စာမူများအလိုရှိ သည်။**

ကျွန်တော်တို့တင်ဆက်နေတဲ့ Real Lives, Real Stories (ဖေဖော်ဝါရီ-ဧပြီ-ဇွန်-ဩဂုတ်-အောက်တိုဘာ-ဒီဇင်ဘာ) စာအုပ်စီးရီးအတွက် သာမန်ထက်ပိုမို ထူးခြားတဲ့စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှု အတွေ့အကြုံများနဲ့ ဖြစ်ရပ်မှန်စာမူများ အလိုရှိပါတယ်။ သင့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့တဲ့ ဒါမှမဟုတ် ဖြစ်ပျက်နေတဲ့ စိတ်ဝင်စားဖွယ် ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေကို ဖေါ်ထုတ်ပြီး ရေးသားပေးပို့နိုင်ပါတယ်။

ကျွန်တော်တို့လိုချင်တာက

(၁) အမှန်တကယ်ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေပဲ ဖြစ်ရမယ်။ (၂) သာမန်ထက်လဲ ထူးခြားပြီး စိတ်ဝင် စားဖွယ် ဖြစ်ရမယ်။ (၃) ရသမြောက် ရေးဖွဲ့တင်ပြ နိုင်ရမယ်။ (၄) အတွေးအခေါ်တွေပါရမယ်၊ ရုန်းကန် ဖြတ်သန်းနေတဲ့ဘဝတွေနဲ့ စိတ်ခံစားမှုတွေ ထင်ဟပ်မှု ရှိရမယ်။ (၅) ဟာသဘဲဖြစ်စေ၊ ဂန္ထီရပဲဖြစ်စေ၊ ဝိဉာဉ်လောကပဲဖြစ်စေ၊ ရှေ့နေလောက၊ ကားသမား လောကထဲကဖြစ်စေ၊ အကျဉ်းထောင်တွင်းက စိတ်ဝင်စားဖွယ်အကြောင်းပဲဖြစ်စေ၊ ဘာပဲဖြစ်စေ ဖြစ်ရပ်မှန်ဖြစ်ဖို့ပဲ လိုအပ်ပါတယ်။ (၆) ဖြစ်ရပ်မှန်ဖြစ်ကြောင်း ဝန်ခံချက်တော့ ပါရှိရမယ်။ (၇) ရွေးချယ်မှုမခံရတဲ့ စာမူများကို ပြန်လည်ပေးပို့မှာ မဟုတ်ပါ။

**စာမရေးတတ်ပေမယ့် သင့်မှာသာမန်ထက် ထူးခြားတဲ့ အတွေ့အကြုံတွေ ရှိနေတယ်ဆိုရင်လဲ**

သင့်မှာပြောပြစရာ သာမန်ထက်ထူးခြားတဲ့ စိတ်ဝင်စားဖွယ်ဖြစ်ရပ်တွေ၊ အတွေ့အကြုံဆန်းတွေ၊ ရယ်စရာ ဟာသတွေရှိနေတယ်ဆိုရင် ကျွန်တော်တို့ကိုပြောပြဖို့ စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော်တို့ထံ ဆက်သွယ်နိုင်ပါတယ်။

**ကျွန်တော်တို့နှင့်အတူ လက်တွဲဆောင်ရွက်လိုတဲ့ တက်ကြွဖြတ်လတ်တဲ့ လွှငယ်စာရေးဆရာများ ဆက်သွယ်ပါ။**

လိုအပ်တာက

(၁) စာဖတ်ဝါသနာပါသူဖြစ်ရမည်။ (၂) အခြေခံ သတင်းအမြင်လည်းရှိရမယ်။ (၃) အင်တာဗျူးမေးခွန်းများကိုလည်း တည်ဆောက်နိုင် ရမယ်။ (၄) ဒါ့အပြင် ရသမြောက်စာမူကိုလည်း ရေးဖွဲ့နိုင်ရမယ်။ (၅) ကျွန်တော်တို့သတ်မှတ်ပေးမယ့် assignment အင်တာဗျူးများကို တွေ့ဆုံမေးမြန်းပြီး ရသမြောက်စာမူအဖြစ် ပြောင်းလဲတင်ဆက်နိုင်သူလည်း ဖြစ်ရမယ်။ (၆) မိမိကိုယ်တိုင်ရေးဖွဲ့ထားတဲ့ ရသမြောက် အမှန်တကယ် ဖြစ်ရပ်စာမူတစ်ပုဒ်နှင့်အတူ (ဆက်သွယ်ရန်လိပ်စာအပြည့်အစုံဖြင့်) ကျွန်တော်တို့ထံ ပေးပို့ပြီး ဆက်သွယ်ပါ။

---

**ဆက်သွယ်ရန်လိပ်စာ**

- အမှတ် ၈၈၊ နိုကောရိပ်သာလမ်း၊ အမှတ် ၇ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
- အမှတ် ၀ိုင်၊ သုခဝတီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဆီဒိုးနားဟိုတယ်အနား၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

the bookhouse
we bring your future
၀၉ ၅၀၀ ၈၂၂၇
၀၉ ၅၀၁ ၀၅၅၁

**အသေးစိတ်သိချင်ရင်**

၀၉-၅၀၀-၈၇၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# မူးယစ်ရာဇာ အက်စ်ကိုဘာ

မူးယစ်ဆေးဝါး၊ လက်နက်၊ ငွေကြေးအသပြာနဲ့ အာဏာ

၂၀၀၁၊ အောက်တိုဘာလ ဒုတိယပတ်

ထွက်မည်

www.burmeseclassic.com


www.burmeseclassic.com




# သမ္မတကိုယ်ရံတော်အေးဂျင့်များနှင့် အိမ်ဖြူတော်အတွင်းရေး

www.burmeseclassic.com

www.burmeseclassic.com





- မိုးလေဝသဌာနသို့ ရောက်လာသော်လည်း မိုးလေဝသဆိုသည်ကို နကန်းတစ်လုံးမှမသိ၊ ဘဝရပ်တည်နိုင်ရေးအတွက် အလုပ်လုပ်ရန် လိုအပ်နေသော အခြေအနေကြောင့်ဝင်လုပ်ခဲ့တဲ့ ဒေါက်တာဦးထွန်းလွင် (မိုးလေဝသ)
- နိုင်ငံခြားသူတစ်ဦးရဲ့အကြောင်းပါတဲ့ မန္တလေးတောင်ခြေက ဆိုက်ကားဆရာ
- စစ်တွေလေယာဉ်မတော်တဆဖြစ်ရပ်ရဲ့ ဝိုင်းလော့တစ်ဦး၏ စထွန် ၃၀
- သမီးရောသားပါ (အော်တစ်စင်) လက္ခဏာရှိသူ မိခင်၏ရင်ဖွင့်သံ၊ ကလေး ၂၆ယောက် မိခင်တစ်ဦး၏ ရှန်းကန်ဖြတ်သန်းမှု

စာမူခွင့်ပြုချက်အမှတ် - ၄၀၀ ၃၄၁ ၀၃၁၁

www.burmeseclassic.com

www.burmeseclassic.com



- [illegible]
- [illegible]
- [illegible]

www.burmeseclassic.com

# REALLIVES®
# REALSTORIES



နှင့်တော့်အတွက်ကတော့··
ပ်ရှင်ဆိုတာ··
နပညာနည်းနည်း၊
တတ်ပညာနည်းနည်း··
ကပ်ပညာနည်းနည်း··ပြီးတော့··
င်းထင်ကိုကိုကြီး နည်းနည်း
အင်းသီး” ဖန်တီးသူ
ရိုက်တာမင်းထင်ကိုကိုကြီး။

- ကျား ၊ ကျားဆိုပေမယ့် တောတွင်းက သဘာဝကျားမဟုတ်၊ မြို့ထဲ ဝန်းထဲ ဥယျာဉ်ထဲက သံတိုင်နောက်က ကျား၊ လူတွေ ပြုပြင်ထားသော တိရစ္ဆာန်ဥယျာဉ်ထဲက Artificial ကျားနှင့် ၎င်းတို့ကို ထိန်းကျောင်းသူ တိရစ္ဆာန်ထိန်း ဝန်ထမ်းတစ်ဦးနှင့်တွေ့ဆုံခြင်း။
- “တော်ဖို့ဆိုတာထက်··ကောင်းဖို့ဆိုတာကို··ကျွန်တော်ဟာ လေ့ကျင့်သင်ကြားပေးတဲ့သူဖြစ်တဲ့အတွက် မတော်တဲ့သူကို တော်အောင်သင်ပေးရတာက ကျွန်တော်ရဲ့တာဝန်ပဲ··” စိမ်ခေါ်ခဲ့မှုနှင့် တရင်းအင်းပညာရှင် ဒေါက်တာတင်လတ်··။
- ဇနီးသည်ကို ဖွင့်မပြောဘဲ လက်ထပ်ခဲ့သူ HIV ပိုးရှင် အမျိုးသားတစ်ဦးနှင့် ရောဂါကူးစက်ခံခဲ့ရသူ သမီးငယ်ကို ဖွင့်ပြောဖို့ခက်နေတဲ့ HIV မိခင်တစ်ဦး။

volume 4
၂၀၁၁
ဩဂုတ်လ ၁၈ရက်နေ့
ထွက်ပြီ

စာမူခွင့်ပြုချက်အမှတ် - ၄၀၀ ၇၅၃ ၀၆၁၁

www.burmeseclassic.com

www.burmeseclassic.com

■ လူတွေက သူတို့ဖြစ်စေချင်တာပဲသိတယ်၊ ငါဖြစ်ချင်တာကို ဘာလို့မမေးကြတာလဲ၊ ငါကလည်း မပြောခဲ့ဘူးပေါ့လေ၊ သူများအိမ်မှာ ချွေးမလုပ်ပါစေဆိုတော့ မပြောခဲ့ဘူးပေါ့။ ဒေါက်တာသက်သက်ရိုင် (ရွှေနန်းတော်ရွှေဆိုင်) ၏ လှေကားထစ်များရှာစဉ်

■ ခင်းတုန်းမင်းလက်ထက်ကစပြီး ယခုအချိန်အထိ ထမ်းမတော်မှာ ဘယ်ရွှေဆိုင်မှ ရွှေနန်းတော်လောက် မအောင်မြင်ခဲ့ဘူးလို့ တရုတ်တန်းက လူကြီးတွေပြောကြတဲ့ ရွှေနန်းတော်ရဲ့ မာယိန်မှူး ဒေါက်တာအောင်ကျော်ဝင်း၏ လှေကားထစ်များ

■ စာတော်တဲ့ အင်ဂျင်နီယာ၊ ဘွဲ့ရေးနင်ထတည်းက သင်္ဘောသားတွေကို MOT ကျူရှင်ပေးခဲ့တဲ့ အင်ဂျင်နီယာ၊ ထရုတော့ ဘဝအလှည့်အပြောင်းတွေကြောင့် ထစရေခါမှာ သူက အလုပ်ကြမ်းသမား တစ်ယောက်ဖြစ်ရပြီ

■ တောင်းရမ်းစားသောက်ရာမှာလည်း ဆရာကနည်းပြပေးမှ အဆင်ပြေတယ်လို့ပြောတဲ့ စာရေးဆရာနဲ့နာမည်တူနေတဲ့ သူတောင်းစားတော်လိုက်

■ ချိုထိမပါက်လို့ သူငယ်ချင်း ထံဝမ်းသာအားရနဲ့ရုန်းဆက်လိုက်မှ ရုန်းမှာပြီး အဘောလိုင်အဖွဲ့အစည်း ထံရောက်သွားလို့ ထောင်ဒဏ် (၇)နှစ် ကျခံသွားရသူတစ်ဦး

■ လမ်းဘေးဈေးသည်ဘဝမှ နိုင်ငံကျော်မျက်လှည့်ပညာရှင်ဖြစ်သွားတဲ့ မစ္စတာတော့ပ်ရဲ့ဘဝအလှည့်အပြောင်း၊ အမျိုးအစဉ့်များ

volume 5

၂၀၁၁

အောက်တိုဘာလ

၃၁ရက်နေ့

ထွက်မည်




www.burmeseclassic.com